အရှင်ဝါသေဋ္ဌ (ဓမ္မာစရိယ)

၏

# ကမ္ဘာကမ္ဘ

ကုဏ္ဍာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံလုံးဆိုင်ရာ
ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်
ရဟန်းတော်များ ဆရာဖြစ်သင်တန်း ကထိက
အရှင်ဝါသေဋ္ဌ (ဓမ္မာစရိယ)
၏

# ကမ္မာကမ္မ

ဝိနယဝါစီ-အရှင် ဂုဏိဿရ တည်းဖြတ်သည်

---

ဗုဒ္ဓသာသနာပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၃၂-ခု။ (၄၉၀) ၁၉၇၀-ခု။

* ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၃၆၅)
* ကင်းလွတ်ခွင့် မှတ်ပုံတင် အမှတ် (၀၁၃၅၅)

* ကျမ်းပြုသူ — အရှင်-ဝါသေဋ္ဌ။

* ထုတ်ဝေသူ — အရှင်-ဝါသေဋ္ဌ။
၂၂၂-ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။

* ပါဠိဆရာများ — ဦးထွန်းသိန်း၊ ဦးစိန်အုပ်၊ ဦးဝင်းဖေ။

* ပုံနှိပ်သူ — ဦးသန်းမောင်
* ပုံနှိပ်သူ မှတ်ပုံတင် အမှတ် — — (၀၇၉၄)

ဗုဒ္ဓသာသနာ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၂၃၇၉၈

**ဓမ္မဒါန**

ပဉ္စမ အကြိမ် အုပ်ရေ ၂၀၀၀။

၁၃၃၂-ခု၊ နတ်တော်လ။ ၁၉၇၀-ခု၊ ဒီဇင်ဘာလ။

# နိဒါန်း

အမှာ။ ။နိဒါန်းကိုရေးသားရာ၌ နိဒါန်းမည်ကာမျှ မဖြစ်စေဘဲ ဤကမ္မာကမ္မကို အထောက်အကူ ဖြစ်စေသည့် အခဏ်းတခဏ်း အနေဖြင့် ရေးရပါလိမ့်မည်၊ ထိုကြောင့် သေချာစွာကြည့်ရှုလေ့လာကြစေလိုပါသည်။

ဉတ္တေန ဉတ္တိကမ္မဝါစာ ပဌမအဖွဲ့ အဆိုပါ မော်ကွန်း... ဉတ္တိကမ္မဝါစာ

ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော....သိမ်ထဲတွင် ကမ္မဝါစာဖတ်၍ ပြုလုပ်ရမည့် သံဃကံနှင့် စပ်လျဉ်းတိုင်း အထက်ပါ "ဗျတ္တေန ဘိက္ခုနာ" စသော စကားကို ဘုရားရှင်အမြဲတမ်း မိန့်တော်မူလေ့ရှိပါသည်၊ အဘယ်ကြောင့် ဤစကားကို အမြဲတမ်း မိန့်တော်မူရသနည်း ဟူသော အမေး၏ အဖြေကိုရှာသော်.... ကမ္မဝါစာဖတ်ရွတ်ကာ သံဃာ့ကံကို ပြုရာ၌ ယောဝါသောဝါ- သူလိုငါလို တွေ့ကရာ ရဟန်းတိုင်းက၊ ယံဝါ တံဝါ-နှုတ်ထဲတွေ့တိုင်း ထင်ရာကို၊ ယထာ ဝါ တထာ ဝါ ဟောတု- ဖြစ်လိုရာ ဖြစ်စေတော့ အနေ မျိုးဖြင့် မရွတ်ဖတ်နိုင်ကြောင်း သတ်မှတ်ထားသည့် ကမ္မဝါစာ စည်းကမ်း အတိုင်း တိကျနိုင်သမျှ တိကျအောင် ရွတ်ဖတ်မှသာ ဆိုင်ရာ သံဃကံများ ပြီးမြောက်နိုင်ကြောင်း ဟူသော အဖြေများ ထွက်လာပါသည်၊ ထိုသို့ရွတ်ဖတ်ရာ၌လည်း ဗျတ္တ ပဋိဗလ ပုဂ္ဂိုလ်များမှသာ ရွတ်ဖတ်သင့်ကြောင်း ဟူသော အဖြေလည်း တဆက်တည်း ထွက်လာပါသည်။

ဗျတ္တ ပဋိဗလ ဟူသည် ဘယ်လို ပုဂ္ဂိုလ်မျိုးနည်း?

ကမ္မဝါစာကို ဆရာ့အထံ နည်းနာခံ၍ သင်ယူပြီးနောက်နှုတ်တက် အာဂုံ ရွတ်ဖတ်နိုင်သော ပုဂ္ဂိုလ်ကို "ဗျတ္တ" ဟုခေါ်သည်၊ ကမ္မဝါစာကို ဌာန်ကရိုဏ်း ပီသစွာ ရွတ်ဖတ်နိုင်သော ပုဂ္ဂိုလ်ကို "ပဋိဗလ" ဟုခေါ်သည်။

ရှုဉ်းအံ့၊ မိမိရွတ်ဖတ်ရမည့် ကမ္မဝါစာကို နှုတ်တက်အာဂုံ မရသော ပုဂ္ဂိုလ်သည် မည်သည့်နည်းဖြင့်မျှ ကမ္မဝါစာကို ချောမောစွာ ဖတ်ရွတ်နိုင်မည်မဟုတ်ပါ၊ (သို့ရာတွင် ယခုအခါ ကြည့်ဖတ်ရန် ကမ္မဝါစာများ ရှိသောကြောင့် ဤဗျတ္တအချက်သည် ပြည့်စုံပြီးပင်ဖြစ်တော့သည်)။

ဇန္တာသယ ၄၉၈-က

## နိဒါန်း

ဗျတ္တ ဖြစ်ရုံမျှဖြင့် မလုံလောက်သေး၊ ပဋိဗလ ဖြစ်ဘို့လည်း လိုသေး၏၊ ချောင်းဆိုးရောဂါ၊ ပန်းနာရောဂါ၊ သလိပ်ရောဂါစသော ရောဂါများရှိသောသူသည် ၎င်း၊ နှုတ်ခမ်း၊ သွား၊ လျှာ စသော အင်္ဂါချို့တဲ့သူသည်၎င်း၊ (လက်တွေ့မရှိသေးသောကြောင့်) ပရိသတ်ကိုကြောက်နေသူသည်၎င်း ကမ္မဝါစာကို ဌာန်ကရိုဏ်း ဝိသဇ္ဇာ ရွတ်စွမ်း နိုင်မည် မဟုတ်ပါ။

> ဗျတ္တေန ဘိက္ခုနာ ပဋိဗလေနာတိ ဧတ္ထ ဗျတ္တော နာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ။ တသ္မိံ အသတိ ယဿ အန္တမသော ဣဒံ ဉတ္တိစတုတ္ထ ကမ္မဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယမ္ပိ ဣမသ္မိံ အတ္ထေ ဗျတ္တော။ ယော ပန ကာသသောသသေမှာဒိနာ ဝါ ဂေလညေန ဩဋ္ဌ ဒန္တဇိဝှာဒိနံ ဝါ အသမ္ပတ္တိယာ ပရိသတိ (ပရိယတ္တိယံ) ဝါ အကတပရိစယတ္တာ န သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံ ဝါ ပဒံ ဝါ ဟာပေတိ၊ အညထာ ဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ၊ အယံ အပ္ပဋိဗလော။ တဗ္ဗိပရိတော ဣမသ္မိံ အတ္ထေ "ပဋိဗလော" တိ ဝေဒိတဗ္ဗော။ (မဟာဝါ အဋ္ဌကထာ)။

ဌာန်ကရိုဏ်း ဝိသဇ္ဇာ ရွတ်ဖတ်ရမည် ဟူသော စာနှင့် စပ်လျဉ်း၍ ဌာန်ကရိုဏ်း ပယတ်တို့၏ အကြောင်းကို ယခုကပင် နားလည်မှတ်သား ထားသင့်ပါသည်။

အက္ခရာ စာလုံးတို့ဟူသည် ဌာန်ကရိုဏ်း ပယတ်တို့ကြောင့် ဖြစ်ပေါ်လာကြရ၏။

> ဌာန ကရဏ ပယတနေဟိ ဝဏ္ဏာ ဇာယန္တေ။ (ရူပသိဒ္ဓိ)။
> ဌာန ကရဏ ပယတနေဟိ ဝဏ္ဏာနမုပ္ပတ္တိ။ (သဒ္ဒနီတိ)။

ဌာန်။ ။တိဋ္ဌန္တိ ဧတ္ထာတိ ဌာနံ-ဟူသော ဝိဂ္ဂဟအရ အက္ခရာတို့၏ ဖြစ်တည်ရာအရပ်သည် ဌာန်မည်၏၊ ဌာန်သည် ပုဒ်စစ်ကျမ်းလာအားဖြင့် ကဏ္ဌ, တာလု, မုဒ္ဓ, ဒန္တ, ဩဋ္ဌ ဌာန်ဟူ၍ ၅-ပါး ရှိ၏၊ ရူပသိဒ္ဓိနှင့် သဒ္ဒနီတိကျမ်းလာ အားဖြင့် ၎င်း ၅-ပါးထဲတွင် နာသိကဌာန်နှင့် ဥရဌာန်တို့ကိုထည့်၍ ၇-ပါးရှိ၏၊ အစဉ်အတိုင်း လည်ချောင်းအရပ်,

အာစောက်အရပ်, အာထိပ်အရပ်,သွားအရပ်,နှုတ်ခမ်းအရပ်,နှာခေါင်း အရပ်, ရင်အရပ်-ဟု မြန်မာလို မှတ်သားပါ။

အက္ခရာ ၄၁-လုံး တို့တွင်.... အ ဝဏ် ၂-လုံး, က ဝဂ် ၅-လုံး, ဟ အက္ခရာတို့သည် ကဏ္ဌဌာန် (လည်ချောင်းအရပ်) ၌ ဖြစ်၏။ ဣ ဝဏ် ၂-လုံး, စ ဝဂ် ၅-လုံး, ယ အက္ခရာတို့သည် တာလုဌာန် (အာစောက် အရပ်)၌ ဖြစ်၏။

ဋ ဝဂ် ၅-လုံး ရ-အက္ခရာ ဠ အက္ခရာတို့သည် မုဒ္ဓဌာန်(အာထိပ် အရပ်)၌ ဖြစ်၏။

တ ဝဂ် ၅ လုံး လ အက္ခရာ သ အက္ခရာတို့သည် ဒန္တဌာန် (သွား အရပ်)၌ ဖြစ်၏။

ဥ ဝဏ် ၂ လုံး ပ ဝဂ် ၅ လုံးတို့သည် ဩဋ္ဌဌာန်(နှုတ်ခမ်းအရပ်) ၌ ဖြစ်၏။

ဧ အက္ခရာသည် ကဏ္ဌ တာလု ၂-ဌာန်တို့၌ ဖြစ်၏။

ဩ အက္ခရာသည် ကဏ္ဌ ဩဋ္ဌ ၂-ဌာန်တို့၌ ဖြစ်၏။
ဝ အက္ခရာသည် ဒန္တ ဩဋ္ဌ ၂-ဌာန်တို့၌ ဖြစ်၏။
နိဂ္ဂဟိတ်သည် နာသိကဌာန် (နှာခေါင်းအရပ်)၌ ဖြစ်၏။

င ဉ ဏ န မ-ဟူသော ဝဂ္ဂန္တ ၅ လုံးသည် (အထက်က ပြခဲ့ သည့်) မိမိတို့ဆိုင်ရာ ဌာန်အပြင် နာသိကဌာန်၌လည်း ဖြစ်၏။ ဝဂ္ဂန္တ ဟူသော င ဉ ဏ န မ ပဉ္စမက္ခရာ ၅ လုံး, အန္တဋ္ဌ အမည် ရသော ယ ရ လ ဝ-၄ လုံး၊ ဠအက္ခရာ၉-လုံးတို့နှင့် ယှဉ်သော ဟအက္ခရာသည် ဥရဌာန် (ရင်အရပ်)၌ ဖြစ်၏။ ယင်းအက္ခရာ ၉ လုံး တို့ ဟ နှင့်တွဲသော် "ငှ,ဉှ,ဏှ,နှ,မှ,ယှ,ရှ, လှ,ဝှ"ဟု ဖြစ်၏၊ "ငှ-ရှ" ၂ လုံးကား ပါဠိအဋ္ဌကထာ ဋီကာတို့၌ သုံးရိုးမရှိ။

ကရိုဏ်း။ ။ကရိယန္တေ (ဥစ္စာရိယန္တေ)ဧတေနာတိ ကရဏံ-ဟူသော ဝိဂ္ဂဟအရ အက္ခရာတို့ကို ရွတ်ဆိုခြင်း၏အကြောင်းသည် ကရိုဏ်းမည်၏။ ကရိုဏ်းသည် ဇိဝှါမဇ္ဈ, ဇိဝှေါပဂ္ဂ, ဇိဝှဂ္ဂ, သကဋ္ဌာန ဟူ၍ ၄-ပါးရှိ၏၊ အစဉ်အတိုင်း လျှာလယ်အရပ်, လျှာဖျား၏ အနီးအရပ်, လျှာဖျား အရပ်, မိမိဌာန်သည်ပင် ကရိုဏ်းဟု မြန်မာလိုမှတ်သားပါ။

တာလုဇအက္ခရာတို့သည် ဇိဝှါမဇ္ဈကရိုဏ်း မည်၏၊ တာလုဇအက္ခရာဖြစ်သည့် "ဣ ဤ စ ဆ ဇ ဈ ည ယ" အက္ခရာတို့ကို ရွတ်သည့်အခါ အာစောက်နှင့် လျှာလယ်နှစ်ခုစပ်၍ ရွတ်ဆိုရသည်၊ (ဌာန်နှင့် ကရိုဏ်း ဆက်စပ်နေသည်ကို သတိပြုပါ)။ အာစောက် အရပ်သည် "ဣ ဤ စ ဆ ဇ ဈ ည ယ" အက္ခရာတို့ ဖြစ်ရာ ဌာန်၊ လျှာလယ် အရပ်သည် ယင်း အက္ခရာကို ရွတ်ဆိုသည့် အခါ မပါလျှင် မပြီးသော ရွတ်ဆိုကြောင်း ကရိုဏ်းတည်း။

မုဒ္ဓဇအက္ခရာတို့သည် ဇိဝှေါပဂ္ဂကရိုဏ်းမည်၏၊ မုဒ္ဓဇအက္ခရာဖြစ်သည့် "ဋ ဌ ဍ ဎ ဏ ရဠ" အက္ခရာ တို့ကို ရွတ် သည့် အ ခါ အာထိပ်နှင့် လျှာဖျားအနီး ၂-ခုစပ်၍ ရွတ်ဆိုရသည်၊ အာထိပ်အရပ်သည် "ဋ ဌ ဍ ဎ ဏ ရ ဠ" အက္ခရာတို့ဖြစ်ရာ ဌာန်၊ လျှာဖျားအနီး အရပ်သည် ယင်း အက္ခရာတို့ကို ရွတ်ဆိုသည့်အခါ မပါလျှင် မပြီးသော ရွတ်ဆိုကြောင်း ကရိုဏ်းတည်း။

ဒန္တဇအက္ခရာတို့သည် ဇိဝှဂ္ဂ ကရိုဏ်း မည်၏၊ ဒန္တဇအက္ခရာဖြစ်သည့် "တ ထ ဒ ဓ န လ သ" အက္ခရာတို့ကို ရွတ်သည့်အခါ သွားအရင်းကို လျှာဖျားဖြင့် တို့ထိ၍ ရွတ်ဆိုရသည်။ သွားအရပ်သည် "တ ထ ဒ ဓ န လ သ" အက္ခရာတို့ ဖြစ်ရာ ဌာန်၊ လျှာဖျား အရပ်သည် ယင်းအက္ခရာတို့ကို ရွတ် ဆို သည့် အ ခါ မ ပါလျှင် မပြီးသော ရွတ်ဆိုကြောင်း ကရိုဏ်းတည်း။

ပြဆိုခဲ့ပြီးသည့် တာလုဇ အက္ခရာ ၈-လုံး မုဒ္ဓဇ အက္ခရာ ၇-လုံး ဒန္တဇအက္ခရာ ၇-လုံး ပေါင်း ၂၂-လုံးမှ ကြွင်းသော အက္ခရာ ၁၉-လုံး တို့သည် သကဋ္ဌာန ကရိုဏ်းမည်၏၊ ယင်းအက္ခရာ ၁၉-လုံးကို ရွတ်ဆိုရာ၌ မိမိဌာန်မှတပါး အခြားကရိုဏ်း မရှိချေ၊ မိမိတည်းဟူသော ဌာန် သည် ပင် ကရိုဏ်း ဖြစ်၏။ (လူတယောက်ထည်းက နှစ်ကိစ္စ ဆောင်ရွက်သကဲ့သို့တည်း)။

ပယတ်။ ။ဉစ္စာရဏတ္ထံ ပတိယတေ ပယတနံ(ပ-ပုဗ္ဗ ယတဓာတ်၊ ယုပစ္စည်း)၊ ပယတန-၌ ပပုဗ္ဗ ယတဓာတ်သည် အားထုတ်ခြင်းအနက်ကို ဟော၏၊ "ပယတနံ သံဝုဋာဒိကရဏဝိသေသော"ဟူသော ရူပသိဒ္ဓိလာ ပရိဘာသာအရ ဌာန်ကရိုဏ်းတို့ကို ပိတ်ခြင်းအစရှိသော အားထုတ်ခြင်း အမှုအရာ အထူးသည် ပယတ် မည်၏။ ပယတ်သည် သံဝုဋ,

ဝိဝဋ္ဋ, သံဖုဋ္ဌ, ဏှသံဖုဋ္ဌ-ဟူ၍ ၄-ပါးရှိ၏၊ အစဉ်အတိုင်း ဌာန်ကရိုဏ်းတို့ကို ပိတ်ခြင်း, ဌာန် ကရိုဏ်းတို့ကို ဖွင့်ခြင်း, ဌာန် ကရိုဏ်းတို့၏ ကောင်းစွာ ထိခြင်း, ဌာန်ကရိုဏ်းတို့၏ စဉ်းငယ်ထိခြင်းဟု မြန်မာလို မှတ်သားပါ။

သံဝုဋ္ဋ (ဌာန်ကရိုဏ်းတို့ကို ပိတ်ခြင်း) သည် အ-သရ၏ ပယတ်တည်း။

ဝိဝဋ္ဋ (ဌာန်ကရိုဏ်းတို့ကို ဖွင့်ခြင်း) သည် အ-သရမှ ကြွင်းသော သရ ၇-လုံးနှင့် သ,ဟ-အက္ခရာတို့၏ ပယတ်တည်း။

သံဖုဋ္ဌ (ဌာန်ကရိုဏ်းတို့၏ ကောင်းစွာထိခြင်း) သည် ဝဂ် ၂၅ လုံးတို့၏ ပယတ်တည်း၊ ဏှသံဖုဋ္ဌ (ဌာန်ကရိုဏ်းတို့၏ စဉ်းငယ်ထိခြင်း)သည် ယရလဝ-အက္ခရာတို့၏ ပယတ်တည်း။

အနည်းငယ်ချဲ့ဦးအံ့၊ အထက်က ပြခဲ့သည့်အတိုင်း ပယတနဟူသည် အက္ခရာတို့ကို ရွတ်ဆိုသော ပုဂ္ဂိုလ်၏ အမူအရာပင်တည်း၊ ထိုအမူအရာ ဟူသည်လည်း ဖွင့်ခြင်း, ပိတ်ခြင်း, စေ့စပ်စွာထိခြင်း, စဉ်းငယ်ထိခြင်းတို့ တည်း၊ အက္ခရာတို့ကို ရွတ်ဆိုသည့်အခါ ဌာန်နှင့် ကရိုဏ်းတို့ သူ့အကွက်နှင့်သူ ချက်ကျအောင် အားစိုက်မှု လုံ့လဗျာပါရဟုဆိုလိုသည်။

ဏှဌာန်ကရိုဏ်း ပယတ်တို့နှင့် စပ်လျဉ်း၍ ရူပသိဒ္ဓိဘာသာ ဋီကာလာ အောက်ပါ ဥပမာကို မှတ်သားသင့်ပါသည်၊ "စည်သံမည်တို့အရေး၌ စည်, စည်ရိုက်ဒုတ်, လူတယောက်၏ အားစိုက်၍ရိုက်မှု (အမူအရာ), ဏှသုံးပါးစုံမှ စည်သံပေါ်လာသကဲ့သို့ ထို့အတူ အသံဖြစ်ရာ၌ ဌာန်, ရွတ်ဆိုကြောင်း ကရိုဏ်း, ထိုဌာန်နှင့် ကရိုဏ်းကို ပိတ်ခြင်း စသော အားထုတ်မှု ပယတ်, ဏှသုံးပါးစုံမှ အက္ခရာသံဖြစ်ပေါ်လာ၏၊ စည်နှင့် ဌာန်, စည်ရိုက်ဒုတ်နှင့် ကရိုဏ်း, အားစိုက်၍ရိုက်မှုနှင့် ပယတ်တို့ တူကြသည်"။

နိဂ္ဂဟိတ်။ ။နိဂ္ဂဟိတ်သည် နာသိကဌာန်၌ ဖြစ်ကြောင်း ပြခဲ့ပြီ၊ ရဿသရံ နိဿာယ ဂယှတိ, ကရဏံနိဂ္ဂဟေတွာဂယှတီတိ ဝါ နိဂ္ဂဟိတံ= အဏုဥဟူသော ရဿသရ ၃-လုံးကိုမှီ၍ ရွတ်ဆိုအပ်သောကြောင့် ၎င်း ဌာန်ကရိုဏ်းတို့ကို နှိပ်၍ ရွတ်ဆိုအပ်သောကြောင့်၎င်း နိဂ္ဂဟိတ်မည်၏၊ ရဿသရ ၃-လုံးကို မှီပုံကို "အဟံ ကေဝဋ္ဋဂါမသ္မိံ, အဟံ ကေဝဋ္ဋ ဒါရကော" ဟု သဒ္ဒနီတိ၌ ပုံစံထုတ်၏။

နိဂ္ဂဟိတ်ကို ရွတ်သည့်အခါ နှာခေါင်းမှလေထွက်စေရသည်၊ ခံတွင်းဝကို ပိတ်ထားရသည်၊ နှုတ်ခမ်းကို ပိတ်ထားရမည်ဟုဆိုလိုသည်မဟုတ်၊ နှုတ်ခမ်းနှင့်ခံတွင်းကွဲပါစေ၊ ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး တို့တွင် နိဂ္ဂဟိတ်သည် ဝိမုတ္တ၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ဝိမုတ္တ၏ သဘောမှာ လွတ်လွတ် ကျွတ်ကျွတ် ပွင့်ပွင့်လင်းလင်း ရွတ်ဆိုရ၏၊ ထို့ကြောင့် လွတ်လွတ်ကျွတ်ကျွတ် ပွင့်ပွင့်လင်းလင်း ရွတ်ဆိုရသော ဝိမုတ္တ၏ ဆန့်ကျင်ဘက် ဖြစ်သော နိဂ္ဂဟိတ်ကို ဌာန်ကရိုဏ်းတို့ကို နှိပ်ကာနှာခေါင်းမှ လေသံထွက်စေလျက် သိုသိုသိပ်သိပ် ခံတွင်းကို ပိတ်၍ ရွတ်ရသည်။

ကရဏံ နိဂ္ဂဟေတွာန, မုခေနာဝိဝဋေန ယံ၊
ဝုစ္စတေ နိဂ္ဂဟီတန္တံ, ဝုတ္တံ ဗိန္ဒုသရာနုဂံ။

(ရူပသိဒ္ဓိ)။

နိဂ္ဂဟိတ် ဟူသော အမည်သည် သာသနာကျမ်းလာဖြစ်သည့် သာသနိက ဝေါဟာရ အမည်တည်း၊ လောကီသဒ္ဒါကျမ်းများက "အနုသွရ" ဟု ခေါ်သည်။

ဧတ္ထ စ နိဂ္ဂဟီတန္တိ သာသနေ ဝေါဟာရော၊ သဒ္ဒသတ္ထေ ပန "အနုသွရော" တိ ဝဒန္တိ။

(သဒ္ဒနီတိ)။

ဗျဉ္ဇနဗုဒ္ဓိ။ ။"လျော့တင်းရှည်တို၊ လေးပေါ့ဆို၊ ဝိတ်သိုလွတ်စပ်ဖြတ်" ဟူသော ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးကား ကမ္မဝါစာ ဖတ်ရွတ်ရာ၌ အရေးတကြီးလိုအပ်သော အချက်များဖြစ်ပါသည်၊ ယင်း ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး ရွတ်ဖတ်ပုံကို ပရိဝါကမ္မဝဂ် အဋ္ဌကထာ လာအတိုင်း ဤစာအုပ် ဥပသမ္ပဒအခဏ်း၌ ပြည့်စုံစွာ ပြထားပြီးဖြစ်၍ ဤနိဒါန်း၌ မပြတော့ဘဲ ဗျဉ္ဇနဗုဒ္ဓိ သဘောမျှကိုသာ ရေးပါမည်။

အတ္ထံ ဗျဉ္ဇယန္တိ ပကာသေန္တီတိ ဗျဉ္ဇနာနိ-ဟူသော ဝိဂ္ဂဟအရ အနက်ကို ထင်ရှားပြတတ်, သိစေတတ်သောကြောင့် သရနှင့် ဗျည်းတို့ကို "ဗျဉ္ဇနဗုဒ္ဓိ"ဟု ခေါ်၏၊ (အက္ခရာ အားလုံးကိုပင် ဗျဉ္ဇနဟု ခေါ်သည်)၊ ထိုအက္ခရာတို့ကို ရွတ်ဆိုကြောင်း စိတ်သည် "ဗျဉ္ဇနဗုဒ္ဓိ" မည်၏၊ မှန်၏၊ အက္ခရာအားလုံးတို့သည် စိတ်ဟူသော ဖြစ်ကြောင်း ရှိကုန်သည် ဖြစ်၍ အကြင်အကြင် အလိုရှိအပ်သော အဓိပ္ပါယ်နက်ကို ထင်ရှားပြတတ်ကြကုန်၏။

ဒသမာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါတိ ဧဝံ သိထိလာဒိဝသေန ဗျဉ္ဇနဗုဒ္ဓိယာ အက္ခရုပ္ပါဒကစိတ္တဿ ဒသပ္ပကာရေန ပဘေဒေါ။ သဗ္ဗာနိ ဟိ အက္ခရာနိ စိတ္တသမုဋ္ဌာနာနိ ယထာဓိပ္ပေတတ္ထ ဗျဉ္ဇနတော ဗျဉ္ဇနာနိစ။

သာရတ္ထဋီကာ-တ။

ဤသို့လျှင် ဌာန်ကရိုဏ်း ပယတ်တို့ကိုရင်း, ဗျဉ္ဇနဗုဒ္ဓိ၁၀-ပါးကိုရင်း, ဗျဉ္ဇနဗုဒ္ဓိ၁၀-ပါး၌ ပါဝင်သော နိဂ္ဂဟိတ်နှင့် ဝိမုတ္တတို့ကိုရင်း ကောင်းစွာ မှတ်သားကြရာသည်။ အချိန်မရွေး မှတ်သားနိုင်ကြရန် အောက်ပါ ဆောင်ပုဒ်များကို အရကျက်ထားပါ။

## ဌာန် ၇-ပါး

၁။ ကဏ်တာမုဒ္ဒန်၊ ဩဋ္ဌ်နာသံ၊ ဥရံ ဌာန် ခုနစ်။
၂။ လည်အာအာသွား၊ နှုတ်နှာထား၊ ရင်များသူတို့ဖြစ်။
၃။ အဝဏ်ကဝဂ်၊ ဟအက္ခရာ၊ ဂ လုံးမှာ၊ ဖြစ်ရာကဏ္ဌဇံ။
၄။ ဣဝဏ် စဝဂ်၊ ယ အက္ခရာ၊ ဂ လုံးမှာ၊ ဖြစ်ရာတာလုဇံ။
၅။ ၅ လုံး ဋ ဝဂ်၊ ရ ဠက္ခရာ၊ ခုနစ်ဖြာ၊ ဖြစ်ရာမုဒ္ဓဇံ။
၆။ ၅ လုံး တ ဝဂ်၊ လအက္ခရာ၊ ခုနစ်ဖြာ၊ ဖြစ်ရာ ဒန္တဇံ။
၇။ ဥဝဏ်ဒွယ၊ ပဝဂ္ဂ၊ သတ္တဩဋ္ဌဇံ။
၈၊ ဧအက္ခရ၊ ဌာန်ဒွယ၊ ကဏ္ဌတာလုဇံ။
၉။ ဩအက္ခရ၊ ဌာန်ဒွယ၊ ကဏ္ဌဩဋ္ဌဇံ။
၁၀။ ဝ အက္ခရ၊ ဌာန်ဒွယ၊ ဒန္တဩဋ္ဌဇံ။
၁၁။ နိဂ္ဂဟီတ၊ ဝိန္ဒုပ၊ ဌာနနာသိကံ။
၁၂။ ငဉ ဏ န၊ မ ငါးဝ၊ သက နာသိဌာန်။
၁၃။ ဝဂ္ဂန်အန္တဋ္ဌ၊ ဟ ယှဉ်က၊ ဌာန ဩရသံ။

## ကရိုဏ်း ၄-ပါး

၁။ လျှာလယ်မဏ္ဍ၊ လျှာ၏ အပါး၊ လျှာဖျားတတန်၊ သကဌာန်၊ မှတ်ရန်ကရိုဏ်း ၄။
၂။ တာလုဇာနံ၊ ကရဏံ၊ မဇ္ဈိမဇိဝှါရေး။
၃။ မုဒ္ဓဇာနံ၊ ကရဏံ၊ ပဂ္ဂံဇိဝှါရေး။
၄။ ဒန္တဇာနံ၊ ကရဏံ၊ အဂ္ဂံဇိဝှါရေး။
၅။ ၁၉ သေသာ၊ ကရဏာ၊ သကဌာနရေး။

### ပယတ် ၄-ပါး

၁။ ဝိတ်ဖွင့်ထိခြင်း၊ စဉ်းငယ်သွင်း၊ မယွင်း ၄ ပယ ...
၂။ သံဝုဋ္ဌမှန်၊ ပယတန်၊ မှတ်ရန် အ-သရ။
၃။ ဝိဝဋ္ဌမှန်၊ ပယတန်၊ သေသံသရ-သ ဟ ချ။
၄။ ဖုဋ္ဌမှာဝဂ်၊ ဤသံထွက်၊ မိန့်မြွက် ယ ရ လ ဝ။
၅။ ဌာနအပိုင်း၊ ကရိုဏ်း ပယတ်၊ ယင်း ၃-ရပ်၊ ခဲကပ်လွန်ရှပ်ထွေး။
၆။ မခဲကပ်အောင်၊ နှုတ်တက်ဆောင်၊ ဖောင်ဖောင်ကျက်ကြလေး။
၇။ သိန္တော မြင်းစိုင်း၊ မဆုတ်ဆိုင်း၊ ပုဒ်တိုင်း ဒိုင်းဒိုင်းပြေး။

ဆိုဘွယ်အထူးရှိသေး၏၊ ဘာသေယျနှင့်ပတ်သက်၍ (မိမိတို့အနေဖြင့် အရေးတကြီးဟု မယူဆသော်လည်း)အများဗဟုသုတအကျိုးငှာ အတန်ငယ် ရေးလိုပါသေးသည်။"ဘာသေယျ"သည် ပုဒ်အနေအထားအားဖြင့် ဘာသေယျပင် ဖြစ်ပါသည်၊ အက္ခရာစာလုံး မပြောင်းပါ၊ အသံထွက် အနေအားဖြင့်သာ ကိုယ့်ယူဆချက်အတိုင်း အမျိုးမျိုး အသံထွက်နေကြခြင်း ဖြစ်ပါသည်။

ယူဆချက် အမျိုးမျိုးဖြင့် ဖတ်ကြပုံကား.... အချို့ ဆရာတော်များက လုံးကြီးတင်သံဖြင့် "ဘာသိယျ"ဟုရင်း, အချို့က စသတ်သံဖြင့် "ဘာသစ်ယျ" ဟုရင်း, အချို့က ညသတ်သံဖြင့် "ဘာသည်ယျ" ဟုရင်း, အချို့က အောက်မြစ်သံဖြင့် "ဘာသေ့ယျ" ဟုရင်း၊ မိမိတို့ ဝါဒ အားလျော်စွာ ရွတ်ဖတ်ကြပါသည်၊ မည်သို့ပင်ဖတ်ဖတ် အထက်က ရေးခဲ့သည့်အတိုင်း "ဘာသိယျ၊ ဘာသစ်ယျ၊ ဘာသည်ယျ၊ ဘာသေ့ယျ"ဟု အက္ခရာစာလုံး အမျိုးမျိုး ပြောင်းလဲသွားခြင်း မဟုတ်ပါ၊ "ဘာသေယျ" ဟူသော အက္ခရာပုဒ် တမျိုးထည်းကိုပင် အသံအမျိုးမျိုးဖြင့် ရွတ်ဖတ်ကြခြင်း ဖြစ်ပါသည်။

ထိုသို့ အယူအဆအမျိုးမျိုးဖြင့် ဖတ်တော်မူကြရာတွင် ရွှေကျင်ဆရာတော်က လုံးတင်သံဖြင့်ရင်း, ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်က စသတ်သံဖြင့်ရင်း, ချောင်းဦးဆရာတော်က ညသတ်သံဖြင့်ရင်း, စိတြာရာမဆရာတော်နှင့် ဆရာတော်ဦးဗုမ်တို့က အောက်မြစ်သံဖြင့်ရင်း ရွတ်ဖတ်တော်မူကြကြောင်းကို မိမိ၏ ကျေးဇူးရှင်သိက္ခာဝါတော် (၇၀)ရှိတော်မူသော ကျောက္ကာ မဟာဗောဓိဆရာတော်ဘုရားကြီးသည် ဥပသမ္ပဒကံ ဆောင်

တိုင်း အောက်ပါ လက်ာကို ရွတ်ကာ မိန့်တော် မှုလေ့ ရှိပါသည်။ ဤအချက်ကိုလည်း ဗဟုသုတအကျိုးငှာ မှတ်သားသင့်ပါသည်။

၁။ လုံးတင် စသတ်၊ ညသတ် အောက်မြစ်၊ ရွတ်ပုံလှစ်၊ မိန့်လစ် ဆရာတော်။

၂။ လုံးတင် ရှေ့ကျင်၊ ခင်မွန်စသတ်၊ ညသတ်ချောင်းဥုး၊ အထူး မိန့်ထုတ်၊ အောက်မြစ်ဟုတ်၊ စိတ် ဗုမ်ဆရာတော်။

**ကမ္မာကမ္မ။** ။ဤကမ္မာကမ္မစာအုပ်ကိုဖေါ်ထုတ်သူကား နိုင်ငံကျော် ဓမ္မကထိက သာသနဟိတရေ ဆရာကြီး ဦးလှသိန်း ကြီးမှူး တည် ထောင်ထားသည့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ် ရဟန်းတော်များ ဆရာဖြစ်သင်တန်း ကထိက အရှင် ဝါသေဋ္ဌ ဖြစ်ပေ သည်။ အဖွဲ့ချုပ်ကြီး၏ သင်တန်းကား ယခုနိဒါန်းရေးချိန်အထိ ၁၄- ကြိမ် ရှိပေပြီ၊ ယင်း ၁၄-ကြိမ်အနက် အရှင် ဝါသေဋ္ဌသည် ၄-ကြိမ် မြောက်သင်တန်းမှစ၍ ရဟန်းတော်များအတွက် အလွန်အရေးကြီးသည့် ဤကမ္မာကမ္မ သင်တန်းကို ပြသလာရာ ယခုအခါ ၁၁-ကြိမ် ရှိသွားပြီ ဟုရင်း, သင်တန်းသား ရဟန်းတော်ပေါင်း ၁၅၀၀ ကျော် ရှိသွားပြီဟု ရင်းသိရပါသည်။

အချို့သော ရဟန်းများသည် အခြေအနေအရ မိမိတို့ ရပ်ရွာတွင် ကျောင်းထိုင်ကြရသော်လည်း ကံကြီး ကံငယ်ကို နားလည်အောင် သင် ယူခွင့် မရခဲ့ကြပါ၊ အချို့ကား စာပေတတ်မြောက်သော်လည်း ဆရာ သမားများထံမှလုပ်ထုံးလုပ်နည်း မရခဲ့ကြသည့်အတွက် ကံကြီးကံငယ်ကြုံ တွေ့လာသော် ပိုင်နိုင်အောင် မဆောင်ရွက်နိုင်ကြပါ၊ ဤလိုကွက်, ဟာ ကွက်ကို ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ်ကြီးက ဖြည့်စွက်ပေးနေပါသည်။

ဤသို့သင်တန်းပေးကာ လိုကွက် ဟာကွက်ကိုဖြည့်စွက်လျက်ရှိရာတွင် သင်တန်း ပေးရုံမျှ အားမရသေးဘဲ သင်တန်း သား အားလုံး လောက်က ယခုသင်ပြသည့်နည်းအတိုင်း စာအုပ်ရေးသား ထုတ်ဝေရန် တိုက်တွန်းကြကြောင်း သိရပါသည်၊ ထို့ပြင် အဖွဲ့ချုပ်ကြီး၏ နာယက ကြီး ဦးလှသိန်းနှင့်တကွ ဥက္ကဋ္ဌ ဦးပွား၊ အတွင်းရေးမှူး ဦးရွှေလှ

စသော အဖွဲ့ဝင် လူကြီးအားလုံးကလည်း တိုက်တွန်းကြကြောင်း သိရပါသည်။

ထိုတိုက်တွန်းချက်များအရ အရှင်ဝါသေဌသည် သင်တန်း ပြသည့်နည်းအတိုင်း ဝိနည်း အဋ္ဌကထာ ဋီကာတို့မှ လိုရင်းအချက်များကိုထုတ်နှုတ်ကာ ဘာသာပြန်ဆိုပြီး မိမိထံသို့ ၁၃၃၁-ခုနှစ်၊ တော်သလင်းလက ပြင်ဆင်တည်းဖြတ်ပေးရန် ယူလာပါသည်၊ မိမိမှာလည်း နေ့ဝါ ၅-ဝါ, ယမိုက် ပဌာန်းညဝါ ၂-ဝါတို့ဖြင့် မအား လပ်အောင် ရှိနေပါသည်၊ သို့ မအားလပ်လင့်ကစား သာသနဝှတ္တာဝန်ကို ထမ်းဆောင်သောအားဖြင့် မအားမလပ်သည့် ကြားမှပင် တနေ့လျှင် တနာရီ အချိန်ယူကာပြင်ဆင်တည်းဖြတ်ပေးခဲ့ပါသည်၊ သို့ပြင်ဆင်တည်းဖြတ်ရာ၌ မိမိ ကိုယ်တိုင်ပင် အားမလို အားမရ ဖြစ်ရသည့် အချက်များ ရှိပါသည်၊ ထိုအချက်များမှာ အခဏ်း ကဏ္ဍစီစဉ်ထည့်သွင်းရာ၌ ချို့ယွင်းခြင်း, သိမ်ခဏ်း၌ပြည့်စုံသင့်သလောက် မပြည့်စုံသေးခြင်းတို့ ဖြစ်ပါသည်၊ ယခုအချိန်တွင်ဆိုင်ရာ သင်တန်းမှီရန် ရိုက်နှိပ်ရမည် ဖြစ်သောကြောင့် ယင်း ချို့ယွင်းချက်များကို ပြင်ဆင်မပြည့်စွက်နိုင်တော့ဘဲ နောက်ထပ် ရိုက်နှိပ်မှသာ ပြင်ဆင်ထည့်သွင်းရပါတော့မည်။

**အစီအစဉ်။** ။ဤစာအုပ်၌ ရှင်ပြုခဏ်း, ရဟန်းခံခဏ်း, ဥပုသ်ပြုခဏ်း ပဝါရဏာပြုခဏ်း ကထိန်ခဏ်း, သိမ်ခဏ်း, ပရိဝါသ်မာနတ်ခဏ်း ဟု ၇-ခဏ်းသတ်မှတ်ကာ စီစဉ်ထားပါသည်၊ နောက်ဆက်တွဲ အနေဖြင့် ရဟန်းလောင်းဆုံးမခဏ်း, ဥပုသ်ပဝါရဏာ အမေးအဖြေ, ကထိန်အမေးအဖြေများကို ထည့်သွင်းထားပါသည်။

ဤအထက်ပါ အချက်များသည် ရဟန်းတော်များအတွက် အလွန် အရေးကြီးသော အချက်များဖြစ်ပါသည်၊ (လူဝတ်ကြောင်များ အနေဖြင့်လည်း ရဟန်းတို့၏ အထက်ပါအလုပ်များကို တစေ့တစောင်းအကဲခတ်နိုင်ပါသေးသည်)။

ဤကျမ်းစာပြု အရှင်ဝါသေဌသည် ဝိနည်းကျမ်းပေါင်း မြောက်မြားစွာမှ အရေးတကြီး အသုံးဝင်မည့် အချက်အလက်များကို အပင်ပန်းခံ

ကာ ရှာဖွေစုဆောင်း၍ဘာသာပြန်ဆိုပြီး တဘက်တွင် ပါဠိ, တဘက်တွင် မြန်မာစီစဉ်လျက် ကျမ်းရင်းမျက်နှာ နံပါတ်များကိုပါ တိကျစွာညွှန်းကာ အရှင်တို့ မျက်မှောက်သို့ အရောက်ပို့လိုက်ပါပြီ၊ ကြည့်ရှုလေ့လာဆောင် ရွက်ကြရန်ကား အရှင်တို့၏ တာဝန်သာ ဖြစ်တော့သည်၊ ဆိုင်ရာသံဃာကံ များကို မရှုံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် ဆောင်ရွက်နိုင် ကြစေလို။

ကျမ်းစာရှိလျက်, မလေ့ကျက်သော်, ကျမ်းစာတာဝန်မဟုတ်ပေ။
အရှင်ဂုဏိဿရ
၁၃၃၂-ခု၊ ဝါဆိုလပြည့်၊

## ကျမ်းညွှန်းအကျဉ်းချုပ် သင်္ကေတ

ဆင်ဒွသင်္ဂါယနာမူ

| | | |
|---|---|---|
| ၁။ | မဟာဝါပါဠိတော်- | -မဟာဝဂ္ဂပါဠိ |
| ၂။ | ပရိဝါပါဠိတော်- | -ပရိဝါရပါဠိ |
| ၃။ | မဟာဝါအဋ္ဌကထာ- | -မဟာဝါဋ္ဌ |
| ၄။ | ပရိဝါအဋ္ဌကထာ- | -ပရိဝါဋ္ဌ |
| ၅။ | ကင်္ခါအဋ္ဌကထာ- | -ကင်္ခါဋ္ဌ |
| ၆။ | ဝိနယသင်္ဂဟအဋ္ဌကထာ- | -ဝိသင်ဋ္ဌ |
| ၇။ | သာရတ္ထဋီကာ | -သာရတ္ထဋီ |
| ၈။ | ဝိမတိဋီကာ- | -ဝိမတိဋီ |
| ၉။ | ဝဇီရဗုဒ္ဓိဋီကာ- | -ဝဇီရဋီ |
| ၁၀။ | ကင်္ခါဋီကာသစ်- | -ကင်္ခါ ဋီ |
| ၁၁။ | ဝိနယာလင်္ကာရဋီကာ | -ဝိလင်ဋီ |
| ၁၂။ | ကင်္ခါယောဇနာ မဟာဋီကာ | -ကင်္ခါ ယောဇနာ |

---

# နိဒါန်း

## ကတညုတာ မင်္ဂလာ

ဤကမ္မာကမ္မစာအုပ် ဖြစ်မြောက်ရေးတွင် ပထမသင်တန်းမှူး ချမှတ်ပေးတော်မူသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ကြီး၏ ရဟန်းတော်များ ဆရာဖြစ်သင်တန်း တာဝန်ခံနည်းပြ ကထိက အရှင်ကုသလ (ဓမ္မာစရိယ၊ ဘီအေ)အားရင်း၊

ကမ္မာကမ္မစာအုပ်ကို အစမှအဆုံးတိုင်အောင်လိုရာကိုဖြည့်စွက် ပိုရာကို ပယ်ဖျက်၍ အဖက်ဖက်မှ ပြင်ဆင်သုတ်သင်တည်းဖြတ်ပေးသော ဝိနယဝါဒီ- အရှင်ဂုဏိဿရအားရင်း၊

လက်နှိပ်စက်ဖြင့် စာမူကိုမူချောမူသန့်ဖြစ်အောင် တိုက်ရိုက်ပေးသော မောင်မြင့်အေး(ဘီအက်စီ)မုံရွာအားရင်း အထူးကျေးဇူးတင်ပါကြောင်း ကောင်းမြတ်သော စေတနာမွန်ဖြင့် ဤနေရာမှ ဖော်ပြအပ်ပါသည်။

အရှင်ဝါသေဋ္ဌ
သာသနာ့ယဉ်ကျေးမှုနည်းပြကထိက
ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်
(၂၂၂) ရွှေဂုံတိုင်၊ ရန်ကုန်။

## ကမ္မာကဲမှ

# မေးခွန်းမာတိကာ

အမှာ။ ။မာတိကာကို မေးခွန်းပုစ္ဆာပြုလုပ်ထားပါသည်၊ သက်ဆိုင်ရာ အခဏ်းအားလျော်စွာပိုဒ်ရေနံပါတ်များကို ကြည့်၍ အဖြေကို ရှာပါ၊ လွယ်ကူစွာသိရပါလိမ့်မည်။


ဦးရေ — ပိုဒ်ရေနံပါတ်

ပဏာမ

၁။ အဘယ့်ကြောင့် ကံဟု ခေါ်ပါသနည်း — ၁
၂။ ကမ္မာကမ္မဝယ် အကမ္မ၌ အ-သဒ္ဒါသည် မည်သည့် အနက်ကို ဟောပါသနည်း — ၂
၃။ ကမ္မအရ အကမ္မအရများကို စုံလင်စွာ ကောက်ပြပါ — ၃-၄
၄။ အပလောကနကံ၏ ဝိဂ္ဂဟနှင့် အဓိပ္ပါယ်ကိုရေးပါ — ၇-၁၁
၅။ ဉတ္တိကံ၏ ဝိဂ္ဂဟနှင့် အဓိပ္ပါယ်ကို ရေးပါ — ၈-၁၂
၆။ ဉတ္တိဒုတိယကံ၏ ဝိဂ္ဂဟနှင့်အဓိပ္ပါယ်ကိုရေးပါ — ၉-၁၃
၇။ ဉတ္တိစတုတ္ထကံ၏ ဝိဂ္ဂဟနှင့် အဓိပ္ပါယ်ကို ရေးပါ — ၁၀-၁၄
၈။ အပလောကန စသောကံ ၄-မျိုးတို့ အသီးသီးပြုနိုင်သော ကံများကို ဖေါ်ပြပါ — ၁၅-၁၈

## ၁-ပဗ္ဗဇ္ဇာကမ္မခဏ်း

၁။ အဘယ့်ကြောင့် ရှင်သာမဏေဟု ခေါ်ပါသနည်း — ၂၁
၂။ ရှင်ပြုရန် မည်သည့်အချက်များဖြင့် ခွင့်ပြုပါသနည်း — ၂၂
၃။ ပဌမပညတ်ချက်၌ အသက်မည်မျှရှိမှ ရှင်ပြုခွင့်ရပါသနည်း — ၂၃
၄။ ဒုတိယပညတ်ချက်၌ မည်သည့်အခြေအနေရှိမှ ရှင်ပြုခွင့်ရပါသနည်း — ၂၄
၅။ အဘယ် အင်္ဂါတို့နှင့် ညီညွတ်မှ ရှင်ပြုပေးနိုင်ပါသနည်း — ၂၅

ဦးရေ ဝိဒ်ရေနံပါတ်

၆။ ပဗ္ဗဇ္ဇဒေါသတို့ကား အဘယ်တို့နည်း ၂၆
၇။ ပန်ကြားရမည့် မိဘဟူသည် မိဘရင်းလော
မွေးစားမိဘလော အမိကိုပန်ပြောရမည်လော
အဘကို ပန်ပြောရမည်လော ၂၇
၈။ ရှင်ပြုရန်မည်သူက ပန်ပြောရမည်နည်း ၂၈
၉။ မိဘခွင့်ပြုကြောင်း ရှင်လောင်းကလိမ်လည်ပြောဆိုသော်
ရှင်ပြုပေးထိုက်ပါသလော ၂၉
၁၀။ မိဘရင်းများ သေဆုံးပြီးသော် မည်သူ့ကို ပန်ပြောရ
မည်နည်း၊ ပန်ပြောရလျှင် အဘယ်အကျိုးငှာ ပန်ပြောရ
မည်နည်း၊ မပန်ပြောခဲ့သော် အာပတ်သင့်နိုင်ပါသလော ၃၀
၁၁။ မိဘကိုအားမကိုးဘဲကိုယ့်အားကိုယ်ကိုးနေသူအတွက်မပန်
ပြောရတော့ဘူးလော ၃၁
၁၂။ ရှင်လိမ်ပြန်များ ရှင်ပြုခဲ့သော် ပန်ပြောရန် လိုပါသေး
သလော ၃၂
၁၃။ မိဘတို့၏ ခွင့်ပြုချက်မရသော ရှင်လောင်းက ရှင်ပြုပေးရန်
အကြံပ်ကိုင်ခဲ့သော် ရှင်ပြုပေးသင့်ပါသလော ၃၃
၁၄။ အဘယ်သို့ ပြုခြင်းကို ရှင်ပြုသည်ဟု ခေါ်သနည်း ၃၄-၅
၁၅။ ရှင်ပြုပုံ အစီအစဉ်ကို ညွှန်ပြပါ ၃၆
၁၆။ ဆံချရာ၌ မည်သို့ပန်ပြောရမည်နည်း ၃၇-၄၁
၁၇။ ပင်ကိုယ်က ဆံရိတ်ပြီးသူ အတွက်ပန်ကြားဘွယ်လိုပါ
သေးသလော ၄၂
၁၈။ ဆံကိုအဘယ်သူက ချပေးမှ အပ်ပါသနည်း ၄၃
၁၉။ ဆံချနေစဉ် မည်သည့် ကမ္မဋ္ဌာန်းကို ပြောကြားရ
မည်နည်း ၄၄
၂၀။ ဆံချပြီးနောက် ကိုယ်နှံ့ပျောက်အောင် အဘယ်သို့
ပြုရပါမည်နည်း ၄၅
၂၁။ မည်သို့ဆို၍ သင်္ကန်းတောင်းစေရပါမည်နည်း ၄၆
၂၂။ သင်္ကန်းကို မည်သူက ဝတ်ပေးသင့်သနည်း ၄၇-၈

ဦးရေ ပိုဒ်ရေနံပါတ်

၂၃။ ဆရာက မပေးဘဲ ရှင်လောင်း ကိုယ်တိုင်ဝတ်သင့်
သလော ၄၉
၂၄။ ကိုယ်တိုင်ဝတ်ခဲ့သော် မည်သို့ပြုရပါမည်နည်း ၅၀
၂၅။ သင်္ကန်းဝတ်ပေးပြီးနောက် သရဏဂုံကို မည်သို့ပေး
ရမည်နည်း ၅၁
၂၆။ သရဏဂုံ ပေးနည်း ဘယ်နှစ်မျိုးရှိပါသနည်း ၅၂-၃-၄
၂၇။ သရဏဂုံပေးရာ၌ တဦးဦးက ဝိသရုံမှုဖြင့်အဝ်ပါ
သလော ၅၅-၆
၂၈။ ရှင်ဖြစ်ခြင်း၏ ပဓာနကား အဘယ်နည်း၊အဘယ်
အရာများကို သင်ကြားပေးသင့်သနည်း ၅၇-၀
၂၉။ သိက္ခာပုဒ်များ သင်ကြားပြီးနောက် မည်သို့ပြုရ
မည်နည်း ၅၉-၆၀
၃၀။ ဥပဇ္ဈာယ်ကို အဘယ်သို့ ယူရမည်နည်း ၆၁
၃၁။ တပည့်က ဥပဇ္ဈာယ်ယူရာ၌ ဆရာက အဘယ်သို့
ဆိုရမည်နည်း ၆၂
၃၂။ ရှင်ပြုပုံ အစီအစဉ်ကို ဖော်ပြပါ ၆၃

---

## ၂-ဥပသမ္ပဒ ကမ္မခဏ်း

၁။ ကံလေးမျိုးတို့တွင်ရဟန်းခံရန်အဘယ်ကံဖြင့် ခွင့်ပြု
ပါသနည်း ၁
၂။ ဥတ်ကို ရှေးဦးစွာ ရွတ်ပါလျက် အဘယ့်ကြောင့်
ဥတ်လျှင် လေးခုမြောက်ကံဟု ခေါ်ပါသနည်း ၂
၃။ ဘယ်အင်္ဂါတို့နှင့် ပြည့်စုံလျှင် ဥပသမ္ပဒကံ ထမြောက်
ပါသနည်း ၃
၄။ မည်သည့် ပုဂ္ဂိုလ်မှသာ ရဟန်းခံထိုက်ပါသနည်း ၄
၅။ အသက်ကို ရေတွက်ရာ၌ အဘယ်အချိန်မှစ၍ ရေတွက်
ရမည်နည်း ၅-၇
၆။ အသက်နှစ်ဆယ် မပြည့်သေးသူကို ရဟန်းခံပေး
သင့်ပါသလော ၆

| ဦးရေ | | ဝိုဒ်ရေနံပါတ် |
|---|---|---|
| ၇။ | အသက်နှစ်ဆယ် ရေတွက်ပုံကို ပြည့်စုံစွာ ဖော်ပြပါ | ၁-၉-၁၀ |
| ၈။ | အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းခံခဲ့သော် ရဟန်းဖြစ်ပါသလော | ၁၁-၂ |
| ၉။ | အသက်နှစ်ဆယ် မပြည့်မှန်း မသိ၍ ရဟန်းပြုခဲ့သော ပုဂ္ဂိုလ်အား သဂ္ဂနိုရာယ် မဂ္ဂနိုရာယ်ဖြစ်နိုင်ပါသလော | ၁၃ |
| ၁၀။ | ထိုရဟန်းမှ တဆင့် ရဟန်းခံပေးခဲ့သော် ရဟန်း ဖြစ်နိုင်ပါသလော | ၁၄ |
| ၁၁။ | အန္တိမဝတ္ထု အဇ္ဈာပန္နက ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း | ၁၅ |
| ၁၂။ | ပဏ္ဍုက်အပြားနှင့် အဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြပါ | ၁၆-၇-၈ |
| ၁၃။ | ရဟန်းပြုထိုက်သောပဏ္ဍုက် ရှိပါသလော | ၁၉-၂၀ |
| ၁၄။ | ထေယျသံဝါသကအပြားနှင့် အဓိပ္ပါယ်ကို ရေးပါ | ၂၁-၂၉ |
| ၁၅။ | တိတ္ထိယ ပက္ကန္တကဟူသည် အဘယ်တို့ပါနည်း | ၃၀-၃၂ |
| ၁၆။ | တိရစ္ဆာန်ကို ရဟန်းပြုပေးသင့်ပါသလော | ၃၃ |
| ၁၇။ | ဤနေရာ၌ နတ် စသည်တို့သည် အဘယ်ဇာတ်၌ ပါဝင်ပါသနည်း | ၃၄-၅ |
| ၁၈။ | ပဥ္စာနန္တရိယကံငါးပါး၏ သဘောသရုပ် အဓိပ္ပါယ်များကို ဖော်ပြပါ | ၃၆-၅၂ |
| | (က) ရောဂါပျောက်ကင်းရန် ခွဲစိတ်ကုသသော သမားတော်ဇီဝကအား လောဟိတုပ္ပါဒကကံ ဖြစ်မဖြစ် ဆုံးဖြတ်ပါ | |
| | (ခ) စေတီခေတ်တော်ဗောဓိပင်များကို ဖျက်ဆီး သင့်ပါသလော | |
| | (ဂ) ဗောဓိကိုင်းကို ဖြတ်နိုင်ခွင့်ရှိက ဖော်ပြပါ | |

ဦးရေ ပိုဒ်ရေနံပါတ်

(ဃ) သရီရစေတီ ပရိဘောဂစေတီတို့တွင် အဘယ်စေတီကို အရေးထားထိုက် ပါသနည်း

၁၉။ ဥဘတော၀ျည်း အဓိပ္ပါယ်ကို စုံလင်စွာရေးပါ ၅၃-၅၉
၂၀။ ဥတ် ကမ္ဘ၀ါတို့၏ အပြစ်များကို ဖော်ပြပါ ၆၀-၈၈
၂၁။ သံဃာအပြားနှင့် အဓိပ္ပါယ်ကိုရေးပါ ၈၉-၉၀
၂၂။ ကမ္မပဘေဒအားဖြင့် သံဃာကွဲပြားပုံကို ဖော်ပြပါ ၉၁
၂၃။ ယင်းကမ္မဘေဒ သံဃာတို့ ပြုနိုင်သော ကံများကို အသီးသီးဖော်ပြပါ ၉၂
၂၄။ အတိရေကဝီသတိဝဂ္ဂသံဃာကို အဘယ်အကျိုးငှာ ဟောတော်မူပါသနည်း ၉၃
၂၅။ ရဟန်းမခံမီ ပြုလုပ်ရမည့် ပုစ္ဆကိစ္စမည်မျှ ရှိပါ သနည်း ၉၄
၂၆။ ဧဝမေတံ ဓာရယာမိတိ၌ ဉတိသဒ္ဒါကိုထည့်ရွတ် ရမည်လော ၉၅
၂၇။ ဥပဇ္ဈာယ်ဆရာ၏ အင်္ဂါများကို ဖော်ပြပါ ၉၆
၂၈။ တပြိုင်တည်း ရဟန်းမည်မျှခံပေးနိုင်ပါသနည်း ၉၇
၂၉။ မထေရ်ကြီးက ဘန္တေဟုရင်း၊ ရဟန်းငယ်က အာဝုသောဟုရင်း ကမ္ဘ၀ါဖတ်ခဲ့သော် ကံပျက် ပါသလော ၉၈
၃၀။ မည်သည့်ပါဠ်၌ အကိုးအကားဖြင့် သိမ်ထင်ကြ သနည်း ၉၉
၃၁။ နူနာ စသည် ရှိသူတို့အား ရဟန်းခံပေးခဲ့လျှင် ရဟန်းဖြစ်သလော ၁၀၀
၃၂။ ဥပသမ္ပဒကံ အစီအစဉ်ကို ဖော်ပြပါ

---

ဦးရေ ဝိုဒ်ရေနံပါတ်

## ၃-ဥပေါသထကမ္မခဏ်း


၁။ ဥပေါသထသဒ္ဒါ၏ အတ္ထုဒ္ဓါရနှင့် ဝိဂ္ဂဟများကို ဖော်ပြပါ ၁-၃
၂။ ဥပုသ် ကိုးမျိုးကို ဖော်ပြပါ ၄-၆
၃။ သုတ္တုဒ္ဒေသ ဥပုသ်ဟူသည် အဘယ်နည်း ၇
၄။ ပါရိသုဒ္ဓိဥပုသ်အပြားနှင့် ၎င်းတို့၏ အဓိပ္ပါယ်ကို ဖော်ပြပါ ၈-၁၄
၅။ အဓိဋ္ဌာန် ဥပုသ်ပြုပုံ အစီအစဥ်ကိုဖော်ပြပါ ၁၅
၆။ ဥပုသ်ပြုမည့်နေ့၌ ခရီးသွားသင့်ပါသလော ၁၆
၇။ ဥပုသ်ပြုရန် စည်းဝေးနေစဥ် ရောက်လာသည့် အခြားမှဥပုသ် ပြုခဲ့ပြီးသောရဟန်းသည် မည်သို့ပြုကျင့်ရမည်နည်း ၁၇
၈။ ဂိလာန ရဟန်း အလုပ်များသောရဟန်းများ မည်သို့ပြုကျင့်ရမည်နည်း ၁၈
၉။ အဘယ်ရဟန်းများသည် ဆန္ဒပါရိသုဒ္ဓိပေးရမည်နည်း ၁၉
၁၀။ ဆန္ဒ ပါရိသုဒ္ဓိကို အထူးကို ဖော်ပြပါ ၂၀
၁၁။ ဆန္ဒ ပါရိသုဒ္ဓိမျှကိုပင် မပေးနိုင်သော ဂိလာနရဟန်း အတွက် အဘယ်သို့ ပြုရမည်နည်း။ ၂၁
၁၂။ ဥပုသ်ကံအပြားနှင့် ၎င်းတို့၏အဓိပ္ပါယ်ကို ဖော်ပြပါ ၂၂-၂၇
၁၃။ ရဟန်း ၄-ပါး ၃ ပါး တပါးရှိသော ကျောင်းများ၌ ဥပုသ်ပြုပုံ အသီးသီးကို ဖော်ပြပါ ၂၈-၃၁
၁၄။ ဥဒ္ဒေသငါးပါးကို ဖော်ပြ၍ ပါတိမောက်အကျဥ်း ရွတ်ပြနိုင်သည့် အခွင့်အရေးကို ဖော်ပြပါ ၃၂
၁၅။ အန္တရာယ်ဆယ်ပါးကို ရေတွက်ပြပါ ၃၃
၁၆။ ပါတိမောက် မည်သူပိုင်ဆိုင်ပါသနည်း ၃၄
၁၇။ ဗာလ အဗျတ္တချည်းရှိသော် မည်သို့ပြုရမည်နည်း ၃၅-၆
၁၈။ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စအထူးကို ဖော်ပြပါ ၃၇
၁၉။ သံဃာဥပုသ်ပြုပုံအစီအစဥ်ကို ဖော်ပြပါ ၃၇

ဦးရေ ပိုဒ်ရေနံပါတ်

## ၄-ပဝါရဏာကမ္မခဏ်း

၁။ ထေရ နဝ မဇ္ဈိမတို့ အသီးသီး ပဝါရဏာ ပြုပုံကို ရေးခဲ့ပါ ၁-၃
၂။ မူလပညတ်ချက်၌ ပဝါရဏာပြုသည့်အခါ သံဃာ အားလုံး မည်သို့နေရမည်နည်း၊ အနုပညတ်ချက်၌ မည်သို့ ခွင့်ပြုထားပါသေးသနည်း ၄
၃။ ပဝါရဏာ နေ့အပြားကို ဖော်ပြပါ ၅
၄။ ပဝါရဏာကံအပြားကို ဖော်ပြပါ ၆
၅။ ပဝါရဏာပေးပုံကို ဖော်ပြပါ ၇
၆။ ပဝါရဏာမပေးနိုင်သော ဂိလာနရဟန်းအတွက် မည်သို့ပြုရမည်နည်း ၈-၉
၇။ ပဝါရဏာ ယူဆောင်လာသောရဟန်းသည် သံဃာ အား မလျှောက်ကြားခဲ့သော် မည်သည့်အာပတ် သင့်ပါသနည်း ၁၀
၈။ ရဟန်း မည်မျှရှိမှ သံဃာ့ပဝါရဏာ ပြုနိုင်ပါသနည်း ပဝါရဏာပြုပုံများကို ရေးပါ ၁၁-၁၂
၉။ ရဟန်းတပါးထည်းရှိရာ၌ ပဝါရဏာပြုရမည့် အစီအစဉ်ကို ဖော်ပြပါ ၁၃
၁၀။ ပဝါရဏာနေ့၌ ခရီးသွားသင့် မသွားသင့်သော ကျောင်းတိုက်များကို ဖော်ပြပါ ၁၄-၁၅
၁၁။ ပဝါရဏာ သံဃာ့ပရိသတ်ထဲ၌ ဘိက္ခုနီမရှိခဲ့သော် ပဝါရဏာပြုသင့်ပါသလော ၁၆
၁၂။ ပါရိဝါသိက ပဝါရဏာဒါနဖြင့် ပဝါရဏာပြုသင့် ပါသလော ပဝါရဏာ မဟုတ်သောနေ့၌ ပဝါရဏာ ပြုသင့်ပါသလော အခြားမည်သည့်ပဝါရဏာများကို ခွင့်ပြုထားပါသေးသနည်း ၁၇
၁၃။ အာပတ်ရှိလျက် ပဝါရဏာပြုခဲ့သော် မည်သည့် အာပတ်သင့်ပါသနည်း အကြောင်းမရှိဘဲ ပဝါရဏာ ကို တန့်ထားသော် မည်သည့်အာပတ်သင့်ပါသနည်း ၁၈

ဦးရေ ဝိုဒ်ရေနံ့ပါတ်

၁၄။ ပဝါရဏာသင်္ဂဟ ဟူသည် အဘယ်နည်း ၁၉
၁၅။ ပဝါရဏာပြုရခြင်း၏ အကျိုးကို ဖော်ပြပါ ၂၀
၁၆။ သဗ္ဗသင်္ဂါဟိက ပဝါရဏာဉတ်ကိုရေးခဲ့ပါ၊ ၎င်းဉတ်ကို ထားသော် မည်သည့်ပဝါရဏာများ ပြုနိုင်ပါသနည်း (ထိုမှတပါး) မည်သည့်ဉတ်ကိုထားသော် မည်သည့် ပဝါရဏာများပြုနိုင်ပါသနည်း ၂၁
၁၇။ ပဝါရဏာပြုရာ၌ ဓမ္မ အဓမ္မ ဝဂ္ဂသမဂ္ဂဖြစ်ပုံများကို ဖော်ပြပါ ၂၂-၂၅
၁၈။ အခြားမှ ပဝါရဏာပြုလာသောရဟန်းသည် မည်သို့ ပြုကျင့်ရမည်နည်း ၂၆
၁၉။ ပုရိမဝါသား ပစ္ဆိမဝါသား ရဟန်းများကို ပဝါရဏာပြုကြရာ၌ မည်သို့ပြုကျင့်ရမည်နည်း ၁၇-၂၀
၂၀။ သာမဂ္ဂီပဝါရဏာကို မည်သည့်ရက်အတောအတွင်း၌ ပြုရမည်နည်း ၂၉
၂၁။ ဝါတူရဟန်းများ တပေါင်းတည်း ပဝါရဏာ ပြုခွင့်ရှိပါသလော ၃၀
၂၂။ ပဝါရဏာကံ အရာ၌ ဆန္ဒပေးနိုင်ခွင့် မရှိသော အချက်များကို ဖော်ပြပါ၊ ပဝါရဏာသင်္ဂဟကို မည်သည့်ပုဂ္ဂိုလ်များအား ပေးနိုင်၍ မည်သည့် ပုဂ္ဂိုလ်များအား မပေးနိုင်ပါသနည်း ၃၁
၂၃။ ပဝါရဏာသင်္ဂဟရသော ရဟန်း၏ အခွင့်အရေး များကို ဖော်ပြပါ ၃၂-၃၆
၂၄။ ပုရိမဝါသားတို့ အခြေအနေအရ ပြုနိုင်သော ပဝါရဏာနေ့များကို ဖော်ပြပါ ၃၃
၂၅။ အန္တရာယ်ရှိခဲ့သော် မည်သို့ပြုရမည်နည်း ၃၇
၂၆။ ပဝါရဏာသဒ္ဒါ၏ ဟောနက်, ဝိဂ္ဂဟ, ဓာတု, ပစ္စယ, ဂဏတို့ကို ဖော်ပြပါ ၃၀
၂၇။ ဥပုသ်အရာဆန္ဒပေးခြင်းနှင့် ပဝါရဏာအရာ ဆန္ဒပေးခြင်းတို့ အထူးကိုဖော်ပြပါ ၃၉

ဦးရေ ပိုဒ်ရေနံပါတ်

## ၅-ကထိနက္ခန္ဓက


၁။ ကထိန်ဟူသည် အဘယ်နည်း ၁
၂။ အဘယ့်ကြောင့် ကထိန်ဟု ခေါ်သနည်း ၂-၄
၃။ အဘယ်ပုဂ္ဂိုလ်များကို အကြောင်းပြု၍ ကထိန်ကို ခွင့်ပြုတော်မူပါသနည်း ၅
၄။ ကထိန်ခင်းခွင့်ကို မည်သည့် ပုဂ္ဂိုလ်များရ၍ မည်သည့်ပုဂ္ဂိုလ်များ မရပါသနည်း ၆-၁၄
၅။ ကထိန်သင်္ကန်းကိုမည်သည့် ပုဂ္ဂိုလ်လှူမှ အပ်သနည်း ၁၅
၆။ ကထိန်ဒါယကာအားမည်သို့ ပြောကြားရမည်နည်း ၁၆
၇။ ကထိန်ဒါယကာ နှစ်ဦးရှိနေခဲ့သော် မည်သည့် ဒါယကာ၏ သင်္ကန်းဖြင့် ကထိန် ခင်းရမည်နည်း ၁၇
၈။ ကထိန်ကို အဘယ်ရဟန်း ခင်းထိုက်သနည်း ၁၈
၉။ ကထိန်သင်္ကန်းကို သံဃာက မည်သည့် ရဟန်းအား ပေးရမည်နည်း ၁၉
၁၀။ သင်္ကန်းရှားပါးသူ များနေခဲ့သော် မည်သူ့အား ပေးရမည်နည်း၊ မထေရ်ကြီးတို့တွင် မည်သည့် မထေရ်ကြီးအား ပေးရမည်နည်း ၂၀
၁၁။ မထေရ်ကြီးက ကထိန်ခင်းနိုင်စွမ်း မရှိခဲ့သော် မည်သူ့အား ပေးရမည်နည်း ၂၀
၁၂။ ကထိန်သင်္ကန်း မချုပ်မဆိုးခဲ့ရသေးသော်မည်သို့ ပြုလုပ်ကြရမည်နည်း ၂၂
၁၃။ နိစယသန္နိဓိ ကရဏသန္နိဓိတို့ အဘယ့်ကြောင့် ဖြစ်ရပါသနည်း ၂၃
၁၄။ ကထိန်ခင်းထိုက်သည့် အင်္ဂါများကို ဖော်ပြပါ ၂၄
၁၅။ ကထိန်ခင်းပုံ အစီအစဉ်ကို ဖော်ပြပါ ၂၅-၃၀
၁၆။ ဥတ်မကြီး၏ အခြီအရံဖြစ်သည့် အာနိသင်များကို မည်သို့ ပြုလုပ်ရမည်နည်း ၃၉

| ဦးရေ | | စိုဒ်ရေနံပါတ် |
|---|---|---|
| ၁၇။ | ဥပစာရ သိမ်တခုထည်းအတွင်း၌ အသီးသီး ကထိန်ခင်းထိုက်သလော | ၄၀ |
| ၁၈။ | ကထိန်အာနိသင် (၅) ပါးကို အဓိပ္ပါယ်နှင့် တကွ ဖော်ပြပါ | ၄၁-၂ |
| ၁၉။ | ကထိန် ခင်းခြင်းသည် သံဃကံလော၊ ပုဂ္ဂလကံလော | ၄၃ |
| ၂၀။ | ကထိန်ခင်းရန် တောင်းထိုက်သလော၊ မတောင်းထိုက်ဘူးလော | ၄၄ |
| ၂၁။ | ကထိန်ခင်းရာ၌ အဘယ့်ကြောင့် အနုမောဒနာပြုရ, ပြုစေရသနည်း | ၄၅ |
| ၂၂။ | ဥတ်မကြီး၏ အခြံအရံဖြစ်သော သက်နှီးစသည် များကို မဲချရမည်လော၊ ထေရ်စဉ်ဝါလိုက် ပေးရမည်လော | ၄၆ |
| ၂၃။ | ဥဒ္ဓာရသရုပ်, မာတိကာ သရုပ်တို့ကို ထုတ်ပြ၍ ၎င်းတို့၏အဓိပ္ပါယ်များကိုလည်း ရေးခဲ့ပါ | ၄၇-၅၀ |
| ၂၄။ | အန္တရုဗ္ဒာရနှင့် သဟုဗ္ဒာရတို့၏ အထူးကိုရေးပါ | ၅၂ |
| ၂၅။ | ကမ္မဝါစာဖြင့် မနှုတ်ရသော ကထိန်နှုတ်ခြင်းကို ဖော်ပြ၍ ကမ္မဝါစာဖြင့် မနှုတ်ဘဲ အဘယ်ကြောင့် ကထိန်နှုတ်သည်မည်ရပါသနည်း | ၅၃ |
| ၂၆။ | အန္တရုဗ္ဒာရ၏ အစွမ်းဖြင့် အဘယ့်ကြောင့် ကမ္မဝါစာ ဖြင့် ကထိန်နှုတ်ရပါသနည်း | ၅၄ |
| ၂၇။ | ကထိန်နှုတ်သင့် မနှုတ်သင့်အကြောင်းများကို ပြပါ | ၅၅ |
| ၂၈။ | ပလိဗောဓသရုပ်ကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ | ၅၆ |
| ၂၉။ | ပုဗ္ဗကရဏ သရုပ်ကို ရေးခဲ့ပါ | ၅၇ |
| ၃၀။ | သန္နိဓိသရုပ်ကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ | ၅၈ |
| ၃၁။ | သာမဏေများ ကထိန်အာနိသင် ရနိုင်ပါသလော | ၅၉ |

ဦးရေ ဝိုင်ရေနံပါတ်

## ၆-သိမာကမ္မခဏ်း


၁။ အဘယ့်ကြောင့် သိမ်ဟု ခေါ်သနည်း ၁
၂။ သိမ်အပြားကို ဖော်ပြပါ ၂
၃။ မည်ကဲ့သို့သော သိမ်မျိုးကို ဗဒ္ဓသိမ်ဟု ခေါ်သနည်း ၃
၄။ သိမ်ပျက်ဆဲ့တလုံးကို ရေတွက်ပြပါ ၄
၅။ မည်ကဲ့သို့ သမုတ်ထားသော သိမ်ကိုရောယှက်သော သိမ်ဟု ခေါ်ပါသနည်း ၅
၆။ သိမ်ချင်းထပ် သမုတ်ရာ၌ ပထမသိမ်ပျက်သလော ဒုတိယသိမ်ပျက်သလော ၆
၇။ သီမာသမ္ဘေဒ္ဒသရုပ်ကိုဖော်ပြပါ ၇
၈။ သိမ်နိမိတ် ၈-ပါး ရေတွက်ပြပါ ၈
၉။ နိမိတ်တခုနှစ်ခုမျှဖြင့် သိမ်သမုတ်သင့်သလော ၉
၁၀။ တပိုလ်လျှင် အလေးချိန် မည်မျှရှိသနည်း ၁၀
၁၁။ သူစိဒဏ္ဍကပမာဏဟူသည် လုံးပတ်မည်မျှရှိသနည်း ၁၁
၁၂။ ရေနိမိတ်၏ ပမာဏကို ဖော်ပြပါ ၁၂
၁၃။ ပုရတ္ထိမာယ ဒိသာယဟု ဆိုသောကြောင့် နိမိတ်ကြားရာ၌ အရှေ့အရပ်မှသာ စ၍ကြားရမည်လော ၁၃
၁၄။ နိမိတ်ကြားရာ၌ နိမိတ်ရှိသည့်နေရာအနီးသို့သွား၍ ကြားရမည်လော ၁၄
၁၅။ နိမိတ်ကိုမည်သူကြားရမည်နည်း ၁၅
၁၆။ နိမိတ်ကြားရာ၌ ဘယ်နှစ်ကြိမ်ကြားရမည်နည်း ၁၆
၁၇။ နိမိတ်ကြားရာ၌ သိမ်၏အတွင်းက ကြားရမည်လော အပြင်က ကြားရမည်လော။ ၁၇
၁၈။ နိမိတ်ဘယ်နှစ်ခုတို့ဖြင့် သမုတ်သော် အဘယ်ကဲ့သို့သော ပုံသဏ္ဌာန်များ ရှိပါသနည်း ၁၈-၉
၁၉။ ပရိသာသမ္ဘေဒ္ဒ၏ အဓိပ္ပါယ်ကို ရှင်းလင်းပြပါ ၂၀
၂၀။ ကမ္မဝါစာသမ္ဘေဒ္ဒ၏အဓိပ္ပါယ်ကို ရှင်းလင်းပြပါ ၂၁
၂၁။ ဗဒ္ဓသိမ်အပြားနှင့် အဓိပ္ပါယ်ကို ရေးခဲ့ပါ ၂၂-၃

| ဦးရေ | | ပိုဒ်ရေနံပါတ် |
|---|---|---|
| ၂၂။ | ဗုဒ္ဓသိမ် ၃-မျိုးတို့တွင် အဘယ်အကျိုးငှာ အဘယ် သိမ်ကို ရှေးဦးစွာ သမုတ်ရမည်နည်း | ၂၄ |
| ၂၃။ | ဂါမ ခေတ်တခု၌ သိမ်သမုတ်လိုသော် မည်သို့ပြုရ မည်နည်း | ၂၅ |
| ၂၄။ | သမာန သံဝါသက သိမ်နှင့် တိစီဝရေန အဝိပ္ပဝါသ သိမ်တို့တွင် မည်သည့်သိမ်ကို ရှေးဦးစွာ သမုတ်ရ မည်နည်း | ၂၆ |
| ၂၅။ | ကျောင်းတိုက်အတွင်းဝယ် မည်သည့်နေရာ၌ သိမ် သမုတ်သင့်သနည်း | ၂၇ |
| ၂၆။ | ဥပစာရသိမ် တခုထည်း၌ ခဏ္ဍသိမ်နှစ်လုံးသုံးလုံး စသည် သမုတ်သင့်သလော | ၂၈ |
| ၂၇။ | အဗဒ္ဓသိမ်အပြားကို ဖော်ပြပါ | ၃၀ |
| ၂၈။ | ဂါမခေတ်တခုဟူသည် အဘယ်နည်း | ၃၂ |
| ၂၉။ | ဝိသုံဂါမသိမ်ဟူသည် အဘယ်နည်း | ၃၃ |
| ၃၀။ | သတ္တဗ္ဘန္တရသိမ်နှင့် သက်ဆိုင်သော အဓိပ္ပါယ် များကို ရေးပါ | ၃၄-၃၆ |
| ၃၁။ | ဥဒကုက္ခေပနှင့် ဇာတဿရတို့၏ အဓိပ္ပါယ်များကို ရေးပါ | ၃၇-၈ |
| ၃၂။ | သိမ်နှုတ်အစီအစဉ်ကိုရေးပါ | ၃၉ |
| ၃၃။ | ဘာ့ကြောင့် သိမ်နှုတ်ရသနည်း | ၄၀-၁ |
| ၃၄။ | ညောင်စောင်းကွက်ချ၍ သိမ်နှုတ်ရာ၌ အတိုင်းအတာ ပမာဏ စသည်များကို ဖော်ပြပါ | ၄၂-၃ |
| ၃၅။ | ပဲခူးကလျာဏီသိမ်ကို မည်သို့နှုတ်ခဲ့သနည်း | ၄၅ |
| ၃၆။ | သိမ်နှုတ်ရာ၌ ရဟန်းမည်မျှနှုတ်ရမည်နည်း ကလျာဏီသိမ်ကို ရဟန်းမည်မျှနှုတ်ခဲ့သနည်း | ၄၆ |
| ၃၇။ | ဟံသာဝတီပြည် ဆင်ဖြူရှင် ဓမ္မစေတီမင်းသည် မည်သို့သိမ်နှုတ်စေခဲ့သနည်း | ၄၈ |
| ၃၈။ | ခြေရာချင်းစပ်အောင် သိမ်နှုတ်ရမည်-ဟူသော ဝါဒကို ပညာရှိများ လက်ခံကြပါသလော | ၅၀ |

ဦးရေ စာမျက်နှာ

၃၉။ သမုတ်ရမည့်သိမ် အကျယ်အဝန်းကိုဖော်ပြပါ ၅၁
၄၀။ ဗဒ္ဓသိမ်ကိုမည်သည့်နေရာ၌ သမုတ်ရမည်နည်း ၅၂
၄၁။ အဘယ့်ကြောင့် နိမိတ်ကြားရသနည်း ၅၄
၄၂။ သိမ်နိမိတ်ကြားပုံကို ရေးပါ ၅၇
၄၃။ နိမိတ်ကြားပြီးနောက်သမုတ်ရမည့်အစီအစဉ်ကိုရေးပါ ၅၈-၉
၄၄။ သိမ်သမုတ်လိုက်သည့်အာဏာသည် အဘယ်သို့
တိုင်အောင် ရောက်သနည်း ၆၀
၄၅။ သိမန္တရိက်ဟူသည်အဘယ်နည်း၊ ၎င်းသိမန္တရိက်၏
ပမာဏ မည်မျှ ရှိရမည်နည်း ၆၁

၇-ပရိဝါသမာနတ္တကမ္မခဏ်း

၁။ ပရိဝါသ်သရုပ်ကိုရေး၍ ပဋိစ္ဆန္နပရိဝါသ်ဆောက်
တည်ပုံကို ရေးပါ ၁-၁၁
၂။ သုဒ္ဓန္တ ပရိဝါသ်သရုပ်ကိုရေး၍၊ ၎င်းပရိဝါသ်ကို
မည်သို့သော ရဟန်းများအား ပေးရမည်နည်း ၁၂
၃။ သမောဓာနပရိဝါသ်သရုပ်နှင့် အဓိပ္ပါယ်ကိုရေးပါ ၁၃-၁၅
၄။ မာနတ်အပြားနှင့် အဓိပ္ပါယ်များကိုရေးပါ ၁၆-၇
၅။ ရဟန်းနှစ်ကျိပ် မပြည့်ဘဲ အဗ္ဘာန်သွင်းက
မည်သည့်အာပတ်သင့်ပါသနည်း ၁၀

နောက်ဆက်တွဲမာတိကာ

၁။ ရဟန်းလောင်းဆုံးမခဏ်း ၁၄၂
၂။ ဥပုသ်အမေးအဖြေ ၁၅၄
၃။ ပဝါရဏာ အမေးအဖြေ ၁၅၀
၄။ ကထိန်အမေးအဖြေ ၁၇၂
၅။ သိမ်နောက်ဆက်များ ၁၆၁
၆။ ရှေးဆရာတော်များ၏ ကမ္မဝါစာဖတ်ထုံး ၁၇၁

မေးခွန်းမာတိကာ ပြီး၏

# သတိပြု

## မြန်မာများ

| အမှား | အမှန် | |
|---|---|---|
| တားမြစ်သည် | မတားမြစ်ချေ | မျက်နှာ-၂၇၊ ပိုဒ်-၁၉ |
| မတားမြစ်ချေ | တားမြစ်သည် | ॥ |
| လူဇာတ်စစ်စစ် | လူဇာတ်စစစစ်အမိ | မျက်နှာ-၃၃၊ ပိုဒ်-၃၆ |
| လူဖြစ်သောသူအား | လူဖြစ်သောအမိအား | ॥ |
| ဥပသမ္ပဒကံ ပဝါရဏာကံ | ဥပသမ္ပဒကံ | မျက်နှာ-၅၁၊ ပိုဒ်-၉၂ |
| ရဟန်းတို့ ငါးပါးသောရဟန်းတို့အား သံဃာ့ပဝါရဏာ ပြုရန် ခွင့်ပြု၏ | | မျက်နှာ-၇၅၊ ပိုဒ်-၁၁-အစ |
| အရေပါးကိုဖောက် | အရေပါး အသားကိုဖောက် | မျက်နှာ-၁၄၇ |

— —

## ပါဠိများ

| အမှား | အမှန် | |
|---|---|---|
| တေဝယ | ကောဝယ | မျက်နှာ-၁၊ ပိုဒ်-၉ |
| ကာသာဝယစ္ဆေဒနံ | ကာသာဝယစ္ဆာဒနံ | မျက်နှာ-၁၂၊ ပိုဒ်-၃၉ |



# ကမ္မာကမ္မ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ

ဉယျာနံ သာသနံ ပါလော၊ နာထော သဿာဝကော အကာ။
ကမ္မာကမ္မဖလိတေဟိ၊သိက္ခာဒုမေဟိ ဘူသိတံ။

နတွာ တံ ကရေမျာဟံ၊ သောတူနံ ဗုဒ္ဓိဝုဒ္ဓိယာ။
ကမ္မာကမ္မံ ယထာဂတံ၊ ပါဠိယာ ဒေသိယာ သဟ။

သဿာဝကော- ကိုယ်တော်၏အကြိုက် ပျိုးပင် စိုက်သည့် နောက်လိုက် အများ တပည့်သား သံဃာနှင့်တကွ ဖြစ်တော်မူထသော၊ ဉယျာနံပါလော- ရေလောင်းပေါင်းသင် ခရောင်းထွင်၍ မြောင်းပြင် ကျင်းတူး ဥယျာဉ်မှူး လည်း ဖြစ်တော်မူထသော၊နာထော-သတ္တာထိုထို စားသုံးလိုသူတို့၏ အကျိုး စီးပွါးကို လိုလားတော်မူတတ် ရှင်တော်မြတ် ဘုရားသည်၊ ကမ္မာကမ္မဖလိ တေဟိ-သာသနာမြတ် မျိုး မပြတ်ဘို့ လျောက်ပတ်နှယ်မိုး ကံကြီးကံငယ် ခွံထယ်ထွားကြီး အသီးကို သီးတတ်ကုန်သော၊ သိက္ခာဒုမေဟိ-သုံးပါးသိက္ခာ ဝေဖြာရှန်းလက် ကိုင်းခက်စည်ကား သစ်ပင်အများတို့ဖြင့်၊ ဘူသိတံ-သူ့

အပိုင်းနှင့် ရှုတိုင်းတင့်စွာ တန်ဆာဆင်အပ်သော၊ သာသနံ့ဥယျာန်- အသွင် ဆန်းဆန်း အံ့ဘနန်းသည့် စိမ်းလန်းဝေဆာ သာသနာ မည်ဟီး ဥယျာဉ် တော်ကြီးကို၊အကာ-ဒေသနာသုံးအင် ရေစင်ဆွတ်ဖျန်း လန်းလန်းဝေအောင် ပျိုးထောင် ပြုစုတော်မူခဲ့လေပြီ။

ဇတံနာထံ-သာသနာဥယျာဉ် စတင် တည်ထောင် အခေါင်ထွဋ်ဖျား ထို ရှင်တော် မြတ်ဘုရားကို၊ နတ္ထာ-ဆယ်စုံအဥ္ဇလီ တင်ချီမြှောက်မိုး ရှိခိုးပြီး၍၊ သောတုန်-ကံကြီး ကံငယ် ဉာဏ်မကြွယ်၍ ခံ့ထယ်တောက်လျှမ်း မဆောင် စွမ်းနိုင် ငေးမှိုင်တွေးပို စာသင်ပျိုတို့၏၊ ဗုဒ္ဓိဝုဒ္ဓိယာ- ဉာဏ်နှင့် ပြည့်ကြွယ် ခံ့ထယ်တင့်တင့် အားမာန်လွှင့်၍ ရဲရင့် ဖွံ့ဖြိုး တိုးတက်စေခြင်း အကျိုးငှာ၊ ပါဠိယာ- သာသနာ့စည်း ဝိနည်းဒေသနာ ပါဠိတော်စာဉ်၊ ဝါ-ဝိနည်း ပိဋကတ် သမုတ်အပ်သည့် ပါဠိအဋ္ဌကထာ ဋီကာများဉ်၊ ယထာဂတံ- ဘုရား ဟောဖော် ဆရာတော်တို့ ဖွင့်တော်မူချက် မပျက် မယွင်း သူ့ရှိရင်းအတိုင်း၊ ဒေသိယာ-မြန်မာ့အခြေ ရေမြေအလျောက် ပေါ်ပေါက်ဖြစ်ဘိ အမိမြန်မာ ဒေသဘာသာနှင့်၊ သဟ-ပါဠိမြန်မာ နှစ်ဘာသာကို ဘယ်ညာ ယှက်သွင်း မျက်နှာချင်းဆိုင် အပြိုင်မူချ အတူတကွသာလျှင်၊ ကမ္မာကမ္မ-ကံကြီးကံငယ် အသွယ်သွယ်ကို ရွေးချယ် စီပြ ကမ္မာကမ္မကျမ်းကို၊ အဟံ-ဝါသေဋ္ဌဟု မည်ပြ သမုတ် အကျွန်ုပ်သည်၊ ကရောမိ-ဟန်တမူတင့် ဉာဏ်ထူလွှင့်၍ မလင့်ပုံသေ ပြုစီရင်ပေအံ့သတည်း။

ဥယျာဉ်မှူးဖြစ်တော်မူသောဘုရားရှင်သည် ဤသာသနာ ဥယျာဉ်ကို တည်ထောင်တော်မူခဲ့သည်မှာ သာမညကြိုးစားမှုဖြင့် တည်ထောင်ခဲ့သည် မဟုတ်ပါ "အရေကြောရိုး သွေးသား မျိုးတို့ပြတ်ကျိုးခန်းခြောက် အကုန် ပျောက်လည်း နောက်မဆုတ်" ဟုအဓိဋ္ဌာန်ကာကမ္ဘာပေါင်းမြောက်မြားစွာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံပြီး ယောကျ်ားဇာနည်တို့၏စွမ်းအား၊ ယောကျ်ား ဇာနည်တို့၏လုံ့လ၊ ယောကျ်ားဇာနည်တို့၏ သတ္တိဖြင့် မဖြစ်မနေ တည် ထောင်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ တည်ထောင်တော်မူပြီးနောက် သာသနာဥယျာဉ်ကြီး မြဲမြံခိုင်ကြံ့ အရှည်ခန့်၍ တည်တံ့စေရန် ရှင်တော်အာလုပ် တိမ်လွှာအုပ်မှ ဓမ္မအထွေ ထွေဟူသော တရားမိုးကို စွေဖြိုးသွန်းချတော်မူပါသည်၊ အထွေထွေသော တရားဓမ္မတို့တွင် ဝိနည်းပိဋကသည် အသက်သွေးကြောပမာ ပဓာန အနေ ဖြင့်ပါဝင်ပါသည်၊ ထိုဝိနည်း ပိဋကတွင်လည်း ရဟန်းတို့ ဆောင်ရွက်လုပ် ကိုင်ရမည့် ကံအမျိုးမျိုးကို ထည့်သွင်းဟောကြားတော်မူထားပါသည်။

ဘုရားရှင် ခွင့်ပြုထားသည့် ကံအမျိုးမျိုးကို နိုင်နင်းစွာ ဆောင်ရွက်ရန် ကား လွယ်ကူသော အလုပ်မဟုတ်ပါ၊ ပိဋက တတ်ကျွမ်းသူ ဖြစ်စေကာမူ ဝိနည်းဓိုရ် မထေရ်ကြီးများထံမှ လုပ်ထုံးလုပ်နည်း မရခဲ့သော် မြင်းကောင်း ခွါလိပ် ဖြစ်နိုင်ပေသေးသည်။

သာမဏေ ဘဝကပင် မြောင်းမြမြို့ ပဇ္ဇောတာရုံ ကျောင်းတိုက်ကြီး၌ နေခွင့်ရခဲ့သော မိမိမှာ မူကား ကံကောင်း ထောက်မသည်ဟု ဆိုရပါမည်၊ ပဇ္ဇောတာရုံကျောင်းတိုက်ကြီးတွင် ရဟန်းခံခြင်း ပရိဝါသ်မာနတ် ဆောက် တည်ခြင်း စသော ကံကြီး ကံငယ်ဆောင်ရွက်တိုင်း၌ ရဟန်းအားလုံး ပါဝင် ရသော အစဉ်အလာရှိပါသည်၊ ဤသို့ ကံကြီးကံငယ် ဆောင်ရွက်တိုင်း ပါ ဝင်စေခြင်းသည် အမှန်အားဖြင့် ဆရာတော်များက လက်တွေ့သင်တန်းပေး နေခြင်းပင်ဖြစ်ပါသည်၊ဤအခွင့်အရေးကိုရခဲ့သောမိမိသည်ယခုဗုဒ္ဓသာသနာ ပြုအဖွဲ့ချုပ်တွင် ကမ္မာကမ္မသင်တန်းပြရာ၌ ခက်ခဲမှု မရှိဘဲ ပြနိုင်ခဲ့ပါသည်၊ သင်တန်းသားများလည်း အထိုက်အလျောက် တတ်ကျွမ်းနားလည် သွားကြ ပါသည်၊ ထိုသို့သင်တန်းမတက်နိုင်သော ပုဂ္ဂိုလ်များအတွက် အကျိုးများ စေရန်၎င်း, ဝိနည်းသာသနာကို စောင့်ရှောက်ရန်၎င်း အများစု၏တိုက်တွန်း မှုကြောင့် သင်တန်းပေးသည့်မူအတိုင်း ပါဠိတဘက် မြန်မာတဘက် မျက်နှာ ချင်းဆိုင်မူချကာ ပုံနှိပ်စေရခြင်းဖြစ်ပါသည်။

# ကမ္မာကမ္မ

၁။ ကမ္မန္တိ သမဂ္ဂေန သံဃေန ကရိယတေ တန္တိ ကမ္မံ။ (ဝိလင်္ဋီ-၂၆၅)

၂။ အကမ္မန္တိ အကာရော ဝုဍ္ဎတ္ထော၊ နဝုဍ္ဎိပတ္တံ ကမ္မံ အကမ္မံ။ (ဝိလင်္ဋီ-၂၆၅)

၃။ တတ္ထ စ ကမ္မန္တိ အပလောကနကမ္မဉတ္တိကမ္မဒွယံ။ (ဝိလင်္ဋီ-၂၆၅)

၄။ အကမ္မန္တိ ဉတ္တိဒုတိယကမ္မဉတ္တိစတုတ္ထကမ္မဒွယံ။ (ဝိလင်္ဋီ-၂၆၅)

၅။ အထဝါ ကမ္မန္တိ စတူသုပိ ဌာနေသု လဟုကမ္မံ။ (ဝိလင်္ဋီ-၂၆၅)

၆။ အထဝါ အကမ္မန္တိ ဂရုကမ္မံ။ (ဝိလင်္ဋီ-၂၆၅)

**အပလောကနကမ္မဝိဂ္ဂဟ**

၇။ တတ္ထ အပလောကိယတေ အာယာစိယတေ အပလောကနံ၊ အပလောကနဝသေန ကတ္တဗ္ဗံ ကမ္မံ အပလောကနကမ္မံ၊ သီမဋ္ဌကသံဃံ အပလောကေတွာ သံဃာနုမတိယာ ကတ္တဗ္ဗံ ကမ္မံ။ (ဝိလင်္ဋီ-၂၆၆)

**ဉတ္တိကမ္မဝိဂ္ဂဟ**

၈။ ဉာပနာ ဉတ္တိ၊ သံဃဿ ဇာနာပနာတိ အတ္ထော၊ ဉတ္တိယာ ကတ္တဗ္ဗံ ကမ္မံ ဉတ္တိကမ္မံ၊ အနုဿာဝနံ အကတွာ သုဒ္ဓဉတ္တိယာယေဝ ကတ္တဗ္ဗံ ကမ္မံ။ (ဝိလင်္ဋီ-၂၆၆)

**ဉတ္တိဒုတိယကမ္မဝိဂ္ဂဟ**

၉။ ဒွိန္နံ ပူရဏီ ဒုတိယာ၊ ဉတ္တိဒုတိယာ ဧတဿ ကမ္မဿာတိ ဉတ္တိဒုတိယံ၊ ဉတ္တိဒုတိယဉ္စ တံ ကမ္မဉ္စာတိ ဉတ္တိဒုတိယကမ္မံ၊ ဧကာယ ဉတ္တိယာ ဧကာယ အနုဿာဝနာယ ကတ္တဗ္ဗံ ကမ္မံ။ (ဝိလင်္ဋီ-၂၆၆)

**ဉတ္တိစတုတ္ထကမ္မဝိဂ္ဂဟ**

၁၀။ စတုန္နံ ပူရဏီ စတုတ္ထီ၊ ဉတ္တိစတုတ္ထီ ဧတဿ ကမ္မဿာတိ ဉတ္တိစတုတ္ထံ၊ ဉတ္တိစတုတ္ထဉ္စ တံ ကမ္မဉ္စာတိ ဉတ္တိစတုတ္ထကမ္မံ၊ ဧကာယ ဉတ္တိယာ တီဟိ အနုဿာဝနာဟိ ကတ္တဗ္ဗံ ကမ္မံ။ (ဝိလင်္ဋီ-၂၆၆)

၁။ "ညီညွတ်သော သံဃာသည် ပြုလုပ်အပ်သောအမှုမျိုးကို "ကမ္မ" ဟု ခေါ်သည်။

၂။ အ-သဒ္ဒါသည် ကြီးပွားခြင်း အနက်ကို ဟော၏၊ ကြီးပွားခြင်းသို့ ရောက်သော အမှုမျိုးကို-အကမ္မဟု ခေါ်သည်။

၃။ ထိုကမ္မ-အကမ္မတို့တွင် ကမ္မအရ အပလောကနကံနှင့် ဉတ္တိကံကို ယူရသည်။

၄။ အကမ္မအရ ဉတ္တိဒုတိယကံနှင့် ဉတ္တိစတုတ္ထကံကို ယူရသည်။

၅။ တနည်းအားဖြင့် "ကမ္မ"အရ လေးမျိုးသော ကံတို့တွင် လဟုကံကိုသာ ယူရသည်။

၆။ တနည်းအားဖြင့်-အကမ္မ-အရ လေးမျိုးသောကံတို့တွင်"ဂရုကံ"ကိုသာ ယူရသည်။

၇။ **အပလောကနကမ္မဝိဂ္ဂဟ=** ပန်ကြားခြင်းကို အပလောကန ဟု ခေါ်သည်၊ ပန်ကြား၍ ပြုလုပ်အပ်သောအမှုမျိုးကို အပလောကနကမ္မ ဟုခေါ်သည်၊ ဥပစာရ သိမ်အတွင်း၌ရှိသော သံဃာအား ပန်ကြား၍ သံဃာ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်အပ်သောအမှုမျိုးကို အပလောကနကမ္မဟု ခေါ်သည်။

၈။ **ဉတ္တိကမ္မဝိဂ္ဂဟ=**သိစေခြင်းကို ဉတ္တိဟု ဆို၏၊ သံဃာအား သိစေခြင်းဟု အဓိပ္ပါယ်ရ၏။ သံဃာအား သိစေ၍ ပြုလုပ်အပ်သော အမှုမျိုးကို ဉတ္တိကမ္မဟု ခေါ်သည်၊ ကမ္မဝါစာ မရွတ်ဘတ်ဘဲ ဉတ်သက်သက်ဖြင့် ပြုလုပ်အပ်သော အမှုမျိုးကို ဉတ္တိကမ္မဟု ခေါ်သည်။

၉။ **ဉတ္တိဒုတိယကမ္မဝိဂ္ဂဟ=**နှစ်ခုတို့၏ ပြည့်ကြောင်းကို ဒုတိယဟု ဆို၏၊ ဉတ်လျှင် နှစ်ခုမြောက်ရှိသောကံကို ဉတ္တိဒုတိယကံဟု ခေါ်သည်၊ ဉတ်လျှင် နှစ်ခုမြောက်သောကံဖြင့် ပြုလုပ်ရသော အမှုမျိုးကို ဉတ္တိဒုတိယကမ္မ ဟု ခေါ်လေသည်၊ ကမ္မဝါစာ ဟကြိမ် ဉတ်တကြိမ်ဖြင့်သာ ပြုလုပ်အပ်သော အမှုမျိုးဟု အဓိပ္ပါယ်ရလေသည်။

၁၀။ **ဉတ္တိစတုတ္ထကမ္မဝိဂ္ဂဟ=**လေးခုတို့၏ ပြည့်ကြောင်းကို စတုတ္ထဟု ခေါ်၏၊ ဉတ်လျှင် လေးခုမြောက်ရှိသော ကံကို ဉတ္တိစတုတ္ထကံဟု ခေါ်၏၊ ထိုဉတ်လျှင် လေးခုမြောက်သော ကမ္မဝါစာဖြင့် ပြုလုပ်အပ်သောအမှုမျိုးကို ဉတ္တိစတုတ္ထကမ္မဟု ခေါ်လေသည်၊

### အပလောကနကမ္မံ

၁၁။ အပလောကနကမ္မံ နာမ သီမဋ္ဌက သံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿသံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံ ကမ္မံ။ (ဝိသင်ဋ္ဌ-၃၉၄)

### ဉတ္တိကမ္မံ

၁၂။ ဉတ္တိကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ကတ္တဗ္ဗံ ကမ္မံ။ (ဝိသင်ဋ္ဌ-၃၉၄)

### ဉတ္တိဒုတိယကမ္မံ

၁၃။ ဉတ္တိဒုတိယကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ဧကာယ အနုဿာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗံ ကမ္မံ။ (ဝိသင်ဋ္ဌ-၃၉၄)

### ဉတ္တိစတုတ္ထကမ္မံ

၁၄။ ဉတ္တိစတုတ္ထကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ တီဟိ အနုဿာဝနာဟီတိ ဧဝံ ဉတ္တိစတုတ္ထာဟိ တီဟိ အနုဿာဝနာဟိ ကတ္တဗ္ဗံ ကမ္မံ။(ဝိသင်ဋ္ဌ-၃၉၄)

### အပလောကနကမ္မေနနိဋ္ဌာပကကိစ္စံ

၁၅။ ဩသာရဏံ နိဿာရဏံ ဘဏ္ဍုကမ္မံ ဗြဟ္မဒဏ္ဍံ ကမ္မလက္ခဏညေဝ ပဉ္စမံ အပလောကနကမ္မံ ဣမာနိ ပဉ္စ ဌာနာနိ ဂစ္ဆတိ။ (ဝိသင်ဋ္ဌ-၃၉၄)

### ဉတ္တိကမ္မေနနိဋ္ဌာပကကိစ္စံ

၁၆။ ဩသာရဏံ နိဿာရဏံ ဥပေါသထံ ပဝါရဏံ သမ္မုတိ ဒါနံ ပဋိဂ္ဂဟဏံ ပစ္စုက္ကဍ္ဎနံ ကမ္မလက္ခဏညေဝ နဝမံ ဉတ္တိကမ္မံ ဣမာနိ နဝ ဌာနာနိ ဂစ္ဆတိ။ (ဝိသင်ဋ္ဌ-၃၉၄)

ဥတ်တကြိမ် ကမ္ဘဝါစာ သုံးကြိမ်တို့ဖြင့် ပြုလုပ်အပ်သော အမှု မျိုးဟု အဓိပ္ပါယ်ရလေသည်။

၁၁။ ဥပစာရ သိမ်အတွင်း၌ရှိသော သံဃာကိုသုတ်သင်ပြီး ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုလည်း ဆောင်ခါ ညီညွတ်သော သံဃာ၏ ခွင့်ပြုချက်အရ သုံးကြိမ်ပန်ပြော၍ ပြုလုပ်အပ်သော ကံသည် အပလောကနကံမည်၏။

၁၂။ ရှေး၌ ဆိုခဲ့သည့်အတိုင်း ညီညွတ်သော သံဃာ၏ ခွင့်ပြုချက်အရ ဥတ်တကြိမ်တည်းဖြင့် ပြုအပ်သော ကံသည် ဥတ္တိကံမည်၏။

၁၃။ ရှေ့၌ဆိုခဲ့သည့် အတိုင်း သံဃာ၏ ခွင့်ပြုချက်အရ ဥတ်တကြိမ် ကမ္မဝါစာ တကြိမ်ဖြင့် ပြုအပ်သောကံသည် ဥတ္တိ ဒုတိယကံ မည်၏။

၁၄။ ရှေ့၌ ဆိုခဲ့သည့်အတိုင်း သံဃာ၏ ခွင့်ပြုချက်အရ ဥတ်တကြိမ် ကမ္မဝါစာ သုံးကြိမ်တို့ဖြင့် ပြုအပ်သော ကံသည် ဥတ္တိစတုတ္ထ ကံမည်၏။

**ပန်ကြားရုံဖြင့် ပြီးနိုင်သော အမှုမျိုး**

၁၅။ (၁) သံဃာဘောင်သို့သွင်းခြင်း။ (၂)သံဃာဘောင်မှ နှင်ထုတ်ခြင်း။ (၃)ရှင်လောင်းအား ခေါင်းရိတ်ပေးခြင်း။ (၄) ဗြဟ္မဒဏ် ထားခြင်း (၅) ကံဟူ၍ မှတ်သားအပ်သော (ဘိက္ခုနီတို့ရှိမခိုး ထိုက်) ကမ္မလက္ခဏာဟု ငါးမျိုးသော ကိစ္စတို့ကို အပလောကနကံဖြင့် ပြုလုပ်နိုင်၏။

**ဥတ်ဖြင့်ပြီးနိုင်သော အမှုမျိုး**

၁၆။ (၁) ရဟန်းလောင်းကို သံဃာ့ဘောင်သို့ သွင်းခြင်း။ (၂) ဝိနယကထိက ရဟန်းဆိုးကို နှင်ထုတ်ခြင်း။ (၃) ဥပုသ်ပြုခြင်း။ (၄) ပဝါရဏာပြုခြင်း။ (၅) ရဟန်းလောင်းကိုဆုံးမရန် မိမိကိုယ်ကို မိမိသမုတ်ခြင်း။ (၆) စွန့်အပ်သော သင်္ကန်းစသည်ကို ပြန်လည် ၍ပေးခြင်း။ (၇) အာပတ်ကိုခံယူခြင်း။ (၈)ပဝါရဏာ ငင်ခြင်း။ (၉) ကံဟူ၍ မှတ်သားအပ်သော ကမ္မလက္ခဏာ(တိဏဝတ္ထာရက စသည်၌ထားအပ်သောဥတ်) ဟု ကိုးမျိုးသော ကိစ္စတို့ကို ဥတ္တိ ကံဖြင့် ပြုလုပ်နိုင်၏။

### ဉတ္တိဒုတိယကမ္မေနနိဋ္ဌာပကကိစ္စံ

၁၇။ ဩသာရဏံ နိဿာရဏံ သမ္မုတိ ဒါနံ ဥဒ္ဓရဏံ ဒေသနံ ကမ္မလက္ခဏညေဝ သတ္တမံ ဉတ္တိဒုတိယကမ္မံ ဣမာနိ သတ္တဋ္ဌာနာနိ ဂစ္ဆတိ။ (ဝိသင်္ဂ-၃၉၄)

### ဉတ္တိစတုတ္ထကမ္မေန နိဋ္ဌာပကကိစ္စံ

၁၈။ ဩသာရဏံ နိဿာရဏံ သမ္မုတိ ဒါနံ နိဂ္ဂဟံ သမနုဘာသနံ ကမ္မလက္ခဏညေဝ သတ္တမံ ဉတ္တိစတုတ္ထကမ္မံ ဣမာနိ သတ္တဋ္ဌာနာနိ ဂစ္ဆတိ။ (ဝိသင်္ဂ-၃၉၄)

### သကသကကမ္မေနေဝ နိဋ္ဌာပနံ

၁၉။ တတြ အပလောကနကမ္မံ အပလောကေတွာဝ ကာတဗ္ဗံ၊ ဉတ္တိကမ္မာဒိဝသေန န ကာတဗ္ဗံ။ (ဝိလင်္ဋီ-၃၉၅)

### ကမ္မဘိဇ္ဇနကာရဏံ

၂၀။ ပဉ္စဟာကာရေဟိ ဝိပဇ္ဇန္တိ ဝတ္ထုတော ဝါ ဉတ္တိတော ဝါ အနုဿာဝနတော ဝါ သီမတော ဝါ ပရိသတော ဝါ။ (ဝိသင်္ဂ-၃၉၃)

### ပဗ္ဗဇ္ဇကမ္မဝိဓိ

၂၁။ ပဌမံ ဝဇိတဗ္ဗာတိ ပဗ္ဗဇ္ဇာ၊ ဥပသမ္ပဒတော ပဌမံ ဥပဂစ္ဆိတဗ္ဗာတိ အတ္ထော။ (ဝိလင်္ဋီ)

### ပဗ္ဗဇ္ဇကမ္မအနုဇာနန

၂၂။ အနုဇာနာမိ ဘိက္ခဝေ တုမှေဝ ဒါနိ တာသု တာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ။ပ။ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ။ (မဟာဝဂ္ဂပါဠိ-၂၉)

### မူလပညတ္တိ

၂၃။ န ဘိက္ခဝေ ဦနပန္နရသဝဿော ဒါရကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (မဟာဝဂ္ဂပါဠိ-၁၁၀)

**ဉတ္တိဒုတိယကံဖြင့် ပြီးနိုင်သောအမှုမျိုး**

၁၇။ (၁)သပိတ်လှန်ခြင်း။ (၂) သပိတ်မှောက်ခြင်း။ (၃)သိမ်သမုတ်ခြင်း။ (၄) ကထိန်သင်္ကန်း ပေးခြင်း။ (၅) ကထိန် နှုတ်ခြင်း။ (၆) ကျောင်းငယ်နေရာကို ကြားခြင်း။ (၇) ကံဟူ၍ မှတ်သားအပ်သော ကမ္မလက္ခဏာ (မောဟနကံတင်ခြင်း) ဟု ခုနစ်မျိုးသော ကိစ္စတို့ကို ဉတ္တိဒုတိယကံဖြင့် ပြုလုပ်နိုင်၏။

**ဉတ္တိစတုတ္ထကံဖြင့် ပြီးနိုင်သောအမှုမျိုး**

၁၈။ (၁) ခြိမ်းချောက်မှုကြောင့် နှင်ထုတ် အပ်သော ရဟန်းကို သံဃာ့ဘောင်သို့ သွင်းခြင်း။ (၂)ခြိမ်းချောက်မှုကြောင့် နှင်ထုတ်ခြင်း။ (၃) ဘိက္ခုနောဝါဒက သမ္မုတိပေးရန် သမုတ်ခြင်း။ (၄) ပရိဝါသ်မာနတ်ပေးခြင်း။ (၅) ဒဏ်သား ရဟန်းအား အရင်းသို့ပြန်၍ငင်ခြင်း။(၆)အရိဋ္ဌရဟန်းကဲ့သို့သောသူအား စွပ်စွဲခြင်း။ (၇) ကံဟူ၍ မှတ်သားအပ်သော ကမ္မလက္ခဏာ (ဥပသမ္ပဒကံ)ဟု ခုနစ်မျိုးသော ကိစ္စတို့ကို ဉတ္တိစတုတ္ထကံဖြင့် ပြုလုပ်နိုင်၏။

၁၉။ ထိုကံတို့တွင် ပန်ကြား၍ပြုအပ်သော ကံကိုပန်ကြား၍သာ ပြုထိုက်၏၊ အခြားသော ဉတ္တိကံ စသည်တို့ဖြင့် မပြုလုပ်နိုင်ချေ။

**ကံပျက်နိုင်ခြင်းအကြောင်း**

၂၀။ (၁) ရဟန်းလောင်း၊ (၂) ဉတ်၊ (၃) ကမ္မဝါစာ၊ (၄) သိမ်၊ (၅) သံဃာ့ ပရိသတ်။ ဤငါးမျိုးသော အကြောင်း တို့ကြောင့် ကံပျက်နိုင်ပါသည်။

## ၁-ရှင်သာမဏေပြုမှုအစီအစဉ်

၂၁။ ရဟန်းမပြုမီရှေးဦးစွာ ကပ်ရောက် ထိုက်သောကြောင့် ပဗ္ဗဇ္ဇ ရှင်သာမဏေဟု ခေါ်သည်။

၂၂။ ရဟန်းတို့....ထိုထိုမြို့ရွာဇနပုဒ်တို့၌ လှည့်လည်ကြကုန်လျက် ရှင်ပြုပေးကြကုန်လော့၊ ရဟန်းပြုပေးကြ ကုန်လော၊ ရဟန်းတို့.... ဤ သရဏဂုံ သုံးပါးတို့ဖြင့် ရှင်ရဟန်းပြုဘို့ရန် ခွင့်ပြုတော်မူ၏။

**ပဋ္ဌမပညတ်ချက်**

၂၃။ ရဟန်းတို့....အသက်(၁၅)နှစ် မပြည့်သေးသော သူငယ်ကို ရှင်ပြုမပေးရ၊ ရှင်ပြုပေးခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေ။

**အနုပညတ္တိ**

၂၄။ အနုဇာနာမိ ဘိက္ခဝေ ဦနပန္နရသဝဿံ ဒါရကံ ကာကုဋ္ဋေပကံ ပဗ္ဗာဇေတုံ။ (မဟာဝဂ္ဂပါဠိ-၁၁၀)

**ပဗ္ဗဇ္ဇဒေါသော**

၂၅။ ပဗ္ဗဇ္ဇဒေါသဝိရဟိတော ပုဂ္ဂလော ပဗ္ဗာဇေတဗ္ဗော၊ သောပိ မာတာပိတူဟိ အနုညာတောယေဝ။ (မဟာဝါဋ္ဌ-၂၄၈)

**ပဗ္ဗဇ္ဇဒေါသော**

၂၆။ ပဗ္ဗဇ္ဇဒေါသဝိဟရတောတိ ပဗ္ဗဇ္ဇာယ အန္တရာယကရေဟိ ပဉ္စအာဗာဓာဒိဒေါသေဟိ ဝိရဟိတော။ (ဝိလင်္ဋီ-ပ-၁၈၉)

**မာတာပိတရောနာမ**

၂၇။ မာတာပိတူဟီတိ ဇနနီ ဇနကေ သန္ဓာယ ဝုတ္တံ၊ သစေ ဒွေ အတ္ထိ၊ ဒွေပိ အာပုစ္ဆိတဗ္ဗာ၊ သစေ ပိတာ မတော မာတာဝါ၊ ယော ဇီဝတိ၊ သော အာပုစ္ဆိတဗ္ဗော၊ ပဗ္ဗဇိတာပိ အာပုစ္ဆိတဗ္ဗာဝ။ (မဟာဝါဋ္ဌ-၂၉၂)

**အာပုစ္ဆနကိစ္စံ**

၂၈။ အာပုစ္ဆန္တေန သယံဝါ ဂန္တွာ အာပုစ္ဆိတဗ္ဗံ၊ အညောဝါ ပေသေတဗ္ဗော၊ သောဧဝါ ပေသေတဗ္ဗော။ (မဟာဝါဋ္ဌ-၂၉၂)

၂၉။ သစေ အနုညာတောမှီတိ ဝဒတိ၊ သဒ္ဒဟန္တေန ပဗ္ဗာဇေတဗ္ဗော။ (မဟာဝါဋ္ဌ-၂၉၂)

၃၀။ မာတာပိတရော မတာ၊ ဒါရကော စူဠမာတာဒီနံ သန္တိကေ သံဝဍ္ဎော၊ တသ္မိံ ပဗ္ဗာဇိယမာနေ ဉာတကာ ကလဟံဝါ ကရောန္တိ ခီယျန္တိဝါ၊ တသ္မာ ဝိဝါဒုပစ္ဆေဒနတ္ထံ အာပုစ္ဆိတွာဝ ပဗ္ဗာဇေတဗ္ဗော၊ အနာပုစ္ဆာ ပဗ္ဗာဇေန္တဿပန အာပတ္တိ နတ္ထိ။ (မဟာဝါဋ္ဌ ၂၉၃)

ထပ်ဆင့်ပညတ်ချက်

၂၄။ ရဟန်းတို့...အသက်(၁၅)နှစ် မပြည့်သေးသော သူငယ်ပင်ဖြစ်သော်လည်း စားနေသောထမင်းခွက်မှ ကျီးပျံအောင် မောင်းနှင်နိုင်လျှင် ရှင်ပြုပေးနိုင်သည်။

ရှင်အဖြစ်၏လိုအပ်ချက်

၂၅။ ၁-ရှင်ဖြစ်မှု၌အပြစ်မရှိခြင်း၊ ၂-အမိအဘက ခွင့်ပြုခြင်း၊ ဤအင်္ဂါလက္ခဏာနှင့် ပြည့်စုံလျှင် ရှင်ပြုပေးနိုင်၏။

ရှင်ဖြစ်မှု၏အပြစ်များ

၂၆။ ၁-နူနာ၊ ၂-ထွင့်အိုင်းနာ၊ ၃-ပွေး ညှင်း ဟင်းတိတ်နာ၊ ၄-ခယရုဂ်ချောင်းဆိုးနာ၊ ၅-ဝက်ရူး ကြက်ရူးနာတို့ ဖြစ်ကြကုန်၏။

မိဘပန်ကြားမှုသတိပြု

၂၇။ မိဘကိုပန်ကြားရာ၌ အမိရင်း အဘရင်းကိုသာ ဆို၏၊ အကယ်၍ အသက်ရှင်ဆဲရှိက နှစ်ဦးစလုံးအား ပန်ကြားရမည်၊တယောက်သာ ရှိကလည်း တယောက်သာ ပန်ကြားရမည်၊ မိဘတို့က ရဟန်းပင် ဖြစ်၍နေသော်လည်း ပန်ကြားပြီးမှသာ ရှင်ပြုရမည်။

ပန်ကြားမှု

၂၈။ ပန်ပြောသော ဥပဇ္ဈာယ် ဆရာသည် ကိုယ်တိုင်သွား၍ သော်လည်း ပန်ပြောရမည်၊အခြားသူကိုသော်လည်း စေလွှတ်ရမည်၊ သို့မဟုတ် ထိုရှင်လောင်းကိုပင် စေလွှတ်ရမည်။

အကယ်၍ယုံကြည်လျှင်

၂၉။ ရှင်သာမဏေလောင်းက "အမိအဘတို့က ခွင့်ပြုပါသည်"ဟု ဆိုအံ့၊ ရှင်လောင်း၏ စကားကို ယုံကြည်ပါက ရှင်ပြုပေးနိုင်ပါသည်။

မိဘများ သေအံ့

၃၀။ အကယ်၍ ရှင်လောင်း၏ မိဘများ သေဆုံး၍ မိကြီး မိထွေး ဘကြီးဘထွေးတို့ထံ၌ ကြီးလာ၏၊ရှင်လောင်းအား ရှင်ပြုပေးလျှင် ဆွေးမျိုးတို့သည် ခိုက်ရန်သော်လည်း ဖြစ်တတ်ကုန်၏၊သို့မဟုတ် ကဲ့ရဲ့သော်လည်း ကဲ့ရဲ့တတ်ကုန်၏၊ ထိုကြောင့် ဆွေမျိုးများ မငြင်းခုံ ကြရအောင် ပန်ကြားပြီးမှသာ ရှင်ပြုပေးသင့်၏။ မပန်ကြားသော်လည်း ဝိနည်းပြစ်ကား မရှိချေ။

၃၁။ ပုတ္တော အတ္တာနံ နိဿာယ ဇီဝတိ၊ န မာတာပိတရော၊ သစေပိ ရာဇာ ဟောတိ၊ အာပုစ္ဆိတွာဝ ပဗ္ဗာဇေတဗ္ဗော။ (မဟာဝါဋ္ဌ-၂၉၃)

၃၂။ အာဂတာဂတာကာလေ ပုနပ္ပုနံ အာပုစ္ဆိတွာဝ ပဗ္ဗာဇေတဗ္ဗော။ (မဟာဝါဋ္ဌ-၂၉၃)

၃၃။ ဧကော မာတာပိတူဟိ သဒ္ဓိံ ဘဏ္ဍိတွာ "ပဗ္ဗာဇေထ မ"န္တိ အာဂစ္ဆတိ၊ "အာပုစ္ဆိတွာ ဧဟီ"တိ ဝုတ္တော "နာဟံ ဂစ္ဆာမိ သစေ မံ န ပဗ္ဗာဇေထ၊ ဝိဟာရံ ဝါ ဈာပေမိ၊ သတ္ထေန ဝါ တုမှေ ပဟရာမိ၊ တုမှာကံ ဉာတကဥပဋ္ဌာကာနံ အာရာမစ္ဆေဒနာဒီဟိ အနတ္ထံ ဥပ္ပါဒေမိ၊ ရုက္ခာ ဝါ ပတိတွာ မရာမိ၊ စောရမဇ္ဈေ ဝါ ပဝိသာမိ၊ ဒေသန္တရံ ဝါ ဂစ္ဆာမီ"တိ ဝဒတိ၊ တံ ဇီဝဿေဝ ရက္ခဏတ္ထာယ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၂၉၃)

ပဗ္ဗဇ္ဇဝိဓိ

၃၄။ ကေသစ္ဆေဒနံ ကာသာယစ္ဆေဒနံ သရဏဒါနာနိ ပဗ္ဗာဇနံ နာမ။ (ဝိမတိဋ္ဌီ-၉၄)

၃၅။ ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနံ သရဏဒါနန္တိ ဟိ ဣမာနိ တီဏိ ကရောန္တော ပဗ္ဗာဇေတီတိ ဝုစ္စတိ။ (သာရတ္ထဋီ-၂၀၁)

၃၆။ ပဌမံ ကေသမဿုံ ဩဟာရာပေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေတွာ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ "ဧဝံ ဝဒေဟီ"တိ ဝတ္တဗ္ဗော၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမီ"တိ။ (မဟာဝဂ္ဂပါဠိ-၂၉)

အပလောကနကိစ္စံ

၃၇။ သီမာ ပရိယာပန္နေ ဘိက္ခူ သန္နိပါတေတွာ ပဗ္ဗဇ္ဇာပေက္ခံ တတ္ထ နေတွာ "သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမီ"တိ တိက္ခတ္တုံ ဝါ ဒွိက္ခတ္တုံ ဝါ သကိံ ဝါ ဝတ္တဗ္ဗံ။ (မဟာဝါဋ္ဌ-၂၇၄)

ကိုယ့်အား ကိုယ်ကိုး ပုဂ္ဂိုလ်မျိုး

၃၁။ အမိအဘမရှိဘဲ ကိုယ်အား ကိုယ်ကိုးစနစ်ဖြင့် အသက်မွေးနေသူ အား ရှင်ပြုပေးရာ၌ အယုတ်ဆုံးအားဖြင့် မင်းပင်ဖြစ်သော်လည်း ပန်ကြားပြီးမှသာ ရှင်ပြုပေးသင့်၏။

၃၂။ ရှင်ပြုတိုင်း ရှင်ပြုတိုင်း ပန်ကြားပြီးမှသာ ပြုထိုက်၏။

၃၃။ ရှင်လောင်း တယောက်သည် မိဘတို့နှင့်စိတ်ဆိုးပြီး ကျောင်းသို့ လာ၏၊ ရှင်ပြုပေးပါဟု လျှောက်ထား၏၊မိဘတို့အား ပန်ကြား၍ လာခဲ့ဟုစေခိုင်းသင့်၏၊ထိုအခါရှင်လောင်းကတပည့်တော်မိဘတို့ ထံသို့ မသွားလိုပါ၊အကယ်၍ တပည့်တော်အား ရှင်ပြုမပေးလျှင် အရှင်ဘုရား၏ ကျောင်းကို မီးရှို့ရပါလိမ့်မည်၊ အရှင်ဘုရားအား ဒါးနှင့်သော်လည်း ထိုးရပေလိမ့်မည်၊ အရှင်ဘုရား၏ ကျောင်း ဒါယကာနှင့် ဆွေမျိုးများကိုလည်း ဥယျာဉ်ခြံကို ခုတ်ဖြတ်ခြင်း အစရှိသည်တို့ဖြင့် အကျိုးမဲ့ဖြစ်စေအံ့၊ သို့မဟုတ် သစ်ပင်ပေါ်မှ ခုံချ၍သော်လည်း သေပါအံ့၊ သူပုန်ထည်းသို့သော်လည်းဝင်အံ့၊ တိုင်းတပါးသို့သော်လည်း ကူးသွားပါတော့အံ့ ဟု အကြပ်ကိုင် ပြောအံ့၊ ထိုကလေး၏အသက်ကို စောင့်ရှောက်သောအားဖြင့် ရှင်ပြုပေးသင့်လေသည်။

ရှင်ပြုပုံ

၃၄-၃၅။ (က) ဆံချပေးခြင်း၊ (ခ) သင်္ကန်းဝတ်ပေးခြင်း။ (ဂ) သရဏဂုံပေးခြင်း၊ ဤအင်္ဂါ သုံးချက်ဖြင့် ပြုလုပ်ခြင်းကို ရှင်ပြု သည်ဟု ခေါ်သည်။

၃၆။ ရှင်ပြုပုံ အချင်းအရာ- ရှေးဦးစွာဆံမုတ်ဆိတ်ရိတ်ရမည်၊ သင်္ကန်း ဝတ်ပေးရမည်၊ကေသီကို လက်ဝဲတဘက် ပခုံးထက်သို့ တင်စေပြီး ရဟန်းတို့၏ ခြေကို ရှိခိုးစေရမည်၊ ဆောင့်ကြောင့် ထိုင်စေ၍ လက်အုပ်ချီထားစေကာ ''ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ'' ဟုဆိုစေရမည်။

ပန်ကြားခြင်းကိစ္စ

၃၇။ ဥပစာရ သိမ်အတွင်း၌ ရှိကြကုန်သော ရဟန်း အပေါင်းတို့ကို စည်းဝေးစေ၍ ရှင်လောင်းကို သံဃာ့ဘောင်သို့ ခေါ်ဆောင်ပြီး သံဃာတော်အရှင်မြတ်တို့ဘုရား ဤသူငယ်၏ ဆံချ ပေးခြင်းကို

၃၈။ သစေ သဘာဂဌာနံ ဟောတိ၊ ဒသဝါ ဝီသံဝါ တိံသံဝါ ဝသန္တီတိ ပရိစ္ဆေဒေါ ပညာယတိ၊ တေသံ ဌိတောကာသံဝါ နိသိန္နောကာသံ ဝါ ဂန္တွာပိ ပုရိမနယေနေဝ အာပုစ္ဆိတဗ္ဗံ။ (မဟာဝဂ္ဂ-၂၈၄)

၃၉။ ပဗ္ဗဇ္ဇာပေက္ခံ ဝိနာဝ ဒဟရဘိက္ခုံဝါ သာမဏေရံဝါ ပေသေတွာပိ “ဧသော ဘန္တေ ပဗ္ဗဇ္ဇာပေက္ခော အတ္ထိ၊ တဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမ”တိ အာဒိနာ နယေန အာပုစ္ဆာပေတုံ ဝဋ္ဋတိ။ (မဟာဝဂ္ဂ-၂၈၄)

၄၀။ သစေ ဘိက္ခူ သေနာသနံဝါ။ပ။ ပဗ္ဗာဇေန္တဿာပိ အနာပတ္တိ။ မဟာဝဂ္ဂ-၂၈၄)

၄၁။ သစေ မဟာဝိဟာရော ဟောတိ၊ အနေကဘိက္ခုသဟဿာဝါသော၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတုံပိ ဒုက္ကရံ၊ ပဂေဝ ပဋိပါဋိယာ အာပုစ္ဆိတုံ၊ ခဏ္ဍသီမာယံဝါ ဌတွာ နဒီသမုဒ္ဒါဒီနိဝါ ဂန္တွာ ပဗ္ဗာဇေတဗ္ဗော။ (မဟာဝဂ္ဂ-၂၈၄)

၄၂။ ယော ပန နဝမုဏ္ဍော ဝါ ဟောတိ၊ ဝိဗ္ဘန္တကော ဝါ နိဂဏ္ဌာဒီသု အညတရော ဝါ ဒွင်္ဂုလကေသော ဝါ ဦနဒွင်္ဂုလကေသော ဝါ၊ တဿ ကေသစ္ဆေဒနကိစ္စံ နတ္ထိ၊ တသ္မာ ဘဏ္ဍုကမ္မံ အနာပုစ္ဆိတွာပိ တာဒိသံ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ (မဟာဝဂ္ဂ-၂၈၄)

၄၃။ ကေသာရောပနံပန ယေနကေနစိ ကတံ သုကတံ။ (မဟာဝဂ္ဂ-၂၈၄)

၄၄။ အထဿ “အာဝုသော သုဏ ဥပဓာရေဟိ သတိံ ဥပဋ္ဌာပေဟီ”တိ ဝတွာ တစပဉ္စကကမ္မဋ္ဌာနံ အာစိက္ခိတဗ္ဗံ။ (မဟာဝဂ္ဂ-၂၄၉)

အရှင်မြတ်တို့အား ပန်ကြားပါ၏ဟု သုံးကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ တကြိမ်ဖြစ်စေ ပန်ကြားရမည်။

၃၀။ ကျောင်းတိုက်ကြီးအတွင်း၌ သီတင်းသုံးနေထိုင်ကြသော ပုဂ္ဂိုလ်တို့သည် အကယ်၍ သဘောတူညီမှု ရသည်ဖြစ်အံ့၊ သို့မဟုတ် ဆယ်ပါး၊ အပါးနှစ်ဆယ်၊ အပါးသုံးဆယ်၊ (ရဟန်းတကျိပ်၊ နှစ်ကျိပ်၊သုံးကျိပ်)နေကြကုန်၏ဟု အပိုင်းအခြားအားဖြင့် သိပါမူ ထိုရဟန်းတို့၏ တည်ရာ အရပ်သို့သော်၎င်း၊ ထိုင်နေရာအရပ်သို့သော်၎င်း သွားရောက်၍ ရှေးနည်းတူစွာ ပန်ကြားရပါမည်။

၃၉။ ရှင်လောင်းကို ခေါ်ဆောင်မသွားဘဲလည်း ရဟန်းငယ် တို့ကိုသော်၎င်း၊ ရှင်သာမဏေတို့ကိုသော်၎င်း စေခိုင်း၍လည်း အရှင်ဘုရားတို့ ရှင်သာမဏေလောင်းတယောက်ရှိပါသည်၊ရှင်လောင်း၏ ဆံချခြင်းကို ပန်ကြားပါ၏ စသည်ဖြင့် ပန်ကြားသင့်၏၊

၄၀။ ပန်ကြားရာ၌ ရဟန်းတော်တို့သည် ကျောင်းတွင်း၌ အိပ်နေသည်ဖြစ်စေ, တရားအားထုတ်နေသည်ဖြစ်စေ မမြင်၍မပန်ကြားသော်လည်း အပြစ်မရှိချေ။

၄၁။ ရဟန်းထောင်ပေါင်း များစွာနေသောကျောင်းတိုက်ကြီး ဖြစ်နေအံ့၊ အကုန်စည်းဝေးဘို့လည်း ခက်ခဲ၏၊ အသီးအသီးပန်ကြားဘို့ကား သာ၍ မလွယ်ကူ၊ ဤသို့ဖြစ်ခဲ့သော် ခဏ္ဍသိမ်၌တည်၍သော်၎င်း၊ မြစ်သမုဒ္ဒရာသို့ သွားရောက်သော်၎င်း ရှင်ပြု ပေးသင့်၏။

၄၂။ ခေါင်းရိတ်ပြီးခါမှဖြစ်စေ၊ ရှင်လိုင်ပြန်ပြီးခါမှ ဖြစ်စေ၊ တဏ္ဍဒွန်း ပရမိုဇ်တယောက်ယောက်ဖြစ်စေ၊ လက်နှစ်သစ်မျှ ဆံရှိသည်ဖြစ်စေ၊ ထိုအောက်ယုတ်လျော့သောဆံရှိသည်ဖြစ်စေ၊ထိုရှင်လောင်းအား ဆံချဘွယ် မလိုတော့ချေ၊ ထို့ကြောင့် ခေါင်းရိတ်ရာ၌ ပန်ကြားဘို့မလိုတော့ဘဲ ရှင်ပြုပေးလျှင် အပ်သည်သာ။

၄၃။ ခေါင်းရိတ်ရာ၌ မည်သူက ရိတ်ပေးပေး, အပ်၏။

၄၄။ ခေါင်းရိတ်ပေးရာ၌ ရှင်လောင်းအား"ငါ့ရှင် ကောင်းစွာဆောင်ထားပါလော့၊ ကောင်းစွာသတိထားပါလော့" ဟုဆို၍(ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ) ဟူသော တစပဉ္စက....ကမ္မဋ္ဌာန်းကို သင်ကြားပေးရပါမည်။

၄၅။ ကေသေသုပန ဩရောပိတေသု ဟလိဒ္ဒိစုဏ္ဏေနဝါ ဂန္ဓစုဏ္ဏေနဝါ သီသဥ္စ သရီရဥ္စ ဥဗ္ဗဋ္ဋေတွာ ဂိဟိဂန္ဓံ အပနေတွာ ကာသာယာနိ တိက္ခတ္တုံဝါ ဒွိက္ခတ္တုံဝါ သကိံဝါ ပဋိဂ္ဂဟာပေတဗ္ဗော။ (မဟာဝါဋ္ဌ-၂၄၉)

စီဝရယာစနံ

၄၆။ "သဗ္ဗဒုက္ခနိဿရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာတိ"ဝါ "တံ ကာသာဝံ ဒတွာတိ"ဝါ ဝတွာ "ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယာ"တိ ဧဝံ ယာစနကပုဗ္ဗကံ စီဝရံ ပဋိစ္ဆာပေတိ။(ဝိမတိဋီ-၉၅)

၄၇။ အထာပိဿ ဟတ္ထေ အဒတွာ အာစရိယောဝါ ဥပဇ္ဈာယောဝါ သယမေဝ အစ္ဆာဒေတိ ဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၂၅၀)

၄၈။ သစေပိ အညံ ဒဟရံဝါ သာမဏေရံဝါ ဥပါသကံဝါ အာဏာပေတိ "အာဝုသော ဧတာနိ ကာသာယာနိ ဂဟေတွာ ဧတံ အစ္ဆာဒေဟီ"တိ တံယေဝဝါ အာဏာပေတိ "ဧတာနိ ဂဟေတွာ အစ္ဆာဒေဟီ" တိ သဗ္ဗံ ဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၂၅၀)

၄၉။ ဘိက္ခုနော ဟိ သဟတ္ထေနဝါ အာဏတ္တိယာဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ နဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၂၅၀)

၅၀။ ယံပန နိဝါသနံဝါ ပါရုပနံဝါ အနာဏတ္တိယာဝါ နိဝါသေတိဝါ ပါရုပတိဝါ၊ တံ အပနေတွာ ပုန ဒါတဗ္ဗံ။(မဟာဝါဋ္ဌ-၂၅၀)

၅၁။ အထဿ ဥပဇ္ဈာယေနဝါ အာစရိယေနဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိ အာဒိနာနယေန သရဏာနိ ဒါတဗ္ဗာနိ ယထာ ဝုတ္တ ပဋိပါဋိယာဝ၊ ဥပ္ပဋိပါဋိယာ။ (မဟာဝါဋ္ဌ-၂၅၀)။

ဆောင်ရန်....ငါ၏ကိုယ်မှာ၊နံ့သာမွှေးကြိုင်၊မြိုင်လှစွာ၊ကောင်းရာ မမြင်၊ ဆံပင်သာရှိ၊ အမွှေးရှိ၏၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေ တမျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။ (အရှင်ဇနကာဘိဝံသ)

၄၅။ ရှင်သာမဏေလောင်းအား ဆံချပေးပြီးလျှင်နန္တင်းမှုန့်ဖြင့် ဖြစ်စေ၊ နံ့သာမှုန့်ဖြင့် ဖြစ်စေ၊ဥက္ကောင်းနှင့်တကွကိုယ်ခန္ဓာကိုလူနံ့ပျောက်အောင် ပွတ်တိုက်၍ ပေးရမည်။ ခေါင်းရိတ်ပြီးနောက် သင်္ကန်းကိုသုံးကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ တကြိမ်ဖြစ်စေ တောင်းခံစေရမည်။

၄၆။ အလုံးစုံသော ဝဋ်ဒုက္ခမှ လွတ်မြောက်စေခြင်းငှာ တပည့်တော်၏ လက်၌ရှိသော သင်္ကန်းကို ယူတော်မူ၍ဟု ၎င်း၊အရှင်ဘုရား၏လက်တော်၌ရှိသော ထိုသင်္ကန်းကိုပေးတော်မူ၍ဟု၎င်း၊အစဉ်သနားသည်ကို အကြောင်းပြု၍ အရှင်ဘုရား တပည့်တော်ကိုရှင်ပြုပေးတော်မူပါဟု၎င်း တောင်းခံခြင်းလျှင် ရှေ့သွား ရှိသော သင်္ကန်းကို ဆရာအား လက်ခံစေသင့်သည်။

၄၇။ ရှင်လောင်း၏လက်၌ မပေးဘဲ သရဏဂုံဆရာကဖြစ်စေ၊ဥပဇ္ဈာယ်ဆရာက ဖြစ်စေ ကိုယ်တိုင်ဝတ်ပေးက အပ်သည်သာ။

၄၈။ ရဟန်းငယ်ကိုဖြစ်စေ၊ ရှင်သာမဏေကို ဖြစ်စေ၊ ဥပါသကာကိုဖြစ်စေ၊ "ငါ့ရှင် ဤသင်္ကန်းကို ယူ၍ ဤသူကို ဝတ်ပေးလိုက်ပါ"ဟု သော်၎င်း၊ ထိုရှင်လောင်းကိုပင် "ဤသင်္ကန်းများကို ယူ၍ ဝတ်ပါ"ဟုသော်၎င်း ခိုင်းအံ့၊ မည်သို့ပင်ခိုင်းခိုင်း အားလုံး အပ်စပ်သည်သာတည်း။

၄၉။ ရဟန်း၏ လက်ဖြင့်ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေဝဝင် ပေးသောသင်္ကန်းသာအပ်၏၊ မပေးဘဲ ဝတ်သော သင်္ကန်းကား မအပ်ချေ။

၅၀။ ဆရာ ရဟန်းတို့၏ စေခိုင်းမှုမရှိဘဲ သင်းပိုင်ကိုဖြစ်စေ၊ ကေသိကိုဖြစ်စေ၊ ကိုယ်တိုင်ရုံ၏၊ ထိုသင်္ကန်းကို ဖယ်ရှား၍ နောက်တဖန်ပေးသင့်၏။

၅၁။ သင်္ကန်းဝတ်ပေးပြီးနောက် ဥပဇ္ဈာယ်ဆရာက ဖြစ်စေ၊ သရဏဂုံဆရာက ဖြစ်စေ ပါဠိတော်၌ ဟောတော်မူအပ်သော အစဉ်အားဖြင့်သာ သရဏဂုံပေးရမည်၊ အစဉ်လွဲချော်၍ မပေးထိုက်။

ဇုန္ဓာသယ ၄၉၈-၇

၅၂။ ဣမာနိ ပန ဒဒမာနေန "ဗုဒ္ဓံ သရဏံ ဂစ္ဆာမီ"တိ ဧဝံ ကေသမ္ဗန္ဓာနိ အနုနာသိကန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ "ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီ"တိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ။ (မဟာဝါ ဋ္ဌ-၂၅၁)။

၅၃။ ကေသမ္ဗန္ဓာနီတိ ကေတော သမ္ဗန္ဓာနိ၊ အနုနာသိကံ ကတွာ ဒါန ကာလေ ဗုဒ္ဓံဣတိ သရဏံဣတိပဒါနဉ္စ သရဏံဣတိ ဂစ္ဆာမိ ဣတိ ပဒါနဉ္စ အန္တရာ ဝိစ္ဆေဒမကတွာ ကေသမ္ဗန္ဓမေဝ ကတွာ ဒါတဗ္ဗာနီတိ ဝုတ္တံ ဟောတိ။ ကသ္မာ တိဏ္ဏံပဒါနံ အန္တရာ ဗျဝဓာ နဿ ကဿစိ အက္ခရဿ အဘာဝတော။ (မဟာဝါ ယောဇနာ)။

၅၄။ ဝိစ္ဆိန္ဒိတွာတိ ဝိစ္ဆေဒံ ကတွာ၊ မကာရန္တံကတွာ ဒါနကာလေ တိဏ္ဏံ ပဒါန မန္တရာ ကေသမ္ဗန္ဓမကတွာ ဝိစ္ဆိန္ဒိတွာ ဧဝ ဒါတဗ္ဗာနီတိ ဝုတ္တံ ဟောတိ။ ကသ္မာ တိဏ္ဏံ ပဒါနံ အန္တရာ ဗျဝဓာနဿ နိဿရဿ မကာရဿ အတ္ထိဘာဝတော။ (မဟာဝါ ယောဇနာ)။

၅၅။ သာမဏေရပဗ္ဗဇ္ဇာ ပန ဥဘတော သုဒ္ဓိယာဝ ဝဋ္ဋတိ၊ နော ဧကတော သုဒ္ဓိယာ။ (မဟာဝါဋ္ဌ-၂၅၀)။

၅၆။ ပဗ္ဗဇ္ဇာယ ပန ဣမာနိ တီဏိ သရဏာနိ ဗုကာရဓကာရာဒီနံ ဗျဉ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ အာစရိယေနပိ အန္တေဝါသိ ကေနပိ ဝတ္တဗ္ဗာနိ။ သစေ အာစရိယော ဝတ္တုံ သက္ကောတိ၊ အန္တေ ဝါသိကော န သက္ကောတိ၊ အန္တေဝါသိကောဝါ သက္ကောတိ၊ အာ စရိယော န သက္ကောတိ၊ ဥဘောပိဝါ န သက္ကောန္တိ၊ န ဝဋ္ဋတိ။ သစေ ပန ဥဘောပိ သက္ကောန္တိ ဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၂၅၀)။

၅၇။ ဧတ္တာဝတာ ဟိ သာမဏေရဘူမိယံ ပတိဋ္ဌိတော ဟောတိ။ (မဟာ ဝါဋ္ဌ-၂၅၁)။

၅၈။ ပဗ္ဗဇ္ဇာ ဟိ သရဏဂမနေဟေဝ သိဒ္ဓါ၊ သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပဒပရိပူရဏတ္ထံ ဇာနိတဗ္ဗာနိ။ တသ္မာ တာနိ ပါဠိယံ အာ ဂတနယေန ဥဂ္ဂဟေတုံ အသက္ကောန္တဿ ယာယကာယစိဘာသာယ အတ္ထဝသေနပိ အာစိက္ခိတုံ ဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၂၅၁)။

**သရဏဂုံပေးသည်ရှိသော်**

၅၂။ ၁-နိဂ္ဂဟိတန္တနည်း၊ ၂-မကာရန္တနည်းတို့တွင် တနည်းနည်းဖြင့် ပေးနိုင်သည်။

၁။ နိဂ္ဂဟိတန္တနည်း ဆိုသည်မှာ.... ဗုဒ္ဓံမှ မိတိုင်အောင် လေသံကိုမပြတ်စေ မရပ်စေဘဲ တစပ်တည်း ပေးခြင်းမျိုးကို ခေါ်၏။

၂။ မကာရန္တနည်း ဆိုသည်မှာ....ဗုဒ္ဓမ်-သရဏမ်-ဂစ္ဆာမိ ဟု လေသံကို ဖြတ်၍ ရပ်၍ မဆက်စပ်ဘဲ ပေးခြင်းမျိုးကို ခေါ်၏။

၅၃-၅၄။ နိဂ္ဂဟိတန္တပေးနည်းကား ဗုဒ္ဓံမှ မိတိုင်အောင်သော ပုဒ်တို့သည် အက္ခရာမခြားသောကြောင့် တဆက်ထည်း ရွတ်ရသည်၊ မကာရန္တပေးနည်းကား မ-အက္ခရာ၏ သရကင်းသောကြောင့် ခြား၍ ဖြတ်၍ ရွတ်ရသည်ဟု မဟာဝါယောဇနာ၌ဆိုလေသည်။ (ဤယောဇနာနည်းကို ဆရာများ မနှစ်သက်ကြပါ)။

၅၅။ ရှင်သာမဏေပြုရာ၌ကား ဆရာတပည့် နှစ်ဦးလုံး သရဏဂုံပီသမှသာ အခပ်ပါသည်၊ တဦးဦးက ပီသရုံမျှဖြင့် မအပ်ပါ။

၅၆။ သရဏဂုံပေးသည်ရှိသော် ဗု-ဓ+စသော ဗျည်းတို့၏ ဌာန်ကရိုဏ်းစသည်တို့ကို မယုတ်လျော့စေဘဲ ဆရာတပည့်နှစ်ဦးလုံး ရွတ်ရပါမည်၊ ဆရာက ပီသအောင် ရွတ်နိုင်၍ တပည့်က ပီသအောင် မရွတ်နိုင်လျှင်ရင်း၊ တပည့်က ပီသအောင် ရွတ်နိုင်၍ ဆရာက ပီသအောင် မရွတ်နိုင်လျှင်ရင်း၊ နှစ်ဦးလုံးပင် ပီသအောင် မရွတ်နိုင်လျှင်ရင်း မအပ်ချေ၊ နှစ်ဦးလုံး ပီသအောင် ရွတ်နိုင်မှသာ အပ်ပါသည်။

၅၇-၅၀။ သရဏဂုံယူပြီးက ရှင်အဖြစ်သို့ ရောက်သည်။ ရှင်သာမဏေဖြစ်မှုသည် သရဏဂုံယူခြင်းဖြင့်သာလျှင်ပြီး၏။

ရှင်သာမဏေဖြစ်ပြီးက သိက္ခာပုဒ်များကို လိုက်နာကျင့်ဆောင်နိုင်စေရန် သင်ကြားပေးရမည်၊ ထိုကြောင့် ပါဠိလာရှိသည့်အတိုင်း သင်ယူခြင်းငှာ မစွမ်းနိုင်ပါမူ မည်သည့်ဘာသာဖြင့်မဆို အနက်အဓိပ္ပါယ်ကို ပြောကြားပေးရန်သင့်ပါသည်။

ဥပဇ္ဈာယဂါဟာပနံ

၅၉။ အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ။ (မဟာဝဂ္ဂပါဠိ-၅၇)။

၆၀။ အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယန္တိ ဥပဇ္ဈာယံ ဂဟေတုံ အနုဇာနာမီတိ အတ္ထော။ (မဟာဝါဋ္ဌ-၂၅၈)။

၆၁။ ဧဝဉ္စ ပန ဘိက္ခဝေ ဥပဇ္ဈာယော ဂဟေတဗ္ဗော၊ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ပါဒေ ဝန္ဒိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿဝစနီယော "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟီ"တိ။ (မဟာဝဂ္ဂပါဠိ-၅၇)။

၆၂။ သာဟူတိ ဝါ လဟုတိ ဝါ ဩပါယိကန္တိ ဝါ ပဋိရူပန္တိ ဝါ ပါသာဒိကေန သမ္ပါဒေဟီတိ ဝါ ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ ဂဟိတော ဟောတိ ဥပဇ္ဈာယော။ (မဟာဝါဋ္ဌ-၅၇)။

ပဗ္ဗဇ္ဇာကရဏ ဝိဓိသင်္ခေပေါ

- (က) ပဗ္ဗဇ္ဇာ ဒေါသာ ပုစ္ဆနံ။
- (ခ) အနုဇာနန ပုစ္ဆနံ။
- (ဂ) မာတာပိတူနံ အာပုစ္ဆာပနံ။
- (ဃ) ဘဏ္ဍုကမ္မ အာပုစ္ဆနံ။
- (င) ဘဏ္ဍုကမ္မ ကရဏံ
- (စ) တစပဉ္စကကမ္မဋ္ဌာနကထနံ။
- (ဆ) ဟလိဒ္ဒိစုဏ္ဏလေပနံ။
- (ဇ) စီဝရဃာစာပနံ။
- (ဈ) စီဝရပဋိဂ္ဂဟဏံ။
- (ည) ကာသာယစ္ဆာဒနံ။
- (ဋ) သရဏဒါနံ။
- (ဌ) သိက္ခာပဒသိက္ခာပနံ။
- (ဍ) ဥပဇ္ဈာယဂါဟာပနံ။
- (ဎ) နာမကရဏံ။

ပဗ္ဗဇ္ဇကမ္မံ နိဋ္ဌိတံ။

၅၉။ ရဟန်းတို့....ဥပဇ္ဈာယ်ကို ခွင့်ပြုတော်မူ၏။
၆၀။ ချစ်သားတို့....ဥပဇ္ဈာယ်ယူစေခြင်းငှာ ငါဘုရားခွင့်ပြုတော်မူ၏ဟု ဆိုလိုသည်။
၆၁။ ဥပဇ္ဈာယ်ကို ဤသို့ယူစေရမည်၊ ရှေ့က ညွှန်ပြခဲ့သော ရှင်သာမဏေတို့၏ ထိုင်နည်းအတိုင်း ထိုင်စေပြီး "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"ဟု ဆိုစေရပါမည်။

ဥပဇ္ဈာယာရောစန

၆၂။ ကောင်းပါပြီဟူ၍ငှင်း၊ သင့်အတွက် တာဝန်ယူရန် ဝန်မလေးပါဟူ၍ငှင်း၊ သင်၏ဥပဇ္ဈာယ်ယူခြင်းသည် နည်းလမ်းကျ၏ဟူ၍ငှင်း၊ လျောက်ပတ်၏ဟူ၍ငှင်း၊ ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာနှင့် ပြည့်စုံပါစေဟူ၍ငှင်း၊ ကိုယ်ဖြင့် သိစေ၏၊ နှုတ်ဖြင့်သိစေ၏၊ ကိုယ်နှုတ် နှစ်မျိုးလုံးဖြင့် သိစေ၏။ ထိုအခါ ဥပဇ္ဈာယ်ယူပြီး ဖြစ်လေတော့သည်။

ရှင်ပြုအစီအစဉ်အကျဉ်း

(က) ရှင်အဖြစ်၌ အန္တရာယ်ရှိမရှိ စစ်ဆေးခြင်း။
(ခ) မိဘခွင့်ပြုမပြုမေးမြန်းစစ်ဆေးခြင်း။
(ဂ) ခွင့်မပြုကပန်ကြားရခြင်း။
(ဃ) ခေါင်းရိတ်ရန် ပန်ကြားခြင်း။
(င) ခေါင်းရိတ်ပေးခြင်း။
(စ) တစပဉ္စကကမ္မဋ္ဌာန်း ပေးခြင်း။
(ဆ) နှင်းလိမ်းခြင်း။
(ဇ) သင်္ကန်းကပ်ခြင်း။
(ဈ) သင်္ကန်းတောင်းခြင်း။
(ည) သင်္ကန်း ဝတ်ခြင်း။
(ဋ) သရဏဂုံပေးခြင်း။
(ဌ) သိက္ခာပုဒ်များ သင်ခြင်း။
(ဍ) ဥပဇ္ဈာယ် ယူစေခြင်း။
(ဎ) အမည်ပေးခြင်း။

ပဗ္ဗဇ္ဇ ကမ္မဝိုင်းပြီး၏။

၂၃၇၉၈

## ၂-ဥပသမ္ပဒဝိဓိ

၁။ အနုဇာနာမိ ဘိက္ခဝေ ဉတ္တိ စတုတ္ထေန ကမ္မေန ဥပသမ္ပါဒေတုံ။ (မဟာဝဂ္ဂပါဠိ-၇၀)။

၂။ ကိဉ္စာပိ ဟိ ဉတ္တိ သဗ္ဗပဌမံ ဝုစ္စတိ၊ တိဿန္နံ ပန အနုဿာဝနာနံ အတ္ထဗျဉ္ဇနဘေဒါဘာဝတော အတ္ထဗျဉ္ဇနဘိန္နံ ဉတ္တိံ တာသံ စတုတ္ထန္တိ ကတွာ "ဉတ္တိစတုတ္ထ"န္တိ ဝုစ္စတိ။ (ကင်္ခါဋီ-၁၆၇)။

### ဥပသမ္ပဒ အဝိပဇ္ဇနလက္ခဏာ

၃။ တဿ ပန ကမ္မဿ ဝတ္ထု ဉတ္တိ အနုဿာဝန သီမာ ပရိသာ သမ္ပတ္တိ ဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ။ (ကင်္ခါဋ္ဌ-၁၀၄)။

၄။ ဝတ္ထူတိ ဥပသမ္ပဒါပေက္ခော ပုဂ္ဂလော၊ သော ဌပေတွာ ဦန ဝီသတိဝဿံ, အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗံ, ပဏ္ဍကာဒယော စ ဧကာဒသ အဘဗ္ဗ ပုဂ္ဂလာ ဝေဒိတဗ္ဗာ။ (ကင်္ခါဋ္ဌ-၁၀၄)။

### ဦန ဝီသတိ ဂဟဏ

၅။ ဦနဝီသတိဝဿော နာမ ပဋိသန္ဓိဂ္ဂဟဏတော ပဋ္ဌာယ အပရိပုဏ္ဏဝီသတိဝဿော။ (ကင်္ခါဋ္ဌ-၁၀၄)

၆။ န ဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော။ (မဟာဝဂ္ဂ ပါဠိ-၁၀၉)။

၇။ ယံ ဘိက္ခဝေ မာတုကုစ္ဆိသ္မိံ ပဌမံ စိတ္တံ ဥပ္ပန္နံ ပဌမံ ဝိညာဏံ ပါတုဘူတံ၊ တဒုပါဒါယ သာ ဝဿဇာတိ၊ အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ။ (မဟာဝါပါဠိ -၁၂၉)။

၈။ တတ္ထ ယော ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတွာ မဟာပဝါရဏာယ ဇာတော၊ သော တတော ပဋ္ဌာယ ယာဝ ဧကူနဝီသတိမေ ဝဿေ မဟာပဝါရဏာ တံ အတိက္ကမိတွာ ပါဋိပဒေ ဥပသမ္ပာဒေတဗ္ဗော၊ ဧတေနုပါယေန ဟာယနဝၯ္ဍနံ ဝေဒိတဗ္ဗံ။ (ပါစိတျာဒိ ဋ္ဌ-၁၃၆)။

## ၂-ရဟန်းပြုမှုအစီအစဉ်

၁။ ရဟန်းတို့....ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံပေးရန် ခွင့်ပြု၏ဟု ဗုဒ္ဓ မိန့်ကြားတော်မူခဲ့လေသည်။

၂။ ဉတ်ကို အလုံးစုံသော ကမ္မဝါစာတို့၏ ရှေးဦးစွာဆို၏၊ ကမ္မဝါ သုံးကြိမ်တို့သည် အနက်သဒ္ဒါ ခြားနားမှု မရှိချေ၊ အနက်သဒ္ဒါ ခြားနားခြင်းရှိသော ဉတ်ကို ကမ္မဝါစာ သုံးကြိမ်၊ ထို့နောက် လေးကြိမ်မြောက် ပြု၍ "ဉတ္တိစတုတ္ထကံ" ဟု ခေါ်ရလေသည်။

### ဉပသမ္ပဒကံ၏ မပျက်စီးနိုင်သော လက္ခဏာ

၃။ ထိုဉပသမ္ပဒကံ၏ မပျက်စီးနိုင်သော လက္ခဏာကား ၁-ရဟန်း လောင်း၊ ၂-ဉတ်၊ ၃-ကမ္မဝါစာ၊ ၄-သိမ်၊ ၅-သံဃ ပရိသတ်၊ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံခြင်းပင် ဖြစ်၏။

၄။ ဝတ္ထုဟူသည် ရဟန်းလောင်းပင်တည်း၊ ရဟန်းလောင်း ဟူသည် အသက်နှစ်ဆယ် မပြည့်သေးသူ၊ ပါရာဇိက ကျဘူးသူ၊ ပဏ္ဍုက် စသော တဆဲ့တယောက်သော အဘဗ္ဗ ပုဂ္ဂိုလ်များမှတပါး ကျန် သော ပုဂ္ဂိုလ်များတည်း။

### ဦနဝီသတိအရယူခြင်း

၅။ ပဋိသန္ဓေတည်သော အချိန်မှ အသက်(၂၀)မပြည့်မီ အတွင်းကို ဦနဝီသတိဝဿအရယူရသည်။

၆။ ရဟန်းတို့ သိလျက်နှင့် အသက် (၂၀) မပြည့်သေးသူကို ရဟန်းခံ မပေးရ၊ အကယ်၍ ရဟန်းခံပေးမိပါက တရားအားလျော်စွာ ပြုလုပ်ရမည်ဟု ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

၇။ ရဟန်းတို့ ....အမိ၏ဝမ်းတွင်း၌ပဌမဦးစွာစိတ်ဝိညာဉ် ဖြစ်၏၊ ထို စိတ်ဝိညာဉ်ဖြစ်ရာ အချိန်မှစ၍ သတ္တဝါ၏ အစဖြစ်၏၊ ထို့ကြောင့် အမိဝမ်း၌ နေသော ရက်ပါယူ၍ အသက် (၂၀) ပြည့်လျှင် ရဟန်းခံပေးရန် ငါဘုရား ခွင့်ပြု၏ဟု ဗုဒ္ဓ မိန့်ကြားတော်မူခဲ့ လေသည်။

၈။ သူငယ် တယောက်သည် အမိဝမ်းတွင်း၌ (၁၂) လနေပြီး သီတင်းကျွတ် လပြည့်နေ့၌ ဘွားမြင်၏၊ အသက် (၁၉) နှစ် ပြည့်သော နေ့ကား သီတင်းကျွတ် လပြည့်နေ့ပင်ဖြစ်ခဲ့၏၊ ထိုသူ အား ရဟန်းခံပေးရာ၌ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့

**ဟာယနဝဍ္ဎနာကာရ**

၉။ ပေါရာဏကတ္ထေရာ ပန ဧကူနဝီသတိဝဿံ သာမဏေရံ နိက္ခမနိယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒဒိဝသေ ဥပသမ္ပာဒေန္တိ၊ တံ ကသ္မာတိ။ ဝုစ္စတေ။ ဧကသ္မိံ ဝဿေ ဆ စာတုဒ္ဒသိကဥပေါသထာ ဟောန္တိ။

ဣတိ ဝီသတိယာ ဝဿေသု စတ္တာရောမာသာ ပရိဟာယန္တိ။ ရာဇာနော တတိယေ တတိယေ ဝဿေ ဝဿံ ဥက္ကဍ္ဎန္တိ၊ ဣတိ အဋ္ဌာရသသု ဝဿေသု ဆ မာသာ ဝဍ္ဎန္တိ၊ တတော ဥပေါသထဝသေန ပရိဟီနေ စတ္တာရော မာသေ အပနေတွာ ဒွေ မာသာ အဝသေသာ ဟောန္တိ၊ တေ ဒွေ မာသေ ဂဟေတွာ ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တီတိ နိက္ကင်္ခါ ဟုတွာ နိက္ခမနိယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒေ ဥပသမ္ပာဒေန္တိ။ (ပါစိတျာဒိဋ္ဌ- ၁၃၆)။

၁၀။ ဧကူနဝီသတိဝဿန္တိ ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတွာ မဟာပဝါရဏာယ ဇာတကာလတော ပဋ္ဌာယ ဧကူန ဝီသတိ ဝဿံ။ (သာရတ္ထဋီ,တ-၇၅)။

၁၁။ သော စ ပုဂ္ဂလော အနုပသမ္ပန္နော။ (ပါတိမောက်)။

၁၂။ သော စ ပုဂ္ဂလော အနုပသမ္ပန္နောတိ ဇာနန္တေနာပိ အဇာနန္တေနာပိ ဥပသမ္ပာဒိတော အနုပသမ္ပန္နောဝ။ (ကင်္ခါဋ္ဌ- ၂၄၇)။

၁၃။ သောပိ ယာဝ န ဇာနာတိ၊ တာဝ တဿ နေဝ သဂ္ဂန္တရာယော န မောက္ခန္တရာယော၊ ဉတွာ ပန ဥပသမ္ပဇ္ဇိတဗ္ဗံ။ (ကင်္ခါဋ္ဌ-၂၄၇)။

၁၄။ သစေ ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ၊ တဉ္စေ မုဉ္စိတွာ ဂဏော ပူရတိ၊ သူပသမ္ပန္နော။ (ကင်္ခါဋ္ဌ -၂၄၇)။

၁၅။ အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗော နာမ စတုန္နံ ပါရာဇိကာနံ အညတရံ အဇ္ဈာပန္နပုဗ္ဗော။ (ကင်္ခါဋ္ဌ-၁၀၄)။

ရောက်လျှင် အသက် (၂၀) ပြည့်သဖြင့် ရဟန်းခံပေးနိုင်လေ၏၊ ဤနည်းအားဖြင့် ရက်တိုးမှု၊ ရက်ဆုတ်မှုကို သိရာ၏။

**ရက်တိုးမှုဆုတ်မှုသတိပြု**

၉။ ရှေး မထေရ်မြတ် တို့သည် အသက် (၁၉) နှစ် ပြည့်သော သာမဏေကို(၁၉) နှစ်ပြည့်သောနေ့၏ နောက်တရက်၌ ရဟန်းခံပေးကြကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူတနှစ်လျှင် စာတုဒ္ဒသီ ဥပုသ်ပေါင်း (၆) ဥပုသ်ရှိ၏၊ဤသို့အားဖြင့် အနှစ် (၂၀) ပြည့်လျှင် ရက်ပေါင်း (၁၂၀) လေးလလျော့၍ နေ၏၊ မင်းတို့သည် (၃) နှစ်တကြိမ် ဝါထပ်ကြရကား (၁၈) နှစ်သို့ ရောက်လျှင် လပေါင်း (၆) လတိုး၍ လာလေသည်၊ ၎င်း (၆) လတိုးကို လျော့ခဲ့သော (၄) လနှုတ်လျှင် (၂) လကျန်သေးသည်၊ ကျန်သော (၂) လကိုယူ၍ အသက် (၂၀) ပြည့်သည်ဟု သံသယကင်းရှင်းစွာဖြင့် သီတင်းကျွတ်လပြည့်နေ့၌မွေးဖွားသောသူအား (၁၉) နှစ်ပြည့်သော သီတင်းကျွတ်လပြည့်ကျော် တရက်နေ့၌ ရဟန်းခံပေးကြလေကုန်သည်။ (ဤကား အဋ္ဌကထာ ဆရာမြတ်တို့၏ ယူဆချက်တည်း)။

၁၀။ ကုမာရကဿပ ထေရ်သည် အမိဝမ်း၌ (၁၂)လ ပဋိသန္ဓေနေခဲ့၍ မဟာပဝါရဏာနေ့၌ ဘွားမြင်၏၊ မွေးဘွားသောနေ့မှ အသက် (၂၀) မပြည့်မှီကို ဆိုလေသည်။

၁၁-၁၂။ အသက်(၂၀)မပြည့်သေးသူအား ရဟန်းခံပေးလျှင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ရဟန်းမဖြစ်ချေ။

၁၃။ အသက်မပြည့်ဘဲ ရဟန်းခံထားသူသည် ရဟန်းမဖြစ်ဘဲ ဆက်လက်၍ နေ၏၊ထိုသို့နေသော်လည်း နတ်ရွာ နိဗ္ဗာန်ချမ်းသာမဂ်ဖိုလ်တို့၏ အန္တရာယ်ကား မဖြစ်နိုင်ချေ၊ ရဟန်းမဖြစ်မှန်း သိသောအခါ ထပ်မံ၍ ရဟန်းခံရမည်။

၁၄။ ရဟန်း မဖြစ်သော ပုဂ္ဂိုလ်သည် (၁၀) ဝါရသဖြင့် အခြားရဟန်းလောင်း တဦးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေး၏။ ထိုဥပဇ္ဈာယ် လုပ်သူမှ တပါး ကာရက သံဃာပြည့်ပါမူ ရဟန်းလောင်း ရဟန်းဖြစ်သည်။

၁၅။ အနိမဝတ္တုအဏ္ဍာပန္နပုဗ္ဗဟူသည် ပါရာဇိက (၄) မျိုးတို့တွင် တမျိုးမျိုးဖြင့် ပါရာဇိက ကျပြီးသူကို ခေါ်သည်။

ဥစ္စာသယ ၄၉၀-၄

၁၆။ ပဏ္ဏကာတိ ဥဿန္နကိလေသာ အဝူပသန္တပရိဠာဟာ နပုံသကာ (မဟာဝါဠ -၂၇၃)။

၁၇။ ပဏ္ဍကော ပနေတ္ထ ပဉ္စဝိဓော ဟောတိ၊အာသိတ္တပဏ္ဍကော,ဥသူယ ပဏ္ဍကော, ဩပက္ကမိက ပဏ္ဍကော, နပုံသက ပဏ္ဍကော,ပက္ခပဏ္ဍ ကောတိ။ (ကင်္ခါဋီ-၁၆၇)။

၁၈။ (က) ယဿ ပရေသံ အင်္ဂဇာတံ မုခေန ဂဟေတွာ အသုစိနာ အာသိတ္တဿ ပရိဠာဟော ဝူပသမ္မတိ။အယံ အာသိတ္တ ပဏ္ဍကော။
(ခ) ယဿ ပရေသံ အဇ္ဈာစာရံ ပဿတော ဥသူယာယ ဥပ္ပန္နာယ ပရိဠာဟော ဝူပသမ္မတိ။ အယံ ဥသူယပဏ္ဍကော။

(ဂ) ယဿ ဥပက္ကမေန ဗီဇာနိ အပနီတာနိ၊ အယံ ဩပက္ကမိက ပဏ္ဍကော။

(ဃ) ယော ပန ပဋိသန္ဓိယံ ယေဝ အဘာဝကော ဥပ္ပန္နော၊ အယံ နပုံသကပဏ္ဍကော။

(င)ကေစ္စော ပန အကုသလ ဝိပါကာ နုဘာဝေန ကာဠပက္ခေ ပဏ္ဍ ကော ဟောတ်၊ ဇုဏှပက္ခေ ပနဿ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ပက္ခ ပဏ္ဍကောတိ ဝေဒိတဗ္ဗော။ (ကင်္ခါဋီ -၁၆၈)။

၁၉။ တေသု အာသိတ္တပဏ္ဍကဿစ ဥသူယပဏ္ဍကဿစ ပဗ္ဗဇ္ဇာ နဝါရိ တာ'တရေသံ တိဏ္ဏံ ဝါရိတာ။ (မဟာဝါဠ-၂၉၇၊ကင်္ခါဋီ-၁၆၇)

၂၀။ ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာဒေတဗ္ဗော၊ ဥပ သမ္ပန္နော နာသေတဗ္ဗော။ (မဟာဝဂ္ဂပါဠိ-၁၁၉)။

၂၁။ ထေယျေန သံဝါသော ကေဿတိ ထေယျသံဝါသကော။ (ကင်္ခါဋီ -၁၆၈)။

၂၂။ ထေယျသံဝါသကော ပန တိဝိဓော လိင်္ဂတ္ထေနကော သံဝါ သတ္ထေနကော ဥဘယတ္ထေနကော တိ။(ကင်္ခါဋ -၁၀၄)။

၁၆။ ပဏ္ဍကဟူသည် ကိလေသာများ၏ မငြိမ်းအေးသော ကိလေသာ ပူလောင်မှုရှိသော နပုံပဏ္ဍုက်ကို ခေါ်သည်။

၁၇။ ၁-အာသိတ္တ၊ ၂-ဥသူယ၊ ၃-ဩပက္ကမိက၊ ၄-နပုံသက၊ ၅-ပက္ခဟု ပဏ္ဍုက်ဟု ငါးမျိုးရှိသည်။

၁၈။ (က) အကြင်သူသည် မိမိ၏ ပစပ်ဖြင့် သူတပါး၏ အင်္ဂါဇာတ်ကိုစုတ်၍ ထိုသူ၏ သုက်သွေးဖြင့်မိမိ၏ပူလောင်မှုကို ငြိမ်းအေးစေ၏၊ ထိုပုဂ္ဂိုလ်မျိုးကို အာသိတ္တပဏ္ဍုက်ဟု ခေါ်သည်။
(ခ) သူတပါး၏ ကျူးလွန်မှုကို တစိမ့်စိမ့် ကြည့်ခြင်းဖြင့် မိမိ၏ ကိလေသာ ပူလောင်မှုကို ငြိမ်းအေးစေရ၏၊ ထိုသို့သော သူမျိုးကို ဥသူယ ပဏ္ဍုက်ဟု ခေါ်သည်။
(ဂ) အကြင်ပုဂ္ဂိုလ်သည် သူတပါးတို့၏ လုံ့လပယောဂဖြင့် မျိုးစေ့တို့ကို ထုတ်ပစ်အပ်ကုန်၏၊ ထိုသို့သော ပုဂ္ဂိုလ်မျိုးကို ဩပက္ကမိက ပဏ္ဍုက်ဟု ခေါ်သည်။
(ဃ) အကြင်ပုဂ္ဂိုလ်သည် ပဋိသန္ဓေကပင် ထင်ရှားသော ဘာဝခေါ်(လိင်)များမပါရှိခဲ့ချေ၊ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကို နပုံသက ပဏ္ဍုက်ဟု ခေါ်လေသည်။
(င) အချို့သော ပုဂ္ဂိုလ်တို့ကား အကုသိုလ်၏စွမ်းရည်ကြောင့် လဆုတ်ပက္ခ၌ ပဏ္ဍုက် ဖြစ်ပြီး လဆန်းပက္ခ၌ သူ၏ကိလေသာ ပူလောင်မှုသည်ငြိမ်းအေး၍သွား၏၊ထိုသို့သောပုဂ္ဂိုလ်မျိုးကို ပက္ခ ပဏ္ဍုက်ဟု ခေါ်သည်။

၁၉။ ပဏ္ဍုက် (၅)မျိုးတို့တွင် အာသိတ္တပဏ္ဍုက်နှင့် ဥသူယ ပဏ္ဍုက် နှစ်မျိုးကိုသာ ရဟန်းအဖြစ်၌ တားမြစ်သည်၊ ကျန် သုံးမျိုးကို ရဟန်းအဖြစ်၌ မတားမြစ်ချေ။

၂၀။ ရဟန်းတို့....ပဏ္ဍုက်ကို ရဟန်းခံမပေးရ၊ ရဟန်းခံပေး ခဲ့သော် တရားအားလျော်စွာ ဖျက်ဆီးပစ်ရမည်ဟု ဗုဒ္ဓ မိန့်ကြားတော်မူခဲ့လေသည်။

၂၁။ အပေါင်းအသင်း ခိုးသူကို ထေယျသံဝါသက ခေါ်၏။

၂၂။ (က) လိင်အသွင်အပြင်ကို ခိုးခြင်း၊ (ခ) အပေါင်းအသင်းကို ခိုးခြင်း၊ (ဂ) အသွင်အပြင်နှင့် ပေါင်းဖော်မှုကို ခိုးခြင်းဟုထေယျသံဝါသက သုံးမျိုးရှိ၏။

၂၃။ (က) ယော သယံ ပဗ္ဗဇိတွာ နဘိက္ခုဝဿာနိ ဂဏေတိ၊ န ယထာဝုဍ္ဎံ ဘိက္ခူနံဝါ သာမဏေရာနံဝါ ဝန္ဒနံ သာဒယတိ၊ န အာသနေန ပဋိဗာဟတိ၊ န ဥပေါသထာဒီသု သန္ဒိဿတိ၊ အယံ အသုဒ္ဓစိတ္တတာယ လိင်္ဂမတ္တဿေဝ ထေနိတတ္တာ လိင်္ဂတ္ထေနကော နာမ။

(ခ) ယောဝါ သာမဏေရော သမာနော ဝိဒေသံ ဂန္တွာ ဘိက္ခုဝဿာနိ ဂဏေတိ၊ ယထာဝုဍ္ဎံ ဝန္ဒနံ သာဒယတိ၊ အာသနေန ပဋိဗာဟတိ၊ ဥပေါသထာဒီသု သန္ဒိဿတိ၊ အယံ သံဝါသမတ္တဿေဝ ထေနိတတ္တာ သံဝါသတ္ထေနကော နာမ။

(ဂ) ယော ပန သယံ ပဗ္ဗဇိတွာ ဝိဟာရံ ဂန္တွာ ယထာဝုဍ္ဎံ ဝန္ဒနံ သာဒယတိ၊ အာသနေန ပဋိဗာဟတိ၊ ဘိက္ခုဝဿာနိ ဂဏေတိ၊ ဥပေါသထာဒီသု သန္ဒိဿတိ၊ အယံ လိင်္ဂဿစေဝ သံဝါသဿစ ထေနိတတ္တာ ဥဘယတ္ထေနကော နာမ။ (ကင်္ခါဋ္ဌ-၁၀၅)။

၂၄။ ယောပန ဘိက္ခူဟိ ပဗ္ဗဇိတော သာမဏေရော သမာနော ကာသာယာနိ အပနေတွာ တေသု သဥဿာဟောဝ မေထုနံ ဓမ္မံ ပဋိသေဝိတွာ ပုန နိဝါသေတွာ သာမဏေရဘာဝံ ပဋိဇာနာတိ၊ အယံ ဘိက္ခူဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ နလိင်္ဂတ္ထေနကော၊ နလိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နာပိသံဝါသတ္ထေနကော။ (ကင်္ခါဋ္ဌ-၁၀၄)။

၂၅။ သစေ ကောစိ ဘိက္ခု သိက္ခံ ပတိပစ္စက္ခာယ လိင်္ဂံ အပနေတွာ ဒုဿီလကမ္မံ ကတွာဝါ အကတွာဝါ န မံ ကောစိ ဇာနာတိ ပုန သဗ္ဗံ ပုဗ္ဗေ ဝုတ္တံ ဝဿဂဏနာဒိဘေဒံ ဝိဓိံ ပဋိပဇ္ဇတိ၊ သော ထေယျသံဝါသကော ဟောတိ။ (ကင်္ခါဋီကာ-၁၆၉)။

၂၆။ သစေပန ကာသာယေ ဓုရံ နိက္ခိပိတွာ နဂ္ဂေါဝါ ဩဒါတဝတ္ထနိဝတ္ထောဝါ မေထုနသေဝနာဒီဟိ အဿမဏော ဟုတွာ ကာသာယာနိ နိဝါသေတိ၊ လိင်္ဂတ္ထေနကော ဟောတိ။ (ကင်္ခါဋီ-၁၆၇၊ မဟာဝဂ္ဂ-၃၀၁)။

၂၃။ (က) အကြင်သူသည် ကိုယ်တိုင် သက်န်းဝတ်ပြီး ရဟန်း ဝါကို မရေတွက်၊ တပါးသူတို့၏ ရှိခိုးမှုကို မသာယာ၊ (သီတင်းငယ်) တို့ကို နေရာဖြင့်လည်း မတားမြစ်၊ ဥပုသ် ပဝါရဏာ စသော ကံတို့၌လည်းမပါဝင်၊ ထိုပုဂ္ဂိုလ်သည် မစင်ကြယ်သော စိတ်ဖြင့် အသွင်သာ ခိုးသောကြောင့် လိင်္ဂတ္ထေနကမည်၏။

(ခ) အကြင်သူသည် သာမဏေဖြစ်သော်လည်း အရပ်တပါးသို့ သွား၍ ရဟန်းဝါကို ရေတွက်၏၊ ကြီးသူတို့၏ ရှိခိုးမှုကို သာယာ၏၊ နေရာဖြင့်လည်း တားမြစ်၏၊ ဥပုသ်စသော ကံတို့ ၌လည်း ပါဝင်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် အပေါင်းအသင်း မျှသာ ခိုးယူသောကြောင့် သံဝါသတ္ထေနကမည်၏။

(ဂ) ပုဂ္ဂိုလ်တယောက်သည် ကိုယ်တိုင်ရဟန်းပြု၍ ကျောင်းသို့ သွားပြီးလျှင် ကြီးသူတို့၏ ရှိခိုးမှုကို သာယာ၏၊ နေရာဖြင့် လည်းတားမြစ်၏၊ ရဟန်းတို့၏ ဝါကိုလည်း ရေတွက်၏၊ ဥပုသ် စသော ကံတို့၌လည်း ပါဝင်၏၊ ဤပုဂ္ဂိုလ်မျိုးသည် အပေါင်း အသင်းနှင့် အသွင်အပြင်နှစ်ရပ်လုံးကို ခိုးယူသောကြောင့် ဥဘ-ယတ္ထေနကမည်၏။

၂၄။ အကြင်သာမဏေသည် ရဟန်းတို့က ရှင်ပြုပေးသည့် ဖြစ်ပါလျက် သက်န်းကို ချွတ်၍ သက်န်း၌ အာလယ မပြတ်ဘဲ မေထုန် မှီဝဲ၏၊ နောက်တဖန် သက်န်းကိုပြန်ဝတ်ပြီး ရှင်သာမဏေ ဖြစ်ကြောင်း ကိုဝန်ခံ၏၊ ထိုပုဂ္ဂိုလ်သည် ရဟန်းတို့ ဝတ်ပေးသော အသွင်ကို မစွန့်သောကြောင့် လိင်္ဂတ္ထေနက မဖြစ်၊ အသွင် အားလျော်စွာ သော ပေါင်းသင်းမှုကိုလည်း မသာယာသောကြောင့် သံဝါ-သတ္ထေနကလည်း မဖြစ်ပါ။

၂၅။ အကြင်သူသည် သိက္ခာချ၏၊ သက်န်းကို ချွတ်ပစ်၏၊ ညစ်နွမ်း သောအမှုကို ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ ငါ့ကို ဘယ်သူမျှ မသိချေ၊ ရှေး၌ဆိုခဲ့သည့်အတိုင်း ရဟန်းတို့၏ ဝါ စသည်တို့ကို ရေတွက်ခြင်း ပြု၏၊ ထို ပုဂ္ဂိုလ် မျိုးသည် ထေယျသံဝါသက ဖြစ်ပါသည်။

၂၆။ အကြင်သူသည် သက်န်း၌ တွယ်တာမှု ကင်း၏၊ အဝတ် မဆီး အချီးနှီးသော်ငြား၊အဝတ်ဖြူကို ဝတ်၍သော်ငြား မေထုန် မှီဝဲခြင်း

၂၇။ သစေ ဂိဟိဘာဝံ ပတ္ထယမာနော ကာသာယံ ဩဝဋ္ဋိကံ ကတွာ အညေနဝါ အာကာရေန ဂိဟိနိဝါသနေန နိဝါသေတိ "သောဘတိ နုခေါ မေ ဂိဟိလိင်္ဂံ နသောဘတီ" တိ ဝီမံသနတ္ထံ၊ ရက္ခတိ တာဝ၊ "သောဘတီ" တိ သမ္ပဋိစ္ဆိတွာ ပန လိင်္ဂံ သာဒယတိ၊ လိင်္ဂတ္ထေနကော ဟောတိ၊ (ကင်္ခါဋ္ဌ-၁၆၈)။

၂၈။ သစေပိ နိဝတ္ထကာသာဝဿ ဥပရိ ဩဒါတံ နိဝါသေတွာ ဝီမံသတိ ဝါ သမ္ပဋိစ္ဆတိဝါ ရက္ခတိဝေ။ (ကင်္ခါဋ္ဌ-၁၆၉၊ မဟာဝါဋ္ဌ-၃၀၂)။

၂၉။ ရာဇဒုဗ္ဘိက္ခကန္တာရ- ရောဂဝေရိဘယေနဝါ။ စီဝရာဟရဏတ္ထံဝါ- လိင်္ဂံ အာဒိယတီဓ ယော။ သံဝါသံ နာဓိဝါသေတိ-ယာဝသော သုဒ္ဓမာနသော။ ထေယျသံဝါသကော နာမ-တာဝသေ နဝုစ္စတိ။ (ကင်္ခါဋ္ဌ-၁၀၅၊ မဟာဝါဋ္ဌ-၂၉၉)။

၃၀။ ယော ပန ဥပသမ္ပန္နော တိတ္ထိယဘာဝံ ပတ္ထယမာနော သယံဝါ ကုသစီရာဒိကံ တိတ္ထိယလိင်္ဂံ အာဒိယတိ၊ တေသံဝါ သန္တိကေ ပဗ္ဗဇတိ၊ နဂ္ဂေါ ဟုတွာ အာဇီဝကာနံ သန္တိကံ ဂန္တွာ တေသံ ဝတာနိ အာဒိယတိ၊ အယံ တိတ္ထိယပက္ကန္တကော နာမ။ (ကင်္ခါဋ္ဌ-၁၀၅)။

၃၁။ တိတ္ထိယေသု ပက္ကန္တကော ပဝိဋ္ဌော တိတ္ထိယပက္ကန္တကော။ သော ပန ကေဝလံ တတ္ထ ပဝိဋ္ဌမတ္တေနေဝ တိတ္ထိယပက္ကန္တကော ဟောတိ၊ အထ ခေါ တေသံ လဒ္ဓိဂ္ဂဟဏေန။ (ကင်္ခါဋ္ဌ-၁၇၁)။

၃၂။ ဥပသမ္ပန္နောတိ ဣမိနာ အနုပသမ္ပန္နေန တိတ္ထိယပက္ကန္တကော န ဟောတီတိ ဒဿေတိ။ (ကင်္ခါဋ္ဌ-၁၇၁)။

၃၃။ တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။ (မဟာဝဂ္ဂပါဠိ-၁၂၁)။

စသည်တို့ဖြင့် လူဖြစ်ပြီးမှ သင်္ကန်းကို တဖန်ပြန်ဝတ်၏၊ ထိုသူသည် လိင်္ဂတ္ထေနက ဖြစ်သည်။

၂၇။ အကြင်သူသည် လူထွက်လို၍ သင်္ကန်းကို ခါးတောင်းကျိုက်၍ သော်၎င်း၊ အခြားသော လူတို့၏ ဝတ်ဆင်နည်းဖြင့်သော်၎င်း၊ "ငါ၏ဝတ်နည်းသည် တင့်တယ်လေသလော၊ မတင့်တယ်လေသလော"ဟု စုံစမ်းရန် ဝတ်ဆင်အံ့၊ စုံစမ်းရုံမျှဖြင့် လိင်္ဂတ္ထေနက ဖြစ်သည်။

၂၀။ အကြင်သူသည် သင်္ကန်း၏အပေါ်မှ အဝတ်ဖြူကို ဝတ်၍ စုံစမ်းသည် ဖြစ်စေ၊ လက်ခံကျေနပ်သည် ဖြစ်စေ လိင်္ဂမတ္ထေနကမဖြစ်သေးချေ။

၂၉။ ဤသာသနာတော်၌ ပုဂ္ဂိုလ်တယောက်သည် မင်းဘေး၊ ငတ်မွတ်ခြင်း ဘေး၊ ကန္တာရခရီးခဲဘေး၊ ရောဂါဘေး၊ ရန်သူဘေးတို့ကြောင့် ဖြစ်စေ၊ သင်္ကန်းဆောင်ယူရန်ဖြစ်စေ၊ တစုံတခုသော အကြောင်းကြောင့် ရှင်ရဟန်း၏အသွင်ကိုယူ၏၊သန့်ရှင်းစင်ကြယ်သော စိတ်ရှိ၍ ရဟန်းဝါရေတွက်ခြင်း စသော သံဝါသကို မသာယာသေးသမျှ ကာလပတ်လုံး ဤပုဂ္ဂိုလ်မျိုးကို ထေယျသံဝါသကဟု မခေါ်နိုင်ချေ။

၃၀။ အကြင်ပုဂ္ဂိုလ်သည်ရဟန်းဖြစ်လျက် တိတ္ထိ၏အဖြစ်ကို တောင်းတ၍ ကိုယ်တိုင် သော်လည်း သမန်းမြက် အဝတ် စသော တိတ္ထိအသွင်အပြင်ကို ယူ၏၊ တိတ္ထိတို့၏ ထံ၌ သော်လည်း ရှင်ရဟန်းပြု၏၊ အဝတ်မဆီးဘဲ သော်လည်း တက္ကဒွန်းတို့၏ ထံသို့ သွား၍ တက္ကဒွန်းတို့၏ ဆောင့်ကြောင့်ထိုင်ခြင်း စသော အကျင့်တို့ကို ယူ၏။ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို တိတ္ထိယပက္ကန္တကဟုခေါ်သည်။

၃၁။ တိတ္ထိအသင်းအပင်း၌ ဝင်သောသူကို တိတ္ထိယပက္ကန္တကဟု ခေါ်သည်၊ အသင်းအပင်း ဝင်ရုံမျှဖြင့် တိတ္ထိယ ပက္ကန္တကမဖြစ်သေး၊ စင်စစ်အားဖြင့်သော်ကား တိတ္ထိတို့၏အယူကိုယူမှသာ တိတ္ထိယပက္ကန္တက ဖြစ်သည်။

၃၂။ ဥပသမ္ပန္နောဟူသော စကားဖြင့် လူသာမဏေသည် တိတ္ထိယပက္ကန္တက မဖြစ်နိုင်ကြောင်းကို ပြသည်။

၃၃။ ရဟန်းတို့....တိရစ္ဆာန်ကို ရဟန်းခံ မပေးရ၊ ရဟန်းခံပေးခဲ့သော် ဖျက်ဆီးပစ်စေဟု ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

၃၄။ ဌပေတွာ ပန မနုဿဇာတိကံ အဝသေသော သဗ္ဗောပိ တိရစ္ဆာန ဂတော နာမ။ (ကင်္ခါ-ဋ္ဌ-၁၀၅)။

၃၅။ တိရစ္ဆာနဂတော န ဘိက္ခုဝေတိ ဧတ္ထ နာဂေါဝါ ဟောတု၊ သုပဏ္ဏ မာဏဝကာဒီနံ ဝါ အညတရော, အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယ ယောကောစိ အမနုဿဇာတိယော၊ သဗ္ဗောဝ ဣမသ္မိံ အတ္ထေ တိရစ္ဆာနဂတောတိ ဝေဒိတဗ္ဗော။ (မဟာဝါ ဋ္ဌ-၃၀၄)။

၃၆။ ယေန မနုဿဇာတိကာ ဇနေတ္တိ သယမ္ပိ မနုဿဘူတာဧဝ သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတာ၊ အယံ မာတုဃာတကော နာမ။ ပိတုဃာတ ကောပိ ဧသေဝနယော။ (ကင်္ခါ ဋ္ဌ-၁၀၅)။

၃၇။ ယေန ပန မနုဿိတ္ထိဘူတာပိ အဇနိကာ ပေါသာဝနိကာ မာတာ ဝါ မဟာမာတာဝါ စူဠမာတာဝါ ဇနိကာပိဝါ န မနုဿိတ္ထိ ဘူတာ မာတာ ဃာတိတာ၊ တဿ ပဗ္ဗဇ္ဇာ န ဝါရိတာ၊ န စ အာနန္တ ရိကော ဟောတိ။ (မဟာဝါ ဋ္ဌ-၃၀၅)။

၃၈။ သစေပိ ဟိ ဝေသိယာ ပုတ္တော ဟောတိ "အယံ မေ ပိတာ" တိ နဇာနာတိ၊ ယဿ သမ္ဘဝေန နိဗ္ဗတ္တော၊ သော စေ အနေန ဃာတိ တော၊ "ပိတုဃာတကော" တွေဝ သင်္ချံ ဂစ္ဆတိ၊ အာနန္တရိယဉ္စ ဖုသတိ။ (မဟာဝါ ဋ္ဌ-၃၀၅)။

၃၉။ ပရိဝတ္တိတလိင်္ဂံပိ မာတရံ ပိတရံ ဝါ ဇီဝိတာ ဝေါရောပေန္တဿ အာနန္တရိယကမ္မံ ဟောတိ ယေဝ။ (သာရတ္ထ ဋီ,တ-၂၆၀)

၄၀။ ယေန အန္တမသော ဂိဟိလိင်္ဂေ ဌိတောပိ မနုဿဇာတိကော ခီဏာ သဝေါ သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတော၊ အယံ အရဟန္တ ဃာတကော နာမ။ (ကင်္ခါ ဋ္ဌ-၁၀၅)။

၄၁။ အမနုဿဇာတိကံ ပန အရဟန္တံ, မနုဿဇာတိကံ ဝါ အဝသေသံ အရိယပုဂ္ဂလံ ဃာတေတွာ အာနန္တရိယော န ဟောတိ၊ ပဗ္ဗဇ္ဇာပိဿ နဝါရိတာ၊ ကမ္မံ ပန ဗလဝံ ဟောတိ။ (မဟာဝါ ဋ္ဌ-၃၀၅)။

၄၂။ ယော ပန ပကတတ္တံ ဘိက္ခုနိံ တိဏ္ဏံ မဂ္ဂါနံ အညတရသ္မိံ မဂ္ဂေ ဒူသေတိ၊ အယံ ဘိက္ခုနိဒူသကော နာမ။ (ကင်္ခါ ဋ္ဌ-၁၀၅၊ မဟာဝါ ဋ္ဌ-၃၀၅)။

၃၄။ လူဇာတ်ရှိသူမှတပါး အားလုံး တိရစ္ဆာန်ချည်းသာ ဖြစ်ကုန်၏။

၃၅။ တိရစ္ဆာနဂတော ဘိက္ခဝေ-ဟူသောပါဠိတော်၌....နဂါးဖြစ်စေ၊ လုလင်ယောင် ဆောင်လာသော ဂဠုန် အစရှိသည် တို့တွင် တယောက်ယောက် ဖြစ်စေ၊ အထက်ဆုံး အပိုင်းအခြားအားဖြင့် သိကြားမင်းမှစ၍ အမှတ်မရှိ တစုံတယောက်သော အမနုဿဇာတ်၌ ဖြစ်သူပင် ဖြစ်စေ၊ အလုံးစုံသော အမနုဿဇာတ်၌ ဖြစ်သူအားလုံးကိုသာ ဤတိရစ္ဆာနဂတော ဘိက္ခဝေ- ဟူသော ပုဒ်၏အနက်၌ "တိရစ္ဆာန်"ဟု သိမှတ်ရမည်။

၃၆။ အကြင်သူသည် လူဇာတ်စစ်စစ်အမှန်ဖြစ်၏၊ ကိုယ်တိုင်ကလည်း လူပင်ဖြစ်၏၊ လူဖြစ်သောသူအား အသက်သေအောင် သတ်ဖြတ်၏၊ ထိုသူမျိုးကို မာတုဃာတကကံထိုက်သည်ဟု ဆိုလေသည်။ ပိတုဃာတကကိုလည်း ဤနည်းအတိုင်း ယူရလေသည်။

၃၇။ အကြင်သူသည် လူမိန်းမပင်ဖြစ်သော်လည်း အမိရင်း မဟုတ်၊ မွေးစားသော မိခင်ကိုသော်ရင်း၊ အဒေါ်ကြီး အဒေါ်လေးကို သော်ရင်း၊ အမိရင်းဖြစ်သော်လည်း လူမိန်းမမဟုတ်သောမိခင် ကိုသော်ရင်း သတ်ငြားအံ့၊ ထိုသူအား ရဟန်းအဖြစ်မှ မတားမြစ်၊ အာနန္တရိယကံလည်း မထိုက်ချေ။

၃၈။ ပြည်တန်းဆာ၏သားဖြစ်၍ "ဤသူသည် ငါ၏အဘ"ဟု မသိစေကာမူ၊ ပုဂ္ဂိုလ်တဦး၏သုက်သွေးကြောင့်လူဖြစ်ခဲ့ရ၏၊ ထိုသူ့ကိုသတ်ဖြတ်မိအံ့၊ ပိတုဃာတကကံထိုက်၏၊ အာနန္တရိယ ကံလည်းထိုက်၏။

၃၉။ လိင်ပြောင်းသွားသော အမိအဖကို သတ်မိပါက အာနန္တရိယကံ ထိုက်သည်သာတည်း။

၄၀။ အကြင်သူသည် အယုတ်ဆုံးအားဖြင့် လူဝတ်ကြောင် ရဟန္တာကို စေတနာနှင့်တကွ စေ့ဆော်၍ သတ်အံ့၊ ထိုသူသည် အရဟန္တဃာတကကံထိုက်သည်သာတည်း။

၄၁။ လူ ဇာတ်မဟုတ်သော ရဟန္တာနှင့် လူဇာတ်ပင် ဖြစ်သော်လည်း ရဟန္တာ ပုဂ္ဂိုလ်မှ ကြွင်းကျန်သော အရိယာများကို သတ်လျှင် အာနန္တရိယကံမထိုက်ချေ၊ သို့ရာတွင် ကံကား အလွန်ကြီးလှဘိ၏။

၄၂။ အကြင်သူသည် ပကတိသီလရှိသော ဘိက္ခုနီမကို သုံးမျိုးသော မဂ်တို့တွင် တမျိုးမျိုးသော မဂ်၌ ဖျက်ဆီး၏၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဘိက္ခုနီဒူသကဖြစ်၏။

၄၃။ ပကတတ္တံ ဘိက္ခုနိန္တိ ပရိသုဒ္ဓသီလံ ဥဘတောသံဃေ ဥပသမ္ပန္နံ ဘိက္ခုနိံ ။ (ကင်္ခါ ဋီ-၁၇၃)။

၄၄။ ယော ပန ကာယသံသဂ္ဂေန သီလဝိနာသံ ပါပေတိ၊ တဿ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ န ဝါရိတာ။ (မဟာဝါ ဋ္ဌ-၃၀၅)။

၄၅။ ဗလက္ကာရေန ဩဒါတဝတ္ထဝသနံ ကတွာ ဣစ္ဆမာနံ ဒူသေန္တော ဘိက္ခုနိ ဒူသကော န ဟောတိ။ (မဟာဝါ ဋ္ဌ ၃၀၅)။

၄၆။ ဣစ္ဆမာနန္တိ ဩဒါတဝတ္ထဝသနံ ဣစ္ဆမာနံ။ (သာရတ္ထ ဋီ,တ-၂၆၁)။

၄၇။ ယော ဒေဝဒတ္တော ဝိယ သာသနံ ဥဒ္ဓမ္မံ ဥဗ္ဗိနယံ ကတွာ စတုန္နံ ကမ္မာနံ အညတရဝသေန သံဃံ ဘိန္ဒတိ၊ အယံ သံဃဘေဒကော နာမ။ (ကင်္ခါ ဋ္ဌ-၁၀၆၊ မဟာဝါ ဋ္ဌ-၃၀၆)။

၄၈။ စတုန္နံ ကမ္မာနန္တိ အပလောကနာဒီနံ စတုန္နံ ကမ္မာနံ။ (သာရတ္ထ ဋီ, တ-၂၆၁)။

၄၉။ ယော ဒေဝဒတ္တောဝိယ ဒုဋ္ဌစိတ္တေန ဝဓကစိတ္တေန တထာဂတဿ ဇီဝမာန ကသရီရေ ခုဒ္ဒကမက္ခိကာယ ပိဝနမတ္တမ္ပိ လောဟိတံ ဥပ္ပါဒေတိ၊ အယံ လောဟိတုပ္ပါဒကော နာမ။ (ကင်္ခါ ဋ္ဌ-၁၀၆၊ မဟာဝါ ဋ္ဌ-၃၀၆)။

၅၀။ ယော ပန ရောဂဝူပသမနတ္ထံ ဇီဝကောဝိယ သတ္ထေန ဖာလေတွာ ပူတိမံသဉ္စ လောဟိတဉ္စ နီဟရိတွာ ဖာသုံ ကရောတိ၊ ဗဟုံ သော ပုညံ ပသဝတိ။ (မဟာဝါ ဋ္ဌ-၃၀၆)။

၅၁။ အထ ယေ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ? ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ။ (သာရတ္ထဋီ,တ-၂၆၁)။

၅၂။ သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ ပရိဘောဂ စေတိယတော ဟိ သရီရစေတိယံ ဂရုတရံ။ (သာရတ္ထဋီ,တ-၂၆၁)။

၄၃။ ပကတိ သီလရှိသော ဘိက္ခုနီမဟူသည် သီလစင်ကြယ်ပြီး ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာတို့၏ထံ၌ ရဟန်းအဖြစ်သို့ ရောက်သော ဘိက္ခုနီမတည်း။

၄၄။ အကြင်သူသည် ကိုယ်လက်နှီးနှောခြင်းဖြင့် ဘိက္ခုနီမ၏ သီလကို ဖျက်ဆီး၏၊ ထိုပုဂ္ဂိုလ်အား ရှင်အဖြစ်နှင့် ရဟန်း အဖြစ်ကို တားမြစ်ချက် မရှိချေ။(ဘိက္ခုနီမသည်ကာယသံသဂ္ဂပြု၍သာယာလျှင် ပါရာဇိကကျ၏)။

၄၅။ ဘိက္ခုနီမကိုယ်တိုင်က အာသာရှိ၍ အဝတ်ဖြူကိုဝတ်၍ နေရာ၌ နိုင်ထက်စီးနင်းပြုလုပ်ပြီး ဖျက်ဆီးသော်လည်း ဘိက္ခုနီဒူသက မဖြစ်ချေ။

၄၆။ ဩဒါတဝသနဟူသည် အဝတ်ဖြူကိုဝတ်၍ ကာမဆန္ဒကိုအလိုရှိသော ဘိက္ခုနီမတည်း။

၄၇။ အကြင်ပုဂ္ဂိုလ်သည်ဒေဝဒတ်ကဲ့သို့ သာသနာတော်ကို ဓမ္မဝိနယမှလွတ်၍ ကံလေးမျိုးတို့တွင် တမျိုးမျိုးဖြင့်သံဃာကို သင်းခွဲ၏၊ ထိုပုဂ္ဂိုလ်သည် သံဃဘေဒက ပုဂ္ဂိုလ်မည်၏။

၄၈။ စတုန္နံကမ္မာနံ ဟူသည် အပလောကန စသော လေးမျိုးသော ကံတို့ကို ခေါ်သည်။

၄၉။ အကြင်သူသည် ဒေဝဒတ်ကဲ့သို့ ပြစ်မှားသောစိတ်၊ သေစေလိုသောစိတ်ဖြင့် အသက်ရှင်ဆဲဖြစ်သော ဘုရားရှင်၏ ကိုယ်မှ သွေးကို ယင်ငယ်သောက်လောက်ရုံမျှမြေသို့ကျစေအံ့၊ ထိုသူသည် လောဟိတုပ္ပါဒကကံထိုက်၏။

၅၀။ အကြင်သူသည် ရောဂါငြိမ်းပျောက်ခြင်းအကျိုးငှာ သမားတော်ဇီဝကကဲ့သို့ ဒါးဖြင့် ဖေါက်ခွဲ၍ သွေးသားပုပ်တို့ကိုပယ်ထုတ်၍ ချမ်းသာအောင်ပြု၏၊ ထိုသူသည် ကုသိုလ်ပင် တိုးပွားသေး၏။

၅၁။ အကြင်ပုဂ္ဂိုလ်သည် ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးသော် စေတီကို ဖျက်ဆီးကုန်အံ့၊ ဗောဓိပင်ကိုဖြတ်စေအံ့၊ဓာတ်တော်ကို ဖျက်ဆီးကုန်အံ့၊ ထိုပုဂ္ဂိုလ်တို့အား မည်သို့ဖြစ်သနည်း၊ ကံ ကြီးလေး၏၊ အာနန္တရိယကံနှင့်တူ၏။

၅၂။ ဘုရား၏ ဓာတ်တော်ကိန်းဝပ်သော စေတီ ပုထိုး ရုပ်ပွားများကို ထိခိုက်နေသော ဗောဓိပင်ကို ဖြတ်ကောင်း ပါ၏၊ အကယ်၍ ဗောဓိပင်၌ နားကုန်သော ငှက်တို့သည် စေတီပေါ်၌ ကျင်ကြီး

၅၃။ ယဿ ဝုတ္တိနိမိတ္တုပ္ပါဒနကမ္မတော စ ပုရိသနိမိတ္တုပ္ပါဒနကမ္မတော စ ဥဘတော ဒုဝိဓမ္ပိ ဗျဉ္ဇနံ အတ္ထိ၊ အယံ ဥဘတောဗျဉ္ဇနကော နာမ။ (ကင်္ခါ ဋ္ဌ-၁၀၆)။

၅၄။ သော ဒုဝိဓော ဟောတိ ဣတ္ထိဥဘတော ဗျဉ္ဇနကော, ပုရိသဥဘတောဗျဉ္ဇနကော ဝါတိ။ (ကင်္ခါ ဋ္ဌီ-၁၇၄၊မဟာဝါ ဋ္ဌ-၃၀၆)။

၅၅။ တတ္ထ ဣတ္ထိဥဘတောဗျဉ္ဇနကဿ ဣတ္ထိနိမိတ္တံ ပါကဋံ ဟောတိ၊ ပုရိသနိမိတ္တံ ပဋိစ္ဆန္နံ၊ ပုရိသဥဘတောဗျဉ္ဇနကဿ ပုရိသနိမိတ္တံ ပါကဋံ၊ ဣတ္ထိနိမိတ္တံ ပဋိစ္ဆန္နံ။ (ကင်္ခါ ဋ္ဌီ-၁၇၄)။

၅၆။ ဣတ္ထိဥဘတောဗျဉ္ဇနကဿ ဣတ္ထီသု ပုရိသတ္တံ ကရောန္တဿ ဣတ္ထိနိမိတ္တံ ပဋိစ္ဆန္နံ ဟောတိ၊ ပုရိသနိမိတ္တံ ပါကဋံ ဟောတိ။ ပုရိသဥဘတောဗျဉ္ဇနကဿ ပုရိသာနံ ဣတ္ထိဘာဝံ ဥပဂစ္ဆန္တဿ ပုရိသနိမိတ္တံ ပဋိစ္ဆန္နံ ဟောတိ၊ဣတ္ထိနိမိတ္တံ ပါကဋံ ဟောတိ။ (မဟာဝါ ဋ္ဌ-၃၀၆)။

၅၇။ ဣတ္ထိ ဥဘတောဗျဉ္ဇနကော သယဥ္စ ဂဗ္ဘံ ဂဏှာတိ၊ပရဥ္စ ဂဏှာပေတိ။ ပုရိသဥဘတောဗျဉ္ဇနကော ပန သယံ နဂဏှာတိ။ပရံ ဂဏှာပေတီတိ ဣဒမေတေသံ နာနာကရဏံ။ (မဟာဝါ ဋ္ဌ-၃၀၆)။

၅၈။ ဗျဉ္ဇနန္တိ စေတ္ထ ဣတ္ထိနိမိတ္တံ ပုရိသနိမိတ္တဉ္စ အဓိပ္ပေတံ။ (သာရတ္ထ ဋ္ဌီ,တ-၂၆၂)။

၅၉။ အထ ဥဘတော ဗျဉ္ဇနကဿ ကေမေဝ ဣန္ဒြိယံ၊ ဥဒါဟု ဒွေတိ? ကေမေဝ။ (သာရတ္ထဋ္ဌီ,တ-၂၆၂)။

ဥတ္တိဒေါသ

၆၀။ ကထံ ဥတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ပဥ္စဟာကာရေဟိ ဥတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ဝတ္ထုံ န ပရာမသတိ၊ သံဃံ န ပရာမသတိ၊ ပုဂ္ဂလံ န ပရာမသတိ၊ ဥတ္တိံ န ပရာမသတိ၊ ပစ္ဆာ ဝါ ဥတ္တိံ ဌပေတိ။ ဣမေဟိ ပဥ္စဟာကာရေဟိ ဥတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိ။ (ပရိဝါပါဠိ-၃၀၀)။

စွန့်ကုန်အံ့၊ မောဓိကိုင်းကို ဖြတ်ကောင်းသည်သာ။ မှန်၏၊ ပရိဘောဂ စေတီထက် ဓာတုစေတီကို အလေးဂရုပြုထိုက်၏။

၅၃။ အကြင်ပုဂ္ဂိုလ်အား မိန်းမဖြစ်စေတတ်သောကံ၊ ယောက်ျား ဖြစ်စေတတ်သော ကံနှစ်မျိုးတို့ကြောင့် ဗျည်းနှစ်ခုရှိ၏၊ ထိုသူမျိုးကို ဥဘတောဗျည်းဟု ခေါ်သည်။

၅၄။ ဥဘတောဗျည်းသည်မိန်းမဥဘတောဗျည်း၊ယောက်ျား ဥဘတော ဗျည်းဟု နှစ်မျိုးရှိသည်။

၅၅။ ထိုနှစ်မျိုးတွင် မိန်းမဥဘတောဗျည်းအား မိန်းမနိမိတ် ထင်ရှား၏၊ ယောက်ျားနိမိတ်မထင်ရှား၊ ယောက်ျား ဥဘတောဗျည်း အား ယောက်ျား နိမိတ်ထင်ရှား၏၊ မိန်းမနိမိတ် မထင်ရှား။

၅၆။ မိန်းမဥဘတောဗျည်းသည် မိန်းမတို့၌ ယောက်ျားကိစ္စ ပြုသည် ရှိသော် မိန်းမနိမိတ် ဖုံးကွယ်၏၊ ယောက်ျားနိမိတ် ထင်ရှား၏၊ ယောက်ျား ဥဘတောဗျည်းသည် ယောက်ျားတို့၏ မိန်းမကိစ္စ ရောက်သည်ရှိသော် ယောက်ျားနိမိတ် ဖုံးကွယ်၏၊ မိန်းမ နိမိတ် ထင်ရှား၏။

၅၇။ ဇာတ္တိ ဥဘတောဗျည်းသည် ကိုယ်တိုင်လည်း ကိုယ်ဝန် ယူနိုင်၏၊ သူတပါးကိုလည်း ကိုယ်ဝန်ယူစေနိုင်၏၊ ယောက်ျား ဥဘတော ဗျည်းကား ကိုယ်တိုင်က ကိုယ်ဝန်မယူ သူတပါးကိုကား ကိုယ်ဝန် ယူစေနိုင်သည်၊ ဤသို့ထူးခြား၏။

၅၈။ ဤနေရာ၌ဗျည်းဟူသည် မိန်းမ နိမိတ်၊ ယောက်ျား နိမိတ်ကို ဆိုသတည်း။

၅၉။ ဥဘတောဗျည်းသည် ဇာခွေ့တခု ပါသလော၊ နှစ်ခု ပါသလော ဟူမူ တခုသာလျှင် ပါသည်။

ဥတ်၏အပြစ်များ

၆၀။ အဘယ်သို့လျှင် ဥတ်အားဖြင့် ဝိနည်းကံတို့သည် ပျက်စီးနိုင်ကုန် သနည်း။

၁-ဝတ္ထုခေါ် ရဟန်းလောင်းကို မသုံးသပ်ခြင်း၊ ၂-သံဃာကို မသုံးသပ်ခြင်း၊ ၃-ဥပဇ္ဈာယ်ဆရာကို မသုံးသပ်ခြင်း၊ ၄-ဥတ်ကို မသုံးသပ်ခြင်း၊ ၅-နောက်မှ ဥတ်ထားခြင်း။ ဤငါးမျိုးသော အခြင်းအရာအားဖြင့် ဥတ်ကြောင့် ဝိနည်းကံများပျက်နိုင်သည်။ (ဤမှ အပြန်အားဖြင့် ပြည့်စုံနိုင်သည်)။

**အနုဿာဝနဒေါသ**

၆၁။ ကထံ အနုဿာဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ပဉ္စဟာကာရေဟိ အနုဿာဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ဝတ္ထုံ န ပရာမသတိ၊ သံဃံ န ပရာမသတိ၊ ပုဂ္ဂလံ န ပရာမသတိ၊ သာဝနံ ဟာပေတိ၊ အကာလေ ဝါ သာဝေတိ။ ဣမေဟိ ပဉ္စဟာကာရေဟိ အနုဿာဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ။ (ပရိဝါ ပါဠိ-၃၈၁)။

၆၂။ သာဝနံ ဟာပေတီတိ သဗ္ဗေန သဗ္ဗံ ကမ္မဝါစာယ အနုဿာဝနံ န ကရောတိ၊ ဉတ္တိဒုတိယကမ္မေ ဒွိက္ခတ္တုံ ဉတ္တိမေဝ ဌပေတိ၊ ဉတ္တိစတုတ္ထကမ္မေ စတုက္ခတ္တုံ ဉတ္တိမေဝ ဌပေတိ၊ ဧဝံ အနုဿာဝနံ ဟာပေတိ။ ယောပိ ဉတ္တိဒုတိယကမ္မေ ဧကံ ဉတ္တိံ ဌပေတွာ ဧကံ ကမ္မဝါစံ အနုဿာဝေန္တော အက္ခရံ ဝါ ဆဍ္ဍေတိ၊ ပဒံ ဝါ ဒုရုတ္တံ ကရောတိ၊ အယမ္ပိ အနုဿာဝနံ ဟာပေတိယေဝ။ ဉတ္တိစတုတ္ထကမ္မေ ပန ဧကံ ဉတ္တိံ ဌပေတွာ သကိမေဝ ဝါ ဒွိက္ခတ္တုံ ဝါ ကမ္မဝါစာယ အနုဿာဝနံ ကရောန္တောပိ အက္ခရံ ဝါ ပဒံ ဝါ ဆဍ္ဍေန္တောပိ ဒုရုတ္တံ ကရောန္တောပိ အနုဿာဝနံ ဟာပေတိယေဝါတိ ဝေဒိတဗ္ဗော။ (ပရိဝါ ဋ္ဌ-၂၄၆)။

၆၃။ သဗ္ဗေန သဗ္ဗံ ပန ကမ္မဝါစံ အဝတွာ စတုက္ခတ္တုံ ဉတ္တိကိတ္တနမေဝ၊ အထဝါ ပန ကမ္မဝါစာဗ္ဘန္တရေ အက္ခရဿ ဝါ ပဒဿ ဝါ အနုစ္စာရဏံ ဝါ ဒုရုစ္စာရဏံ ဝါ သာဝနာယ ဟာပနံ နာမ။ (ကင်္ခါ ဋ္ဌ-၁၀၆)။

၆၄။ ဟာပနံ ပရိစ္စဇနံ။ ယောပိ ဧကံ ဉတ္တိံ ဌပေတွာ သကိယေဝ ဝါ ဒွိက္ခတ္တုံ ဝါ အနုဿာဝနံ ကရောတိ၊ အယမ္ပိ သာဝနံ ဟာပေတိ ယေဝ။ (ကင်္ခါ ဋီ-၁၇၄)။

**ကမ္မဝါစာ၏အပြစ်များ**

၆၁။ အဘယ်သို့လျှင် ကမ္မဝါစာအားဖြင့် ဝိနည်းကံတို့သည် ပျက်စီးနိုင်ကုန်သနည်း။ ၁-ဝတ္ထုခေါ် ရဟန်းလောင်းကိုမသုံးသပ်ခြင်း၊ ၂-သံဃာကို မသုံးသပ်ခြင်း၊ ၃-ဥပဇ္ဈာယ်ဆရာကိုမသုံးသပ်ခြင်း၊ ၄-ကမ္မဝါစာကို ဆုတ်ယုတ်စေခြင်း၊ ၅-အခါမဟုတ် သည်၌ကြားခြင်း၊ ဤငါးမျိုးသော အခြင်းအရာအားဖြင့် ဝိနည်းကံများ ပျက်နိုင်သည်။ (ထိုမှပြန်သောအားဖြင့် ပြည့်စုံနိုင်၏)။

၆၂။ သာဝနဟာပန ဟူသည် အခါခပ်သိမ်း ကမ္မဝါစာကြားသိစေခြင်းကို မပြုခြင်း (လုံးလုံး ကမ္မဝါစာ မဘတ်ခြင်း) ဉတ္တိဒုတိယကံ၌ နှစ်ကြိမ်လုံး ဉတ်ထားခြင်း၊ ဉတ္တိစတုတ္ထကံ၌ လေးကြိမ်လုံး ဉတ်ကိုသာ ထားခြင်းတို့တည်း။ ဤသို့ ပြုသော် ကမ္မဝါစာကို ယုတ်လျော့စေသည်မည်၏။ (ကံပျက်၏)။
အကြင် ရဟန်းသည် ဉတ္တိ ဒုတိယကံ၌ ဉတ်တကြိမ်ထား၍ ကမ္မဝါစာတကြိမ် ဘတ်သည်ရှိသော် အက္ခရာကို စွန့်လျက်သော်၎င်း၊ ပုဒ်ကို မကောင်းသဖြင့် ရွတ်သော်၎င်း ကမ္မဝါစာ ယုတ်လျော့စေသည်မည်၏။ (ကံပျက်၏)။
ဉတ္တိစတုတ္ထကံ၌ ဉတ်တကြိမ်သာ ထား၍ ကမ္မဝါစာ တကြိမ် နှစ်ကြိမ် ကြားသိစေခြင်းကို ပြုသော်၎င်း၊ အက္ခရာပုဒ်တို့ကို စွန့်သော်၎င်း၊ မကောင်းသဖြင့်ရွတ်သော်၎င်း ကမ္မဝါစာကို ယုတ်လျော့စေသည်မည်၏။ (ကံပျက်၏)။
(ကမ္မဝါစာ ရွတ်ဘတ်ရာ၌ ချောင်းဆိုးခြင်း စာလုံးပျောက်၍ မရွတ်မိခြင်းတို့ကို သတိပြုပါ)။

၆၃။ အခါခပ်သိမ်း ကမ္မဝါစာ မဘတ်ဘဲ လေးကြိမ်လုံး ဉတ်သာ ကြားသိ၏၊ တနည်းအားဖြင့် ကမ္မဝါစာ ရွတ်ဘတ်စဉ် အတွင်း၌ အက္ခရာပုဒ်ကို မရွတ်ဘတ်မိခြင်းသည်၎င်း၊ မကောင်းသဖြင့် ရွတ်ခြင်းသည်၎င်း၊ကမ္မဝါစာ ယုတ်လျော့စေခြင်းမည်၏။(ကံပျက်၏)။

၆၄။ ယုတ်လျော့ခြင်း ဟူသည် စွန့်လွှတ်ခြင်းပင်တည်း၊အကြင်သူသည် ဉတ်တကြိမ်ထားပြီး ကမ္မဝါစာကို တကြိမ်သော်၎င်း နှစ်ကြိမ်သော်၎င်း ကြားသိစေ၏။ ထိုသို့ကြားသိစေခြင်းမျိုး သည်လည်း သာဝနဟာပနပင် မည်၏။ (ဥပသမ္ပဒကံအရာ၌သာ ဆိုသည်)။

၆၅။ ဒုရုစ္စာရဏံနာမ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညဿ ဝစနံ။ (ကင်္ခါ ဋီ-၁၇၄)။

၆၆။ ဒုရုတ္တံ ကရောတီတိ ဧတ္ထပန အယံ ဝိနိစ္ဆယော၊ ယော ဟိ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ အယံ ဒုရုတ္တံ ကရောတိနာမ။ တသ္မာ ကမ္မဝါစံ ကရောန္တေန ဘိက္ခုနာ ယွာယံ-

သိထိလံ ဓနိတဉ္စ ဒီဃရဿံ,
ဂရုကံ လဟုကဉ္စ နိဂ္ဂဟိတံ၊

သမ္ဗန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ,
ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါတိ ဝုတ္တော၊
အယံ သုဋ္ဌု ဥပလက္ခေတဗ္ဗော။ (ပရိဝါ ဋ္ဌ-၂၄၇)

**သိထိလံနာမ**

၆၇။ သိထိလံနာမ ပဉ္စသု ဝဂ္ဂေသု ပဌမတတိယံ။ (ပရိဝါ ဋ္ဌ-၂၄၇)။
ပဉ္စဝဂ္ဂေသု ယံ ဝုတ္တံ, ပဌမံ တတိယံ တထာ၊
ဒသဓာ ဗျဉ္ဇနံ ဧကံ, သိထိလန္တိ ပကာသိတံ။
သိထိလေန အဂါဠှေန, အထဒ္ဓေနေ ဝ သဗ္ဗဒါ၊
ဝစီပယောဂ မုဒုနာ, ဝတ္တဗ္ဗက္ခရဘာဝတော။
(ကာရိကာပါဠိ-၁၁၀-၁၁၁)။

**ဓနိတံနာမ**

၆၈။ ဓနိတံနာမ တေသွေဝ ဒုတိယစတုတ္ထံ။ (ပရိဝါ ဋ္ဌ-၂၄၇)။
ပဉ္စဝဂ္ဂေသု ဒုတိယံ, စတုတ္ထံ ဓနိတဝှယံ၊
ဂါဠှဝစီပယောဂေန, ဝတ္တဗ္ဗက္ခရဘာဝတော။
(ကာရိကာ ပါဠိ-၁၁၂)။

၆၅။ မကောင်းသဖြင့် ရွတ်ခြင်းဟူသည် "ခ"ကို ရွတ်ရာ၌ "ပ"ကို ရွတ်ခြင်းတည်း။

၆၆။ မကောင်းသဖြင့် ရွတ်ခြင်းဟူသည် ဤနေရာ၌ ဤအဆုံးအဖြတ်ကို သိအပ်၏။ အက္ခရာ အမှန်ကို မရွတ်မိဘဲ အက္ခရာတပါးကို ပြောင်းလွဲ၍ ရွတ်ခြင်းမျိုးသည် မကောင်းသဖြင့် ရွတ်ခြင်းမည်၏။ ထို့ကြောင့် ကမ္မဝါစာ ဘတ်ရွတ်သော ရဟန်းသည် အောက်ပါ အကြောင်း အရာတို့ကို ကောင်းစွာ သတိပြု မှတ်သားသင့်၏။ (က) သိထိလ- လျော့လျော့ ရွတ်ခြင်း၊ (ခ) ဓနိတ- မာမာရွတ်ခြင်း၊ (ဂ) ဒီဃ-ရှည်ရှည် ရွတ်ခြင်း၊ (ဃ) ရဿ- တိုတိုရွတ်ခြင်း၊ (င) ဂရု- လေးလေး ရွတ်ခြင်း၊ (စ) လဟု- ပေါ့ပေါ့ရွတ်ခြင်း၊ (ဆ) နိဂ္ဂဟိတ- နှာခေါင်းသံဖြင့် ရွတ်ခြင်း၊ (ဇ) သမ္ဗန္ဓ-ဆက်စပ်၍ရွတ်ခြင်း၊ (ဈ) ဝဝတ္ထိတ- ဖြတ်၍ ရပ်၍ ရွတ်ခြင်း၊ (ည) ဝိမုတ္တ-အသံကိုလွှတ်၍ရွတ်ခြင်း- ဟူ၍ ဗျဉ္ဇနဗုဒ္ဓိဆယ်မျိုးရှိလေသည်၊ ဤဆယ်မျိုးကို ကမ္မဝါစာဖတ် သူတို့ အထူး သတိပြုသင့်လှပေ၏။

**မြန်မာအသံဆယ်မျိုး။** ။(ပုဒ်စပ်ချောမွေ့ သန္ဓေ့ခြားဖြတ် သံလွှတ်ဖွင့်ဆို ရှည်တိုလေးပေါ့ တင်းလျော့နိဂ္ဂဟိတ် အစိတ်အဖြာ အင်္ဂါ ဆယ်ခု ဘတ်မှုမကျွမ်း နားမချမ်းမှု တတ်စွမ်းသောလျောက် အကောက်အငင် မသင်ပြင်ဘဲ မဖင့်နွှဲနှင့်။ ။ကိုးခန်းပျို့)။

၆၇။ သိထိလ-သိထိလဟူသည် ဝဂ်အက္ခရာတို့တွင် ပဌမအက္ခရာနှင့် တတိယအက္ခရာတို့ကို ခေါ်၏၊ (က စ ဋ တ ပ၊ ဂ ဇ ဍ ဒ ဗ)။ ဝဂ်ငါးမျိုးတို့တွင် ပဌမအက္ခရာငါးလုံး တတိယအက္ခရာငါးလုံး အားဖြင့် ဆယ်လုံးသော အက္ခရာတို့သည် ဌာန်ကရိုဏ်းတို့ကို လျော့လျော့ ပေါ့ပေါ့ ရွတ်ရ၏၊ အခါခပ်သိမ်း မပြင်းမထန် ရွတ်ရ၏၊ မကြမ်းထမ်းသည်သာလျှင်ဖြစ်သော နူးညံ့သိမ်မွေ့သော ဝစီပယောဂဖြင့် ရွတ်ဆို အပ်သောကြောင့် သိထိလ အက္ခရာ မည်ကြကုန်၏။

၆၈။ ဓနိတ-ဓနိတ ဟူသည် ဝဂ် အက္ခရာ တို့တွင် ဒုတိယအက္ခရာနှင့် စတုတ္ထအက္ခရာတို့ကိုခေါ်၏။ (ခ ဆ ဌ ထ ဖ၊ ဃ ဈ ဎ ဓ ဘ)။ ဝဂ်ငါးပါးတို့တွင် ဒုတိယ အက္ခရာ ငါးလုံး စတုတ္ထအက္ခရာ ငါးလုံး ဆယ်လုံးသော အက္ခရာတို့သည် ဌာန်ကရိုဏ်းတို့ကို

ဒီဃံနာမ

၆၉။ ဒီဃန္တိ ဒီဃေန ကာလေန ဝတ္တဗ္ဗံ အာကာရာဒိ။ (ပရိဝါဋ္ဌ-၂၄၇)။

ရဿံနာမ

၇၀။ ရဿန္တိ တတော ဥပဍ္ဎကာလေန ဝတ္တဗ္ဗံ အကာရာဒိ။ (ပရိဝါဋ္ဌ-၂၄၇)။

ဂရုကံနာမ

၇၁။ ဂရုကန္တိ ဒီဃမေဝ, ယံ ဝါ အာယသ္မတော ဗုဒ္ဓရက္ခိတတ္ထေရဿ ယဿ နက္ခမတီတိ ဧဝံ သံယောဂ ပရံကတွာ ဝုစ္စတိ။ (ပရိဝါဋ္ဌ-၂၄၇)။

လဟုကံနာမ

၇၂။ လဟုကန္တိ ရဿမေဝ, ယံ ဝါ ဗုဒ္ဓရက္ခိတထေရဿ ယဿနခမတီတိ ဧဝံ အသံယောဂပရံ ကတွာ ဝုစ္စတိ။ (ပရိဝါဋ္ဌ-၂၄၇)။

ဒီဃဉ္စ သံယောဂပရံ, ဝုတ္တံဂရုကနာမကံ။
ရဿဉ္စာသံယောဂပရံ, ဘာသိတံ လဟုကဝှယံ။
(ကာရိကာ ပါဠ်-၁၁၃)။

နိဂ္ဂဟိတံနာမ

၇၃။ နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။ (ပရိဝါဋ္ဌ-၂၄၇)။

၇၄။ တတ္ထ ကရဏာနိ နိဂ္ဂဟေတွာ ကဏ္ဌာဒိအက္ခရုပ္ပတ္တိဋ္ဌာနာနိ နိဂ္ဂဟေတွာ ဒဠှံ ဃဋ္ဋေတွာတိ အတ္ထော။ အဝိဝဋေန မုခေနာတိ ဒန္တာဝရဏ ဩဋ္ဌဋ္ဌာနံ သံဃဋ္ဋနေန မုခေနာတိ အတ္ထော။ သာနုနာသိကံ ကတွာတိ သမ္မာ အနုနာသိကဋ္ဌာနေန ဥစ္စာရဏံ ကတွာတိ အတ္ထော။ (သဒ္ဒနီတိဋီကာ)။

ပြင်းပြင်းထန်ထန် ဖြစ်သော ဝစီပယောဂဖြင့် ရွတ်ဆိုအပ်သော ကြောင့် ဓနိတအက္ခရာတို့ မည်ကြကုန်၏။

**ဝိမုတ္တအက္ခရာများ။** ။သိထိလနှင့် ဓနိတမှ အလွတ်ဖြစ်သော အက္ခရာ များကား- င ည ဏ န မ ယ ရ လ ဝ သ ဟ ဠ-ဤ တဆယ့် နှစ်လုံးတို့ပင်တည်း။ ၎င်း (၁၂) လုံးတို့ကို သိထိလ အနေနှင့် ဖြစ်စေ ဓနိတအနေနှင့်ဖြစ်စေ ရွတ်ဆိုမိပါက ကံ မပျက်နိုင်ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော် မူကြကုန်၏။

၆၉။ ဒီဃ-ဒီဃဟူသည် နှစ်မတြာမျှ ရှည်သောကာလဖြင့် ရွတ်အပ် သော-အာ ဤ ဦ ဧ ဩ-တို့နှင့် ၎င်းတို့နှင့်ယှဉ်သော ဗျည်းတို့ကို ခေါ်၏။

၇၀။ ရဿ-ရဿဟူသည် တမတြာမျှ ရှည်သောကာလဖြင့် ရွတ်အပ် သော-အ ဣ ဥ-သုံးလုံးတို့နှင့် ၎င်းတို့နှင့်ယှဉ်သော ဗျည်းတို့ကို ခေါ်၏။

၇၁။ ဂရုက-ဂရုကဟူသည် ဒီဃသရ ငါးလုံး၊ နောက်၌သံယုဂ်ရှိသော အက္ခရာတို့ကို ခေါ်၏၊ နိဂ္ဂဟိတနှောင်းသော ရဿသရကိုလည်း ဂရုကဟုပင် ခေါ်သေး၏။

၇၂။ လဟုက-လဟုကဟူသည် ရဿ သရသုံးလုံး သံယုဂ်နှောင်းခြင်း မရှိသော အက္ခရာတို့ကို ခေါ်သည်။ သံယုဂ် နှောင်းသည်ကို ပြု၍ ရွတ်ဆိုအပ်သော ဒီဃသည်လည်း ဂရုကပင်မည်၏၊ သံယုဂ် မနှောင်းဘဲ ရွတ်ဆိုအပ်သော ရဿသည် လဟု မည်၏၊ဒီဃ နှင့်ဂရု၊ ရဿနှင့်လဟု တူကြ၏။

၇၃။ နိဂ္ဂဟိတ-နိဂ္ဂဟိတဟူသည် ဌာန်ကရိုဏ်းတို့ကိုနှိပ်၍ ဌာန်ကရိုဏ်း တို့ကို မလွှတ်ဘဲ မပွင့်သောခံတွင်းဖြင့် နှာခေါင်းမှ လေသံထွက် အောင် ရွတ်ဆိုရခြင်းမျိုးကို ခေါ်လေသည်။

**နိဂ္ဂဟိတအတွက် မှတ်သားချက်**

၇၄။ (က) လည်ချောင်းစသောအက္ခရာ ဖြစ်ပေါ်ရာ ဌာနတို့ကို နှိပ်၍ မြဲမြံစွာ ထိခိုက်စေ၍ ရွတ်ဆိုရခြင်း၊ (ခ) သွား၊ နှုတ်ခမ်းတို့ကို ပြင်းစွာထိခိုက်စေ၍ ခံတွင်းဖြင့် ရွတ်ဆိုရခြင်း၊ (ဂ) နှာခေါင်း မှလေသံကို ကောင်းစွာထွက်အောင် ရွတ်ဆိုရခြင်းဟု နိဂ္ဂဟိတ် အတွက် မှတ်သားချက် ၃-မျိုးရှိလေသည်။

**ဝိမုတ္တံနာမ**

၇၅။ ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဇ္ဇေန မုခေန အနုနာသိကံ အကတွာ ဝုစ္စတိ။ (ပရိဝါဠ-၂၄၇)။

**သမ္ဗန္ဓံနာမ**

၇၆။ သမ္ဗန္ဓန္တိ ယံ ပရပဒေန သမ္ဗန္ဓိတွာ တုဏှိဿာတိဝါ တုဏှဿာတိဝါ ဝုစ္စတိ။ (ပရိဝါဠ-၂၄၇)။

**ဝဝတ္ထိတံနာမ**

၇၇။ ဝဝတ္ထိတန္တိ ယံ ပရပဒေန အသမ္ဗန္ဓံ ကတွာ ဝိစ္ဆိန္ဒိတွာ တုဏှိ-အဿာ တိဝါ တုဏှ-အဿာတိဝါ ဝုစ္စတိ။ (ပရိဝါဠ-၂၄၇)။

၇၈။ သိထိလံနာမ ပဉ္စသု ဝဂ္ဂေသု ပဌမတတိယံ၊ ဓနိတံနာမ တေသွေဝ ဒုတိယစတုတ္ထံ၊ ဒီဃန္တိ ဒီဃေန ကာလေန ဝတ္တဗ္ဗံ အာကာရာဒိ၊ ရဿန္တိ တတော ဥပဍ္ဎကာလေန ဝတ္တဗ္ဗံ အကာရာဒိ၊ ဂရုကန္တိ ဒီဃမေဝ၊ ယံဝါ“အာယသ္မတော ဗုဒ္ဓရက္ခိတတ္ထေရဿ ယဿ နက္ခမတိ” တိ ဧဝံ သံယောဂပရံ ကတွာ ဝုစ္စတိ၊ လဟုကန္တိ ရဿမေဝ၊ “ယံဝါ အာယသ္မတော ဗုဒ္ဓရက္ခိတတ္ထေရဿ ယဿ နခမတီ”တိ ဧဝံ အသံယောဂပရံ ကတွာ ဝုစ္စတိ၊ နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝဇ္ဇေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ၊ သမ္ဗန္ဓန္တိ ယံ ပရပဒေန သမ္ဗန္ဓိတွာ “တုဏှိဿာ” တိဝါ “တုဏှဿာ” တိဝါ ဝုစ္စတိ၊ ဝဝတ္ထိတန္တိ ယံ ပရပဒေန သမ္ဗန္ဓံ အကတွာ ဝိစ္ဆိန္ဒိတွာ “တုဏှိ-အဿာ”တိ ဝါ “တုဏှ-အဿာ”တိ ဝါ ဝုစ္စတိ၊ ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဇ္ဇေန မုခေန အနုနာသိကံ အကတွာ ဝုစ္စတိ၊ (ကင်္ခါဋီ-၁၇၅)။

**ကမ္မဝိပတ္တိလက္ခဏာ**

၇၉။ သိထိလေ ကတ္တဗ္ဗေ ဓနိတံ၊ ဓနိတေ ကတ္တဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တော ကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။ (ကင်္ခါဋီ-၂၇၅)။

၇၅။ ဝိမုတ္တ–ဝိမုတ္တဟူသည် ဌာန်ကရိုဏ်းတို့ကို မနှိပ်ဘဲ အသံကိုလွှတ်၍ ပွင့်သော ခံတွင်းဖြင့် နှာခေါင်းမှ လေသံမထွက်အောင် ရွတ်ခြင်း မျိုးကို ခေါ်သည်။

၇၆။ သမ္ဗန္ဓ–သမ္ဗန္ဓဟူသည် ရှေ့ပုဒ် နောက်ပုဒ်တို့ကို ဆက်စပ်ရွတ်ခြင်း မျိုးကို ခေါ်သည်၊ တုဏှိဿ၊ တုဏှဿ စသည်တို့ ဖြစ်ကြ၏။

၇၇။ ဝဝတ္ထိတ–ဝဝတ္ထိတဟူသည် ရှေ့ပုဒ် နောက်ပုဒ် မဆက်စပ်ဘဲ ဖြတ်၍ ရပ်၍ ရွတ်ခြင်းမျိုးကိုခေါ်၏၊ တုဏှီ အဿ–တုဏှ အဿ တို့ ဖြစ်ကြ၏။

၇၀။ သိထိလကား ဝဂ်တို့တွင်ပဌမ၊ တတိယ အက္ခရာတို့ ဖြစ်ကြ၏၊ ဓနိတကား ၎င်း ဝဂ်တို့၌ ဒုတိယနှင့် စတုတ္ထ အက္ခရာများ ဖြစ်ကြ၏။ ဒီဃကား ရှည်စွာ ရွတ်အပ်သော ဤ–ဦ–ဧ–ဩ တို့တည်း။ ရဿကား ထိုဒီဃ တို့အောက် ထက်ဝက်လျော့ ရွတ် အပ်သော အ–ဣ–ဥ– တို့ပင်တည်း။ ဂရုကကား သံယုဂ်နှောင်း သော အက္ခရာနှင့် ဒီဃများပင်တည်း။ လဟုကကား သံယုဂ် မနှောင်းသော အက္ခရာနှင့် ရဿ တို့ပင်ဖြစ်၏။ နိဂ္ဂဟိတကား နှာခေါင်းမှ လေသံထွက်အောင် ရွတ်ခြင်းမျိုးကို ခေါ်၏။ သမ္ဗန္ဓကား ပုဒ်တို့ကို ဆက်စပ်၍ ရွတ်ခြင်းတည်း၊ ဝဝတ္ထိတ ကား ဖြတ်၍ ရပ်၍ ရွတ်ခြင်းတည်း၊ ဝိမုတ္တကား အသံကို လွှတ်၍ ဆိုခြင်းမျိုးကို ခေါ်သည်၊ (ဤသည်တို့ကား အထက် ၌ ပြခဲ့သော ဗျဉ္ဇနဗုဒ္ဓိဆယ်မျိုးကို ဖွင့်ပြခြင်းပင် ဖြစ်သတည်း)။

**ကံပျက်နိုင်ခြင်းလက္ခဏာ**

၇၉။ "သိထိလ"ကို ရွတ်သင့်ရာ၌ "ဓနိတ"ကို ရွတ်ခြင်း၊ "ဓနိတ"ကို ရွတ်သင့်ရာ၌ "သိထိလ"ကို ရွတ်ဆိုခြင်း၊ "ဝိမုတ္တ"ကို ရွတ်သင့် ရာ၌ "နိဂ္ဂဟိတ"ကို ရွတ်ဆိုခြင်း၊ "နိဂ္ဂဟိတ"ကို ရွတ်သင့်ရာ၌ "ဝိမုတ္တ"ကို ရွတ်ဆိုခြင်း၊ ဤရွတ်နည်း ၄–မျိုးတို့သည် ကမ္မဝါ စာ ရွတ်စဉ်အတွင်း၌ ကံကို ပျက်စီးစေကုန်၏။

**ကမ္မသမ္ပတ္တိလက္ခဏာ**

၈၀။ ဒီဃရဿာဒီသု ဆသုဗျဉ္ဇနေသု ဒီဃဋ္ဌာနေ ဒီဃမေဝ၊ ရဿဋ္ဌာနေစ ရဿမေဝါတိ ဧဝံ ယထာဋ္ဌာနေ တံ တဒေဝ အက္ခရံ ဘာသန္တေန အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ (ကင်္ခါဋီ-၁၇၆)။

၈၁။ သစေ ပန ဧဝံ အကတွာ ဒီဃေ ဝတ္တဗ္ဗေ ရဿံ၊ ရဿေဝါ ဝတ္တဗ္ဗေ ဒီဃံ ဝဒတိ၊ တထာ ဂရုကေ ဝတ္တဗ္ဗေ လဟုကံ၊ လဟုကေဝါ ဝတ္တဗ္ဗေ ဂရုကံ ဝဒတိ၊ သမ္ဗန္ဓေဝါ ပန ဝတ္တဗ္ဗေ ဝဝတ္ထိတံ၊ ဝဝတ္ထိတေဝါ ဝတ္တဗ္ဗေ သမ္ဗန္ဓံ ဝဒတိ၊ ဧဝံ ဝုတ္တေပိ ကမ္မဝါစာ နကုပ္ပတိ၊ ဣမာနိ ဟိ ဆဗျဉ္ဇနာနိ ကမ္မံ နကောပေန္တိ။ (ကင်္ခါဋီ-၁၇၆)။

၈၂။ ယဉ္စ “သစ္စိကတ္ထပရမတ္ထေနာ”တိ ဝတ္တဗ္ဗေ “သစ္စိကဋ္ဌပရမဋ္ဌေနာ”တိ စ “အတ္ထကထာ”တိ ဝတ္တဗ္ဗေ “အဋ္ဌကထာ”တိစ တတ္ထ တတ္ထ ဝုစ္စတိ၊ တာဒိသံ ပါဠိအဋ္ဌကထာသု ဒိဋ္ဌပယောဂံ တဒနုရူပဉ္စ ဝတ္တုံ ဝဋ္ဋတိ၊ တတော အညံ နဝဋ္ဋတိ၊ တေနာဟ“အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေနာ”တိ အာဒိ ဝုတ္တံ။ (ဝိမတိဋီ,ဒု-၃၁၅)။

၈၃။ ဒီဃေ ဝတ္တဗ္ဗေ ရဿန္တိ အာဒီသု “ဘိက္ခူန”န္တိ ဝတ္တဗ္ဗေ “ဘိက္ခုန”န္တိဝါ “ဗဟူသူ”တိ ဝတ္တဗ္ဗေ “ဗဟုသူ”တိ ဝါ “နက္ခမတီ”တိ ဝတ္တဗ္ဗေ “နခမတီ”တိဝါ “ဥပသမ္ပဒါပေက္ခော”တိ ဝတ္တဗ္ဗေ “ဥပသမ္ပဒါပေခေါ” တိဝါ ဧဝံ အနုရူပဋ္ဌာနေသု ဧဝ ဒီဃရဿာဒိ ရဿဒီဃာဒိဝသေန ပရိဝတ္တေတုံ ဝဋ္ဋတိ၊ နပန“နာဂေါ”တိ ဝတ္တဗ္ဗေ “နဂေါ”တိဝါ “သံဃော”တိ ဝတ္တဗ္ဗေ“သဃော”တိဝါ“တိဿော” တိ ဝတ္တဗ္ဗေ “တိသော”တိဝါ “ယာစတီ”တိ ဝတ္တဗ္ဗေ “ယာစန္တီ”တိ ဝါ ဧဝံ အနနုရူပဋ္ဌာနေသု ဝတ္တုံ။ (ဝိမတိဋီ,ဒု-၃၁၅)။

၈၄။ သမ္ဗန္ဓံပန ဝဝတ္ထာနဉ္စ သဗ္ဗထာပိ ဝဋ္ဋတီတိ ဂဟေတဗ္ဗံ။ (ဝိမတိဋီ, ဒု-၃၁၅)။

၁၀။ ဒီဃရဿစသော ခြောက်မျိုးတို့တွင် ရှည်ရှည် ရွတ်သင့်ရာ၌ ရှည်ရှည်သာ ရွတ်ဘတ်ရမည်၊ တိုတို ရွတ်သင့်ရာ၌လည်း တိုတိုသာ ရွတ်ရမည်၊ ဤသို့ ရှိမြဲတိုင်းသော အက္ခရာကို ရွတ်ဆိုသော ရဟန်းသည် ရေးအစဉ်အလာကို မပျက်စေဘဲ ကမ္မဝါစာကို ရွတ်ဘတ်သင့်ပေ၏။

၁၁။ ဤသို့ မရွတ်ဘတ်မူ၍ ရှည်ရှည်ရွတ်သင့်ရာ၌ တိုတို၊ တိုတိုရွတ်ဘတ်သင့်ရာ၌လည်း ရှည်ရှည်ရွတ်ဘတ်၏၊ ထိုနည်းတူစွာ လေးလေးရွတ်ဘတ်သင့်ရာ၌ ပေါ့ပေါ့၊ ပေါ့ပေါ့ရွတ်သင့်ရာ၌လေးလေးရွတ်ဘတ်၏၊ ဆက်စပ်၍ ရွတ်သင့်ရာ၌ ဖြတ်၍ရပ်၍၊ ဖြတ်၍ရပ်၍ ရွတ်သင့်ရာ၌လည်း ဆက်စပ်၍ ရွတ်၏၊ ဤသို့ ရွတ်ဘတ်သော်လည်း ကမ္မဝါစာ မပျက်စီးချေ၊ ဤခြောက်မျိုးသော ဗျည်းတို့သည် ကံကို မပျက်စီးစေနိုင်ကြချေ။

၁၂။ ထင်ရှားစေဦးအံ့။ "သန္တိကတ္တပရမတ္ထေန"ဟု (ဒန္တဇအက္ခရာဖြင့်) ရွတ်ဆိုသင့်ရာ၌ 'သန္တိကဋ္ဌပရမဋ္ဌေန" ဟု (မုဒ္ဓဇအက္ခရာဖြင့်) ရွတ်ခြင်း၊ "အတ္ထကထာ"ဟု (ဒန္တဇ အက္ခရာဖြင့်)ရွတ်ဆိုသင့်ရာ၌ "အဋ္ဌကထာ"ဟု (မုဒ္ဓဇအက္ခရာဖြင့်) ရွတ်ခြင်း၊ဤသို့ ပါဠိတော် အဋ္ဌကထာတို့၌ တိုက်ရိုက် တွေ့မြင် အပ်သော ပြယုဂ်ကိုရင်း၊ ထိုပြယုဂ်နှင့်အလားတူ ပြယုဂ်မျိုးကိုရင်း ရွတ်သင့်၏၊ထိုပြယုဂ်မျိုးတို့မှတပါး အခြားသော ပြယုဂ်မျိုးကို မရွတ်သင့်၊ ထို့ကြောင့် ကင်္ခါဋီကာ၌ "အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန"ဟု မိန့်ဆိုအပ်၏။

၁၃။ ရှည်ရှည်ရွတ်သင့်ရာ၌ တိုတိုရွတ်ခြင်း အစရှိသည် တို့၌ အဓိပ္ပါယ်ကား- ဘိက္ခူနံ၌ ဘိက္ခုနံဟုရင်း "ဗဟူသု"၌ "ဗဟုသု" ဟုရင်း၊ "နက္ခမတိ" ၌ "နခမတိ"ဟုရင်း၊ "ဥပသမ္ပဒါပေက္ခော"၌ "ဥပသမ္ပဒါပေခေါ"ဟုရင်း၊ ဤသို့ သင့်လျော်ရာ တို့၌သာ ဒီဃ နှင့် ရဿကို ပြောင်းလွဲရွတ်သင့်၏၊ "နာဂေါ"၌ "နဂေါ"ဟူ၍ရင်း၊ "သံဃော"၌ "သဃော"ဟူ၍ရင်း၊ "တိဿော"၌ "တိသော" ဟူ၍ရင်း၊"ယာစတိ"၌"ယာစန္တိ"ဟူ၍ရင်း ဤကဲ့သို့ မသင့်လျော်သော နေရာ၌ အက္ခရာကို ပြောင်းလွဲ၍ မရွတ်သင့်။

၁၄။ ဆက်စပ်၍ ရွတ်ခြင်းနှင့် ဖြတ်ရပ်၍ ရွတ်ဆိုခြင်းသည် အခါ ခပ်သိမ်း အပ်၏ဟု ယူထိုက်၏။

၈၅။ တသ္မိံ အဘာဏိတေပိ န သရဏဂမနဿ ဝါ ကမ္မဝါစာယဝါ ဟာနိ အတ္ထိ၊ န ဘာဏိတေ ဝုဍ္ဎိ။ (ဝိလင်္ဒီ-၂၈၂)

၈၆။ ပုဗ္ဗေ ဝုတ္တံ ဝိပတ္တိသီမာလက္ခဏံ သမတိက္ကန္တာယ ပန သီမာယ ကတံ သီမာသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကင်္ခါဋ္ဌ-၁၀၆)

၈၇။ ယာဝတိကာစ ဘိက္ခူ ကမ္မပတ္တာ တေသံ အနာဂမနံ ,ဆန္ဒာရဟာနံ ဆန္ဒဿ အနာဟရဏံ, သမ္မုခီဘူတာနံ ပဋိက္ကောသနန္တိ ဣမေ ပန တယော ပရိသဒေါသာ၊ တေဟိ ဝိမုတ္တာယ ပရိသာယ ကတံ ပရိသာ သမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကင်္ခါဋ္ဌ-၁၀၇)

၈၈။ ယာဝတိကာစ ဘိက္ခူ ကမ္မပတ္တာတိ ယတ္တကာ ဘိက္ခူ တဿ ဥပ သမ္ပဒကမ္မဿ ပတ္တာ ယုတ္တာ အနုရူပါ၊ တေစ ခေါ သဗ္ဗန္တိမေန ပရိယာယေန ဟတ္ထပါသံ အဝိဇဟိတွာ ဧကသီမဋ္ဌာ ပဉ္စ ပကတတ္တာ ဘိက္ခူ၊ ပဋိက္ကောသနန္တိ နိဝါရဏံ။ (ကင်္ခါဋီ-၁၇၆)

၈၉။ သော ဒက္ခိဏေယျသံဃော သမ္မုတိသံဃောစာတိ ဒုဝိဓော ဟောတိ။ (ကင်္ခါဋ္ဌ-၈၅)

၉၀ တတ္ထ ဒက္ခိဏေယျသံဃောတိ အဋ္ဌ အရိယပုဂ္ဂလသမူဟော ဝုစ္စတိ၊ သမ္မုတိသံဃောတိ အဝိသေသေန ဘိက္ခုသမူဟော၊ သော ဣဓ အဓိပ္ပေတော။ (ကင်္ခါဋ္ဌ-၈၅)

၉၁။ သောပနေသ ကမ္မဝသေန ပဉ္စဝိဓော ဟောတိ စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ ဒသဝဂ္ဂေါ ဝီသတိဝဂ္ဂေါ အတိရေကဝီသတိဝဂ္ဂေါတိ။ (ကင်္ခါဋ္ဌ-၈၅)

၉၂။ တတ္ထ စတုဝဂ္ဂေန ဌပေတွာ ဥပသမ္ပဒါပဝါရဏာအဗ္ဘာနာနိ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ပဉ္စဝဂ္ဂေန ဌပေတွာ မဇ္ဈိမဇနပဒေသု ဥပသမ္ပဒဉ္စ အဗ္ဘာနကကမ္မဉ္စ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဒသ ဝဂ္ဂေန အဗ္ဘာနကမ္မမတ္တံ ဌပေတွာ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဝီသတိဝဂ္ဂေန န ကိဉ္စိ သံဃကမ္မံ ကာတုံ န ဝဋ္ဋတိ၊ တထာ အတိ ရေကဝီသတိဝဂ္ဂေန။ (ကင်္ခါဋ္ဌ-၈၆)

၈၅။ (ကမ္မဝါစာ ရွတ်ဘတ်ရာ၌)နမောတဿကို ထည့်၍ ရွတ်သော်ငြင်း၊ မထည့်ဘဲ ရွတ်သော်ငြင်း၊ သရဏဂုံနှင့် ကမ္မဝါစာတို့အတွက် ယုတ်လျော့ခြင်း၊ တိုးပွားခြင်းမရှိ။

၈၆။ ရှေး၌ ဆိုခဲ့ပြီးသော သိမ်ပျက်၏ လက္ခဏာကို လွန်မြောက်သော သိမ်၌ ပြုအပ်သော ဥပသမ္ပဒကံသည် သိမာသမ္ပတ္တိ၏ အစွမ်းအားဖြင့် မပျက်စီးသော ကံမည်၏။

၈၇။ (က) ကံအား လျော့ပတ်ကုန်သော ရဟန်းတို့၏ မလာရောက်ခြင်း၊ (ခ) ဆန္ဒပေးသင့်သော ရဟန်းတို့၏ ဆန္ဒကို မရရှိခြင်း၊ (ဂ) မျက်မှောက်သံဃာတို့၏ ကန့်ကွက်မှုပြုခြင်း - ဤသုံးမျိုးတို့သည် ပရိသတ်၏ အပြစ်တို့မည်၏၊ ထိုအပြစ်တို့မှ လွန်မြောက်သော ပရိသတ်၌ ပြုအပ်သော ဥပသမ္ပဒကံသည် ပရိသတ်၏ အစွမ်းအားဖြင့် မပျက်စီးသော ကံမည်၏။

၈၈။ အကြင်မျှလောက်သော ရဟန်းတို့သည် ကံအား လျော့ပတ်ကုန်၏ ဟု ဆိုရာ၌ ဥပသမ္ပဒကံခေါ် ရဟန်းခံရာ၌ ရှိသင့်သော သံဃာ အရေအတွက်၏ ပြည့်စုံခြင်းကို ဆိုသည်၊ ရှိသင့်သော သံဃာ၏အရေအတွက်မှာ အနည်းဆုံး ငါးပါးရှိရပါမည်၊ ၎င်းသံဃာငါးပါးသည် နှစ်တောင်ထွာ ဟတ္ထပါသ်ကို မစွန့်စေဘဲ တသိမ်ထည်း၌ တည်ရှိနေခြင်းကို ကမ္မပတ္တ-ကံအားလျော့ပတ်သည်ဟုဆိုရသည်၊ ပဋိက္ကောသန-ကန့်ကွက်ခြင်း ဟူသည် သံဃာတို့၏ အလုပ်ကိစ္စကို တားမြစ်ခြင်းပင်တည်း။

၈၉။ သံဃာသည် (၁) ဒက္ခိဏေယျသံဃာ
(၂) သမ္မုတိသံဃာ-ဟု သံဃာ နှစ်မျိုး ရှိသည်။

၉၀။ ဤအထက်ပါ စကား၌ ဒက္ခိဏေယျ သံဃာဟူသည် အရိယာရှစ်ယောက်ကို ခေါ်သည်၊ သမ္မုတိ သံဃာ ဟူသည် ရဟန်းအပေါင်း သာမညကို ဆို၏၊ ဤဥပေါသထဥ္စတ်၌ သမ္မုတိသံဃာကို အလိုရှိအပ်၏။

၉၁။ ထိုသံဃာသည် ကံ၏အစွမ်းအားဖြင့် (၅)မျိုးရှိ၏၊ (၄)ပါးအစု၊ (၅) ပါးအစု၊ (၁၀)ပါးအစု၊ (၂၀)ပါး အစု၊ များစွာသော သံဃာအစုဟု ငါးမျိုးရှိသည်။

၉၂။ (၄)ပါးအစုသည် ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံ ကို ချန်၍ ကျန်သောသံဃကံများပြုနိုင်၏၊ (၅) ပါးအစုသည် မဇ္ဈိမ

၄၃။ ယော ပန စတုဝဂ္ဂါဒိနာ သံဃေန ကတ္တဗ္ဗံ ကမ္မံ ဦနကတရေန ကာတုံ နဝဋ္ဋတိ၊ အတိရေကေန ပန ဝဋ္ဋတီတိ ဒဿနတ္ထံ ဝုတ္တော။ (ကင်္ခါဋ္ဌ-၈၆)။

၄၄။ ဥပဇ္ဈံ ဂါဟာပနံ၊ ပတ္တစီဝရာစိက္ခဏံ၊ တတော တံ ဟတ္ထပါသတော ဗဟိ ဌပေတွာ အနုသာသကသမ္မုတိကရဏံ၊ သမ္မတေန စ ဂန္တွာ အနုသာသနံ၊ တေန စ ပဌမတရံ အာဂန္တွာ သံဃဿ ဉာပေတွာ ဥပသမ္ပဒါပေက္ခံ "အာဂစ္ဆာဟီ"တိ ဟတ္ထပါသေဝ အဗ္ဘာနံ၊ တေန စ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥပသမ္ပဒယာစာပနံ၊ တတော အန္တရာယိကဓမ္မ ပုစ္ဆကသမ္မုတိကရဏံ၊ သမ္မတေန ပုစ္ဆနန္တိ ဣမာနိ အဋ္ဌ ပုဗ္ဗကိစ္စာနိ။ (ဝိမတိဋ္ဌီ,ဒု-၁၃၆)။

၄၅။ ဉတ္တိသဒ္ဒေါ ပရိသမာပနတ္ထေ ကတော၊ ယော စ ကမ္မဝါစာယ အနင်္ဂံ၊ တသ္မာ အနုဿာဝနေန "ဓာရယာမီ"တိ ဧတ္ထ မိကာရပရိယောသာနမေဝ ဝတွာ နိဋ္ဌာပေတဗ္ဗံ၊ ဉတ္တိသဒ္ဒေါ နပယုဇ္ဇိတဗ္ဗောတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိဋ္ဌီ,ဒု-၁၃၇၊ဝိလင်,ပ-၂၈၈)။

၄၆။ ဆဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ အာပတ္တိံ ဇာနာတိ၊ အနာပတ္တိံ ဇာနာတိ၊ လဟုကံ အာပတ္တိံ ဇာနာတိ၊ ဂရုကံ အာပတ္တိံ ဇာနာတိ၊ ဥဘယာနိခေါပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ၊ သုဝိဘတ္တာနိ သုပဝတ္တီနိ သုဝိနိစ္ဆိတာနိ သုတ္တသော အနုဗျဉ္ဇနသော၊ ဒသဝဿော ဝါ ဟောတိ အတိရေကဒသဝဿော ဝါ။ (မဟာဝါပါဠိ-၈၇)

တိုက်၌ ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံကိုချန်၍ ကျန်သော သံဃကံများ အားလုံးကိုပြုနိုင်၏၊ (၁၀) ပါးအစုသည် အဗ္ဘာနကံကိုချန်ထား၍ ကျန်သောသံဃကံအားလုံးကိုပြုနိုင်၏။ (၂၀)ပါးနှင့် ထိုထက်ပိုလွန်သော သံဃာတို့ကား မပြုနိုင်သောကံ မရှိချေ။

၄၃။ စတုဝဂ္ဂစသော သံဃာကပြုရမည့်ကံကို ထို့အောက်ယုတ်လျော့သော သံဃာက မပြုနိုင်၊ ထို့ထက် ပိုလွန်သော သံဃာကမူကား ပြုလုပ်နိုင်၏ ဟု သိစေခြင်းအကျိုးငှာ အတိရေက ဝိသတိဝဂ္ဂ သံဃာကို ဟောတော်မူ၏။

၄၄။ (က) ဥပဇ္ဈာယ်ယူစေခြင်း၊ (ခ) သပိတ်သင်္ကန်း ပြောကြားခြင်း၊ (ဂ) အနုသာသကသမ္မုတိ ဥတ်ထားခြင်း၊ (ဃ) ဆုံးမပြုခြင်း၊ (င) ဘံဃဘောင်သို့ သွင်းခြင်း၊ (စ) ရဟန်းအဖြစ် တောင်းခံခြင်း၊ (ဆ) အန္တရာယိက သမ္မုတိပြုခြင်း၊ (ဇ) အန္တရာယ် ရှိမရှိ မေးခြင်း၊ ဤအထက်ပါ အင်္ဂါရပ်တို့ကား ရဟန်းမခံမီ ရှေးဦးစွာ ပြုသင့်သော ပုဗ္ဗကိစ္စတို့ပင် ဖြစ်ကြကုန်၏။

၄၅။ (ကမ္မဝါစာ ဘတ်ရွတ်ရာ၌ ဧဝမေတံ ဓာရယာမိတွင် ပါဝင်သော)ဉတ်သဒ္ဒါသည် ပြီးဆုံးခြင်းအနက်၌ဖြစ်၏၊ဉတ်သဒ္ဒါသည် ကမ္မဝါစာ၏ အင်္ဂါတရပ်အနေဖြင့် မပါဝင်ချေ၊ ထို့ကြောင့် ကမ္မဝါစာ ရွတ်ဘတ်သောသူသည် မိတိုင်အောင်သာ ဘတ်ရွတ်သင့်၏။ ဉတ်သဒ္ဒါကိုထည့်၍ မရွတ်ဘတ်သင့်ဟု မှတ်ထိုက်၏။

၄၆။ ချစ်သားရဟန်းတို့....(၆) မျိုးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ပြု၍ ရဟန်းလည်းခံပေးနိုင်၏၊ နိဿည်းလည်းပေးနိုင်၏၊ အလုပ်အကျွေးသာမဏေလည်းမွေးနိုင်၏။

(က) အာပတ်သင့်သည်ကို သိခြင်း၊ (ခ) အာပတ်မသင့်သည်ကို သိခြင်း၊ (ဂ) လဟုက အာပတ်ကို သိခြင်း (ဃ) ဂရုကအာပတ်ကို သိခြင်း၊ (င) ဘိက္ခုပါတိမောက် ဘိက္ခုနီ ပါတိမောက်လာ အနက် အဓိပ္ပါယ် အဆုံးအဖြတ်ကို ရေလည်ကြေညက်စွာ သိရှိရခြင်း၊ (စ) ဆယ်ဝါရခြင်း၊ သို့မဟုတ် ဆယ်ဝါထက် ပိုလွန်သော ဝါရခြင်းဟု ဥပဇ္ဈာယ်ဆရာ၏ လက္ခဏာ (၆) မျိုး ရှိလေသည်။

၉၇။ အနုဇာနာမိ ဘိက္ခဝေ ဒွေ တယောကောနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန နတွေဝ နာနုပဇ္ဈာယေန။ (မဟာဝါ ပါဠိ-၁၂၉)။

၉၈။ သစေ ပန အနုဿာဝနကော သမ္ဗဟုလေ ဘိက္ခူ ဟိ ဝုစ္စတာရော ဟောထိ၊ "သုဏာတု မေ အာဝုသော သံဃော"တိ ဝတ္တဗ္ဗံ၊ သောပိ စေ "ဘန္တေ"တိ ဝဒေယျ၊ နဝကတရောဝါ "အာဝုသော"တိ၊ ကမ္မ ကောပေါ နတ္ထိ။ (ဝိလင်္ကာ၊ပ-၂၇၃)

၉၉။ ဣမံ ပါဠိံ နိဿာယ အာစရိယဝရာ ကေပုဂ္ဂလမ္ပိ အနေကက္ခတ္တုံ ဥပသမ္ပဒကမ္မံ ကရောန္တိ။ (ဝိလင်္ကာ၊ဒု-၁၆၉)

၁၀၀။ သစေ ပန နေ သံဃော ဥပသမ္ပာဒေတိ၊ သဗ္ဗေပိ သူပသမ္ပန္နာ၊ ကာရကသံဃော ပန အာစရိယုပဇ္ဈာယာစ အာပတ္တိတော နမုစ္စန္တိ။ (ဝိသင်္ဂ-၁၄၅)

ဥပသမ္ပဒဝိဓိသင်္ခေပ

(က) ဥပဇ္ဈာယဂါဟာပနံ (ခ) ပတ္တစီဝရာစိက္ခဏံ (ဂ) နာမကရဏံ (ဃ) နာဂဿ (ဟတ္ထပါသေ ဌပနံ) သံဃတော နိဿာရဏံ (င) အနုသာသကဉ္စတ္တိထပနံ (စ) အနုသာသကသမ္မုတိကရဏံ (ဆ) အနုသာသနံ (ဇ) နာဂဿ အာမန္တနံ (ဈ) ဥပသမ္ပဒယာစနံ (ည) ပုစ္ဆကဉတ္တိထပနံ (ဋ) အန္တရာယိကဓမ္မပုစ္ဆနံ (ဌ) အနုဿာဝနကမ္မကရဏံ (ဍ) ဆာယာဒိအာစိက္ခဏံ (ဎ) စတုန္နံ နိဿယာနံ အာစိက္ခဏံ (ဏ) စတုန္နံ အကရဏီယာနံ အာစိက္ခဏံ (တ) ဩကာသကမ္မကရဏန္တိ။

ဥပသမ္ပဒကမ္မံ နိဋ္ဌိတံ။

၉၇။ ချစ်သားရဟန်းတို့....ကမ္မဝါစာတကြိမ်လျှင်ရဟန်းလောင်းနှစ်ပါး သုံးပါး တပြိုင်တည်းရဟန်းခံပေးရန်ခွင့်ပြု၏။သို့ရာတွင် ဥပဇ္ဈာယ် ဆရာတဦးတည်းသာ ဖြစ်စေရမည်၊ ဥပဇ္ဈာယ် အသီး အသီးမဖြစ်စေသင့်။

၉၈။ ကမ္မဝါစာဘတ်သော ရဟန်းသည် ကံဆောင်သံဃာ အားလုံး တို့ထက် အကယ်၍ သိက္ခာကြီးငြားအံ့၊ "အာဝုသော" ဟုရွတ် ရမည်၊ ထိုမထေရ်ကြီးသည် "ဘန္တေ" ဟု ရွတ်စေကာမူ သီတင်း ငယ်ကလည်း "အာဝုသော"ဟု ရွတ်စေကာမူ လုံးဝကံမပျက်ချေ။

၉၉။ ဆရာမြတ် တို့သည် "ကပ္ပကမ္မေကမ္မံဟုတ္တာတိဌတိ" ဟူသော ဝိနယသင်္ဂဟ အဋ္ဌကထာ ပါဌ်ကိုမှီ၍ ရဟန်းတပါးတည်းကို အကြိမ်ပေါင်းများစွာ ရဟန်းခံပေးကြကုန်၏။

(မှတ်ချက်)။ ။ယခုခေတ် အချို့သော ရဟန်းတို့သည် သိမ်ထပ် မင်္ဂလာ ပြုကြခြင်းကား ဤဝိနယာ လင်္ကာရဋီကာကိုမှီ၍ ပြုကြဟန် တူ လေသည်။

၁၀၀။ ရဟန်းခံမပေးသင့်သော ပုဂ္ဂိုလ်တို့ကို သံဃာသည် အကယ်၍ ရဟန်းခံပေးငြားအံ့၊ အားလုံးရဟန်း ဖြစ်ကြသည်သာ၊ သို့ရာတွင် ကာရကသံဃာနှင့် ဥပဇ္ဈာယ်ဆရာ ကမ္မဝါ ဆရာမြတ် တို့မှာ အာပတ်အပြစ်မှ မလွတ်။

**(ဥပသမ္ပဒကံ၏ အစီအစဉ်အကျဉ်းချုပ်)**

(က) ဥပဇ္ဈာယ်ယူစေခြင်း၊ (ခ) သပိတ်သင်္ကန်းပြောကြားခြင်း၊ (ဂ) အမည်မှည့်ခြင်း၊ (ဃ) သံဃာတော်၏ နှစ်တောင့်ထွာ ဟတ္ထပါသ်သို့ ထုတ်ခြင်း၊ (င) အနုသာသက ဥတ်ထားခြင်း၊ (စ) ရဟန်းလောင်းအား ဆုံးမရန် သမုတ်ခြင်း၊ (ဆ) ရဟန်း လောင်းအားဆုံးမခြင်း၊ (ဇ) ရဟန်းလောင်းကို သံဃာဘောင် သို့သွင်းခြင်း၊ (ဈ) ရဟန်းအဖြစ်ကိုတောင်းခြင်း၊ (ည) ရဟန်း လောင်းအား မေးမြန်းရန် ဥတ်ထားခြင်း၊ (ဋ) အန္တရာယ် ရှိမရှိ မေးစိစစ်ခြင်း၊ (ဌ)ကမ္မဝါစာ ရွတ်ဘတ်ရခြင်း၊ (ဍ) အရိပ် ဘွား စသည်တိုင်းရခြင်း၊ (ဎ)မှီရာ လေးမျိုးကို ပြောကြားရခြင်း၊ (ဏ) ရှောင်ရန် လေးမျိုးကိုပြောကြား ရခြင်း၊(က) အချင်းချင်း ခွင့်တောင်းပန်ပြုရခြင်း ဟူ၍ အားလုံး ၁၆-ချက်ရှိလေသည်။

ဥပသမ္ပဒကံပိုင်းပြီး၏။

## ၃-ဥပေါသထကမ္မဝိဓိ

၁။ ဥပေါသထသဒ္ဒေါ တာဝ--

ဥဒ္ဒေသေ ပါတိမောက္ခဿ, ပဏ္ဏတ္တိယမုပေါသထော၊
ဥပဝါသေစ အင္ဂေ့, ဥပေါသထဒိနေသိယာတိ-

ဝစနတော ပါတိမောက္ခုဒ္ဒေသေ ပဏ္ဏတ္တိယံ ဥပဝါသေ အင္ဂသီလေ ဥပေါသထဒိနေစ ပဝတ္တတိ။ (ဝိလင်္ကာ၊ပ-၃၇၈)။

၂။ ဣမပန ပါတိမောက္ခုဒ္ဒေသေ ဥပေါသထဒိနေစ ဝတ္တတိ။ (ဝိလင်္ကာ၊ ပ-၃၇၈)။

၃။ တတ္ထ ပါတိမောက္ခုဒ္ဒေသေ ဥပဝသန္တိ ဥပေါသထောတိ သီလေန ဥပေတာ ဟုတွာ ဝသန္တိ ဝုတ္တော၊ ဥပေါသထဒိနေ ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော၊ ဧတသ္မိံ ဒိဝသေ သီလေန ဥပေတာ ဟုတွာ ဝသန္တီတိ ဝုတ္တော။ (ဝိလင်္ကာ၊ပ-၃၇၈)။

၄။ စာတုဒ္ဒသိကော ပန္နရသိကော သာမဂ္ဂီ ဥပေါသထောတိ ဒိဝသ ဝသေန တယော ဥပေါသထာ ဟောန္တိ။ (ဝိလင်္ကာ၊ပ-၃၇၉)။

၅။ သံဃေ ဥပေါသထော, ဂဏေ ဥပေါသထော, ပုဂ္ဂလေ ဥပေါ သထောတိ ဧဝံ ကာရကဝသေန အပရေပိ တယော ဥပေါသထာ ဝုတ္တာ။ (ဝိသင်္ဂဟ-၂၀၀)။

၆။ ကတ္တဗ္ဗာကာရဝသေန ပန သုတ္တုဒ္ဒေသော ပါရိသုဒ္ဓိဥပေါသထော အဓိဋ္ဌာနုပေါသထောတိ အပရေပိ တယော ဥပေါသထာ။ (ဝိသင်္ဂဟ-၂၀၀)။

၇။ တတ္ထ သုတ္တုဒ္ဒေသောနာမ "သုဏာတု မေ ဘန္တေ သံဃော"တိ အာဒိနာ နယေန ဝုတ္တော ပါတိမောက္ခုဒ္ဒေသော။ (ဝိသင်္ဂဟ-၂၀၀)

၈။ ပါရိသုဒ္ဓိဥပေါသထော တာဝ အညေသည္စ သန္တိကေ အညမညဉ္စ အာရောစနဝသေန ဒုဝိဓော။ (ဝိသင်္ဂဟ-၂၀၀)။

၉။ ယွာယံ အညေသံ သန္တိကေ ကရီယတိ၊ သောပိ ပဝါရိတာနဉ္စ အပ္ပဝါရိတာနဉ္စ သန္တိကေ ကရဏဝသေန ဒုဝိဓော။ (ဝိသင်္ဂဟ-၂၀၀)။

## ၃-ဥပုသ်ပြုမှုအစီအစဉ်

၁။ ဥပေါသထသဒ္ဒါသည်....
(က) ပါတိမောက် ရွတ်ဆိုခြင်း၊ (ခ) အမည်နာမ ဟူသော အနက်၊ (ဂ) ဥပုသ်ကျင့်သုံးခြင်း၊ (ဃ) အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောသီလ၊ (င) ဥပုသ်နေ့ဟူသော အနက်တို့၌ ဖြစ်၏။

၂။ ဤနေရာ၌ ပါတိမောက်ရွတ်ဆိုခြင်းနှင့် ဥပုသ်နေ့ဟူသော အနက်တို့၌ ဖြစ်၏။

၃။ သီလနှင့် ပြည့်စုံသည်ဖြစ်၍ နေခြင်းသည် ပါတိမောက္ခုဒ္ဒေသ ဥပေါသထမည်၏၊ ဥပုသ်ကျင့်သုံးရာ နေ့သည် ဥပေါသထဒိန မည်၏။

၄။ ဥပုသ်သည်....
(က) စာတုဒ္ဒသီဥပုသ်၊ (ခ) ပန္နရသီဥပုသ်၊ (ဂ) သာမဂ္ဂီ ဥပုသ်ဟူ၍ နေ့၏အစွမ်းအားဖြင့် သုံးမျိုးရှိ၏။

၅။ ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်....
(က) သံဃာ့ဥပုသ်၊ (ခ) ဂဏဥပုသ်၊ (ဂ) ပုဂ္ဂလ ဥပုသ် ဟူ၍ သုံးမျိုးရှိ၏။

၆။ ပြုအပ်သော အခြင်းအရာအားဖြင့်....
(က) သုတ္တုဒ္ဒေသဥပုသ်၊ (ခ) ပါရိသုဒ္ဓိ ဥပုသ်၊ (ဂ) အဓိဋ္ဌာန် ဥပုသ်ဟူ၍ သုံးမျိုးရှိ၏။

၇။ သုတ္တုဒ္ဒေသဥပုသ်ဟူသည် သုဏာတုမေ ဘန္တေ သံဃောစသော နည်းဖြင့် ဟောတော်မူအပ်သော ပါတိမောက္ခုဒ္ဒေသတည်း။

၈။ ပါရိသုဒ္ဓိဥပုသ်သည် တပါးသူတို့၏ ထံ၌ သွား၍ပြုခြင်း၊ အချင်းချင်းအား ပြောကြားခြင်းအားဖြင့် နှစ်မျိုးရှိ၏။

၉။ သူတပါးတို့အထံ၌ ပြုသော ဥပုသ်သည်လည်း ပဝါရဏာ ပြုပြီးသော ရဟန်းတို့အထံ၌ ပြုခြင်း၊ ပဝါရဏာ မပြုရသေးသော ရဟန်းတို့အထံ၌ ပြုခြင်းဟု နှစ်မျိုးရှိ၏။

၁၀။ မဟာပဝါရဏာယ ပဝါရိတာနံ သင်္ဃေန ပစ္ဆိမိကာယ ဥပဂတေန ဝါ အနုပဂတေန ဝါ ဆိန္နဝဿေန ဝါ၊ စာတုမာသိနိယံ ပန ပဝါရိတာနံ သင်္ဃေန အနုပဂတေန ဝါ ဆိန္နဝဿေန ဝါ ကာယသာမဂ္ဂိံ ဒတွာ "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ တိက္ခတ္တုံ ဝတွာ ဝတ္တဗ္ဗော။ (ဝိသင်္ဂြ-၂၀၀)။

၁၁။ ဌပေတွာ ပန ပဝါရဏာဒိဝသံ အညသ္မိံ ကာလေ အာဝါသိကေဟိ ဥဒ္ဒိဋ္ဌမတ္တေ ပါတိမောက္ခေ အဝုဋ္ဌိတာယ ဝါ ဧကစ္စာယ ဝုဋ္ဌိတာယ ဝါ သဗ္ဗာယ ဝါ ဝုဋ္ဌိတာယ ပရိသာယ ယေ အညေ သမသမာ ဝါ ထောကတရာ ဝါ အာဂစ္ဆန္တိ၊ တေဟိ တေသံ သန္တိကေ ဝုတ္တနယေနေဝ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာ။ (ဝိသင်္ဂြ-၂၀၀)။

၁၂။ ယောပနာယံ အညမညံ အာရောစနဝသေန ကရီယတိ၊ သော ဉတ္တိံ ဌပေတွာ ကရဏဝသေန စ အဌပေတွာ ကရဏဝသေန စ ဒုဝိဓော။ (ဝိသင်္ဂြ-၂၀၀)။

၁၃။ တတ္ထ ယသ္မိံ အာဝါသေ တယော ဘိက္ခူ ဝိဟရန္တိ၊ တေသု ဥပေါသထဒိဝသေ သန္နိပတိတေသု ဧကေန ဘိက္ခုနာ "သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော စာတုဒ္ဒသော"တိ ဝါ "ပန္နရသော"တိ ဝါ ဝတွာ "ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမာ"တိ ဉတ္တိယာ ဌပိတာယ ထေရေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ တိက္ခတ္တုံ ဝတ္တဗ္ဗံ၊ ဣတရေဟိ "ဘန္တေ"တိ ဝတွာ ဧဝမေဝ ဝတ္တဗ္ဗံ၊ ဧဝံ ဉတ္တိံ ဌပေတွာ ကာတဗ္ဗော။ (ဝိသင်္ဂြ-၂၀၀)။

၁၄။ ယတ္ထ ပန ဒွေ ဘိက္ခူ ဝိဟရန္တိ၊ တတြ ဉတ္တိံ အဌပေတွာ ဝုတ္တနယေနေဝ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာတိ၊ အယံ ပါရိသုဒ္ဓိဥပေါသထော။ (ဝိသင်္ဂြ-၂၀၀)။

၁၀။ သိတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာ ပြုကြကုန်သော ရဟန်းတို့၏ထံ၌ ပစ္ဆိမ ဝါဆိုသော ရဟန်း၊ ဝါ လုံးဝ မဆိုသော ရဟန်း၊ ဝါကျိုးသော ရဟန်း တို့သည် ကာယသာမဂ္ဂိကိုပေး၍ရင်း၊ တန်ဆောင်မုန်း လပြည့်နေ့၌ ပဝါရဏာပြုကုန်သော ရဟန်းတို့၏ထံ၌ ဝါလုံးဝမဆိုသောရဟန်း၊ဝါကျိုးသော ရဟန်းတို့သည် ကာယသာမဂ္ဂိကိုပေး၍ရင်း "ပရိသုဒ္ဓေါ အဟံဘန္တေ ပရိသုဒ္ဓေါတိ မံဓာရေထ" ဟု သုံးကြိမ်ဆို၍ ဥပုသ်ပြုရမည်။

၁၁။ ပဝါရဏာနေ့မှတပါး ကျန်သောနေ့များ၌ အာဂါသိက ရဟန်းတို့သည် ပါတိမောက်ပြပြီး၍ ရဟန်းအားလုံးထ၍ မသွားသေးသော်ရင်း၊ အချို့သော ရဟန်းတို့သည် ထ၍ သွားသော်ရင်း၊ အလုံးစုံထ၍ သွားသော်ရင်း၊ ထိုအချိန်၌ အာဝါသိက ရဟန်းတို့နှင့် အညီအမျှ၊ သို့မဟုတ် အာဝါသိက ရဟန်းတို့အောက် ယုတ်လျော့သော အာဂန္တုက ရဟန်းများ ရောက်လာငြားအံ့၊ ထိုအာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့၏ထံမှာပင် ရှေး၌ ဆိုခဲ့သည့် နည်းအတိုင်း ပါရိသုဒ္ဓိဥပုသ်ပြုရပါမည်။

၁၂။ အချင်းချင်းပြောကြားခြင်း၏ အစွမ်းအားဖြင့် ပြုအပ်သော ပါရိသုဒ္ဓိ ဥပုသ်သည် ဥဒ္ဒေသ်ထား၍ ပြုခြင်း၊ ဥဒ္ဒေသ်မထားဘဲ ပြုခြင်းဟု နှစ်မျိုးရှိ၏။

၁၃။ ကျောင်းတကျောင်း၌ ရဟန်းသုံးပါးတို့သည် နေကြကုန်၏၊ ထိုရဟန်းတို့သည် ဥပုသ်နေ့၌ စည်းဝေးကြကုန်သည်ရှိသော် ရဟန်းတပါးသည် သုဏန္တုမေ။လ။ကရေယျာမဟူ၍ ဥဒ္ဒေသ်ထားပြီးလျှင် မထေရ်ကြီးသည် ကေသီကို လက်ဝဲတဘက် ပုခုံးထက်သို့ တင်၍ ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီ၍ "ပရိသုဒ္ဓေါအဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"ဟုသုံးကြိမ်ဆိုရမည်။ကျန်သော သိတင်းငယ်များကလည်း "ဘန္တေ" ဟူသောစကားဖြင့်ပြခဲ့သည့် အတိုင်း သုံးကြိမ်ဆိုရမည်၊ ဤကား ဥဒ္ဒေသ်ထား၍ ပြုခြင်းတည်း။

၁၄။ ကျောင်းတကျောင်း၌ကား ရဟန်း နှစ်ပါးသာ နေကြကုန်၏။ ထိုသည့် ကျောင်း၌ကား ဥပုသ် ပြုရာတွင် ဥဒ္ဒေသ်ထားဘို့ မလိုတော့ဘဲ အချင်းချင်း ပါရိသုဒ္ဓိဥပုသ်ပြုရမည်၊ ဤကား ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းတည်း။

၁၅။ သစေ ပန ဧကော ဘိက္ခု ဟောတိ၊ သဗ္ဗံ ပုဗ္ဗကရဏီယံ ကတွာ အညေသံ အနာဂမနံ ဉတွာ “အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော” တိ ဝါ “ပန္နရသော”တိ ဝါ ဝတွာ “အဓိဋ္ဌာမိ”တိ ဝတ္တဗ္ဗံ၊ အယံ အဓိဋ္ဌာနုပေါသထော။ (ဝိသင်္ဂဟ-၂၀၁)။

၁၆။ ဧဝံ တိလက္ခဏာသမ္ပန္နေ ဥပေါသထေ ပဝတ္တမာနေ ဥပေါသထံ အကတွာ တဒဟုပေါသထေ အညံ အဘိက္ခုကံ နာနာသံဝါသ ကေဟိ ဝါ သဘိက္ခုကံ အာဝါသံ ဝါ အနာဝါသံ ဝါ ဝါသတ္ထာယ အညတြ သံဃေန အညတြ အန္တရာယာ ဂစ္ဆန္တဿ ဒုက္ကဋံ ဟောတိ။ (ဝိသင်္ဂဟ-၂၀၁)။

၁၇။ ဥပေါသထကရဏတ္ထံ သန္နိပတိတေ သံဃေ ဗဟိ ဥပေါသထံ ကတွာ အာဂတေန သန္နိပါတဋ္ဌာနံ ဂန္တွာ ကာယသာမဂ္ဂိံ အဒေန္တေန ဆန္ဒော ဒါတဗ္ဗော။ (ဝိသင်္ဂဟ-၂၀၁)။

၁၈။ ယောပိ ဂိလာနော ဝါ ဟောတိ ကိစ္စပသုတော ဝါ၊ တေနပိ ပါရိ သုဒ္ဓိံ ဒေန္တေန ဆန္ဒောပိ ဒါတဗ္ဗော၊ ကထံ ဧကဿ ဘိက္ခုနော သန္တိကေ “ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ” တိ အယမတ္ထော ကာယေန ဝါ ဝါစာယ ဝါ ဥဘယေန ဝါ ဝိညာပေ တဗ္ဗော၊ ဧဝံ ဒိန္နော ဟောတိ ဆန္ဒော။ (ဝိသင်္ဂဟ-၂၀၁)။

၁၉။ အကတူပေါသထေန ဝါ ဂိလာနေန ဝါ ကိစ္စပသုတေန ဝါ ပါရိသုဒ္ဓိ ဒါတဗ္ဗာ၊ ကထံ ဧကဿ ဘိက္ခုနော သန္တိကေ “ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ”တိအယမတ္ထော ကာယေန ဝါ ဝါစာယ ဝါ ဥဘယေန ဝါ ဝိညာပေတဗ္ဗော၊ ဧဝံ ဒိန္နာ ဟောတိ ပါရိသုဒ္ဓိ၊ တံ ပန ဒေန္တေန ဆန္ဒောပိ ဒါတဗ္ဗော။ (ဝိသင်္ဂဟ-၂၀၁)။

၂၀။ တတ္ထ ပါရိသုဒ္ဓိဒါနံ သံဃဿာပိ အတ္တနောပိ ဥပေါသထကရဏံ သမ္ပာဒေတိ၊ န အဝသေသံ သံဃကိစ္စံ၊ ဆန္ဒဒါနံ သံဃဿေဝ ဥပေါသထကရဏဉ္စ သေသကိစ္စဉ္စ သမ္ပာဒေတိ၊ အတ္တနော ပနဿ ဥပေါသထော အကတောယေဝ ဟောတိ။ (ဝိသင်္ဂဟ-၂၀၁)။

၁၅။ ရဟန်းတော် တပါးတည်းသာ အကယ်၍ သိတင်းသုံးသည် ဖြစ်ဘိမူ ဥပုသ်မပြုမီ ရှေးအတိုင်း ပြုသင့်သော ပုဗ္ဗကရဏီယတို့ ပြုလုပ်၍ အခြားသော အာဂန္တု ရဟန်းတို့၏ မလာကြောင်း သိရပါမူ အဇ္ဇမေ ဥပေါသထောစာတုဒ္ဒသောတိ အဓိဋ္ဌာမိ ဟူ၍၎င်း၊ ပန္နရသောတိ အဓိဋ္ဌာမိဟူ၍၎င်း အဓိဋ္ဌာန်ဥပုသ် ဆောက်တည်ရမည်၊ ဤကား အဓိဋ္ဌာန် ဥပုသ်ပြုပုံတည်း။

၁၆။ ဤသို့ လက္ခဏာသုံးပါးနှင့် ပြည့်စုံသော ဥပုသ် ဖြစ်လတ်သော် ဥပုသ်မပြုဘဲ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း၊ အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ရဟန်းရှိသည်မူလည်းဖြစ်သောပေါင်းသင်းဆက်ဆံမှု မတူသည့် ရဟန်းတို့ ရှိသည်မူလည်း ဖြစ်သော အခြားကျောင်းသို့ဖြစ်စေ၊ဇရပ်တန်ဆောင်းသို့ဖြစ်စေ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

၁၇။ ဥပုသ်ပြုရန် သံဃာ စည်းဝေးသည်ရှိသော် အခြားနေရာမှဥပုသ်ပြုခဲ့ပြီး၍ လာသော ရဟန်းသည် သံဃာ့အစည်းအဝေးသို့ သွားကာ ကာယသာမဂ္ဂီ မပေးဘဲ ဆန္ဒပေးရမည်။

၁၈။ ဂိလာနရဟန်းနှင့် အလုပ်ကိစ္စများသော ရဟန်းတို့သည် ပါရိသုဒ္ဓိပေးသည်ရှိသော် ဆန္ဒလည်းပေးရမည်။ အဘယ်သို့ ပေးရမည်နည်း၊ ရဟန်းတပါး၏ အထံ၌ "ဆန္ဒံ ဒမ္မိ ဆန္ဒံမေဟရ ဆန္ဒံမေ အာရောစေဟိ" ဟူသော အနက် အဓိပ္ပါယ်ကို ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့်ဖြစ်စေ သိစေရမည်၊ ဤသို့သိစေသော် ဆန္ဒပေးပြီးဖြစ်သည်။

၁၉။ ဥပုသ်မပြုသော ရဟန်း၊ ဂိလာန ရဟန်း၊အလုပ်ကိစ္စများသော ရဟန်းတို့သည် ပါရိသုဒ္ဓိပေးရမည်။ အဘယ်သို့ပေးရမည်နည်း။ ရဟန်းတပါး၏ အထံ၌"ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံမေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ"ဟူသောအနက်အဓိပ္ပါယ်ကိုကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှုတ် နှစ်ပါးစုံဖြင့်ဖြစ်စေသိစေရမည်၊ ဤသို့သိစေသော် ပါရိသုဒ္ဓိပေးပြီးဖြစ်သည်။ ပါရိသုဒ္ဓိပေးသော ရဟန်းသည် ဆန္ဒကိုလည်း ပေးရမည်။

၂၀။ ပါရိသုဒ္ဓိပေးခြင်းသည် သံဃာအတွက်နှင့် မိမိ၏အတွက် ဥပုသ်ပြုခြင်းကိစ္စကို ပြည့်စုံစေသည်။ တခြားသော သံဃာကိစ္စကို မပြီးနိုင်ချေ၊ဆန္ဒပေးခြင်းသည် သံဃာအားသာဥပုသ်ပြုခြင်းနှင့်အခြား

၂၁။ သစေ ကောစိ ဘိက္ခု ဂိလာနော နသက္ကောတိ ဆန္ဒပါရိသုဒ္ဓိံ ဒါတုံ၊ သော မဉ္စေနဝါ ပီဌေနဝါ သံဃမဇ္ဈံ အာနေတဗ္ဗော၊ နသော ဘိက္ခု ဌာနာ စာဝေတဗ္ဗော၊ သံဃေန တတ္ထ ဂန္တွာ ဥပေါသထော ကာတဗ္ဗော။ (ဝိသင်္ဂြ-၂၀၂)။

၂၂။ စတ္တာရိမာနိ ဘိက္ခဝေ ဥပေါသထကမ္မာနိ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ အဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ။ (မဟာဝါပါဠိ-၁၅၀)။

၂၃။ သစေ ကေသုဉ္စိ ဝိဟာရေ စတူသု ဘိက္ခူသု ဝသန္တေသု ဧကဿ ဆန္ဒပါရိသုဒ္ဓိံ အာဟရိတွာ တယော ပါရိသုဒ္ဓိဥပေါသထံ ကရောန္တိ၊ တီသုဝါ ဝသန္တေသု ဧကဿ ဆန္ဒပါရိသုဒ္ဓိံ အာဟရိတွာ ဒွေ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ ဟောတိ။

၂၄။ သစေပန စတ္တာရောပိ သန္နိပတိတွာ ပါရိသုဒ္ဓိ ဥပေါသထံ ကရောန္တိ၊ တယော ဝါ ဒွေ ဝါ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ အဓမ္မေန သမဂ္ဂံနာမ ဟောတိ။

၂၅။ သစေ စတူသု ဇနေသု ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ တီသုဝါ ဇနေသု ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ ဒွေ ပါရိသုဒ္ဓိံ ဥပေါသထံ ကရောန္တိ၊ ဓမ္မေန ဝဂ္ဂံနာမ ဟောတိ။

၂၆။ သစေ ပန စတ္တာရော ဧကတ္ထ ဝသန္တာ သဗ္ဗေ သန္နိပတိတွာ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ တယော ပရိသုဒ္ဓိဥပေါသထံ ကရောန္တိ၊ ဒွေ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တိ၊ ဓမ္မေန သမဂ္ဂံနာမ- ဟောတိ။ (ဝိသင်္ဂြ-၂၀၃)။

ကိစ္စများကိုပြည့်စုံစေသည်၊မိမိ၏အတွက်မှာကားဥပုသ်မပြုရသေးသည်ပင်ဖြစ်၏။

၂၁။ ရဟန်းတပါးသည် ဂိလာနဖြစ်၍ ဆန္ဒပါရိသုဒ္ဓိမျှကိုပင် ပေးရန်မစွမ်းနိုင်ပါမူ ထိုရဟန်းကို ညောင်စောင်းဖြင့်ဖြစ်စေ၊ ခင်ဖြင့်ဖြစ်စေ သံဃာ့အလယ်သို့ ဆောင်ယူရမည်၊ ထိုဂိလာန ရဟန်းကိုနေရာမှ မရွေ့ထိုက်၊ နေရာရွေ့ရုံမျှ မရခဲ့ပါလျှင် သံဃာကပင်ဂိလာန ရဟန်းရှိရာသို့ သွားရောက်၍ ဥပုသ်ပြုရမည်။

၂၂။ ရဟန်းတို့....ဥပုသ်ကံတို့သည် (၄) မျိုးတို့တည်း။
၁-တရားနှင့်မညီညွတ်ဘဲ ဝဂ္ဂ(အစု) ဖြစ်သောဥပုသ်ကံ၊ ၂-တရားနှင့်မညီညွတ်ဘဲ သမဂ္ဂ(ညီညွတ်)သော ဥပုသ်ကံ၊ ၃-တရားနှင့်ညီညွတ်၍ ဝဂ္ဂ(အစု) ဖြစ်သော ဥပုသ်ကံ၊ ၄-တရားနှင့်ညီညွတ်၍ သမဂ္ဂ (ညီညွတ်) ဖြစ်သော ဥပုသ်ကံဟူ၍ လေးမျိုးရှိ၏။

၂၃။ ကျောင်းတကျောင်း၌ ရဟန်း (၄) ပါးတို့ နေကုန်သည်ရှိသော်၊ ရဟန်းတပါး၏ ဆန္ဒ ပါရိသုဒ္ဓိကို ဆောင်၍ကျန်သော ရဟန်းသုံးပါးတို့သည် အကယ်၍ ပါရိသုဒ္ဓိ ဥပုသ်ကို ပြုကုန် ငြားအံ့၊ ရဟန်းသုံးပါးတို့ နေကုန်သည်ရှိသော် ရဟန်းတပါး၏ ဆန္ဒပါရိသုဒ္ဓိကိုဆောင်၍ ကျန်သော ရဟန်းနှစ်ပါးတို့သည် အကယ်၍ ပါတိမောက် ပြုကြကုန်ငြားအံ့၊ ဤကဲ့သို့ပြုခြင်းမျိုးသည်တရားနှင့်လည်း မညီညွတ် ဝဂ္ဂ(အစု)လည်းဖြစ်သော ဥပုသ်ကံမည်၏။

၂၄။ ရဟန်းလေးပါး စည်းဝေးကြကုန်၍ အကယ်၍ ပါရိသုဒ္ဓိ ဥပုသ်ပြုကြကုန်ငြားအံ့၊ (၃) ပါး သို့မဟုတ် (၂) ပါးတို့သည်အကယ်၍ပါတိမောက်ပြုကြကုန်ငြားအံ့၊ ဤသို့ပြုကြခြင်းသည် တရားနှင့်ကား မညီညွတ်ချေ၊ သမဂ္ဂ (ညီညွတ်) မှုကား ရှိသော ဥပုသ်ကံမည်၏။

၂၅။ ရဟန်း(၄)ပါးတို့တွင် ရဟန်းတပါး၏ပါရိသုဒ္ဓိကို ဆောင်၍ကျန်ရဟန်း (၃) ပါးတို့သည် အကယ်၍ပါတိမောက် ပြုကုန်ငြားအံ့၊ ရဟန်း (၃) ပါးတို့တွင် ရဟန်းတပါး၏ ပါရိသုဒ္ဓိကို ဆောင်၍ကျန်ရဟန်း (၂)ပါးတို့သည် အကယ်၍ ပါရိသုဒ္ဓိဥပုသ် ပြုကုန်ငြားအံ့၊ တရားနှင့်ညီညွတ်၍ ဝဂ်ဖြစ်သော ဥပုသ်ကံမည်၏။

၂၆။ အကယ်၍ ရဟန်း(၄)ပါးနေရာတွင် အားလုံးစည်းဝေးကြကုန်၍ အကယ်၍ပါတိမောက်ပြုကြကုန်ငြားအံ့(၃)ပါးနေရာတွင်အကယ်

၂၇။ တတြ ဘိက္ခဝေ ယဒိဒံ စတ္တာရော သမဂ္ဂံ ဥပေါသထကမ္မံ ဧဝရူပံ ဘိက္ခဝေ ဥပေါသထကမ္မံ ကာတဗ္ဗံ။ (မဟာဝါပါဠိ-၁၅၁)။

၂၈။ အနုဇာနာမိ ဘိက္ခဝေ စတုန္နံ ပါတိမောက္ခံ ဥဒ္ဒိသိတုံ(မဟာဝါပါဠိ-၁၆၇)။

၂၉။ အနုဇာနာမိ ဘိက္ခဝေ တိဏ္ဏံ ပါရိသုဒ္ဓိဥပေါသထံ ကာတုံ၊ ဧဝဉ္စ ပန ဘိက္ခဝေ ကာတဗ္ဗော၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန တေ ဘိက္ခူ ဉာပေတဗ္ဗာ၊ သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော ပန္နရသော၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမာတိ၊ ထေရေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ တေ ဘိက္ခူ ဧဝမဿု ဝစနီယာ "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ နဝကေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ တေ ဘိက္ခူ ဧဝမဿု ဝစနီယာ "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ။ (မဟာဝါပါဠိ-၁၆၇)။

၃၀။ အနုဇာနာမိ ဘိက္ခဝေ ဒွိန္နံ ပါရိသုဒ္ဓိဥပေါသထံ ကာတုံ၊ ဧဝဉ္စ ပန ဘိက္ခဝေ ကာတဗ္ဗော ထေရေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ နဝေါ ဘိက္ခု ဧဝမဿ ဝစနီယော "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟီ"တိ။လ။ ဟီတိ နဝကေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ထေရော ဘိက္ခု ဧဝမဿ ဝစနီယော "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ။(မဟာဝါပါဠိ-၁၆၇)။

၃၁။ ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဧကော ဘိက္ခု ဝိဟရတိ၊ တေန ဘိက္ခဝေ ဘိက္ခုနာ ယတ္ထ ဘိက္ခူ ပဋိက္ကမန္တိ ဥပဋ္ဌာနသာလာယ ဝါ မဏ္ဍပေ ဝါ ရုက္ခမူလေ ဝါ၊ သော ဒေသော သမ္မဇ္ဇိတွာ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတွာ အာသနံ ပညပေတွာ ပဒီပံ ကတွာ နိသီဒိတဗ္ဗံ၊ သစေ အညေ ဘိက္ခူ

၍ ပါရိသုဒ္ဓိဥပုသ်ပြုကြကုန်ငြားအံ့၊ (၂)ပါးနေရာတွင်အချင်းချင်း အကယ်၍ ပါရိသုဒ္ဓိဥပုသ်ပြုကြကုန်ငြားအံ့၊ ဤသို့ ပြုခြင်းသည် တရားနှင့်လည်း ညီညွတ်၏။ သမဂ္ဂ(ညီညွတ်) မှုလည်း ရှိသော ဥပုသ်ကံမည်၏။

၂၇။ ရဟန်းတို့....(၄)မျိုးသောကံတို့တွင်တရားနှင့်လျော်သောညီညွတ် မှုရှိသော ဥပုသ်ကံကို ပြုရမည်။

၂၈။ ရဟန်းတို့....ရဟန်း (၄)ပါး တို့အား ပါတိမောက် ပြခြင်းငှာ ခွင့်ပြု၏။

၂၉။ ရဟန်းတို့....ရဟန်း(၃)ပါးတို့အား ပါရိသုဒ္ဓိဥပုသ် ပြုခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ပြုရမည်၊ ဗျတ္တပဋိဗလ ဖြစ်သော ရဟန်း သည် "သုဏန္တုမေ ....လ....ကရေယျာမ" ဟူ၍ ထိုရဟန်းတို့ကို သိစေရမည်၊ ထေရ်ကြီးရဟန်းသည် ကေသီကို လက်ဝဲ တဘက် ပခုံးထက်သို့တင်၍ ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီကာ ထို ရဟန်းတို့ကို ပရိသုဒ္ဓေါ....ဟူ၍ ဆိုရမည်၊ သီတင်းငယ်သည် လည်း ကေသီကို လက်ဝဲတဘက် ပခုံးထက်သို့ တင်၍ ဆောင့် ကြောင့်ထိုင်ပြီး လက်အုပ်ချီကာ ထိုရဟန်းတို့ကို ပရိသုဒ္ဓေါ အဟံ ဘန္တေ၊လ။ ဓာရေထဟူ၍ဆိုရမည်။

၃၀။ ရဟန်းတို့.... ရဟန်း (၂) ပါးတို့အား ပါရိသုဒ္ဓိဥပုသ် ပြုရန် ခွင့်ပြု၏။

၃၁။ ရဟန်းတို့.... ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ ရဟန်း တပါး သည် နေ၏၊ ထိုတပါးတည်းနေသော ရဟန်းသည် ရဟန်းတို့ ဖဲသွားရာ ဖြစ်သော စည်းဝေးရာ ဇရပ် မဏ္ဍပ် သစ်ပင်ရင်းတို့ကို တံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေ တည်ထားကာ၊ နေရာခင်းပြီးလျှင် ဆီမီးညှိထွန်းလျက် ထိုင်နေရမည်၊ အကယ်၍ အခြားရဟန်းတို့ လာသည်ဖြစ်အံ့၊ လာသောရဟန်းတို့နှင့် ဥပုသ် ပြုရမည်၊ အကယ်၍ မလာသည်ဖြစ်အံ့၊ "အဇ္ဇမေဥပေါသထော" ဟူ၍ အဓိဋ္ဌာန် ဥပုသ်ပြုရမည်၊ အကယ်၍ အဓိဋ္ဌာန်ဥပုသ် မပြုဘဲ နေအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။

အာဂစ္ဆန္တိ၊ တေဟိ သဒ္ဓိံ ဥပေါသထော ကာတဗ္ဗော၊ နော စေ အာဂစ္ဆန္တိ၊ "အဇ္ဇ မေ ဥပေါသထော"တိ အဓိဋ္ဌာတဗ္ဗော။ နော စေ အဓိဋ္ဌေယျ၊ အာပတ္တိဒုက္ကဋဿ။ (မဟာဝါပါဠိ-၁၆၈)။

၃၂။ ပဌမေ ဘိက္ခဝေ ပါတိမောက္ခုဒ္ဒေသော၊ နိဒါနံ ဥဒ္ဒိသိတွာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ ပဌမော ပါတိမောက္ခုဒ္ဒေသော၊ နိဒါနံ ဥဒ္ဒိသိတွာ စတ္တာရိ ပါရာဇိကာနိ ဥဒ္ဒိသိတွာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ ဒုတိယော ပါတိမောက္ခုဒ္ဒေသော၊ နိဒါနံ ဥဒ္ဒိသိတွာ စတ္တာရိ ပါရာဇိကာနိ ဥဒ္ဒိသိတွာ တေရသ သံဃာဒိသေသေ ဥဒ္ဒိသိတွာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ တတိယော ပါတိမောက္ခုဒ္ဒေသော၊ နိဒါနံ ဥဒ္ဒိသိတွာ စတ္တာရိ ပါရာဇိကာနိ ဥဒ္ဒိသိတွာ တေရသ သံဃာဒိသေသေ ဥဒ္ဒိသိတွာ ဒွေ အနိယတေ ဥဒ္ဒိသိတွာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ စတုတ္ထော ပါတိမောက္ခုဒ္ဒေသော၊ ဝိတ္ထာရေနေဝ ပဉ္စမော။ (မဟာဝါပါဠိ-၃၅၁)။ အနုဇာနာမိ ဘိက္ခဝေ သတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုံ။ (မဟာဝါပါဠိ-၁၅၂)။

၃၃။ တတြိမေ အန္တရာယာ၊ ရာဇန္တရာယော စောရန္တရာယော အဂျန္တရာယော ဥဒကန္တရာယော မနုဿန္တရာယော အမနုဿန္တရာယော ဝါဠန္တရာယော သရီသပန္တရာယော ဇီဝိတန္တရာယော ဗြဟ္မစရိယန္တရာယော။ (မဟာဝါပါဠိ-၁၅၂)။

၃၄။ အနုဇာနာမိ ဘိက္ခဝေ ယော တတ္ထ ဘိက္ခု ဗျတ္တော ပဋိဗလော၊ တဿာဓေယျံ ပါတိမောက္ခံ။ (မဟာဝါပါဠိ-၁၅၆)။

၃၅။ ယသ္မိံ ပန ဝိဟာရေ သဗ္ဗေဝ ဘိက္ခူ ဗာလာ ဟောန္တိ အဗျတ္တာ၊ နဇာနန္တိ ပါတိမောက္ခံ ဥဒ္ဒိသိတုံ၊ တတ္ထ ကိံ ကာတဗ္ဗန္တိ၊ တေဟိ ဘိက္ခူဟိ ဧကော ဘိက္ခု သာမန္တာ အာဝါသာ သဇ္ဇုကံ ပါဟေတဗ္ဗော "ဂစ္ဆာဝုသော သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါ ပါတိမောက္ခံ ပရိယာပုဏိတွာ အာဂစ္ဆာဟီ"တိ။ (ဝိသင်္ဂ-၂၀၉)။

၃၆။ ဝေဠုဝတံ လဘောထ၊ ဥလ္လုမ္ပေတံ ကုသလံ၊ နော စေ လဘောထ၊ တေဟိ ဘိက္ခူဟိ သဗ္ဗေဟေဝ ယတ္ထ တာဒိသာ ဘိက္ခူ ဟောန္တိ၊ သော

၃၂။ ရဟန်းတို့ ပါတိမောက်ပြခြင်း ငါးမျိုးရှိ၏၊ ၎င်း ငါးမျိုးတို့မှာ (က) နိဒါန်းကို ပြပြီး၍ ကျန်သော အပိုင်းကို သုတသဒ္ဒါ ဖြင့် သိမ်း၏၊ ဤကား ပဌမ ပါတိမောက် ပြခြင်းတည်း။ (ခ) နိဒါန်း ပါရာဇိကတို့ကို ပြပြီး၍ ကျန်သော အပိုင်းကို သုတသဒ္ဒါဖြင့် သိမ်း၏၊ ဤကားဒုတိယ ပါတိမောက်ပြခြင်းတည်း။ (ဂ) နိဒါန်း ပါရာဇိက သံဃာဒိသေသ်တို့ကို ပြပြီး၍ ကျန်သော အပိုင်းကို သုတသဒ္ဒါဖြင့် သိမ်း၏၊ ဤကား တတိယ ပါတိမောက် ပြခြင်း တည်း။ (ဃ) နိဒါန်း ပါရာဇိက သံဃာဒိသေသ်အနိယတ တို့ကို ပြပြီး၍ ကျန်သော အပိုင်းကို သုတသဒ္ဒါဖြင့် သိမ်း၏၊ ဤကား စတုတ္ထပါတိမောက်ပြခြင်းတည်း။ (င) အကျယ် ပြခြင်းသည် ပဉ္စမ ပါတိမောက်ပြခြင်းတည်း၊ ဤ ငါးမျိုးတို့တည်း။

၃၃။ ရဟန်းတို့အန္တရာယ်ရှိလျှင် အကျဉ်းအားဖြင့် ပါတိမောက် ပြရန် ခွင့်ပြု၏။

အန္တရာယ်(၁၀)မျိုး

၁-မင်းအန္တရာယ်၊ ၂-ခိုးသူအန္တရာယ်၊ ၃-မီးအန္တရာယ်၊ ၄-ရေ အန္တရာယ်၊ ၅-လူအန္တရာယ်၊ ၆-ဘီလူးအန္တရာယ်၊ ၇-သားရဲ အန္တရာယ်၊ ၈-မြွေ၊ ကင်း၊ သန်း အန္တရာယ်၊ ၉- အသက်၏ အန္တရာယ်၊ ၁၀- ဗြဟ္မစရိယ အန္တရာယ်တို့ ဖြစ်ကြကုန်၏။

၃၄။ ရဟန်းတို့....အကြင်ရဟန်းသည် ဗျတ္တပဋိဗလ ဖြစ်၏၊ပါတိမောက် ပြခြင်းသည် ထိုရဟန်းနှင့် စပ်ဆိုင်၏ဟု ခွင့် ပြု၏။

၃၅။ အကြင်ကျောင်း၌ ရဟန်းအားလုံးတို့သည် ပါတိမောက်ပြခြင်း၄ာ မသိနားမလည်ကြကုန်၊ ညဏ်နည်းကုန်၏၊ မစွမ်းနိုင်ကြကုန်၊ ပါတိမောက်ကို မသိကြကုန်၊ ထိုကျောင်း၌ အဘယ်သို့ ပြုလုပ်ရ မည်နည်းဟူမူ ထိုရဟန်းတို့သည် ရဟန်း တပါးကို အနီးအနား ကျောင်းသို့ နေ့ချင်း ပြန်စေလွှတ်ရမည်။ "ငါ့ရှင်သွားပါလော အကျဉ်းဖြစ်စေ အကျယ်ဖြစ်စေ ပါတိမောက် သင်ယူ၍ လာခဲ့ပါ လော" ဟု စေခိုင်းရမည်။

၃၆။ ဤသို့ စေလွှတ်နိုင်လျှင် ကောင်း၏၊ အကယ်၍ မစေလွှတ်နိုင်လျှင် ထို ဗာလအဗျတ္တ ရဟန်းအားလုံးတို့သည် ဗျတ္တပဋိဗလ ရဟန်းတို့ ရှိရာကျောင်းသို့ ဥပုသ်ပြုရန် လခွဲတိုင်း သွားရမည်၊ မသွားသော ရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်၏။

ဇုန္တာသယ ၄၉၈-၉

အာဝါသော ဥပေါသထကရဏတ္ထာယ အနုစ္ဆမာသံ ဂန္တဗ္ဗော၊အနာဝါသေ ဂစ္ဆန္တဿ ဒုက္ကဋံ။ (ဝိသင်္ဂြ-၂၀၉)။

၃၇။ သံဃသန္နိပါတတော ပဌမံ ကာတဗ္ဗံ ပုဗ္ဗကရဏံ သံဃသန္နိပါတေ ကာတဗ္ဗံ ပုဗ္ဗကိစ္စန္တိ ဒဋ္ဌဗ္ဗံ၊ (ဝိလင်္ကာ,ပ-၃၉၇) ။

**သံဃဥပေါသထကရဏဝိဓိ**

(က) သမ္မဇ္ဇနီ ပဒီပေါ စ, ဥဒကံ အာသနေန စ၊
ဥပေါသထဿ ဧတာနိ, ပုဗ္ဗကရဏန္တိ ဝုစ္စတိတိ-

ဧဝံ ဝုတ္တံ စတုဗ္ဗိဓံ ပုဗ္ဗကရဏံ ကတွာဝ ဥပေါသထော ကာတဗ္ဗော။ (ဝိသင်္ဂြ-၂၁၂)။

(ခ) ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ, ဘိက္ခုဂဏနာ စ ဩဝါဒေါ၊
ဥပေါသထဿ ဧတာနိ, ပုဗ္ဗကိစ္စန္တိ ဝုစ္စတိတိ-

ဧဝံ ဝုတ္တံ ပန ပဉ္စဝိဓမ္ပိ ပုဗ္ဗကိစ္စံ ပုဗ္ဗကရဏတော ပစ္ဆာ ကာတဗ္ဗံ၊ တမ္ပိ ဟိ အကတွာ ဥပေါသထော နကာတဗ္ဗော။ (ဝိသင်္ဂြ-၂၁၂)။

(ဂ) ဥပေါသထဒိဝသေသု သံဃသန္နိပတိတေ သစေ ပုဗ္ဗေဝ သမ္မတော ဓမ္မဇ္ဈေသကော အတ္ထိ၊ ဣစ္စေတံ ကုသလံ၊ နော စေ၊ ဧကံ ဗျတ္တံ ပဋိဗလံ ဘိက္ခုံ သံဃေန သမ္မန္နာပေတွာ (ဝိလင်္ကာ,ပ-၄၀၁)။

(ဃ) သမ္မုတိ ဥ တ္တိဌပနံ။
သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ တိဿံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသေယျံ။

၃၇။ သံဃာမစည်းဝေးမီရှေးဦးစွာပြုလုပ်အပ်သောကြောင့် ပုဗ္ဗကရဏ ဟုခေါ်သည်၊ သံဃာစည်းဝေးပြီးနောက်ဥပုသ်မပြုမီ ရှေးဦးစွာ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စဟု ခေါ်သည်၊ ဤသို့ မှတ်ရမည်။

**သံဃဉပုသ်ပြုပုံအစီအစဉ်**

(က) ၁-တံမြက်လှည်းခြင်း၊ ၂-ဆီမီးညှိထွန်းခြင်း၊ ၃-သောက်ရေ သုံးဆောင်ရေတည်ထားခြင်း၊ ၄-နေရာခင်းခြင်းဤလေးပါး သော ကိစ္စတို့ကို ဥပုသ်ကံ၏ ရှေ့၌ ပြုအပ်သောကြောင့်ပုဗ္ဗကရဏ တို့ဟူ၍ ဆိုအပ်၏ဟု အဋ္ဌကထာ ဆရာတို့ မိန့်ဆိုအပ်သော ပုဗ္ဗ ကရဏ လေးပါးကို ပြုပြီးမှသာလျှင် ဉပုသ်ပြုရမည်။

(ခ) ၁-ဆန္ဒဆောင်ခြင်း၊ ၂-ပါရိသုဒ္ဓိဆောင်ခြင်း၊ ၃-ဥတုကို ပြောကြားခြင်း၊ ၄-ရဟန်းအပေါင်းကို ရေတွက်ခြင်း ၅-ဘိက္ခု နီမတို့သည် ဘယ်မထေရ်ထံ၌ အဆုံးအမ ခံရ ပါမည်နည်းဟူ သော စကားကို ပြောကြားခြင်း ဤငါးပါးတို့ကို ဥပုသ်ကံ၏ရှေ့ အဘို့၌ပြုအပ်သောကြောင့်ပုဗ္ဗကိစ္စတို့ဟူ၍ဆိုအပ်၏ဟုအဋ္ဌကထာ ဆရာတို့မိန့်ဆိုအပ်သော ပုဗ္ဗကိစ္စလေးပါးတို့တည်း၊ ပုဗ္ဗကရဏ၏ နောက်မှ ပြုရမည်၊ မှန်၏၊ ထိုပုဗ္ဗကိစ္စ လေးပါးကို မပြုဘဲလည်း ဥပုသ် မပြုအပ်။

(ဂ) ဥပုသ်နေ့၌ သံဃာစည်းဝေးပြီးသည်ရှိသော် ရှေးက သမုတ် အပ်သော ပါတိမောက်ရွတ်ရန် တိုက်တွန်းသော ရဟန်း ရှိဘိမူ ကောင်း၏၊ အကယ်၍ မရှိသည်ဖြစ်အံ့ ဗျတ္တပဋိဗလ ဖြစ်သော ရဟန်းအား သမုတ်ရမည်။

**သမုတ်သောဉတ်ထားခြင်း**

(ဃ) အရှင်ဘုရားတို့သံဃာတော်သည်တပည့်တော်၏စကားကို နားစိုက်တော်မူပါ၊ သံဃာအား ပါတိမောက္ခုဒ္ဒေသ အဖြေသန ကံသည် အကယ်၍ လျောက်ပတ်သောအခါ ရှိငြားအံ့၊ တပည့် တော်သည် အရှင် တိဿကို ပါတိမောက် ရွတ်ပြသူ အဖြစ် တိုက်တွန်းရာ၏။ (တိုက်တွန်းပါတော့မည်)။

(၄) တေန ဓမ္မဇ္ဈေသကေန ပါတိမောက္ခုဒ္ဒေသကံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော “သံဃော ဘန္တေ ထေရံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ထေရော ပါတိမောက္ခံ။ပ။ ဒုတိယမ္ပိ ဘန္တေ၊ တတိယမ္ပိ ဘန္တေ။ပ။ ဥဒ္ဒိသတု ထေရော ပါတိမောက္ခ”န္တိ တိက္ခတ္တုံ ယာစာပေတွာ။

(၅) တတော ပါတိမောက္ခုဒ္ဒေသကေန “သမ္မဇ္ဇနီ ပဒီပေါ စ ဥဒကံ အာသနေန စ၊ ဥပေါသထဿ ဧတာနိ, ပုဗ္ဗကရဏန္တိ ဝုစ္စတီတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ စတ္တာရိ ပုဗ္ဗကရဏာနိ ကိံ တာနိ ကတာနီ”တိ ပုစ္ဆိတေ ဓမ္မဇ္ဈေသကေန “အာမ ဘန္တေ”တိ ဝုတ္တေ။

(၆) ပုန ပါတိမောက္ခုဒ္ဒေသကေန “ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ, ဘိက္ခုဂဏနာ စ ဩဝါဒေါ၊ ဥပေါသထဿ ဧတာနိ, ပုဗ္ဗကိစ္စန္တိ ဝုစ္စတီတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ ပဉ္စ ပုဗ္ဗကိစ္စာနိ ကိံ တာနိ ကတာနီ”တိ ပုစ္ဆိတေ ဓမ္မဇ္ဈေသကေန “အာမ ဘန္တေ”တိ ဝုတ္တေ။

(၇) ပုန ပါတိမောက္ခုဒ္ဒေသကေန “ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ, သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နဟောန္တိ, ပတ္တကလ္လန္တိ ဝုစ္စတီတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ စတ္တာရိ ပတ္တကလ္လင်္ဂါနိ ကိံ တာနိ သမာနိတာနီ” တိ ပုစ္ဆိတေ ဓမ္မဇ္ဈေသကေန “အာမ ဘန္တေ”တိ ဝုတ္တေ။

(င) ပါတိမောက်ပြရန် တိုက်တွန်းသောရဟန်းသည် ပါတိမောက်ပြသောရဟန်းသို့ ချဉ်းကပ်၍ ကေသီကို လက်ဝဲတဘက် ပခုံးထက်သို့တင်ပြီး ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီပြီး ဤသို့ ရွတ်ဆိုရမည်။ "သံဃောဘန္တေ။လ။ ပါတိမောက္ခံ"ဟူ၍ သုံးကြိမ် တောင်းပန်ရမည်။

(စ) ထို့နောက် ပါတိမောက်ပြသော ရဟန်းသည်....

၁–တံမြက်လှည်းခြင်း၊ ၂–ဆီမီးညှိထွန်းခြင်း၊ ၃–သောက်ရေသုံးရေ တည်ထားခြင်း၊ ၄–နေရာခင်းခြင်း၊ ဤလေးပါးသော ကိစ္စတို့ကို ဥပုသ်ကံ၏ရှေ့အဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏတို့ဟူ၍ဆိုအပ်ကုန်၏ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သော လေးပါးသောပုဗ္ဗကရဏတို့ကိုပြုအပ်ပါကုန်ပြီလောဟုမေးရမည်။

(ဆ) ပါတိမောက်ပြရန် တိုက်တွန်းသော ရဟန်းက ပြုအပ်ပါကုန်ပြီ အရှင်ဘုရား ဟု လျှောက်ထားရမည်။ နောက်တဖန် ပါတိမောက်ပြသောရဟန်းက....

၁–ဆန္ဒ ဆောင် ခြင်း၊ ၂–ပါ ရိ သုဒ္ဓိ ဆောင် ခြင်း၊ ၃–ဥတုကို ပြော ကြား ခြင်း၊ ၄–ရ ဟန်း အ ပေါင်း တို့ ကို ရေတွက်ခြင်း၊ ၅–ဘိက္ခုနီမတို့သည် ဘယ်မထေရ်ထံ၌ အဆုံးအမ ခံရပါမည်နည်းဟု လျှောက်ထားသောစကားကို ပြောကြားခြင်း၊ ဤငါးပါးတို့ကို ဥပုသ်ကံ၏ရှေ့၌ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ ဆိုအပ်ကုန်၏ ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သော ငါးပါးသော ပုဗ္ဗကိစ္စတို့ကို ပြုအပ်ကုန်ပြီးလောဟု မေးရမည်။

(ဇ) ပါတိမောက် ပြုရန် တိုက်တွန်းသော ရဟန်းက ပြုအပ်ပါကုန်ပြီဘုရားဟု လျှောက်ထားရမည်။ နောက်တဖန် ပါတိမောက်ပြသောရဟန်းသည်....

၁–ဥပုသ်နေ့ဖြစ်ခြင်း ၂–ကံအားလျော်ပတ်သော ရဟန်းရှိခြင်း၊ ၃–သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မရှိခြင်း၊ ၄–လူအစရှိသော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့မရှိခြင်း၊ ဤအင်္ဂါလေးရပ်သည် ပတ္တကလ္လအင်္ဂါဟု ဆိုအပ်၏ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သော ပတ္တကလ္လ အင်္ဂါတို့နှင့် ပြည့်စုံပါပြီလော–ဟု–မေးရမည်။ ပါတိမောက် ပြ ရန် တိုက်တွန်းသော ရဟန်းက ပြည့်စုံပါပြီ အရှင်ဘုရားဟု လျှောက်ထားရမည်။

(ဈ) ပုန ပါတိမောက္ခုဒ္ဒေသကော" ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမ္မာ
နိဋ္ဌာပေတွာ ပတ္တကလ္လင်္ဂေ သမာနိတေ သံဃဿ အနုမတိ
ယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမာ"တိ ဝတွာ "သာဓု သာဓူ"
တိ ဘိက္ခုသံဃေန သမ္ပဋိစ္ဆိတေ သုဏာတု မေ ဘန္တေ
သံဃောတိ အာဒိနာ ပါတိမောက္ခုဒ္ဒေသကော ပါတိ
မောက္ခံ ဥဒ္ဒိသတိ။ (ဝိလင်္ဋီ,ပ-၄၀၁)။

(ည) နိဒါနေ ဥဒ္ဒိဋ္ဌေ ပါရာဇိကုဒ္ဒေသာဒီသု ယသ္မိံ ဝိပ္ပကတေ
အန္တရာယော ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ အဝသေသံ သုတေန
သာဝေတဗ္ဗံ။ (သာရတ္ထဋီ,တ-၂၇၆)။

(ဋ) အဝသေသေ သုတေန သာဝိတေတိ အဝသိဋ္ဌေ ပါရာဇိ
ကုဒ္ဒေသာဒိစတုက္ကံ "သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော
ပါရာဇိကာ။ပ။ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗ"န္တိ ဧဝံ သုတေန
သာဝိတေ။ (ကင်္ခါဋီ-၁၂၈)။

(ဌ) နိဒါနုဒ္ဒေသေ အနိဋ္ဌိတေ သုတေန သာဝေတဗ္ဗံ နာမ နတ္ထိ။
(သာရတ္ထဋီ,တ-၂၇၆)။

(ဍ) သုတေန သာဝေတဗ္ဗံ နာမ နတ္ထိ၊ ဥပေါသထဿ အန္တရာ
ယောဝ ဟောတီတိ အဓိပ္ပါယော။ (ကင်္ခါဋီ-၁၂၉)။

(ဎ) ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ န ဟောန္တီတိ န ဘိက္ခဝေ သ
ဂဟဋ္ဌာယ ပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိ
သေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ ဝစနတော ဂဟဋ္ဌော။လ။
ဧကဝီသတိ ပုဂ္ဂလာ ဝဇ္ဇနီယာ နာမ။
တေ ဟတ္ထပါသတော ဗဟိကရဏဝသေန ဝဇ္ဇေတဗ္ဗာ။
(ကင်္ခါဋ္ဌ-၉၃)။

(ဏ) ဧတေသု ဟိ တိဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါသထံ
ကရောန္တော သံဃော ပါစိတ္တိယံ အာပဇ္ဇတိ၊ သေသေသု
ဒုက္ကဋံ။ (ကင်္ခါဋ္ဌ-၉၃)။

ဥပေါသထကမ္မံ နိဋ္ဌိတံ။

(ဈ) နောက်တဖန် ပါတိမောက်ပြသောရဟန်းသည် ဤသို့ဆိုအပ်၏၊ ပုဗ္ဗကရဏ(၄)ပါး ပုဗ္ဗကိစ္စ (၅)ပါးတို့ကို ကောင်းစွာပြီးစေပြီး၍ ပတ္တကလ္လ အင်္ဂါတို့နှင့် ပြည့်စုံပြီးသော် သံဃာ၏ ခွင့်ပြုချက်ဖြင့် ပါတိမောက် ပြပါတော့မည် ဟူ၍ ဆိုရမည်။ "သာဓု-သာဓု"ဟု သံဃာက လက်ခံသည်ရှိသော် "သုဏာတု မေ ဘန္တေ သံဃော"စသည်ဖြင့် ပါတိမောက်ပြမည့် ရဟန်းသည် ရွတ်ဆိုရမည်။

(ည) နိဒါန်းကို ရွတ်ပြပြီးနောက် ပါရာဇိက စသည်တို့တွင် တခုခု ရွတ်ပြမပြီးသေးမီ အန္တရာယ် တပါးပါး ပေါ်ပေါက်ခဲ့သော် ထိုရွတ်ပြ မပြီးသေးသော ဥဒ္ဒေသနှင့်အတူ ကျန်သော ဥဒ္ဒေသများကို သုတသဒ္ဒါဖြင့်သိမ်းရမည်။

(ဋ) ကျန်သော ဥဒ္ဒေသများကို သုတဖြင့် သိမ်းခြင်း ဟူသည် ကြွင်းသောပါရာဇိကစသော လေးစတုက္ကကို အရှင်ဘုရားတို့သည် ပါရာဇိကလေးပါးတို့ကို ကြားနာအပ်ပြီးပါကုန်ပြီ။ ။ပ။ ငြင်းခုံမှု မရှိဘဲ ကျင့်အပ်၏ဟူ၍ ဤသို့သုတသဒ္ဒါဖြင့် ကြားစေအပ်၏။

(ဌ) (နိဒါန်း မပြီးသေးဘဲ) သုတသဒ္ဒါဖြင့် သိမ်းခွင့်မရှိ (သိမ်းခဲ့သော်) ဥပုသ်၏ အန္တရာယ်သာ ဖြစ်၏၊ ဤကား အဋ္ဌကထာဆရာ၏ အလိုတည်း။

(ဍ) ဝဇ္ဇနီယ ပုဂ္ဂိုလ်များ မရှိရခြင်းဟူသည် ရဟန်းတို့....လူနှင့် တကွဖြစ်သော ပရိသတ်၌ ပါတိမောက် မပြအပ်။ အကြင်ရဟန်းသည် လူရှိလျက် ပါတိမောက်ပြအံ့၊ ဒုက္ကဋ်အာပတ်သင့်စေဟု မိန့်ကြားတော်မူသော လူ အစရှိသော (၂၁) ယောက်သော ပုဂ္ဂိုလ်တို့သည် ကြဉ်ဖယ်ထိုက်သော ပုဂ္ဂိုလ်တို့မည်၏။ ထိုပုဂ္ဂိုလ်တို့ကို (သံဃာတော်၏)နှစ်တောင့်ထွာ ဟတ္ထပါသ်မှအပပြုသော အားဖြင့် ကြဉ်ဖယ်ရမည်။

(ဏ) မှန်၏၊ ဤဝဇ္ဇနီယပုဂ္ဂိုလ်(၂၁)ယောက်တို့တွင် ဥက္ခိတ္တကပုဂ္ဂိုလ်(၃)ယောက်ရှိလျက် ဥပုသ်ပြုသော သံဃာအား ပါစိတ်အာပတ်သင့်၏၊ ကျန်ပုဂ္ဂိုလ် (၁၈)ယောက်ရှိလျက် ဥပုသ်ပြုသော သံဃာအား ဒုက္ကဋ်အာပတ်သင့်၏။

ဥပေါသထကံပြီး၏။

## ၄-ပဝါရဏာကမ္မဝိဓိ

၁။ ဧဝဉ္စ ပန ဘိက္ခဝေ ပဝါရေတဗ္ဗံ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။

၂။ “သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ပဝါရေယျ” တိ။ (မဟာဝါပါဠိ-၂၂၃)။

၃။ ထေရေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော “သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ၊ တတိယမ္ပိ၊ ပဋိကရိဿာမိ” တိ။

နဝကေန ဘိက္ခုနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော “သံဃံ ဘန္တေ။ ပ။ ပဋိကရိဿာမိ” တိ။ (မဟာဝါပါဠိ-၂၂၃)။

၄။ န ဘိက္ခဝေ ထေရေသု ဘိက္ခူသု ဥက္ကုဋိကံ နိသိန္နေသု ပဝါရယမာနေသု အာသနေသု အစ္ဆိတဗ္ဗံ၊ ယော အစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗေဟေဝ ဥက္ကုဋိကံ နိသိန္နေဟိ ပဝါရေတုံ။

အနုဇာနာမိ ဘိက္ခဝေ တဒမန္တရာ ဥက္ကုဋိကံ နိသီဒိတုံ။ ယာဝ ပဝါရေတိ၊ ပဝါရေတွာ အာသနေ နိသီဒိတုံ။

(မဟာဝါပါဠိ-၂၂၄)။

၅။ ဒွေမာ ဘိက္ခဝေ ပဝါရဏာ စာတုဒ္ဒသိကာစ ပန္နရသိကာစ၊ ဣမာ ခေါ ဘိက္ခဝေ ဒွေ ပဝါရဏာတိ။ (မဟာဝါပါဠိ-၂၂၄)။

၆။ စတ္တာရိမာနိ ဘိက္ခဝေ ပဝါရဏာကမ္မာနိ၊ အဓမ္မေန ဝဂ္ဂံ ပဝါရဏာကမ္မံ၊ အဓမ္မေန သမဂ္ဂံ ပဝါရဏာကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ပဝါရဏာကမ္မံ၊ ဓမ္မေန သမဂ္ဂံ ပဝါရဏာကမ္မံ။ (မဟာဝါပါဠိ-၂၂၄)။

၇။ ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ။

## ၄-ပဝါရဏာပြုမှုအစီအစဉ်

၁။ ရဟန်းတို့.... ဤသို့ ပဝါရဏာပြုရမည်၊ ဗျတ္တပဋိဗလဖြစ်သော ရဟန်းသည်။

၂။ သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇပဝါရဏာ၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ပဝါရေယျ၊ ဟူ၍ သံဃာအား သိစေရမည်။

၃။ ထေရ်ကြီးဖြစ်သော ရဟန်းသည် ကေသီကို လက်ဝဲတဘက် ပခုံးထက်သို့ တင်၍ ဆောင့်ကြောင့် ထိုင်ပြီး လက်အုပ်ချီကာ ငါ့ရှင်တို့....ငါသည် သံဃာကိုမြင်သည်ဖြစ်စေ၊ကြားသည်ဖြစ်စေ၊ ယုံမှားသည် ဖြစ်စေ ပြောဆိုဘို့ရန် ဖိတ်မံပါ၏၊ ငါ့ရှင်တို့သည် ငါ့ကို သနားသောအားဖြင့် ပြောဆိုကြပါ။ အပြစ်ကိုမြင်သော် ကုစားပါမည်-ဟုဖိတ်မံရမည်။ (၃-ကြိမ်ဆိုပါ၊ သီတင်းငယ် ဖြစ်လျှင် အာဝုသောနေရာ၌ ဘန္တေ ဟု ဆိုပါ)။

၄။ ရဟန်းတို့.... ထေရ် ကြီး ဖြစ် ကြ ကု န်သော ရဟန်းတို့သည် ဆောင့်ကြောင့်ထိုင်၍ ပဝါရဏာ ပြုကုန်သည်ရှိသော် (ဆောင့် ကြောင့် ထိုင်ခြင်းမှတပါး) နေရာတို့၌ မထိုင်ထိုက်၊ ထိုင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့.... မိမိပဝါရဏာပြုမပြီးမီအတွင်း ဆောင့်ကြောင့် ထိုင် နေခြင်းငှာရင်း၊ မိမိပဝါရဏာပြုပြီးနောက် နေရာ၌ထိုင်နေခြင်း ငှာရင်း ခွင့်ပြု၏၊ ရဟန်းတို့.... သီတင်းကြီး သီတင်းငယ်အားလုံး တို့သည် ဆောင့်ကြောင့်ထိုင်၍ ပဝါရဏာပြုခြင်းငှာ ခွင့်ပြု၏။

၅။ ရဟန်းတို့.... ပဝါရဏာသည် စာတုဒ္ဒသီပဝါရဏာ၊ ပန္နရသီ ပဝါရဏာဟူ၍ နှစ်မျိုးရှိ၏။

၆။ ရဟန်းတို့ ပဝါရဏာကံတို့သည် (၄)မျိုး ရှိကြကုန်၏။လေးမျိုး တို့မှာ.... ၁-တရားနှင့်မညီဘဲ ဝဂ္ဂ (အစု)ဖြစ်သောပဝါရဏာကံ။ ၂-တရားနှင့်မညီဘဲ သမဂ္ဂ(ညီညွတ်ခြင်း)ဖြစ်သောပဝါရဏာကံ။ ၃-တရားနှင့်ညီ၍ ဝဂ္ဂ(အစု)ဖြစ်သော ပဝါရဏာကံ။ ၄-တရား နှင့်လည်း ညီ၏။ သမဂ္ဂ(ညီညွတ်ခြင်း)လည်းဖြစ်သော ပဝါရဏာ ကံဟု (၄)မျိုးရှိ၏။

### ပဝါရဏာပေးပုံ

၇။ ပဝါရဏာပေးပါ၏၊ တပည့်တော်၏ ဖိတ်ကြားခြင်းကိုဆောင်ယူ သွားပါ၊ တပည့်တော်၏ ဖိတ်ကြားချက်ကို သံဃာကော်အား

ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ ဒိန္နာ ဟောတိ ပဝါရဏာ။ (မဟာဝါ ပါဠိ-၂၂၅)။

၈။ သော ဘိက္ခုဝေ ဂိလာနော ဘိက္ခု မဉ္စေန ဝါ ပီဌေန ဝါ သံဃမဇ္ဈေ အာနေတွာ ပဝါရေတဗ္ဗံ။ (မဟာဝါ ပါဠိ-၂၂၅)။

၉။ န ဘိက္ခုဝေ ဂိလာနော ဘိက္ခု ဌာနာ စာဝေတဗ္ဗော။ သံဃေန တတ္ထ ဂန္တွာ ပဝါရေတဗ္ဗံ။ န တွေဝ ဝဂ္ဂေန သံဃေန ပဝါရေတဗ္ဗံ။ ပဝါရေယျ စေ၊ အာပတ္တိ ဒုက္ကဋဿ။ (မဟာဝါ ပါဠိ-၂၂၅)။

၁၀။ ပဝါရဏာဟာရကော စေ ဘိက္ခုဝေ ဒိန္နာယ ပဝါရဏာယ သံဃပ္ပတ္တော သဉ္စိစ္စ နာရောစေတိ၊ အာဟဋာ ဟောတိ ပဝါရဏာ၊ ပဝါရဏာဟာရကဿ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခုဝေ တဒဟု ပဝါရဏာယ ပဝါရဏံ ဒေန္တေန ဆန္ဒမ္ပိ ဒါတုံ၊ သန္တိ သံဃဿ ကရဏီယံ။ (မဟာဝါ ပါဠိ- ၂၂၇)။

၁၁။ အနုဇာနာမိ ဘိက္ခုဝေ ပဉ္စန္နံ သံဃေ ပဝါရေတုံ။ အနုဇာနာမိ ဘိက္ခုဝေ စတုန္နံ အညမညံ ပဝါရေတုံ။

ဧဝဉ္စ ပန ဘိက္ခုဝေ ပဝါရေတဗ္ဗံ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဘိက္ခူ ဉာပေတဗ္ဗာ။

"သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမာ" တိ။ (မဟာဝါ ပါဠိ-၂၂၈)။

ထေရေန ဘိက္ခုနာ။ပ။ ဧဝမဿုဝစနီယော "အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ။ပ။ ပဋိကရိဿာမီ"တိ။

(မဟာဝါပါဠိ-၂၂၈)။

နဝကေန ဘိက္ခုနာ။ပ။ အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ။ပ။ ပဋိကရိဿာမီတိ။ (မဟာဝါ ပါဠိ-၂၂၈)။

၁၂။ အနုဇာနာမိ ဘိက္ခုဝေ တိဏ္ဏံ အညမညံ ပဝါရေတုံ။ အနုဇာနာမိ ဘိက္ခုဝေ ဒွိန္နံ အညမညံ ပဝါရေတုံ။

ထေရေန ဘိက္ခုနာ။ပ။ ပဋိကရိဿာမိ။

နဝကေန ဘိက္ခုနာ။ပ။ ပဋိကရိဿာမိ။ (မဟာဝါ ပါဠိ ၂၉-၃၀)

လျှောက်ထားပါ၊ တပည့်တော်၏အတွက် ဖိတ်ကြားပါ။ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်နှုတ်နှစ်မျိုးလုံးဖြင့်ဖြစ်စေ သိစေ၏။ ထိုအခါ ပဝါရဏာပေးပြီး ဖြစ်တော့၏။

၈။ ရဟန်းတို့....ထို ဂိလာနရဟန်းကို ညောင်စောင်းဖြင့် ဖြစ်စေ၊အင်းပျဉ်ဖြင့် ဖြစ်စေ သံဃာ့အလယ်သို့ ဆောင်၍ ဖိတ်ကြားစေရမည်။

၉။ ရဟန်းတို့.... ဂိလာနရဟန်းကို နေရာမှ မရွှေ့ထိုက်၊ သံဃာက ဂိလာန ရဟန်းရှိရာသို့ သွား၍ ပဝါရဏာပြုရမည်။ ဝဂ်ဖြစ်သော သံဃာသည် ပဝါရဏာမပြုထိုက်၊ပဝါရဏာပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀။ ပဝါရဏာကိုပေးပြီးသည်ရှိသော် ပဝါရဏာဆောင်သော ရဟန်းသည် (ပေးလိုက်သော ပ ဝါ ရ ဏာ ကို) သံဃာ့ ထံမှောက်သို့ ရောက်လျက် စေတနာဖြင့် မပြောကြားဘဲနေအံ့၊ ပဝါရဏာကို ဆောင်သည် မည်၏။ ပဝါရဏာ ဆောင်ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ ရဟန်းတို့-ပဝါရဏာနေ့၌ ပဝါရဏာ ပေးသော ရဟန်းသည် ဆန္ဒကိုလည်းပေးရန်ခွင့်ပြု၏၊ သံဃာအား ပြုဘွယ်ကိစ္စ ရှိတတ်၏။

၁၁။ ရဟန်းတို့-လေးပါးသော ရဟန်းအား အချင်းချင်း ပဝါရဏာ ပြုရန် ခွင့်ပြု၏။
ရဟန်းတို့-ဤသို့ပဝါရဏာပြုရမည်၊ ဗျတ္တပဋိဗလဖြစ်သောရဟန်းသည် "သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇပဝါရဏာ၊ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပဝါရေယျာမ"ဟူ၍ သိစေရမည်။
(ထေရ်ကြီး ဖြစ်သော ရဟန်းသည် ရှေ့၌ ညွှန်ပြခဲ့သည့်အတိုင်း ဆိုရမည်။ သီတင်းငယ်လည်း ရှေးနည်းအတိုင်း ဆိုရမည်)။

၁၂။ ရဟန်းတို့....သုံးပါးရှိသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာ ပြုရန် ခွင့်ပြု၏။ ရဟန်းတို့ နှစ်ပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုရန် ခွင့်ပြု၏။
(သီတင်းကြီးနှင့် သီတင်းငယ် ပုဂ္ဂိုလ်တို့သည် ရှေးနည်းအတိုင်း အချင်းချင်း ဖိတ်ကြားရမည်)။

၁၃။ ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟု ပဝါရဏာယ ဧကော ဘိက္ခု ဝိဟရတိ၊ တေန ဘိက္ခဝေ ဘိက္ခုနာ ယတ္ထ ဘိက္ခူ ပဋိက္ကမန္တိ ဥပဋ္ဌာနသာလာယ ဝါ မဏ္ဍပေ ဝါ ရုက္ခမူလေ ဝါ၊ သော ဒေသော သမ္မဇ္ဇိတွာ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတွာ အာသနံ ပညပေတွာ ပဒီပံ ကတွာ နိသီဒိတဗ္ဗံ။ သစေ အညေ ဘိက္ခူ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဓိံ ပဝါရေတဗ္ဗံ။ နော စေ အာဂစ္ဆန္တိ။ "အဇ္ဇ မေ ပဝါရဏာ" တိ အဓိဋ္ဌာတဗ္ဗံ၊ နော စေ အဓိဋ္ဌေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (မဟာဝါ ပါဠိ-၂၃၀)။

၁၄။ န ဘိက္ခဝေ တဒဟု ပဝါရဏာယ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဂန္တဗ္ဗော အညတြ သံဃေန အညတြ အန္တရာယာ။ န ဘိက္ခဝေ တဒဟုပဝါရဏာယ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အနာဝါသော ဂန္တဗ္ဗော အညတြ သံဃေန အညတြ အန္တရာယာ။ န ဘိက္ခဝေ တဒဟု ပဝါရဏာယ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဝါ အနာဝါသော ဝါ ဂန္တဗ္ဗော အညတြ သံဃေန အညတြ အန္တရာယာ။
(မဟာဝါ ပါဠိ ၂၄၇)။

၁၅။ ဂန္တဗ္ဗော ဘိက္ခဝေ တဒဟု ပဝါရဏာယ သဘိက္ခုကာ အာဝါသာ သဘိက္ခုကော အာဝါသော ယတ္ထဿု ဘိက္ခူ သမာနသံဝါသကာ ယံ ဇညာ "သက္ကောမိ အဇ္ဇေဝ ဂန္တု"န္တိ။ သဘိက္ခုကော အနာဝါသော။ သဘိက္ခုကော အာဝါသော ဝါ အနာဝါသော ဝါ။ သဘိက္ခုကာ အနာဝါသာ သဘိက္ခုကော အာဝါသော။ သဘိက္ခုကော အနာဝါသော။ သဘိက္ခုကော အာဝါသော ဝါ အနာဝါသော ဝါ။

သဘိက္ခုကာ အာဝါသာ ဝါ အနာဝါသာ ဝါ သဘိက္ခုကော အာဝါသော။ သဘိက္ခုကော အနာဝါသော။ သဘိက္ခုကော အာဝါသော ဝါ အနာဝါသောဝါ။ (မဟာဝါပါဠိ-၂၄၈)။

၁၆။ န ဘိက္ခဝေ ဘိက္ခုနိယာ နိသိန္နပရိသာယ ပဝါရေတဗ္ဗံ။ ယော ပဝါရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (မဟာဝါ ပါဠိ-၂၄၈)။

၁၃။ ရဟန်းတို့....ဤသာသနာတော်၌ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ရဟန်းတပါးသည်နေ၏၊ ထိုတပါးတည်း နေသော ရဟန်းသည် ရဟန်းတို့ဖဲသွားရာ စည်းဝေးရာဖြစ်သော စရပ်၊ မဏ္ဍပ် သစ်ပင်ရင်းတို့ကို တံမြက်လှည်း၍သောက်ရေ သုံးဆောင်ရေတည်ထားကာ နေရာခင်းပြီး ဆီမီးညှိထွန်းလျက် ထိုင်စောင့်နေရမည်၊ အကယ်၍ရဟန်းတို့ရောက်လာသည်ဖြစ်အံ့၊ ထိုရဟန်းတို့နှင့်ပဝါရဏာပြုရမည်၊အကယ်၍ မရောက်လာကုန်သည်ဖြစ်အံ့၊ ယနေ့ ငါ၏ ပဝါရဏာနေ့ပင်တည်းဟု အဓိဋ္ဌာန် ပဝါရဏာပြုရမည်၊ အကယ်၍ ပဝါရဏာမပြုဘဲ နေအံ့၊ ဒုက္កဋ် အာပတ်သင့်၏။

၁၄။ ရဟန်းတို့-သံဃာလောက်သည်ကိုရင်း၊ အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ပဝါရဏာနေ့၌ ရဟန်းရှိသော ကျောင်းတိုက်မှ ရဟန်းမရှိသောကျောင်းတိုက်သို့ မသွားထိုက်။

ရဟန်းရှိသောကျောင်းတိုက်မှ ရဟန်းမရှိသော စရပ်တန်ဆောင်းသို့ မသွားထိုက်။

ရဟန်းရှိသော ကျောင်းတိုက်မှရဟန်းမရှိသော ကျောင်းတိုက်သို့ဖြစ်စေ၊ စရပ်တန်ဆောင်သို့ဖြစ်စေ မသွားထိုက်။

၁၅။ ရဟန်းတို့....“နေ့ချင်းပြန်ရောက်နိုင်သည်” ဟု သိငြားအံ့၊ ပဝါရဏာနေ့၌ ရဟန်းရှိသော ကျောင်းတိုက်မှ ပေါင်းသင်းဆက်ဆံမှုတူသည့်ရဟန်းရှိသော ကျောင်းတိုက်သို့ရင်း၊ ရဟန်း ရှိသော စရပ်တန်ဆောင်းသို့ရင်း၊ ရဟန်းရှိသော ကျောင်းတိုက် စရပ်တန်ဆောင်း နှစ်မျိုးလုံးသို့ရင်း သွားထိုက်၏။

ရဟန်းရှိသောစရပ်တန်ဆောင်းမှရဟန်းရှိသော ကျောင်းတိုက်သို့ရင်း၊ ရဟန်းရှိသော စရပ်တန်ဆောင်းသို့ရင်း၊ ရဟန်း ရှိသော ကျောင်းတိုက် စရပ်တန်ဆောင်း နှစ်မျိုးလုံးသို့ရင်း သွားထိုက်၏။

ရဟန်းရှိသော ကျောင်းတိုက်မှ ဖြစ်စေ၊ စရပ်တန်ဆောင်းမှ ဖြစ်စေ၊ ရဟန်းရှိသော ကျောင်းတိုက်သို့ရင်း၊ ရဟန်းရှိသော စရပ်တန်ဆောင်းသို့ရင်းရဟန်းရှိသောကျောင်းတိုက်စရပ်တန်ဆောင်း နှစ်မျိုးလုံးသို့ရင်း သွားထိုက်၏။

၁၆။ ရဟန်းတို့.... ဘိက္ခုနီ ရှိသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

၁၇။ န ဘိက္ခဝေ ပါရိဝါသိက ပဝါရဏာဒါနေန ပဝါရေတဗ္ဗံ အညတြ အဝုဋ္ဌိတာယ ပရိသာယ။

န စ ဘိက္ခဝေ အပ္ပဝါရဏာယ ပဝါရေတဗ္ဗံ အညတြ သံဃ သာမဂ္ဂိယာ။

အနုဇာနာမိ ဘိက္ခဝေ ဒွေဝါစိကံ ပဝါရေတုံ။
အနုဇာနာမိ ဘိက္ခဝေ ဧကဝါစိကံ ပဝါရေတုံ။
အနုဇာနာမိ ဘိက္ခဝေ သမာနဝဿိကံ ပဝါရေတုံ။

(မဟာဝါ ပါဠိ-၂၅၀)

၁၈။ န ဘိက္ခဝေ သာပတ္တိကေန ပဝါရေတဗ္ဗံ၊ ယော ပဝါရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ယော သာပတ္တိကော ပဝါရေတိ၊ တဿ ဩကာသံ ကာရာပေတွာ အာပတ္တိယာ စောဒေတုံ။ န ဘိက္ခဝေ သုဒ္ဓါနံ ဘိက္ခူနံ အနာပတ္တိကာနံ အဝတ္ထုသ္မိံ အကာရဏေ ပဝါရဏာ ဌပေတဗ္ဗာ၊ ယော ဌပေယျ၊ အာပတ္တိ ဒုက္ကဋဿ။ န ဘိက္ခဝေ ပဝါရိတာနမ္ပိ ပဝါရဏာ ဌပေတဗ္ဗာ၊ ယော ဌပေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (မဟာဝါ ပါဠိ-၂၅၃)။

၁၉။ အနုဇာနာမိ ဘိက္ခဝေ တေဟိ ဘိက္ခူဟိ ပဝါရဏာသင်္ဂဟံ ကာတုံ။

(မဟာဝါပါဠိ-၂၆၂)။

၂၀။ ဝဒန္တု မံ အာယသ္မန္တော တိ ဟိ ဝဒန္တံ သက္ကာ ဟောတိ ကိဉ္စိ ဝတ္တုံ၊ န ဣတရံ။ (မဟာဝါ ဋ္ဌ-၃၅၆)။

၁၇။ ရဟန်းတို့....သံဃပရိသတ် မထသေးသည်ကိုကြည့်ထား၍ သုံးအာပ်ပြီးသောပဝါရဏာပေးခြင်းဖြင့် ပဝါရဏာမပြုအပ်။
ရဟန်းတို့....သံဃာ၏ညီညွတ်မှုကိုကြည့်ထား၍ ပဝါရဏာ မဟုတ်သောနေ့၌ပဝါရဏာမပြုအပ်။
ရဟန်းတို့.... အန္တရာယ်ရှိခဲ့သော် ဒွေဝါစိက(နှစ်ကြိမ်ဆို၍ ပြုရသော) ပဝါရဏာကိုရင်း၊ ဧကဝါစိက (တကြိမ်ဆို၍ပြုရသော) ပဝါရဏာကိုရင်း၊ သမာနဝဿိက (ဝါတူချင်း ပေါင်း၍ပြုရသော) ပဝါရဏာကိုရင်း ပြုရန်ခွင့်ပြု၏။

၁၈။ ရဟန်းတို့....အာပတ်နှင့်တကွဖြစ်သော ရဟန်းသည် ပဝါရဏာ မပြုထိုက်၊ အာပတ်နှင့်တကွ ပဝါရဏာ ပြုသော ရဟန် အား ဒုက္ကဋ်အာပတ်သင့်၏၊ ရဟန်းတို့....အာပတ်နှင့်တကွ ပဝါရဏာ ပြုသော ရဟန်းအား စောဒနာ ခွင့်တောင်း၍ အာပတ်ဖြင့် စောဒနာခြင်းငှာ ခွင့်ပြု၏၊
ရဟန်းတို့....အာပတ်မသင့် သန့်ရှင်း စင်ကြယ်ကုန်သော ရဟန်းတို့သည် အကြောင်းမရှိဘဲ ပဝါရဏာကို တန့်ရပ် မထားထိုက်၊ တန့်ရပ်ထားသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။
ရဟန်းတို့....ပဝါရဏာပြုပြီးကုန်သော ရဟန်းတို့သည်လည်း ပဝါရဏာကို တန့်ရပ်မထားထိုက်၊ တန့်ရပ်ထားသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

၁၉။ ရဟန်းတို့....ထို ပဝါရဏာ မပြု လိုကုန်သေးသော ရဟန်းတို့ အတွက် ပဝါရဏာ ချီးမြှောက်ရန် ခွင့်ပြု၏။
မှတ်ချက်။ ကောသလတိုင်း ဇနပုဒ် တခုဝယ် ကျောင်း တိုက် တတိုက်၌ မိတ်ဆွေရဟန်းများ ညီညီညွတ်ညွတ်နှင့်စုပေါင်းဝါဆို ကြရာ ညီညွတ်ခြင်း၏ သုခကိုရရှိကြကုန်၏၊ ဝါကျွတ်၍ ပဝါရဏာပြုပြီးနောက် ခွဲခွာကြရမည့်အရေးကို တွေးတောကာ ပဝါရဏာမပြုလိုကြသေး၊ ဤအကြောင်းကို ဘုရားရှင်အား လျှောက် ထားရာ ဘုရားရှင်က ပဝါရဏာ သင်္ဂဟကို ခွင့်ပြုတော်မူခြင်း ဖြစ်သည်။

၂၀။ "ဝဒန္တုမံအာယသ္မန္တော" ဟူ၍ ပြောဆိုဖိတ်မံ ထားသောသူကိုသာ တစုံတခု ပြောဆိုနိုင်၏၊ မဖိတ်မံထားသော သူကို မပြောဆိုနိုင်။ (ရဲရဲတင်းတင်း ပြောနိုင် ဆိုပိုင်ခွင့်မရှိ ဟုဆိုလိုသည်)။

၂၁။ သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျာတိ အယံ သဗ္ဗ သင်္ဂါဟိကာ နာမ ဉတ္တိ။ ဧဝဉ္စ ဝုတ္တေ တေဝါစိကံ ဒွေဝါစိကံ ဧကဝါစိကဉ္စ ပဝါရေတုံ ဝဋ္ဋတိ၊ သမာနဝဿိကံ န ဝဋ္ဋတိ။ တေဝါစိကံ ပဝါရေယျာတိ ဝုတ္တေ ပန တေဝါစိကမေဝ ဝဋ္ဋတိ၊ အညံ န ဝဋ္ဋတိ။ ဒွေဝါစိကံ ပဝါရေယျာတိ ဝုတ္တေ ဒွေဝါစိကဉ္စ တေဝါစိကဉ္စ ဝဋ္ဋတိ၊ ဧကဝါစိကဉ္စ သမာနဝဿိကဉ္စ န ဝဋ္ဋတိ။ ဧကဝါစိကံ ပဝါရေယျာတိ ဝုတ္တေပန ဧကဝါစိက ဒွေဝါစိက တေဝါစိကာနိ ဝဋ္ဋန္တိ၊ သမာန ဝဿိက မေဝ န ဝဋ္ဋတိ။ သမာန ဝဿိကန္တိ ဝုတ္တေ သဗ္ဗံ ဝဋ္ဋတိ။

(မဟာဝါ ဋ္ဌ-၃၅၆)။

၂၂။ ပဝါရဏာကမ္မေသု သစေ ကေသုဉ္စိ ဝိဟာရေ ပဉ္စသု ဘိက္ခူသု ဝသန္တေသု ဧကဿ ပဝါရဏံ အာဟရိတွာ စတ္တာရော ဂဏဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ စတူသု တီသု ဝါ ဝသန္တေသု ဧကဿ ပဝါရဏံ အာဟရိတွာ တယော ဝါ ဒွေ ဝါ သံဃဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ သဗ္ဗမေတံ အဓမ္မေန ဝဂ္ဂံ ပဝါရဏာကမ္မံ။

(မဟာဝါဋ္ဌ-၃၅၇)။

၂၃။ သစေ ပန သဗ္ဗေပိ ပဉ္စ ဇနာ ဧကတော သန္နိပတိတွာ ဂဏဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ စတ္တာရော ဝါ တယော ဝါ ဒွေ ဝါ ဝသန္တာ ဧကတော သန္နိပတိတွာ သံဃဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ သဗ္ဗမေတံ အဓမ္မေန သမဂ္ဂံ ပဝါရဏာကမ္မံ။

၂၄။ သစေ ပဉ္စသု ဇနေသု ဧကဿ ပဝါရဏံ အာဟရိတွာ စတ္တာရော သံဃဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ စတူသု တီသု ဝါ ဧကဿ ပဝါရဏံ အာဟရိတွာ တယော ဝါ ဒွေ ဝါ ဂဏဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ သဗ္ဗမေတံ ဓမ္မေန ဝဂ္ဂံ ပဝါရဏာကမ္မံ။

၂၁။ သုဏာတုမေဘန္တေသံဃော။လ။ ပဝါရေယျဟူသော ဉတ်သည် အားလုံး စုံသော ပဝါရဏာ တို့ကို သိမ်းယူ နိုင်သော ဉတ် တည်း၊ ထင်ရှားပြဦးအံ့၊ ဤသို့ ဉတ်ထားသည် ရှိသော် တေဝါစိက ဒွေဝါစိက ဧကဝါစိက ပဝါရဏာပြုနိုင်၏၊ သမာန ဝဿိက ပဝါရဏာ မပြုနိုင်၊ တေဝါစိကံပဝါရေယျ ဟု ဉတ် ထားသော် တေဝါစိက ပဝါရဏာသာ ပြုနိုင်၏၊ ကျန်သော ပဝါ ရဏာများမပြုနိုင်၊ဒွေဝါစိကံပဝါရေယျဟု ဉတ်ထားသော်ဒွေဝါ စိကနှင့်တေဝါစိက ပဝါရဏာသာ ပြုနိုင်၏၊ ဧက ဝါစိက နှင့် သမာနဝဿိက ပဝါရဏာမပြုနိုင်၊ ဧကဝါစိကံ ပဝါရေယျ ဟု ဉတ်ထားသော် ဧကဝါစိက ဒွေဝါစိက တေဝါစိက ပဝါရဏာ များပြုနိုင်၏၊ သမာနဝဿိက တမျိုးသာ မပြုနိုင်၊ သမာနဝဿိက ဉတ်ထားသော် ပဝါရဏာအားလုံးပြုနိုင်၏။

၂၂။ ပဝါရဏာကံတို့၌ (အဓိပ္ပါယ်ကိုဤဆိုအပ်လတ္တံ့အတိုင်းသိထိုက် ၏) ကျောင်းတကျောင်း၌ ရဟန်းငါးပါး နေကုန် လတ်သော် ရဟန်းတပါး၏ ပဝါရဏာကို ဆောင်ယူ၍ ရဟန်း လေးပါးတို့ သည် ဂဏဉတ်ထားပြီး အကယ်၍ ပဝါရဏာ ပြုကြကုန်အံ့၊ ရဟန်းလေးပါး သို့မဟုတ် သုံးပါး နေကုန်လတ်သော် တပါး၏ ပဝါရဏာကိုယူ၍ ကျန်သော သံဃာ၂-ပါး ၃-ပါးတို့သည် သံဃာဉတ်ထားပြီး အကယ်၍ ပဝါရဏာပြုကြကုန်အံ့။ ဤသို့ ပဝါရဏာ ပြုကုန်သည် ရှိသော် ဤပဝါရဏာကံ အားလုံးသည် တရားနှင့် မညီဘဲ ဝဂ္ဂ (အစုလည်း) ဖြစ်သော ပဝါရဏာကံ မည်၏။

၂၃။ ရဟန်းငါးပါးတို့သည် တပေါင်းတည်း စည်းဝေးကြကုန်၍ ဂဏဉတ်ထားပြီး အကယ်၍ ပဝါရဏာ ပြုကြကုန်အံ့၊ ဤသို့ ပဝါရဏာပြုကုန်သည်ရှိသော် ဤ ပဝါရဏာကံ အားလုံးသည် တရားနှင့်ကားမလျော် သို့ရာတွင် သမဂ္ဂ (ညီညွတ်မှု)ဖြစ်သော ပဝါရဏာကံမည်၏။

၂၄။ ရဟန်း ငါးပါးတို့သည် တပါး၏ ပဝါရဏာဆောင်ယူ၍ ကျန် လေးပါးတို့သည် သံဃာဉတ်ထားပြီး အကယ်၍ ပဝါရဏာ ပြုကြကုန်အံ့၊ ၃-ပါး ၄-ပါး သော ရဟန်းတို့သည် တပါး၏ ပဝါရဏာကို ဆောင်၍ ဂဏဉတ်ထားပြီး အကယ်၍ ပဝါရဏာ

၂၅။ သစေ ပန သဗ္ဗေပိ ပဉ္စ ဇနာ ဧကတော သန္နိပတိတွာ သံဃဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ စတ္တာရော ဝါ တယော ဝါ ဧကတော သန္နိပတိတွာ ဂဏဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ ဒွေ အညမညံ ပဝါရေန္တိ၊ ဧကေကော ဝသန္တော အဓိဋ္ဌာနပဝါရဏံ ကရောတိ၊ သဗ္ဗမေတံ ဓမ္မေနသမဂ္ဂံ နာမ ပဝါရဏာကမ္မံ။ (မဟာဝါဋ္ဌ-၃၅၇)။

၂၆။ ပဝါရဏာဒိဝသေ ပန ဗဟိသီမာယံ ပဝါရဏံ အဓိဋ္ဌဟိတွာ အာဂတေနပိ ဆန္ဒော ဒါတဗ္ဗော၊ တေန သံဃဿ ပဝါရဏာကမ္မံ န ကုပ္ပတိ။ (မဟာဝါဋ္ဌ-၃၅၈)။

၂၇။ သစေ ပုရိမိကာယ ပဉ္စ ဘိက္ခူ ဝဿံ ဥပဂတာ၊ ပစ္ဆိမိကာယပိ ပဉ္စ၊ ပုရိမေဟိ ဉတ္တိံ ဌပေတွာ ပဝါရိတေ ပစ္ဆိမေဟိ တေသံ သန္တိကေ ပါရိသုဒ္ဓိဥပေါသထော ကာတဗ္ဗော၊ န ဧကသ္မိံ ဥပေါသထဂ္ဂေ ဒွေ ဉတ္တိယော ဌပေတဗ္ဗာ။ သစေပိ ပစ္ဆိမိကာယ ဥပဂတာ စတ္တာရော တယော ဒွေ ဧကော ဝါ ဟောတိ၊ ဧသေဝ နယော။ အထ ပုရိမိကာယ စတ္တာရော ပစ္ဆိမိကာယပိ စတ္တာရော တယော ဒွေ ဧကော ဝါ၊ ဧသေဝ နယော။ အထာပိ ပုရိမိကာယ တယော ဒွေ ပစ္ဆိမိကာယပိ တယော ဒွေဝါ၊ ဧသေဝ နယော။

၂၈။ ဣဒဥ္စေတ္ထ လက္ခဏံ "သစေ ပုရိမိကာယ ဥပဂတေဟိ ပစ္ဆိမိကာယ ဥပဂတာ ထောကတရာ စေဝ ဟောန္တိ သမသမာ စ၊ သံဃပဝါရဏာယ ဂဏံ ပူရေန္တိ၊ သံဃပဝါရဏာ ဝသေန ဉတ္တိ ဌပေတဗ္ဗာ" တိ။ (မဟာဝါဋ္ဌ-၃၅၈)

ပြုကြကုန်အံ့၊ ဤသို့ပဝါရဏာပြုကုန်သည်ရှိသော် ဤပဝါရဏာကံအားလုံးသည် တရားနှင့်ကားညီ၏၊ သို့ရာတွင် ဝဂ္ဂ (အစု) ဖြစ်သော ပဝါရဏာကံမည်၏။

၂၅။ ငါးပါးသော သံဃာတို့သည် တပေါင်းတည်း စည်းဝေးကြကုန်လျက် သံဃာဉတ်ထားပြီး အကယ်၍ ပဝါရဏာ ပြုကြကုန်အံ့၊ ၃-ပါး ၄-ပါးသော ရဟန်းတို့သည် တပေါင်းတည်း စည်းဝေးကြကုန်လျက် အကယ်၍ ဂဏဉတ်ထားပြီး ပဝါရဏာ ပြုကြကုန်အံ့၊ ရဟန်းနှစ်ပါးတို့သည် အချင်းချင်း အကယ်၍ ပဝါရဏာ ပြုကြကုန်အံ့၊ တပါးတည်း နေသော ရဟန်းသည် အကယ်၍ အဓိဋ္ဌာန် ပဝါရဏာပြုအံ့၊ ဤသို့ ပဝါရဏာပြုကုန်သည်ရှိသော် ဤပဝါရဏာကံ အားလုံးသည် တရားနှင့်လည်း ညီ၏၊ သမဂ္ဂ (ညီညွတ်ခြင်း)လည်း ဖြစ်သော ပဝါရဏာကံမည်၏။

၂၆။ ပဝါရဏာနေ့၌ ဥပစာရသိမ်၏အပြင်ဘက်၌ အဓိဋ္ဌာန်ပဝါရဏာပြုပြီးသော ရဟန်းသည်လည်း ဆန္ဒပေးရမည်၊ ထိုသို့ဆန္ဒပေးခြင်းကြောင့် သံဃာ၏ ပဝါရဏာကံ မပျက်စီးနိုင်။

၂၇။ ပုရိမဝါ၌ ရဟန်း (၅)ပါးတို့သည် အကယ်၍ ဝါကပ်ကြကုန်အံ့၊ ပစ္ဆိမဝါ၌လည်း ငါးပါးပင် အကယ်၍ ဝါကပ်ကြကုန်အံ့၊ ဤသို့ဖြစ်သော ပုရိမဝါကပ်ကြကုန်သော ရဟန်းတို့သည် ဉတ်ထား၍ ပဝါရဏာပြုအပ်ကုန်ပြီးသော ပစ္ဆိမဝါကပ်ကြကုန်သော ရဟန်းတို့သည် ထိုပုရိမဝါသားရဟန်းတို့၏အထံ၌ ပါရိသုဒ္ဓိ ဥပုသ်ပြုရမည်၊ တခုတည်းသော သိမ်၌ ဉတ်နှစ်ကြိမ်မထားသင့်၊အကယ်၍ ပုရိမဝါသား ရဟန်းတို့က ၄-ပါးသော်ငြားး ၃-ပါးသော်ငြား ၂-ပါးသော်ငြား တပါးသော်ငြား ဖြစ်ကုန်အံ့၊ ဤအထက်ပါ နည်းအတိုင်းပင် ပြုရမည်။

အကယ်၍ ပုရိမဝါသား ရဟန်းတို့က ၃-ပါး၊ ပစ္ဆိမဝါသား ရဟန်းတို့က ၃-ပါးသော်ငြား၊. ၂-ပါးသော်ငြား ဖြစ်ကုန်အံ့၊ ဤအထက်ပါ နည်းအတိုင်းပင် ပြုရမည်။

၂၈။ ပုရိမဝါသား ရဟန်းတို့အောက် ပစ္ဆိမ ဝါသား ရဟန်းတို့က နည်းသော်ငြား၊ ပုရိမဝါသား ပစ္ဆိမဝါသား ရဟန်းတို့ အရေအတွက် တူညီနေသော်ငြား၊ သံဃာပဝါရဏာ အတွက် အကယ်၍

၂၉။ သာမဂ္ဂီပဝါရဏံ ကရောန္တေဟိ စ ပဌမပဝါရဏံ ဌပေတွာ ပါဋိပဒတော ပဋ္ဌာယ ယာဝ ကတ္တိကစာတုမာသိနီ ပုဏ္ဏမာ ဧတ္ထန္တရေ ကာတဗ္ဗာ၊ တတော ပစ္ဆာ ဝါ ပုရေ ဝါ န ဝဋ္ဋတိ။

(မဟာဝါ ဋ္ဌ-၃၅၉)။

၃၀။ ဧတ္ထ စ ဗဟူပိ သမာနဝဿာ ဧကတော ပဝါရေတုံ လဘန္တိ။

(မဟာဝါ ဋ္ဌ-၃၆၀)။

၃၁။ ဘိန္နဿ ဟိ သံဃဿ သမဂ္ဂကရဏကာလေ တိဏဝတ္ထာရကသမထေ ဣမသ္မိံ စ ပဝါရဏာသင်္ဂဟေတိ ဣမေသု တီသု ဌာနေသု ဆန္ဒံ ဒါတုံ န ဝဋ္ဋတိ။ ပဝါရဏာသင်္ဂဟော နာမ ယံ ဝိဿဋ္ဌကမ္မဋ္ဌာနံ ထာမဂတသမထဝိပဿနာနံ သောတာပန္နာဒီနဉ္စ န ဒါတဗ္ဗော၊ တရုဏသမထဝိပဿနာလာဘိနော ပန သဗ္ဗေ ဝါ ဟောန္တု ဥပဍ္ဎာ ဝါ ဧကပုဂ္ဂလော ဝါ၊ ဧကဿပိ ဝသေန ဒါတဗ္ဗော ယေဝ။

(မဟာဝါ ဋ္ဌ-၃၆၂)။

၃၂။ ဒိန္နေ ပဝါရဏာသင်္ဂဟေ အန္တောဝဿေ ပရိဟာရောဝ ဟောတိ၊ အာဂန္တုကာ တေသံ သေနာသနံ ဂဟေတုံ န လဘန္တိ။ တေဟိပိ ဆိန္နဝဿေဟိ န ဘဝိတဗ္ဗံ၊ ပဝါရေတွာ ပန အန္တရာပိ စာရိကံ ပက္ကမိတုံ လဘန္တိ။ (မဟာဝါ ဋ္ဌ-၃၆၂)။

၃၃။ ပုရိမဝဿံဝုတ္ထာနံ ပုဗ္ဗကတ္တိကပုဏ္ဏမာ တေသံယေဝ သစေ ဘဏ္ဍနကာရကေဟိ ဥပဒ္ဒုတာ ပဝါရဏံ ပစ္စုက္ကဍ္ဎန္တိ၊ အထ ကတ္တိကမာသဿ ကာဠပက္ခစာတုဒ္ဒသော ဝါ ပစ္ဆိမကတ္တိကပုဏ္ဏမာ ဝါ ပစ္ဆိမဝဿံ ဝုတ္ထာနဉ္စ ပစ္ဆိမကတ္တိကပုဏ္ဏမာ ဧဝ ဝါတိ ဣမေ တယော ပဝါရဏဒိဝသာတိ ဝေဒိတဗ္ဗာ။

ဂိုဏ်းပြည့်ကုန်အံ့၊ သံဃပဝါရဏာ ဥဒ္ဒိသ်ထားရမည်။ ဤကား အချုပ်မှတ်ဖွယ်တည်း။

၂၉။ သာမဂ္ဂီပဝါရဏာပြုသော ရဟန်းတို့သည် ပဌမပဝါရဏာကို မပြုသေးဘဲထား၍ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း ပြုရမည်၊ ထိုရက်ထက်စော၍ ဖြင်း နောက်ချ၍ဖြင်း သာမဂ္ဂီပဝါရဏာပြုရန်မသင့်။

၃၀။ ဤသမာနဝဿိကပဝါရဏာ၌ ဝါတူရဟန်းတို့သည် တပေါင်း တည်း ပဝါရဏာပြုနိုင်သည်။

၃၁။ ကွဲနေသော သံဃာကို ညီညွတ်အောင်ပြုရာအခါ တိဏဝတ္ထာရက သမထ အရာ၊ ဤပဝါရဏာကို ချီးမြှောက်ရာဌာန ဤသုံးဌာန တို့၌ ဆန္ဒမပေးအပ်၊ ဤပဝါရဏာ ချီးမြှောက်ခြင်းကို ကမ္မဋ္ဌာန်း အားမထုတ်သောရဟန်း၊ သမထ ဝိပဿနာတိုးတက်ပြီး တရား ပေါက်လုခါနီး ဖြစ်သော ရဟန်း၊ သောတာပန် အစရှိသော ရဟန်းတို့အား မပေးထိုက်။

သမထဝိပဿနာနှသောရဟန်းများမှာ အားလုံးပင်ဖြစ်စေကာမူ ထက်ဝက်ပင်ဖြစ်စေကာမူ တပါးတည်းပင် ဖြစ်စေကာမူ ပုဂ္ဂိုလ် တပါးတည်း အနေအားဖြင့် ပေးထိုက်သည်သာ။

၃၂။ ပဝါရဏာ ချီးမြှောက်ခြင်းကို ပေးအပ်ပြီးသော် ဝါတွင်း၌ အစောင့်အရှောက်ကဲ့သို့ ဖြစ်၏၊ (ဝါပဖြစ်သော်လည်း ဝါတွင်း ကဲ့သို့ဟု ဆိုလိုသည်)။ အာဂန္တုကရဟန်းတို့သည် ထိုပဝါရဏာ သင်္ဂဟရပြီးသော ရဟန်းတို့ယူအပ်ပြီးသော ကျောင်းအိပ်ရာနေရာ များကို ယူခွင့်မရ။ထိုပဝါရဏာ သင်္ဂဟရပြီး ရဟန်းတို့သည်လည်း ဝါ ကျိုးပြတ်သော ရဟန်းများ မဖြစ်ရ၊ ပဝါရဏာပြုပြီးလျှင် ကား တန်ဆောင်မုန်းလပြည့် မရောက်မီ အကြား၌ပင် ဖြစ်သော် လည်း ဒေသစာရီလှည့်လည်ခွင့်ရသည်။

၃၃။ ပုရိမဝါမှထပြီးကုန်သောရဟန်းတို့အတွက် သီတင်းကျွတ် လပြည့် နေ့ဖြင်း၊ ထိုပုရိမဝါမှထပြီး ကုန်သော ရဟန်းတို့အတွက်ပင် ခိုက် ရန်ဖြစ်သောရဟန်းတို့နှိပ်စက်အပ်သည်ဖြစ်၍ ပဝါရဏာကိုင်ခဲ့ သော်သီတင်းကျွတ် လကွယ်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့ ဖြင်း၊ ပစ္ဆိမဝါမှ ထကုန်သောရဟန်းတို့အတွက် တန်ဆောင်မုန်း လပြည့်နေ့ဖြင်း၊ ဤပဝါရဏာသုံးနေ့တို့ကို သိအပ်ကုန်၏။

ဣဒ္ဓ ပကတိစာရိတ္တဝသေန ဝုတ္တံ၊ တထာရူပပစ္စယေ ပန သတိ ဒိန္နံ
ကတ္တိကပုဏ္ဏမာသံ ပုရိမေသု စာတုဒ္ဒသေသုပိ ပဝါရဏံ ကာတုံ ဝဋ္ဋတိ၊
တေနေဝ မဟာဝိဟာရေ ဘိက္ခူ စာတုဒ္ဒသိယာ ပဝါရေတွာ ပန္နရ
သိယာ ကာယသာမဂ္ဂိံ ဒေန္တိ၊ စေတိယဂိရိမဟာဒဿနတ္ထမ္ပိ အဋ္ဌ
မိယာ ဂစ္ဆန္တိ၊ တမ္ပိ စာတုဒ္ဒသိယံ ပဝါရေတုကာမာနညေဝ
ဟောတိ။

ယဒိ သဗ္ဗေ ဝုဋ္ဌဟိတွာ ဂတာ သန္နိပါတေတုဉ္စ န သက္ကာ၊ ကေစ္စေ သန္နိ
ပါတေတွာ ပဝါရေတုံ ဝဋ္ဋတိ ဉတ္တိံ ဌပေတွာ ကတ္တဗ္ဗသံဃကမ္မာ
ဘာဝါ ဝဂ္ဂံ နဟောတိ၊ ဥပေါသထေပိ ဧသေဝနယော။ (သာရတ္ထ
ဋီ,တ-၂၈၈)။

၃၄။ အယံ ပဝါရဏာသင်္ဂဟော ဧကဿ ဒိန္နောပိ သဗ္ဗေသံ ဒိန္နောဝ
ဟောတီတိ အာဟ "ဧကဿပိ ဝသေန ဒါတဗ္ဗော"တိ။ (သာရတ္ထ
ဋီ,တ-၂၈၉)။

၃၅။ အာဂန္တုကာ တေသံ သေနာသနံ ဂဟေတုံ န လဘန္တီတိ သစေပိ
သဋ္ဌိဝဿဘိက္ခူ အာဂစ္ဆန္တိ၊ တေသံ သေနာသနံ ဂဟေတုံ န
လဘန္တိ။ (သာရတ္ထဋီ,တ-၂၈၉)။

၃၆။ ပဝါရဏာသင်္ဂဟေ ကတေ အန္တရာ ပက္ကမိတုကာမာ သံဃံ သန္နိပါ
တာပေတွာ ပဝါရေတုံ လဘန္တိ။ (သာရတ္ထဋီ,တ-၂၈၉)။

၃၇။ ပဝါရဏာကမ္မေပိ သတိ အန္တရာယေ ဒွေဝါစိကံ ဧကဝါစိကံ သမာန
ဝဿိကံဝါ ပဝါရေတုံ ဝဋ္ဋတိ၊ ဧတ္ထ ဉတ္တိံ ဌပေန္တေနာပိ "ယဒိ
သံဃဿ ပတ္တကလ္လံ၊ သံဃော ဒွေဝါစိကံ ပဝါရေယျာ"တိ ဝတ္တဗ္ဗံ။
ဧကဝါစိကေ "ဧကဝါစိကံ ပဝါရေယျာ"တိ ဝတ္တဗ္ဗံ၊ သမာနဝဿိ
ကေပိ "သမာနဝဿိကံ ပဝါရေယျာ"တိ ဝတ္တဗ္ဗံ၊ ဧတ္ထ စ ဗဟူပိ
သမာနဝဿာ ဧကတော ပဝါရေတုံ လဘန္တိ။ (ဝိသင်္ဂ-၂၀၇)။

ဤနေ့သုံးခနကား ပြုရိုးပြုစဉ်အားဖြင့် ဆိုထား၏၊ အကယ်၍ အကြောင်းရှိခဲ့လျှင် သီတင်းကျွတ်လဆန်း(၁၄) ရက် တန်ဆောင် မုန်းလဆန်း (၁၄) ရက်နေ့တို့၌လည်း ပဝါရဏာ ပြုနိုင်၏၊ ထို ကြောင့်ပင် မဟာဝိဟာရကျောင်း၌ နေကြကုန်သော ရဟန်းတို့ သည် တဆွဲလေးရက်နေ့၌ ပဝါရဏာပြုကြကုန်၍ တဆွဲငါးရက် နေ့မှာ ကာယသာမဂ္ဂီပေးကြကုန်၏၊ တောင်ထိပ် မဟာစေတီပွဲ ဖူးမျှော်ရန် (၈)ရက်နေ့၌သွားကြခြင်းသည်လည်း တဆွဲလေးရက် မြောက်သောနေ့၌ ပဝါရဏာ ပြုလိုသော ရဟန်းတို့ အားသာ ဖြစ်၏။

မှတ်ချက်။ ။ဤ၌နဝမီခရီးထွက်ပုံကို သတိပြုပါ၊ "လဆန်း ၉ ရက်၊ ဝါပန်ထွက်၊ ပြန်ရက် မရှိပါ" ဟူသော ထုံးစံအရ လပြည့်နေ့၌ ပဝါရဏာ ပြုမည့်ရဟန်းသည် ၉-ရက်နေ့တွင်ခရီး ထွက်နိုင်သကဲ့သို့ လဆန်း ၁၄-ရက်နေ့၌ ပဝါရဏာပြုရန် ၈- ရက်နေ့တွင် ခရီးထွက်သည်ဟု ဆိုလိုသည်။

အကယ်၍ အကုန်ထသွား၍ စည်းဝေးရန်ခဲယဉ်းသော် အချို့သာ စည်းဝေး၍ ပဝါရဏာ ပြုသင့်၏၊ ဥတ်ထား၍ ပြုအပ်သော သံဃာ ကံမရှိသောကြောင့် ဝင်မဖြစ်ချေ၊ ဥပုသ်ကံ၌လည်း နည်းတူပင်။

၃၄။ ဤပဝါရဏာ ချီးမြောက်ခြင်းသည် တပါးအား ပေးအပ်သော် အားလုံးအားလည်း ပေးပြီးဖြစ်သောကြောင့် "ကေသာဝိဂသေန ဒါတဗ္ဗာ" ဟူ၍ ဆိုအပ်၏။

၃၅။ (အခြား ကျောင်းတိုက်၌ ဝါကျွတ် လာသည့်) ဝါ ၆၀- ရ အာဂန္တုက မထေရ်ကြီးပင်ဖြစ်စေကာမူ ပဝါရဏာသင်္ဂဟရပြီး ရဟန်းတို့၏ ကျောင်းအိပ်ရာ နေရာ များကို ရယူ နိုင်ခွင့် မရှိ။ (ပဝါရဏာ သင်္ဂဟ ရပြီး ရဟန်းတို့က ဖယ်မပေးဘဲ နေနိုင်သည် ဟူလို)

၃၆။ ပဝါရဏာသင်္ဂဟ ပြုပြီးသော် တန်ဆောင်မုန်းလပြည့်မတိုင်မီကြား တရက်၌ ခရီးသွားလိုသော် သံဃာ စည်းဝေးပြီး ပဝါရဏာ ပြုနိုင်ခွင့်ရှိသည်။

၃၇။ ပဝါရဏာကံ၌လည်း အန္တရာယ်ရှိလျှင် ဒွေဝါစိက၊ ဧကဝါစိက သမာနဝဿိက ပဝါရဏာပြုနိုင်၏၊ ဤနေရာ၌ ဥတ်ထားသော ရဟန်းသည်"ယဒိသံဃဿ။ပ။ပဝါရေယျ"ဟူ၍ ဆိုရမည်၊ ကေ

၃၈။ ပဝါရဏာသဒ္ဒေါ ပန "ပဝါရဏာပဋိက္ခေပေ၊ ကထိတဗ္ဗောသနာယ စာ"တိ အဘိဓာနပဒီပိကာယံ ဝစနတော ပဋိက္ခေပေအဗ္ဗောသနေ စ ဝဋ္ဋတိ၊ဣဓ ပန အဗ္ဗောသနေ ဝဋ္ဋတိ၊ တသ္မာ ပဝါရီယတေ ပဝါရဏာ၊ ပကာရေန ဣစ္ဆိယတေတျတ္ထော။ ပ ပုဗ္ဗ ဝရဓာတု စုရာဒိဂဏိကာယံ (ဝိလင်ဋီ,ပ-၃၇၈+၉)။

၃၉။ ပဝါရဏာဒါနေပိ ဧသောဝနယော၊ အယံ ပန ဝိသေသော၊ တတ္ထ ဆန္ဒံ အာရောစေဟီ"တိ ဣဓ ပန "မမတ္ထာယ ပဝါရေဟီ"တိ။တတ္ထ ဆန္ဒဟာရကော သံဃဿ ဟတ္ထံ ဥပဂတမတ္တေယေဝ အာဂတော ဟောတိ။ဣဓ ပန ဧဝံ ဒိန္နာယ ပဝါရဏာယ ပဝါရဏာဟာရကေန် သံဃံ ဥပသင်္ကမိတ္ဝာ ဧဝံ ပဝါရေတဗ္ဗံ "တိဿော ဘန္တေ ဘိက္ခု။ပ။ပဋိကရိဿာမီ"တိ။ (ဝိလင်ဋီ,ပ-၃၉၅)။

ပဝါရဏာကမ္မံ နိဋ္ဌိတံ။

---

## ၅-ကထိနကမ္မဝိဓိ

၁။ ကတမံ ကထိနံ၊ သမူဟပညတ္တိ။ န ဟိ ပရမတ္ထတော ကထိနံနာမ ဧကော ဓမ္မော အတ္ထိ။ (ဝိလင်ဋီ, ဒု-၈၉)။

၂။ ကေနဋ္ဌေန ကထိနန္တိ ? ထိရဋ္ဌေန။ ကသ္မာ ထိရန္တိ ? အနာမန္တစာရ အသမာဒါနစာရ ဂဏဘောဇန ယာဝဒတ္ထစီဝရ ယောစ တတ္ထ စီဝရုပ္ပါဒသင်္ခါတေ ပဉ္စာနိသံသေ အန္တောကရဏသမတ္ထတာယ။

(ဝိလင် ဋီ, ဒု-၈၉)။

၃။ အထဝါ ကေနဋ္ဌေန ကထိနန္တိ? သင်္ဂဏှနဋ္ဌေန။ကထံ သင်္ဂဏှာတီတိ? ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဏှာတိ သင်္ခိပိတွာ ဂဏှာတိ။ (ဝိလင် ဋီ, ဒု-၉၀)။

ဝါစိက၊ သမာနဝသိက ပဝါရဏာအရာ၌ "ကေဝါစိကံ ပဝါရေယျ သမာနဝသိကံပဝါရေယျ" ဟုဆိုရမည်။ ဘမာနဝသိက ပဝါရဏာ၌ မျှားဖွာသော ဝါတူရဟန်းတို့သည် တပေါင်းတည်း ပဝါရဏာပြုနိုင်ခွင့်ရသည်။

၃၀။ "ပဝါရဏာပဋိက္ခေပေ၊ ကထိတာ ဋ္ဌေသနာယစ" ဟု အဘိဓာနပ္ပဒီပိကာကျမ်း၌ ဆိုသောကြောင့် ပဝါရဏာ သဒ္ဒါသည် ပယ်မြစ်ခြင်း၊ တိုက်တွန်းခြင်း အနက်တို့၌ ဖြစ်၏။ ဤနေရာဝယ်တိုက်တွန်းခြင်း အနက်၌ဖြစ်၏၊ ထိုကြောင့် ပဝါရိယတေ ပဝါရဏာ" (ဟုဝိဂ္ဂဟပြုပါ)၊ အပြားအားဖြင့် အလိုရှိအပ်၏ဟု အနက်ပေး၊ ပဟုဒ္ဓါ ဝရဓာတ်စုရာဒိဂိုဏ်း။

၃၉။ ပဝါရဏာပေးရာ၌လည်းဥပုသ်ဆန္ဒပေးနည်းအတိုင်းပင်၊ သို့သော် ထူးခြားချက်ကား၊ ဥပုသ်၌ "ဆန္ဒံ မေ အာရောစေဟိ"ဟု ဆိုရမည်၊ ဤပဝါရဏာ၌ "မမတ္ထာယပဝါရေဟိ" ဟုဆိုရမည်၊ဥပုသ်၌ ဆန္ဒဆောင်ယူသော ရဟန်းသည် သံဃာသို့ကပ်ရောက်ကာမျှဖြစ်သော်ပင် ဆန္ဒရောက်ပြီးဖြစ်၏၊ ဤပဝါရဏာ၌ ပဝါရဏာ ပေးအပ်သော် ပဝါရဏာဆောင်ယူသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍"တိဿော ဘန္တေ ဘိက္ခု(ပ)ပဋိကရိဿာမိ"ဟု ပဝါရဏာ ပြုရမည်။

(ပဝါရဏာကံ ပြီး၏)

---

## ၅-ကထိန်မှု အစီအစဉ်

၁။ ကထိန်ဟူသည် အဘယ်နည်း၊ ကထိန်ဟူသည် အပေါင်းဖြစ်သော အမည်သာတည်း၊ ပရမတ္ထအားဖြင့် ကထိန်ဟူသောတစုံ တခုသော တရားမရှိချေ။

၂။ အဘယ်အနက်သဘောကြောင့် ကထိန်ဟုခေါ်သနည်း၊ ခိုင်မြဲခြင်း အနက်သဘောကြောင့် ကထိန်ဟု ခေါ်သည်၊ အဘယ့်ကြောင့် ခိုင်မြဲသနည်း၊ အနာမန္တစသော အကျိုးတရားငါးပါးကို အပြင်သို့ မရောက်စေဘဲ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ သိမ်းသွင်း၍ ယူခြင်းငှာ စွမ်းနိုင်သောကြောင့် ခိုင်မြဲသည်။

၃။ တနည်းကား အဘယ့်ကြောင့် ကထိန်ဟုခေါ်သနည်း၊ သိမ်းယူခြင်းဟူသော အနက်သဘောကြောင့် ကထိန်မည်၏၊ အဘယ်ကို

၄။ အထဝါ ကထိယတော သိလာဃတော ပယံသိယတော ဗုဒ္ဓါဒီဟီတိ ကထိနံ။ (ဝိလင် ဋီ, ဒု-၉၂)။

၅။ ပုရိမဝဿံဝုတ္ထေ တိံသမတ္တေ ပါဝေယျကေ ဘိက္ခူ ဥဒ္ဒိဿ "အနုဇာနာမိ။ပ။ အတ္ထရိတု"န္တိ အနုညာတော။ ကင်္ခါ ယောဇနာ-၂၀ (သုဓမ္မဝတီ)။

၆။ ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တိ? ဂဏဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ, ဥဒ္ဓံ သတသဟဿမ္ပိ၊ ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တိ။ ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ။ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တိ။ (မဟာဝါ ဋ္ဌ-၃၈၈)။

(ဝိသင် ဋ္ဌ-၂၉၇)။

၇။ "အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီ"တိ မဟာပစ္စရိယံ ဝုတ္တံ။ (မဟာဝါ ဋ္ဌ-၃၈၈။ ဝိသင် ဋ္ဌ-၂၉၇)။

၈။ ပဉ္စ ဇနာ လဘန္တီတိ ပဉ္စ ဇနာ သာဓေန္တိ။ ကထိနဒုဿဿ ဟိ ဒါယကာ ပစ္ဆိမကောဋိယာ စတ္တာရော ဟောန္တိ၊ ဧကော ပဋိဂ္ဂါဟကော။ (ဝိလင် ဋီ, ဒု-၉၂)။

၉။ ပဌမပ္ပဝါရဏာယ ပဝါရိတာတိ ဣဒံ ဝဿစ္ဆေဒံ အကတွာ ဝဿံ ဝုတ္ထာဘာဝသန္ဒဿနတ္ထံ ဝုတ္တံ။ အန္တရာယေန အပဝါရိတာနမ္ပိ ဝုတ္ထဝဿာနံ ကထိနတ္ထာရ သမ္ဘဝတော။ တေနေဝ "အပ္ပဝါရိတာဝါ" တိ အဝတွာ "ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တီ"တိ ဧတ္တကမေဝ ဝုတ္တံ။ (သာရတ္ထ ဋီ-တ-၃၃၅။ ဝိလင်ဋီ ဒု-၉၂)။

၁၀။ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ န လဘန္တိ။ (ဝိလင် ဋီ, ဒု-၉၃)။

သိမ်းယူသနည်း၊ ငါးမျိုးသော ကထိန် အာနိသင်တို့ကို တခြား သို့ မရောက်စေဘဲ သိမ်းယူ၏။

၄။ တနည်းကား ဘုရားအစရှိသောသူတော်ကောင်းတို့သည် ချီးမွမ်း အပ်သောကြောင့် ကထိန်ဟု ခေါ်သည်။

၅။ ပုရိမဝါနေပြီးသော ပါဝေယျက ရဟန်းသုံးကျိပ်ကို ရည်ညွှန်း၍ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူသည်။

၆။ ကထိန်ခင်းရန် အဘယ်ပုဂ္ဂိုလ်များရ၍အဘယ်ပုဂ္ဂိုလ်များ မရ သနည်း၊ ရှေးဦးစွာ အရေအတွက်၏ အစွမ်းအားဖြင့် အနည်းဆုံး ငါးပါး၊ ထို့ထက်များးမှုတသိန်းမကရဟန်းများရနိုင်ပါသည်၊ ငါး ပါးအောက်နည်းမှုမရနိုင်ကြချေ၊ ဝါဆိုခြင်း၏အစွမ်းအားဖြင့်ပဌမ ဝါကပ်၍ သီတင်းကျွတ် လပြည့်နေ့၌ ပဝါရဏာပြုသောရဟန်း တို့သာ ရနိုင်၏၊ ဝါကျိုးသော ရဟန်းနှင့် ပစ္ဆိမ ဝါကပ်သော ရဟန်းတို့ မရနိုင်။

၇။ အခြားသောကျောင်း၌ ဝါဆိုခဲ့သော ရဟန်းများလည်းမရနိုင်ဟု မဟာပစ္စရိတ် အဋ္ဌကထာ၌ ဆိုသည်။

၈။ ငါးပါးသော ရဟန်းတို့ ရနိုင်၏ဟူသည် ရဟန်းငါးပါးတို့သည် (ကထိန်သင်္ကန်းကို) ပြီးဆုံးစေကုန်၏၊ မှန်၏၊ ကထိန် သင်္ကန်းကို ပေးသော ရဟန်းက အောက်ထစ်ဆုံးလေးပါး ခံယူသောရဟန်း က တပါးတည်း။

၉။ ပဌမ ပဝါရဏာယ ပဝါရိတာဟူသော ဤစကားကို ဝါ မကျိုး ပြတ်မူ၍ ဝါမှထပြီးသည်၏ အဖြစ်ကို ပြရခြင်း အကျိုးငှာ အဋ္ဌကထာ ဆရာမိန့်ဆိုအပ်၏၊အကြောင်းမှာ အန္တရာယ်ကြောင့် ပဝါရဏာ မပြုဘဲ ဝါမှထကုန်သောရဟန်းတို့အားလည်းကထိန် ခင်းထိုက်သောကြောင့်တည်း၊ ထို့ကြောင့်ပင် "ပဝါရဏာ မပြု ရသေးသော ရဟန်းများ"ဟုမဆိုဘဲ "ဝါကျိုးပြတ်သောရဟန်း များ၊ပစ္ဆိမဝါဆိုသောရဟန်းများမရ"ဟုလောက်သာအဋ္ဌကထာ ဆရာမိန့်ဆိုအပ်၏။

၁၀။ သိမ်ကွဲပြားသောကြောင့် တခြား ကျောင်းမှ ဝါကပ် ခဲ့သော ရဟန်းသည် ဤကျောင်းတိုက်၌ ကထိန်မရနိုင်ပေ။

၁၁။ သစေ ပုရိမိကာယ ဥပဂတာ စတ္တာရော ဝါ ဟောန္တိ၊ တယော ဝါ ဒွေ ဝါ ဧကော ဝါ၊ ဣတရေ ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗံ။ (ဝိသင် ၄-၂၉၇)။

၁၂။ အထ စတ္တာရော ဘိက္ခူ ဥပဂတာ၊ ဧကော ပရိပုဏ္ဏဝဿော သာမဏေရော၊ သော စေ ပစ္ဆိမိကာယ ဥပသမ္ပဇ္ဇတိ၊ ဂဏ ပူရကော စေဝ ဟောတိ အာနိသံသဉ္စ လဘတိ။ (ဝိသင် ၄-၂၉၇)။

၁၃။ သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ န ဟောန္တိ။ အတ္ထာရကုသလာ ခန္ဓကဘာဏကတ္ထေရာ ပရိယေသိတွာ အာနေတဗ္ဗာ။ (ဝိသင် ၄-၂၉၇)

၁၄။ ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ ဒါနဉ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ။ (ဝိသင် ၄-၂၉၇)။

၁၅။ ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ? ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။ (ဝိသင် ၄-၂၉၈)

၁၆။ တဿ ဧဝံ အာစိက္ခိတဗ္ဗံ "တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီ"တိ။ (ဝိသင် ၄-၂၉၈)။

၁၇။ သစေ တသ္မိံ အနုတ္ထတေယေဝ အညံ ကထိနသာဋကံ အာဟရတိ။ အညာနိ စ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ၊ ယော အာနိသံသံ ဗဟုံ ဒေတိ၊ တဿ သန္တကေန အတ္ထရိတဗ္ဗံ။ ဣတရော တထာ တထာ ဩဝဒိတွာ သညာပေတဗ္ဗော။ (ဝိသင် ၄-၂၉၈)။

၁၈။ ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ?။ ယဿ သံဃော ကထိနစီဝရံ ဒေတိ။ (ဝိသင်၄-၂၉၈)။

၁၉။ သံဃေန ပန ကဿ ဒါတဗ္ဗံ?။ ယော ဇိဏ္ဏစီဝရော ဟောတိ။ (ဝိသင်၄-၂၉၈)

၁၁။ အကယ်၍ ပုရိမဝါကပ်သော ရဟန်းများသည် တပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါးသာရှိ၏၊ အခြားရဟန်းများကို ဂဏပူရက လုပ်၍ ကထိန်ခင်းရသည်။

၁၂။ ရဟန်းလေးပါးနှင့်အသက် ၂၀-ပြည့်ပြီးသောမထေရ်တပါး ဝါကပ်ကြကုန်၏၊ထိုသာမဏေသည် လည်း ပစ္ဆိမဝါ၌ အကယ်၍ရဟန်းဖြစ်ငြားအံ့၊ ဂဏပူရကလည်းဖြစ်၏၊ ကထိန်အာနိသင်လည်းရ၏။

၁၃။ အကယ်၍ ပုရိမဝါကပ်ကြကုန်သော ရဟန်းတို့သည် ကထိန်ခင်းခြင်း၌ မကျွမ်းကျင်ကြကုန်သည်ဖြစ်အံ့၊ ကထိန်ခင်းခြင်း၌ ကျွမ်းကျင်ကုန်သော ခန္ဓက ဆောင် မထေရ်တို့ကို ရှာမှီး၍ ပင့်ဆောင်ရမည်။

၁၄။ ခန္ဓကဆောင်မထေရ်တို့သည် ကမ္မဝါစာရွတ်ဖတ်၍ ကထိန် ခင်းစေပြီး အလှူဒါနကို ဘုန်းပေး၍ ပြန်ကြကုန်လိမ့်မည်၊ ကထိန်၏ အာနိသင်ကိုကား ပုရိမဝါကပ်သော ရဟန်းများသာလျှင် ရကြကုန်၏။

၁၅။ ကထိန်သင်္ကန်းကို ဘယ်သူကပေးမှအဝ်ပါသနည်း၊ အမှတ်မထား တပါးပါးသော နတ်ကဖြစ်စေ၊ လူကဖြစ်စေ သီတင်း သုံးဘော်ငါးဦးတို့တွင် တဦးဦးက ဖြစ်စေ ပေးလှူလျှင်အဝ်၏။

၁၆။ ထိုကထိန်ဒါယကာအား "သင်္ကန်းသုံးထည်တို့တွင်တထည်ထည် အတွက် လောက်သောအဝတ်ကို နေထွက်ချိန်၌- ကထိန်လျှာ အဝတ်ကို လှူဒါန်းပါ၏ဟူ၍ ဆိုပြီးပေးခြင်းငှာသင့်၏" ဟုပြော ကြားရမည်။

၁၇။ ထိုကထိန်ကို မခင်းရသေးမီ အခြားသော ကထိန်လျှာ အဝတ်ကို ဆောင်ယူလာအံ့၊ ဤမျှသာမက အခြားသော ကထိန် အာနိသင် များစွာတို့ကို လှူ၏၊ ထိုသူ၏ သင်္ကန်းနှင့်သာ ကထိန် ခင်းရမည်၊ ကထိန်အာနိသင် အဝတ်ကိုများစွာ မလှူနိုင်သော ဒါယကာ ကိုကား ဆုံးမစကား ဟောကြား၍ သိနားလည်စေရမည်။

၁၈။ ကထိန်ကို အဘယ် ရဟန်းခင်းထိုက်သနည်း၊ သံဃာက (ဉတ် ကမ္မဝါစာဖြင့်) ပေး၍ သင်္ကန်းရသော ရဟန်းသည် ခင်းထိုက်၏။

၁၉။ သံဃာက အဘယ်ရဟန်းအား ပေးရမည်နည်း၊ သင်္ကန်းဟောင်း နွမ်းသော ရဟန်းအား ပေးရမည်။

၂၀။ သစေ ဗဟူ ဇိဏ္ဏစီဝရာ၊ ဝုဍ္ဎဿ ဒါတဗ္ဗံ။ ဝုဍ္ဎေသုပိ ယော မဟာပရိသော တဒဟေဝ စီဝရံ ကတွာ အတ္ထရိတုံ သက္ကောတိ၊ တဿ ဒါတဗ္ဗံ။ (ဝိသင်္ဂ-၂၉၈)။

၂၁။ သစေ ဝုဍ္ဎော န သက္ကောတိ၊ နဝကတရော သက္ကောတိ၊ တဿ ဒါတဗ္ဗံ။ အပိစ သံဃေန မဟာထေရဿ သင်္ဂဟံ ကာတုံ ဝဋ္ဋတိ၊ တသ္မာ "တုမှေ ဘန္တေ ဂဏှထ၊ မယံ ကတွာ ဒဿာမာ"တိ ဝတ္တဗ္ဗံ။

(ဝိသင်္ဂ-၂၉၈)။

၂၂။ ဧဝံ ဒိန္နေ ပန ကထိနေ သစေ တံ ကထိနဒုဿံ နိဋ္ဌိတပရိကမ္မမေဝ ဟောတိ၊ ဣစ္စေတံ ကုသလံ။

နော စေ နိဋ္ဌိတပရိကမ္မံ ဟောတိ "အဟံ ထေရော"တိ ဝါ "ဗဟုဿုတော"တိ ဝါ ဧကေနာပိ အကာတုံ နလဗ္ဘတိ၊ သဗ္ဗေဟေဝ သန္နိပတိတွာ ဓောဝနသိဗ္ဗနရဇနာနိ နိဋ္ဌာပေတဗ္ဗာနိ။ (ဝိသင်္ဂ-၂၉၉)

၂၃။ ဒါယကဿ ဟတ္ထတော သာဋကံ လဒ္ဓဒိဝသေယေဝ သံဃေန အတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊ ဧဝံ အဒေန္တေ နိစယသန္နိဓိ ဟောတိ။

အတ္ထာရကေနာပိ သံဃတော လဒ္ဓဒိဝသေယေဝ ကထိနံ အတ္ထရိတဗ္ဗံ။ ဧဝံ အကရောန္တေ ကရဏသန္နိဓိ ဟောတိ။ (ဝိလင်္ဋီ,ဒု-၁၀၅)

၂၄။ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ အဋ္ဌဓမ္မဝိဒေါ ဘိက္ခု ကထိနတ္ထာရမရဟတိ။ (ပရိဝါပါဠိ-၃၀၇)။

ပုဗ္ဗံ ပစ္စုဒ္ဓါရာဓိဋ္ဌာ-နတ္ထာရော မာတိကာတိစ၊
ပလိဗောဓော စ ဥဗ္ဘာရော, အာနိသံသော ပနဋ္ဌိမေ။

(ဝိလင်္ဋီ,ဒု-၁၀၇)။

၂၀။ အကယ်၍ သက်န်းဟောင်းနွမ်းသော ပုဂ္ဂိုလ်များ- များနေသည်ဖြစ်ဘိမူ မထေရ်ကြီးအားပေးရမည်။

မထေရ်ကြီး တို့တွင်လည်း များသောပရိသတ်ရှိ၍ ယိုကထိန်သင်္ကန်းရသောနေ့၌ပင် ကထိန်ခင်းခြင်းငှာစွမ်းနိုင်သော မထေရ်ကြီးအား ပေးရမည်။

၂၁။ အကယ်၍ မထေရ်ကြီးက မစွမ်းနိုင်ဘဲ ရဟန်းငယ်က စွမ်းနိုင်ပါမူ ရဟန်းငယ်အားပေးရမည်၊သို့သော်လည်း သံဃာသည် မထေရ်ကြီးအား ချီးမြှောက်သင့်သောကြောင့်"အရှင်ဘုရား အရှင်မြတ်တို့သည် ကထိန်သင်္ကန်းခံယူကြပါကုန်၊ တပည့်တော်တို့သင်္ကန်း၌ပြုဘွယ်ကိစ္စတို့ကို ပြုလုပ်၍ပေးပါမည်"ဟု ဂျောက်ထားရမည်။

၂၂။ ဤသို့ကထိန်လျာအဝတ်ကို ပေးပြီးသည်ရှိသော် အကယ်၍ ထိုကထိန်လျာအဝတ်သည် ချုပ်ပြီးဆိုးပြီးဖြစ်မူ ကောင်း၏။အကယ်၍ ချုပ်ပြီးဆိုးပြီး မဟုတ်အံ့၊ ငါကား မထေရ်ကြီးဘဲ၊ ငါကား ဗဟုသုတ ရှိသူဘဲဟု တပါးမျှရှောင်လွှဲ၍ နေခွင့်မရ၊ သံဃာအားလုံး စည်းဝေး၍ ဖွတ်လျှော်ခြင်း ချုပ်ခြင်း ဆိုးခြင်းတို့ကိုပြီးဆုံးအောင် ဝိုင်းဝန်းပြုလုပ်ကြရမည်။

၂၃။ သံဃာသည် ဒါယကာ၏လက်မှ ကထိန်သင်္ကန်းရသော နေ့၌ပင်လျှင် ကထိန်ခံမည့်ရဟန်းအား သင်္ကန်းပေးရမည်၊ ဤသို့မပေးသော် နိစယသန္နိဓိဖြစ်၏။ ကထိန်ခံသည့် ရဟန်းကလည်းသင်္ကန်း ရသောနေ့၌ပင် ကထိန် ခင်းရမည်၊ ဤသို့ မခင်းသော်ကရဏ သန္နိဓိ ဖြစ်၏။ (သန္နိဓိတို့၏ အဓိပ္ပါယ်ကို နောက်၌တွေ့ရလတ္တံ့)။

၂၄။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ကထိန်သင်္ကန်း ခံယူထိုက်၏၊ ရှစ်ပါးတို့ကား (၁) ရှေး၌ ပြုအပ်သည်ကို သိရခြင်း၊ (၂) ပစ္စုဒ္ဓိုရ်ကို သိရခြင်း၊ (၃) အဓိဋ္ဌာန်တင်ခြင်းကို သိရခြင်း (၄) ကထိန်ခင်းခြင်းကို သိရခြင်း၊ (၅) မာတိကာကို သိရခြင်း၊ (၆) သင်္ကန်း၏ ပလိဗောဓကို သိရခြင်း၊ (၇) ကထိန်နှုတ်ခြင်းကို သိရခြင်း၊ (၈) ကထိန်အာနိသင်ကိုသိရခြင်းတို့တည်း။ (ဤရှစ်ပါးသရုပ် အကျဉ်းချုပ် ဂါထာကို ဝိနယ ဝိနိစ္ဆယကျမ်း၌လာကြောင်း ဝိနယာလင်္ကာရ ဋီကာဆရာ မိန့်ဆိုထားသည်)။

## ကထိနတ္ထာရဝိဓိ

၂၅။ ကထိနဒုဿံ လဘိတွာ သံဃေ သီမာယ သန္နိပတိတေ-

ဧကေန ဘိက္ခုနာ "ဘန္တေ သံဃဿ ဣဒံ ကထိနဒုဿံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ"တိ ဝုတ္တေ-

အညေန "ယော ဇိဏ္ဏစီဝရော၊ တဿာ"တိ ဝတ္တဗ္ဗံ။

၂၆။ တတော ပုရိမေန "ဗဟူ ဇိဏ္ဏစီဝရာ"တိ ဝါ "နတ္ထိ ဣဓ ဇိဏ္ဏစီဝရာ" တိဝါ ဝုတ္တေ-

အပရေန "တေနဟိ ဝုဍ္ဎဿာ"တိ ဝတ္တဗ္ဗံ။

၂၇။ ပုန ပုရိမေန "ကော ဧတ္ထ ဝုဍ္ဎော"တိ ဝုတ္တေ-

ဣတရေန "ဣတ္ထန္နာမော ဘိက္ခူ"တိ ဝတ္တဗ္ဗံ။

၂၈။ ပုန ပုရိမေန "သော ဘိက္ခု တဒဟေဝ စီဝရံ ကတွာ အတ္ထရိတုံ သက္ကောတိ" တိ ဝုတ္တေ-

ဣတရေန "သော သက္ကောတီ"တိ ဝါ "သံဃော မဟာထေရဿ သင်္ဂဟံ ကရိဿတီ"တိ ဝါ ဝတ္တဗ္ဗံ။

၂၉။ ပုနပုရိမေန သော မဟာထေရော "အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတော"တိ ဝုတ္တေ ဣတရေန "အာမ သမန္နာဂတော" တိ ဝတ္တဗ္ဗံ။

၃၀။ တတော "သာဓု သုဋ္ဌု တဿ ဒါတဗ္ဗ" န္တိ ဝုတ္တေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။ (ဝိလင်္ဂ္ဂီ ဒု-၁၀၈-၉)။

၃၁။ ယဿ ပန ဒီယတိ၊ တဿ "သုဏာတု မေ ဘန္တေ သံဃော ဣဒံ သံဃဿ ကထိနံ ဥပ္ပန္နံ။ပ။ ဓာရေမေတံ ဓာရယာမီ"တိ ဧဝံ ဥတ္တိ ဒုတိယ ကမ္မဝါစာယ ဒါတဗ္ဗံ။ (ဝိသင်္ဌ-၂၉၈)။

## ကထိန်ခင်းခြင်း အစီအစဉ်

၂၅။ ကထိန်သင်္ကန်းရလျှင်ရချင်း သံဃာများ သိမ်ထည့်း၌ စည်းဝေး၍ ရဟန်းက "အရှင်ဘုရားတို့ သံဃာ့အား ကထိန်သင်္ကန်း ဖြစ်ပေါ်လာပါပြီ၊ သံဃာသည် ဤကထိန်သင်္ကန်းကို ကထိန်ခင်းရန် အဘယ် ရဟန်းအား ပေးရပါမည်နည်း" ဟု မေးလတ်သော် အခြားရဟန်းက "သင်္ကန်းဟောင်းနွမ်းသော ရဟန်းအားပေးရမည်"ဟု လျှောက်ထားရမည်။

၂၆။ ထို့နောက် ပထမရဟန်းက "ဟောင်းနွမ်းသော သင်္ကန်းရှိသော ရဟန်းတို့သည် များကြကုန်၏" ဟူ၍ငင်း၊ "ဤသံဃာ့ပရိသတ်၌ ဟောင်းနွမ်းသောသင်္ကန်းရှိသူ မရှိပါ"ဟူ၍ငင်း ဆိုလတ်သော်၊ ဒုတိယရဟန်းက "ထိုသို့ဖြစ်လျှင်မထေရ်ကြီးအား ပေးရမည်"ဟု လျှောက်ထားရမည်။

၂၇။ တဖန်ပထမရဟန်းက"ဤသံဃာ့ပရိသတ်၌ အဘယ်သူ အကြီးဆုံးနည်း"ဟု မေးလတ်သော် ဒုတိယရဟန်းက"ဤမည်သော ရဟန်း" ပါဟု လျှောက်ထားရမည်။

၂၈။ တဖန် ပထမရဟန်းက "ထိုမထေရ်ကြီးသည် နေ့ချင်းပြီး သင်္ကန်းကို စီရင်လျက် ကထိန်ခင်းခြင်းငှာ စွမ်းနိုင်၏လော"ဟု မေးလတ်သော် ဒုတိယရဟန်းက "စွမ်းနိုင်ပါ၏"ဟူ၍ငင်း၊ "သံဃာသည် မဟာထေရ်ကြီးအား ချီးမြှောက်ပါလိမ့်မည်" ဟုငင်း လျှောက်ထားရမည်။

၂၉။ တဖန် ပထမ ရဟန်းက "ထိုမထေရ်ကြီးသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါ၏လော"ဟု မေးလတ်သော်၊
ဒုတိယရဟန်းက "မှန်ပါပြည့်စုံပါ၏" လျှောက်ထားရမည်။

၃၀။ ထိုနောက် "ကောင်းပါပြီ၊ ကောင်းစွာ ထိုမထေရ်ကြီးအာ ပေးထိုက်၏"ဟု ဆုံးဖြတ် ပြောဆို၍ပြီး လတ်သော် ဗျတ္တ ပဋိဗလ ရဟန်းသည် သံဃာကို သိစေရမည်။

၃၁။ ကထိန်သင်္ကန်းပေးထိုက်သောရဟန်းအား "သုဏာတုမေ ဘန္တေ သံဃော ဣဒံ။ပ။ မိ"ဟူ၍ ဤသို့ ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် ပေးရမည်။

ဇုန္ဓာသယ ၄၉၀-၁၃

၃၂။ နိဋ္ဌိတစီဝရသ္မိံ ဒိန္နေ သတ္တဝိဓပုဗ္ဗကိစ္စကရဏေန အတ္ထော နတ္ထိ၊ ကေဝလံ ပစ္စုဒ္ဓါရဏာဒိနိယမေဝ ကာတဗ္ဗာနိ။
(ဝိလင်္ဋီ ဒု--၁၁၀)။

၃၃။ (က) ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။
(ခ) ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။
(ဂ) ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။

**အဓိဋ္ဌာနဝိဓိ**

၃၄။ (က) ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
(ခ) ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
(ဂ) ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

၃၅။ တတော အတ္ထရဏကာလေ တမေဝ အဓိဋ္ဌိတသံဃာဋိံ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"တိ ဝါစာ ဘိန္ဒိတဗ္ဗာ၊ သေနယော ဣတရေသု။ (ဝိလင်္ဋီ ဒု-၁၁၀)။

**အတ္ထာရဝိဓိ**

၃၆။ (က) ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ။
(ခ) ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ။
(ဂ) ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ။

၃၇။ တေန ကထိနတ္ထာရကေန ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထာ" တိ။ (ဝိသင်္ဋ-၂၉၉)။

၃၈။ တေဟိ အနုမောဒကေဟိ ဘိက္ခူဟိ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမာ"တိ။
(ဝိသင်္ဋ-၂၉၉)။

၃၉။ ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ "ယေန အမှာကံ ကထိနံ ဂဟိတံ၊

၃၂။ ချုပ်ပြီး ဆိုးပြီး သင်္ကန်းကို ပေးလှူသည်ရှိသော် ပုဗ္ဗကိစ္စ ၇-ပါး ပြုဘွယ်မရှိတော့၊ သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရုံ ပြုခြင်း သင်္ကန်းသစ်ကို အဓိဋ္ဌာန်တင်ခြင်း ကမ္မဝါစာ ထိုးခြင်းတို့ကိုသာ ပြုရတော့မည်။

**ပစ္စုဒ္ဓိရုံအစီအစဉ်**

၃၃။ (က) ဤနှစ်ထပ်သင်္ကန်းကြီးကို သင်္ကန်းကြီးဟု အသိအမှတ်ပြုခြင်းမှ ရပ်စဲပါ၏၊ (ခ) ဤကေသီကို ကေသီဟု အသိအမှတ်ပြုခြင်းမှရပ်စဲပါ၏။ (ဂ) ဤသင်းပိုင်ကို သင်းပိုင်ဟု အသိအမှတ်ပြုခြင်းမှ ရပ်စဲပါ၏။

**အဓိဋ္ဌာန်တင်ခြင်း**

၃၄။ (က) ဤနှစ်ထပ်သင်္ကန်းကြီးကို သင်္ကန်းကြီးဟု အသိအမှတ်ပြုပါ၏။(ခ)ဤကေသီကိုကေသီဟုအသိအမှတ်ပြုပါ၏။(ဂ)ဤသင်းပိုင်ကို သင်းပိုင်ဟု အသိအမှတ်ပြုပါ၏၊

၃၅။ အဓိဋ္ဌာန်တင်ပြီးနောက် ကထိန်ခင်းရာအခါ၌ ထိုအဓိဋ္ဌာန် တင်အပ်ပြီးသော သင်္ကန်းကြီးကို "ဤသင်္ကန်းကြီးဖြင့် ကထိန်ခင်းပါ၏"ဟု နှုတ်ကဆိုရမည်၊ ကေသီ သင်းပိုင်တို့၌လည်း ဤနည်းတူပင်။

**ကထိန်ခင်းပုံအစီအစဉ်**

၃၆။ (က) ဤသင်္ကန်းကြီးဖြင့် ကထိန်ခင်းပါ၏၊ (ခ) ဤ ကေသီဖြင့် ကထိန်ခင်းပါ၏၊ (ဂ) ဤသင်းပိုင်ဖြင့် ကထိန်ခင်းပါ၏။

၃၇။ ထိုကထိန်ခင်းသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ကေသီကို လက်ဝဲတဘက် ပုခုံးထက်သို့ တင်ပြီး လက်အုပ်ချီကာ "အရှင်ဘုရားတို့ သံဃာသည် ကထိန်ခင်းအပ်ပါပြီ၊ ကထိန်ခင်းခြင်းသည် တရားနှင့် လျော်ညီပါ၏၊ ဝမ်းမြောက်တော်မူကြပါ"ဟု (နှုတ်မှမြွက်ဆိုကာ) လျှောက်ထားရမည်။

၃၈။ အနုမောဒက ရဟန်းတို့က ကေသီကိုလက်ဝဲတဘက်ပုခုံးထက်သို့ တင်၍ လက်အုပ်ချီပြီး "ငါ့ရှင် သံဃာသည် ကထိန် ခင်းအပ်ပြီ ယခုခင်းပြီးသော ကထိန်သည် တရားနှင့် လျော်ညီပါ၏ ဝမ်းမြောက်ကြပါသည်" ဟု (နှုတ်မှမြွက်ကာ) ပြောဆိုရမည်။

၃၉။ ဤသို့ ကထိန်ခင်းအပ်ပြီးသော်ကထိန်ဒကာတို့က၊ကထိန်သင်္ကန်း နှင့်အတူ ဆောင်ယူအပ်သော အခြံအရံ အာနိသင် များကို

တဿေဝ ဒေမာ” တိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော။ အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော။
(ဝိသင်္ဂ-၃၀၀)

၄၀။ သစေ ပန ကေသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေဟိ ဘိက္ခူဟိ သန္နိပါတာပေတွာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ။ (ဝိသင်္ဂ-၃၀၀)

၄၁။ “အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော, အသမာဒါနစာရော, ဂဏဘောဇနံ, ယာဝဒတ္ထစီဝရံ, ယော စ တတ္ထစီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတီ”တိ ဝစနတော အတ္ထတကထိနာနံ ဘိက္ခူနံ အနာမန္တစာရာဒယော ပန ပဉ္စာနိသံသာ လဗ္ဘန္တိ။ (ဝိသင်္ဂ-၃၀၀)

၄၂။ တတ္ထ အနာမန္တစာရောတိ အနာမန္တေတွာ စရဏံ၊ ယာဝ ကထိနံ န ဥဒ္ဓရိယတိ၊ တာဝ စာရိတ္တသိက္ခာပဒေန အနာပတ္တိတိ ဝုတ္တံ ဟောတိ။ အသမာဒါနစာရောတိ စီဝရံ အသမာဒါယ စရဏံ၊ စီဝရဝိပ္ပဝါသောတိ အတ္ထော။ ဂဏဘောဇနန္တိ ဂဏဘောဇနသိက္ခာပဒေန အနာပတ္တိ ဝုတ္တာ။ ယာဝဒတ္ထစီဝရန္တိ ယာဝတာ စီဝရေန အတ္ထော၊ တာဝတကံ အနဓိဋ္ဌိတံ အဝိကပ္ပိတံ ဝဋ္ဋတီတိ အတ္ထော။ ယော စ တတ္ထ စီဝရုပ္ပါဒေါတိ တတ္ထ ကထိနတ္ထတ-သီမာယ မတကစီဝရံ ဝါ ဟောတု သံဃံ ဥဒ္ဒိဿ ဒိန္နံ ဝါ သံဃိကေန တတြုပ္ပါဒေန အာဘတံ ဝါ ယေန ကေနစိ အာကာရေန ယံ သံဃိကံ စီဝရံ ဥပ္ပဇ္ဇတိ၊ တံ တေသံ ဘဝိဿတီတိ အတ္ထော။
(ဝိလင်္ဂ-၃၀၁။ မဟာဝါဠ-၃၈၈)

"တပည့်တော်တို့၏ ကထိန်သင်္ကန်းကို ခံယူသော ရဟန်းအား ပေးလှူပါကုန်၏"ဟု အကယ်၍ လျှောက်ထားခဲ့သော်သံဃာနှင့် မဆိုင် (ကထိန်သင်္ကန်းရသော ရဟန်းသာပိုင်၏)၊ အကယ်၍ မစီ စစ် မလျှောက်ထားမူ သံဃာပိုင်၏။

၄၀။ အကယ်၍ ဥပစာရ သိမ်တခုထည်း၌ ကျောင်းပေါင်း များစွာ ရှိကုန်အံ့၊ သံဃာအားလုံးစည်းဝေးစေ၍ တနေရာထည်း၌ ကထိန် ခင်းရမည်၊ အသီးသီး ကထိန်မခင်းသင့်။

၄၁။ "ရဟန်းတို့.... ကထိန်ခင်းပြီးကုန်သော ရဟန်းတို့အား က-အနာမန္တစာရ၊ ခ-အသမာဒါန၊ဂ-ဂဏဘောဇန၊ ဃ-ယာဝ ဒတ္ထစီဝရ၊ င- ယောစတတ္ထစီဝရုပ္ပါဒ- ဟူသော အကျိုးငါးမျိုး တို့ကို ရနိုင်၏" ဟု မဟာဝါပါဠိတော်၌ ဟောတော်မူအပ်သော ကြောင့် ကထိန် ခင်းပြီးကုန်သော ရဟန်း တို့အား အနာမန္တ စသော အကျိုးအာနိသင် ငါးပါးတို့ကို ရကုန်၏။

၄၂။ အနာမန္တစာရ- ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ အိမ်တို့ ၌ လှည့်လည်သွားလာနိုင်ခြင်း၊ကထိန်မနှုတ်အပ်သေးသမျှကာလ ပတ်လုံး စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟု ဆိုလိုသည်။

အသမာဒါန- တိစီဝရိက်သင်္ကန်းကိုမယူဘဲ သွားနိုင်ခြင်း ၊တိစီ ဝရိက်သင်္ကန်းနှင့် ညဉ့်ကင်း၍ နေနိုင်၏ဟု ဆိုလိုသည်။

ဂဏဘောဇန-ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ် မသင့် ကြောင်းကို ပြသည်။

မှတ်ချက်။ ။ဘောဇဉ် (၅) ပါးတို့တွင် တပါးပါး၏ နာမည်ကို တပ်ကာ"ထမင်းစားကြွပါ" ဟု မအပ်သောနည်းဖြင့် ဖိတ်သော် ရဟန်း (၄) ပါးအတူ ခံယူ၍ မစားကောင်း၊ ဂဏဘောဇန သိက္ခာပုဒ်အရ ပါစိတ် အာပတ်သင့်၏၊ ကထိန်အာနိသင် ရသော ရဟန်းများကား ခံယူစားသောက်နိုင်သည်။

ယာဝဒတ္ထစီဝရ- အလိုရှိသလောက်သော သင်္ကန်းကို အဓိဋ္ဌာန် မတင် ဝိကပ္ပနာ မပြုဘဲ ထားနိုင်သည်။

ယောစတတ္ထစီဝရုပ္ပါဒ-ထို ကထိန်ခင်းပြီးသော ကျောင်းတိုက် အတွင်း၌....သေသောရဟန်း၏ အဝတ်သင်္ကန်း (မတသန္တက) ဖြစ်စေ၊ သံဃာကို ရည်စူး၍ လှူအပ်သော အဝတ်သင်္ကန်း ဖြစ်စေ၊ ထိုကထိန်ခင်းရာ ကျောင်းတိုက်၌ လှူထားသည့်ဥယျာဉ်စသည်တို့

၄၃။ ကထိနတ္ထရဏံ နာမ န သံဃကမ္မံ၊ ပုဂ္ဂလကမ္မမေဝ ဟောတိ။ (ဝိလင်္ဋီ,ဒု-၁၂၁)။

၄၄။ ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရမ္ပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတိ။ (မဟာဝါဋ္ဌ-၃၉၂)။

၄၅။ ကိဉ္စာပိ အတ္ထာရကဿ ဘိက္ခုနော ပဉ္စ အာနိသံသာ အာဂတာ၊ သံဃဿ ပန အနာဂတာ၊ တသ္မာ သံဃဿ စ အာဂမနတ္ထံ သံဃံ အနုမောဒါပေတိ၊ သံဃော စ အနုမောဒနံ ကရောတိ၊ ဧဝံ ကတေ ဥဘိန္နံပိ အာနိသံသာ အာဂတာ။ (ဝိလင်္ဋီ,ဒု-၁၃၀)။

၄၆။ ဣဒါနိ ဘိက္ခူ ကထိနာနိသံသစီဝရံ ကုသပါတံ ကတွာ ဝိဘဇန္တိ၊ တံ ယုတ္တံဝိယ န ဒိဿတိ။

ကသ္မာတိ စေ၊ "အဝသေသကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ၊ ဋ္ဌိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ"တိ ဝစနတော။ (ဝိလင်္ဋီ,ဒု-၁၃၂)။

၄၇။ ဥဗ္ဘာရော ဒုဝိဓော အဋ္ဌမာတိကာ ဥဗ္ဘာရ,အန္တရုဗ္ဘာရဝသေန။ (ဝိလင်္ဋီ,ဒု-၁၄၄)။

မှဖြစ်ပေါ်သော အုန်းသီးစသော ဝတ္ထုဖြင့် လဲလှယ် အပ်သော အဝတ်သက်န်းဖြစ်စေ၊ မည်သည့်နည်းဖြင့်မဆို သံဃိက အဝတ်သက်န်းဖြစ်ပေါ်လာ၏၊ ထို ဖြစ်ပေါ်သမျှ ဥဿုံ အလုံးစုံသည် ကထိန်အာနိသင်ရသော ရဟန်းတို့အတွက်သာ ဖြစ်၏။

၄၃။ ကထိနကံသည် သံဃကံမဟုတ် ပုဂ္ဂိုလ်၏ ကံသာဖြစ်၏။

၄၄။ ကထိန်မည်သည်အမြတ်ဆုံး ဖြစ်သင့်၏၊အမေကိုသော်မှုမတောင်း ကောင်းချေ၊ ကောင်းကင်မှ အလိုအလျောက် ကျလာသော သက်န်းမျိုးဖြစ်သင့်၏။

၄၅။ ကထိန်ခံသော ရဟန်းသည် အာနိသင် (၅)မျိုးရ၏၊သံဃာကား မရချေ၊ ထို့ကြောင့် သံဃာလည်း အာနိသင်ရစေခြင်းငှာ အနုမောဒနာပြုစေရသည်၊ သံဃာကလည်း အနုမောဒနာပြု၏၊ဤသို့ ပြုသော် နှစ်ဦးစလုံး အာနိသင်ရကြကုန်၏။

၄၆။ ယခုအခါ ရဟန်းတို့သည် ကထိန်အာနိသင် အဝတ် သက်န်းကို စာရေးတံမဲချ၍ ဝေဘန်ကြ၏၊ ထိုသို့ ဝေဘန်ခြင်းသည်သင့်၏ဟု မထင်။

အဘယ်ကြောင့် ဆိုသော်.... "(ကထိန်ခံသည့် ရဟန်းအားပေးသည့်အာနိသင်မှ) ကြွင်းကျန်သော ကထိန်အာနိသင် အဝတ်များစွာတို့ကို ထေရ်စဉ်ဝါလိုက်ပေးရမည်၊ ထေရ်စဉ်ဝါစဉ် မရှိခဲ့သော် မထေရ်ကြီးမှစ၍ ပေးရမည်" ဟု (မဟာဝါ၊ဝိနယသင်္ဂဟ) အဋ္ဌကထာတို့၌ မိန့်ဆိုထားသောကြောင့်တည်း။

မှတ်ချက်။ ။ဥပမာ-သံဃိက ပစ္စည်း များကို ဝေဘန် ရာ၌ (၁၀) ပါးဝါဆိုကြရာတွင် (၅) ပါးသာရသေး၏၊ ကျန်(၅) ပါးကား မရသေး၊ ဤကထိန် အာနိသင်များကို ဝေဘန်သော် မရသေးသည့် (၆) ပါးမြောက် ရဟန်းမှစ၍ ဝေဘန်ရမည်၊ လုံးဝ မဝေဘန်ရသေးလျှင်ငြား၊ ရဟန်း အားလုံး ဝေဘန်ပြီး ဖြစ်လျှင်ငြား မထေရ်ကြီးမှစ၍ ဝေဘန်ရမည်၊ ဤသဘောကို ရည်ရွယ်၍ "ဝဿာဝါသိကဋ္ဌိကာယဒါတဗ္ဗာနိ၊ ဋ္ဌိတိကာယ အဘာဝေ ထေရာ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ"ဟုမိန့်ဆိုသည်။

၄၇။ မာတိကာ (၈) ပါးဖြင့် ကထိန်နှုတ်ခြင်း သိမ်အတွင်း၌ (ကမ္မဝါစာဖြင့်) ကထိန်နှုတ်ခြင်းဟု ကထိန်နှုတ်ခြင်း ၂-မျိုးရှိ၏။

၄၀။ အင်္ဂမာ ဘိက္ခဝေ မာတိကာ ကထိနဿ ဥဗ္ဘာရာယ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အာသာဝစ္ဆေဒိကာ,သီမာတိက္ကန္တိကာ, သဟုဗ္ဘာရာတိ။ (မဟာဝဂ္ဂ ပါဠိ-၃၅၃)။

ပက္ကမနဉ္စ နိဋ္ဌာနံ, သန္နိဋ္ဌာနဉ္စ နာသနံ၊
သဝနမာသာစ သီမာစ, သဟုဗ္ဘာရောတိ အင်္ဂမာ။

(ဝိလင်္ဂ္ဒီ,ဒု-၁၄၃)။

၄၉။ မာတိကာတိ မာတရော၊ဇနေတ္တိယောတိ အတ္ထော။ ကထိနုဗ္ဘာရံ ဟိ တောအင္ဂ ဇနေန္တိ၊ တတ္ထ ယော ဘိက္ခု အတ္ထတကထိနော ကထိန စီဝရံ အာဒါယ တသ္မိံ အာဝါသေ နိရပေက္ခော'န ပစ္စဿ'န္တိ ပက္ကမ တိ၊တဿေဝံ ပက္ကမတော ကထိနုဒ္ဓါရော အတိက္ကန္တမတ္တာယ သီမာယ ဟောတီတိ ပက္ကမနန္တိကော ကထိနုဒ္ဓါရောတိ ဝေဒိတဗ္ဗော။ (၁) ယော ပန အာနိသံသစီဝရံ အာဒါယ ပက္ကမတိ၊ တဿ ဗဟိသီမာ ဂတဿ ဧဝံ ဟောတိ“ဣဓေဝိမံ ကရိဿာမိ၊ န ပုန တံ ဝိဟာရံ ဂစ္ဆိဿာမီ”တိ တသ္မိံ အာဝါသေ နိရပေက္ခော ဟုတွာ တံ စီဝရံ ကာရေတိ၊ တဿ ဘိက္ခုနော နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော။ (၂) ယဒိ ပန အာနိသံသမူလစီဝရံ အာဒါယ ဗဟိ သီမာဂတော“နေဝိမံ စီဝရံ ကရိဿာမိ၊ န စ တံ အာဝါသံ ဂစ္ဆိဿာမီ”တိ သန္နိဋ္ဌာနံ ကရောတိ၊ တဒါ သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော။ (၃)

တဖေဝ အာနိသံသစီဝရံ လဒ္ဓါ၊ တံ အာဒါယ ဗဟိ သီမံ ဂန္တွာ “ဣဓေဝိမံ စီဝရံ ကရိဿာမိ၊ န ဂစ္ဆိဿာမီ”တိ ကရောန္တဿ သစေ တံ စီဝရံ နဿတိ ဝိနဿတိ ဍယှတိ၊ နာသနန္တိကော ကထိနုဒ္ဓါရော ဟောတိ။ (၄)

၄၀။ (၁) ပက္ကမန္တိကာ၊ (၂) နိဋ္ဌာနန္တိကာ၊ (၃) သန္နိဋ္ဌာနန္တိကာ၊ (၄) နာသနန္တိကာ၊ (၅) သဝနန္တိကာ၊ (၆) အာသာဝစ္ဆေဒိကာ၊ (၇) သီမာတိက္ကမန္တိကာ၊ (၈) သဟုဗ္ဘာရာဟု ၈-မျိုးရှိ၏။ ၎င်းတို့သည် ရဟန်းတို့ ကထိန်နှုတ်ခြင်း၏ မာတိကာ ဖြစ်သည်။

ပက္ကနိဋ္ဌာ၊ သန္နိဋ္ဌာနှင့်၊နာသနန္တိက၊ သဝနအာသာ၊သီမာတိက္ကမ၊ ဥဗ္ဘာရ၊အဋ္ဌမာတိကာ။ (စံကျောင်းဆရာတော်)

၄၉။ မာတိကာဟူသည် အမိနှင့်တူသော အကျဉ်းခေါင်းစဉ်တို့တည်း၊ သားသမီးကိုဖြစ်စေတတ်သော အမိရင်းနှင့် တူသော ခေါင်းစဉ်တို့တည်း၊ မှန်၏၊ ဤမာတိကာ (၈) ပါးတို့သည် ကထိန် နှုတ်ခြင်းကို ဖြစ်စေတတ်၏၊ ထို (၈) ပါးတို့တွင် အကြင် ရဟန်းသည် ကထိန်ခင်းပြီးနောက် ချုပ်ဆိုးပြီးဖြစ်သည့် ကထိန် သင်္ကန်းကိုယူကာ ထိုကျောင်းတိုက်၌ ငဲ့ကွက်မှုမရှိတော့ဘဲ "တပေါင်းလပြည့်အတွင်း ပြန်မလာတော့" ဟူသော ရည်ရွယ်ချက်ဖြင့် ဖဲထွက်သွား၏၊ ဤသို့ ဖဲသွားသော ရဟန်းအား ဥပစာရသိမ်ကို လွန်ကာမျှ ဖြစ်လတ်သော် ကထိန်နှုတ်တော့၏၊ ဤသို့ ပက္ကမနန္တိကာ ကထိန် နှုတ်ပုံကို သိပါ၊ (ဖဲသွားခြင်း အဆုံးရှိသော ကထိန် နှုတ်ခြင်း) (၁)

အကြင်ရဟန်းသည် အာနိသင် အဝတ်သင်္ကန်းကို ယူ၍ အရပ်တပါးသို့ ဖဲထွက်သွား၏၊ ဥပစာရ သိမ်အပြင်သို့ ရောက်လတ်သော် "ဤရောက်ရာ အရပ်၌ပင် ဤသင်္ကန်းကို ချုပ်တော့အံ့၊ ကထိန်ခင်းရာ ကျောင်းတိုက်သို့ ပြန်မသွားတော့အံ့" ဟုဆုံးဖြတ်ကာ ထိုကျောင်းတိုက်၌ ငဲ့ကွက်မှုမရှိဘဲ သင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား သင်္ကန်းပြီးဆုံးခြင်း အဆုံးရှိသော ကထိန်နှုတ် ခြင်း ဖြစ်၏။ (သင်္ကန်း ပြီးဆုံးခြင်း အဆုံး ရှိသော ကထိန်နှုတ်ခြင်း) (၂)

မူလအာနိသင် သင်္ကန်းကို ယူ၍ ဥပစာသိမ်အပြင်သို့ သွားသော ရဟန်းသည် "ဤအဝတ်သင်္ကန်းကို မချုပ်တော့အံ့၊ ထိုကထိန်ခင်းရာကျောင်းတိုက်သို့လည်း ပြန်မလာတော့အံ့" ဟု အကယ်၍ ဆုံးဖြတ်ငြားအံ့၊ ထိုအခါ ဆုံးဖြတ်ခြင်းအဆုံးရှိသော ကထိန်နှုတ်ခြင်းဖြစ်၏။ (ဆုံးဖြတ်ခြင်းအဆုံးရှိသော ကထိန်နှုတ်ခြင်း) (၃)

ထိုကထိန်အာနိသင်အဝတ်သင်္ကန်းကို စုပြီးနောက်ယူ၍ ဥပစာရ

သစေ ပန အာနိသံသစီဝရံ လဒ္ဓါ တသ္မိံ ဝိဟာရေ သာပေက္ခောဝ ဗဟိသီမာဂတော "ဝိဟာရေ ဘိက္ခူဟိ အန္တရုဗ္ဘာရံ ကတ"န္တိ သုဏာတိ၊ တဿ သဝနန္တိကော ကထိနုဒ္ဓါရော ဟောတိ။ (၅)။ ယော ပန ယေန ကေနစိ "တုယှံ စီဝရံ ဒဿာမိ"တိ ဝုတ္တော တသ္မိံ စီဝရေ အာသာယ ဝိဟာရေ အပေက္ခံ ပဟာယ ဗဟိသီမာ ဂတော ပုန တေန "န သက္ကောမိ ဒါတု"န္တိ ဝုတ္တော အာသံ ဆိန္ဒတိ၊ တဿ အာသာဝစ္ဆေဒိကော ကထိနုဒ္ဓါရော ဟောတိ။ (၆)။

ယော ပန ဝဿံဝုတ္ထဝိဟာရတော အညံ ဝိဟာရံ သာပေက္ခောဝ ဂန္တွာ အာဂစ္ဆန္တော အန္တရာမဂ္ဂေယေဝ ကထိနုဒ္ဓါရံ ဝီတိနာမေတိ၊ တဿ သီမာတိက္ကမနန္တိကော ကထိနုဒ္ဓါရော။ (၇)။

အာနိသံသစီဝရံ အာဒါယ သာပေက္ခောဝ ဗဟိ ဂန္တွာ ကထိနုဒ္ဓါရံ သမ္ဘုဏန္တဿ ကထိနုဒ္ဓါရော သဟုဗ္ဘာရောတိ ဝေဒိတဗ္ဗော။ (၈)။

(ကင်္ခါဋ္ဌ-၂၇၈)။

သိမ်အပြင်သို့သွားကာ "ဤရောက်ရာအရပ်၌ပင်ဤအဝတ်သက်န်း ကို ချုပ်တော့အံ့၊ ပြန်မသွားတော့အံ့"ဟု ဆုံးဖြတ်ကာ သင်္ကန်း ချုပ်နေစဉ် ထိုသင်္ကန်းသည် အကယ်၍ ပျောက်ပျက် မီးလောင် ကျွမ်းအံ့၊ ပျက်စီးခြင်းအဆုံးရှိသောကထိန်နုတ်ခြင်းဖြစ်၏။(ပျက်စီး ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း) (၄)

ကထိန်အာနိသင်သင်္ကန်းကိုရပြီးနောက်ထိုကထိန် ခင်းရာကျောင်း တိုက်၌ ငဲ့ကွက်မှုရှိသည်ဖြစ်၍ တပေါင်းလပြည့်အတွင်း ပြန်လာ မည် ဟူသော ရည်ရွယ်ချက်ဖြင့် ဥပစာရသိမ်အပြင်သို့ထွက်သွား သော ရဟန်းသည် "ကထိန်ခင်းရာ ကျောင်းတိုက်၌ ရဟန်းတွေ ဥတ်ကမ္မဝါစာဖြင့် ကထိန်နုတ်ကြကုန်၏" ဟု အကယ်၍ ကြား အံ့၊ ထိုရဟန်းအားကြားခြင်းအဆုံးရှိသော ကထိန် နုတ်ခြင်းဖြစ် ၏။ (ကြားခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း) (၅)

အကြင်ရဟန်းသည် ဒါယကာ တဦးဦးက "အရှင် ဘုရားအား သင်္ကန်းလှူပါမည်" ဟုလျှောက်ထားသော် ထိုသင်္ကန်းမြှော်လင့် ချက်ဖြင့် ကျောင်းတိုက်၌ ငဲ့ကွက်မှုမရှိဘဲ ဥပစာရ သိမ်အပြင်သို့ သွား၏၊ ထိုဒါယကာကတဖန် "မလှူနိုင်တော့ပါ"ဟု လျှောက် ထားပြန်သော် သင်္ကန်း၌ မြှော်လင့်ချက်ပြတ်သွား၏၊ ထိုရဟန်း အား မြှော်လင့်ချက်ကင်းမဲ့သော ကထိန်နုတ်ခြင်းဖြစ်၏။ (မြှော် လင့်ချက်ကင်းသော ကထိန်နုတ်ခြင်း) (၆)

အကြင် ရဟန်းသည် ဝါဆိုရာ ကျောင်းတိုက်မှ အခြားကျောင်း တိုက်သို့ ငဲ့ကွက်မှုရှိကာ ပြန်လာမည်ဟူသော ရည်ရွယ်ချက်ဖြင့် သွား၍ ပြန်လာသော်လည်း လမ်းခရီး အကြား၌ပင် ကထိန် နုတ်ခြင်းကို ကျော်လွန်စေ၏။ ထိုရဟန်းအား ဥပစာရသိမ်ပြင်ပ ၌ သင်္ကန်းကာလကို ကျော်လွန်ခြင်းအဆုံးရှိသော ကထိန် နုတ် ခြင်းဖြစ်၏။ (သင်္ကန်းကာလကို ကျော်လွန်ခြင်း အဆုံး ရှိသော ကထိန်နုတ်ခြင်း) (၇)

ကထိန်အာနိသင်အဝတ်သင်္ကန်းကိုယူကာငဲ့ကွက်မှုရှိလျက်ဥပစာရ သိမ် အပြင်သို့သွားသော် ကထိန်နုတ်ခြင်းကိုကြားသော ရဟန်း ၏ ကထိန်နုတ်ခြင်းကို သဟဗ္ဘာရ ကထိန် နုတ်ခြင်းဟု သိရ၏။ (အတူတကွ ကထိန်နုတ်ခြင်း) (၈)

၅၀။ "သီမာတိက္ကန္တိကော နာမ စီဝရကာလသီမာတိက္ကန္တိကော" တိ ကေနစိ ဝုတ္တံ "ဗဟိသီမာယံ စီဝရကာလသမယဿ အတိက္ကန္တတ္တာ သီမာတိက္ကန္တိကော"တိ အယံ အမှာကံ ခန္တိ။ (သာရတ္ထဒီ-တ-၃၃၆)

၅၁။ ဗဟိသီမံ အဂန္တွာ တသ္မိံယေဝ ဝိဟာရေ နိသီဒိတွာ ကထိနုဗ္ဘာရံ ဉတ္တိဒုတိယကမ္မဝါစာယ ကထိနုဗ္ဘာရော အဋ္ဌမာတိကာယ အပ္ပဝိဋ္ဌော ဟုတွာ ကာလပရိစ္ဆေဒံ အပတွာ အန္တရာယေဝ ကတတ္တာ အန္တရုဗ္ဘာရော နာမ။ (ဝိလင်္ကာ-ဒု-၁၄၄)။

၅၂။ အန္တရုဗ္ဘာရသဟုဗ္ဘာရာ ဉတ္တိဒုတိယကမ္မဝါစာယေဝ ကတာ၊ ဧဝံ သန္တေ ကော တေသံ ဝိသေသောတိ ?။

အန္တရုဗ္ဘာရော ဗဟိသီမံ အဂန္တွာ အန္တောသီမာယမေဝ ဌိတေဟိ ဘိက္ခူဟိ ကတော သဟုဗ္ဘာရော ဗဟိသီမံ ဂတေန ဘိက္ခုနာ ပစ္စာဂန္တွာ တံ အန္တရုဗ္ဘာရံ ပတွာ တေဟိ အန္တောသီမဋ္ဌေဟိ ဘိက္ခူဟိ သဟ ကတောတိ အယမေတေသံ ဝိသေသော။ (ဝိလင် ဋီ-ဒု-၁၄၄)။

၅၃။ ပက္កမန္တိကာဒယော သတ္တ ကထိနုဗ္ဘာရာ န ကမ္မဝါစာယ ကတာ၊ ကေဝလံ ဒွိန္နံ ပလိဗောဓာနံ ဥပစ္ဆေဒေန ပဉ္စဟိ အာနိသံသေဟိ ဝိဂတတ္တာ ကထိနုဗ္ဘာရာ နာမ ဟောန္တိ။ (ဝိလင်္ကာ-ဒု-၁၄၄)။

၅၄။ ကသ္မာ ပန အန္တရုဗ္ဘာရဝသေန ကမ္မဝါစာယ ကထိနံ ဥဗ္ဘတန္တိ?။ မဟာဒါနံ ဒါတုကာမေဟိ ဥပါသကေဟိ အာဂတဿ သံဃဿ အကာလစီဝရံ ဒါတုကာမေဟိ ယာစိတတ္တာ။ (ဝိလင်္ကာ-ဒု-၁၄၅)။

၅၅။ ယဒိ ကထိနတ္ထာရမူလကလာဘတော ကထိနုဗ္ဘာရမူလကလာဘော မဟန္တော ဘဝေယျ၊ တေသံ ယာစန္တာနံ ကထိနုဗ္ဘာရော ဒါတဗ္ဗော၊ ယဒိ အပ္ပကော န ဒါတဗ္ဗော၊ ယဒိ သမော ကုလပသာဒတ္ထာယ ဒါတဗ္ဗော။ (ဝိလင်္ကာ-ဒု-၁၄၆)။

၅၀။ "တပေါင်းလပြည့်ဟူသောသက်န်းကာလအပိုင်းအခြားကို ကျော်လွန်ခြင်းရှိသော ကထိန်နုတ်ခြင်းသည် သီမာတိက္ကန္တိကာမည်၏" ဟု ကေစိဆရာတို့ဆိုကြ၏၊ ဥပစာရ သိမ်၏ အပြင်ပ၌ သက်န်းကာလကို လွန်အပ်သောကြောင့် သီမာတိက္ကန္တိက- ဟု ငါတို့ သဘောကျ နှစ်သက်သည်။

၅၁။ အန္တရုဗ္ဘာရ-ဥပစာရ သိမ်အပြင်သို့ မသွားမူ၍ ထိုကထိန်ခင်းရာ ကျောင်းတိုက်၌ပင်နေကာ ဥတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်နုတ်ခြင်းသည် မာတိကာ ၈-ပါး ထည်း၌သည်း မသက်ဝင်၊ တပေါင်းလပြည့်သက်န်းကာလ အပိုင်းအခြားသို့လည်း မရောက်ဘဲ သက်န်းကာလ အတွင်း၌ ပြုအပ်သောကြောင့် အန္တရုဗ္ဘာရ မည်၏။ (ကျောင်းတိုက်အတွင်းမှာပင် ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်နုတ်ခြင်း)။

၅၂။ အန္တရုဗ္ဘာရ၊ သဟုဗ္ဘာရ ကထိန်နုတ်ခြင်း နှစ်မျိုးတို့ကို ဥတ္တိဒုတိယ ကမ္မဝါစာဖြင့်ပင် ပြုအပ်ကုန်၏၊ ဤသို့ ဖြစ်သော် ယင်းနှစ်မျိုးတို့၏ အထူးကား အဘယ်နည်း။

ဥပစာရသိမ်အပြင်သို့ မသွားမူ၍ ဥပစာရ သိမ်အတွင်းမှာပင် တည်ရှိသော ရဟန်းတို့နုတ်ခြင်းသည် အန္တရုဗ္ဘာရ မည်၏။ ဥပစာရ သိမ်အပြင်သို့ သွားသောရဟန်းသည်ပြန်လာ၍ ကထိန်နုတ်ဆဲမှာပင် အမှီရောက်ကာ ထိုကျောင်းတိုက်တွင်းရှိ ရဟန်းတို့နှင့်တကွ နုတ်ခြင်းသည် သဟုဗ္ဘာရမည်၏၊ ဤသို့ ထူး၏။

၅၃။ ပက္ကမန္တိကာ စသော ကထိန်နုတ်ခြင်း (၇)မျိုးတို့ကို ကမ္မဝါစာဖြင့် မပြုအပ်ကုန်၊ ကမ္မဝါစာနှင့်မဖက် သက်သက် ပလိဗောဓ နှစ်မျိုးပြတ်စဲသဖြင့် အာနိသင် ၅-မျိုးတို့မှ ကင်းသောကြောင့် ကထိန်နုတ်ခြင်းတို့မည်၏။

၅၄။ အန္တရုဗ္ဘာရ၏ အစွမ်းအားဖြင့် အဘယ့်ကြောင့် ကမ္မဝါစာဖြင့် ကထိန်နုတ်ရသနည်း။

အလှူဒါနကြီး ပြုလိုကြကုန်သော ဒကာတို့သည် ကြွလာကြကုန်သော သံဃာတို့အား အကာလသက်န်းလှူလိုသည်ဖြစ်၍တောင်းပန်သောကြောင့် ကထိန်နုတ်ရသည်။

၅၅။ မူလကထိန်သက်န်းထက် နောက်ထပ်ကထိန်နုတ်ပြီး လှူအပ်သော သက်န်းကများလျှင် ကထိန် နုတ်ပေးရမည်။ နောက်ထပ် လှူအပ်

၃၆။ ပလိဗောဓော ဒုဝိဓော အာဝါသပလိဗောဓော စီဝရပလိဗော ဓောတိ။

တတ္ထ "ယသ္မိံ ဝိဟာရေ ကထိနံ အတ္ထတံ ဟောတိ၊ တသ္မိံ ဝသိဿာ မီ"တိ အညတ္ထ ဂစ္ဆန္တောပိ "ပုန တံ ဝိဟာရံ အာဂစ္ဆိဿာမီ"တိ သာပေက္ခော ဟောတိ၊ အယံ အာဝါသပလိဗောဓော နာမ။

တဿ ဘိက္ခုနော စီဝရံ အကတံ ဝါ ဟောတိ အပရိယောသိ တံဝါ "အညတော စီဝရံ လစ္ဆာမီ"တိ အာသာ ဝါ အနုပစ္ဆိန္နာ ဟောတိ၊ အယံ စီဝရပလိဗောဓော နာမ။ (ဝိလင်္ကာ-ဒု-၁၄၃)။

၃၇။ ပုဗ္ဗကရဏံ သတ္တဟိ ဓမ္မေဟိ သင်္ဂဟိတံ ဓောဝနေန ဝိစာရဏေ န ဆေဒနေန ဗန္ဓနေန သိဗ္ဗနေန ရဇနေန ကပ္ပကရဏေန။ (ပရိ ဝါပါဠိ-၃၀၆)။

၃၈။ ဒုဝိဓော သန္နိဓိ ကရဏသန္နိဓိစ နိစယသန္နိဓိစ၊ တတ္ထ တဒဟေဝ အကတ္ွာ ဌပေတွာ ကရဏံ ကရဏသန္နိဓိ၊ သံဃော အဇ္ဇ ကထိန ဒုဿံ လဘိတွာ ပုနဒိဝသေ ဒေတိ၊ အယံ နိစယသန္နိဓိ။ (မဟာ ဝါဋ္ဌ-၃၉၂)။

၃၉။ သာမဏေရာ ကထိနာနိသံသံ လဘန္တီတိ ဝဒန္တိ။(ဝဇိရဗုဒ္ဓိဋီ-၄၀၉)

ကထိနကမ္မံ နိဋ္ဌိတံ။

---

## ၆-သိမာကမ္မဝိဓိ

၁။ သိနိယတေဝ သမဂ္ဂေန သံဃေန ကမ္မဝါစာယ ဗန္ဓိယတေတိ သီမာ။ (ဝိလင်္ကာ-ပ-၂၉၀)။

၂။ သီမာ စ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ။ (ကင်္ခါဋ္ဌ-၀၇)။

သော သက်န်းကနည်းလျှင် နှုတ်မပေးသင့်၊ အတူတူ ဖြစ်နေလျှင် ဒါယကာတို့ သဒ္ဓါတရားဖြစ်စိမ့်သောငှာ နှုတ်ပေးရမည်။

၅၆။ ပလိဗောဓသည် အာဝါသပလိဗောဓ၊ စီဝရပလိဗောဓ ဟုနှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် "ကထိန်ခင်းရာ ကျောင်းတိုက်၌ပင် နေဦးမည်"ဟုငင်း၊အခြားအရပ်သို့သွားသော်လည်း "ပြန်လာဦးမည်" ဟု ငင်း ငဲ့ကွက်မှုရှိ၏၊ ဤပလိဗောဓသည် အာဝါသပလိဗောဓ မည်၏။

ထိုရဟန်းအား ကထိန်အာနိသင် အဝတ်သင်္ကန်းကို လုံးဝမချုပ် ဆိုးရသေးသော်ငင်း၊ တချို့တဝက်သာချုပ်ဆိုးပြီးသေးသော်ငင်း၊ "အခြားတနေရာမှ သင်္ကန်းရလိမ့်ဦးမည်"ဟူသော မျှော်လင့်ချက် မပြတ်စဲသေးသော်ငင်း ဖြစ်အံ့၊ ဤပလိဗောဓသည်စီဝရပလိဗောဓ မည်၏။

၅၇။ (က) လျှော်ခြင်း၊ (ခ) စိစစ်ခြင်း၊ (ဂ) ဖြတ်ခြင်း၊ (ဃ) အခဏ်းဘွဲ့ခြင်း၊ (င) ချုပ်ခြင်း၊ (စ) ဆိုးခြင်း၊ (ဆ) ကပ္ပဗိန္ဒု ထိုးခြင်းတို့ကား (ကထိန်မခင်းမီ ပြုရမည့်) ပုဗ္ဗကရဏ ၇–ပါးတို့တည်း။

၅၈။ ကရဏသန္နိဓိ နိစယသန္နိဓိ ဟု သန္နိဓိနှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် သင်္ကန်းလှူသည့်နေ့၌ပင် မချုပ်ဆိုးဘဲ သိမ်းထား.ပြီးနောက်မှ ချုပ်ဆိုး ခြင်းသည် ကရဏသန္နိဓိ မည်၏။ (ပြုခြင်းအားဖြင့် သိုမှီးခြင်း)၊ သံဃာသည် ယနေ့ကထိန်လျာအဝတ်ရပြီး နောက်တနေ့မှ ပေး၏။ ဤသို့ နောက်တနေ့မှပေးခြင်းသည် နိစယသန္နိဓိမည်၏။ (နေ့ချင်း မပေးဘဲ သိုမှီးခြင်း)။

၅၉။ သာမဏေများလည်း ကထိန်အာနိသင် ရနိုင်ကြ၏ဟုဆိုကြသည်။

ကထိနကဏ္ဍပြီး၏။

---

## ၆–သိမ်မှုအစီအစဉ်

၁။ ညီညွတ်သော သံဃာသည် ကမ္မဝါစာဖြင့် ဖွဲ့အပ် သမုတ်အပ် သောကြောင့် သိမ်မည်၏။

၂။ ကမ္မဝါစာဖြင့် သမုတ်အပ်သော(ဗဒ္ဓ)သိမ်၊ကမ္မဝါစာဖြင့်မသမုတ် အပ်သော(အဗဒ္ဓ)သိမ်ဟု သိမ်နှစ်မျိုးရှိ၏။

၃။ တတ္ထ ကောဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိ ယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာ နာမ။ (ကခ်ါဋ္ဌ-၈၇)။

**ဝိပတ္တိ သီမာယော**

၄။ "အတိခုဒ္ဒကာ အတိမဟာတီ ခဏ္ဍနိမိတ္တာ ဆာယာနိမိတ္တာ အနိမိတ္တာ ဗဟိသီမေ ဌိတသမ္မတာ နဒိယာသမ္မတာ သမုဒ္ဒေသမ္မတာ ဇာတဿရေသမ္မတာ သီမာယ သီမံ သမ္ဘိန္ဒန္တေနသမ္မတာ သီမာယ သီမံအဇ္ဈောတ္ထရန္တေနသမ္မတာတိ ဣမာ ဟိ "ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ"တိ ဝစနတော ကောဒသ ဝိပတ္တိ သီမာယော နာမ။ (ကခ်ါဋ္ဌ-၈၇)။

၅။ ယတ္ထ ပန ဌိတေဟိ ကမ္မံ ကာတုံ န သက္ကာ၊ တာဒိသံ ပဒေသံ အန္တောကရိတွာ ဗန္ဓန္တာ သီမာယ သီမံ သမ္ဘိန္ဒန္တိနာမ၊ န တု အဇ္ဈောတ္ထရန္တိနာမာတိ ဂဟေတဗ္ဗံ။ (ကခ်ါဋ္ဌီ-၁၃၇)။

၆။ ယေသံ ဘိက္ခူနံ သီမာ ပဌမံ သမ္မတာ၊ တေသံ တံ ကမ္မံ ဓမ္မိကံ အကုပ္ပံ ဌာနာရဟံ၊ ယေသံ ဘိက္ခူနံ သီမာ ပစ္ဆာ သမ္မတာ၊ တေသံ တံ ကမ္မံ အဓမ္မိကံ ကုပ္ပံ အဋ္ဌာနာရဟံ။ (မဟာဝါပါဠိ-၁၅၀)။

**သီမာသမ္ပတ္တိနာမ**

၇။ တိဝိဓသမ္ပတ္တိယုတ္တာတိ နိမိတ္တသမ္ပတ္တိယာ ပရိသသမ္ပတ္တိယာ ကမ္မဝါစာသမ္ပတ္တိယာ စ ယုတ္တာ။ (ကခ်ါဋ္ဌ-၈၈)။

၈။ တတ္ထ နိမိတ္တသမ္ပတ္တိယုတ္တာ နာမ ပဗ္ဗတနိမိတ္တံ, ပါသာဏနိမိတ္တံ, ဝနနိမိတ္တံ,ရုက္ခနိမိတ္တံ, မဂ္ဂနိမိတ္တံ, ဝမ္မိကနိမိတ္တံ, နဒီနိမိတ္တံ, ဥဒကနိမိတ္တန္တိ။ (ကခ်ါဋ္ဌ-၈၈)။

၉။ ဧကေန ပန ဒ္ဝိဟိဝါ နိမိတ္တေဟိ သမ္မန္နိတုံ န ဝဋ္ဋတိ၊ တီဏိ ပန အာဒိံ ကတွာ ဝုတ္တပကာရာနံ နိမိတ္တာနံ သတေနပိ ဝဋ္ဋတိ။ (ကခ်ါဋ္ဌီ-၁၃၇)။

၃။ ထို သိမ် နှစ်မျိုးတို့တွင် သိမ်ပျက် တဆဲ့တလုံးတို့ကို ကျော်လွန်၍ သမ္ပတ္တိသုံးပါးနှင့် ယှဉ်ပြီး နိမိတ်ချင်းချင်း ဆက်စပ်၍သမုတ်အပ်သော သိမ်သည် ဗဒ္ဓသိမ်မည်၏။

၄။ အလွန်ငယ်သောသိမ်၊အလွန်ကြီးသောသိမ်၊ နိမိတ်ကျိုးပျက်သော သိမ်၊ အရိပ်ကိုနိမိတ်လုပ်၍ သမုတ်အပ်သော သိမ်၊ နိမိတ် လုံးဝ မရှိသော သိမ်၊ သိမ်ပြင်ဘက်၌ တည်၍ သမုတ်အပ်သော သိမ်၊ မြစ်၌ သမုတ်အပ်သော သိမ်၊ သမုဒ္ဒရာ၌ သမုတ်အပ်သော သိမ်၊ ဇာတဿရ အိုင်၌ သမုတ်အပ်သော သိမ်၊ သိမ်အချင်းချင်း ဆက်စပ်လျက် သမုတ်အပ်သောသိမ်၊ သိမ်တခုဖြင့် သိမ်တခုကို လွှမ်းမိုး၍ သမုတ်အပ်သောသိမ်၊ ဤသိမ်တို့သည် "ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇတိ"ဟု ပရိဝါပါဠိတော်၌ ဟောတော်မူခြင်းကြောင့် သိမ်ပျက်တဆဲ့တလုံးတို့ မည်ကုန်၏။

၅။ ရဟန်း (၄)ပါးတို့ ကံမပြုလောက်သော အရပ်ကိုအတွင်းပြု၍ သမုတ် သည်ရှိသော် သိမ် အချင်းချင်း ဆက်စပ်သည် မည်၏။ လွှမ်းမိုးသည် မမည်ဟု ယူဆထိုက်၏။

၆။ ရဟန်းတို့....ပဌမသမုတ်အပ်သောသိမ်သည် တရားနှင့်လျော်ညီ၏ မပျက်စီး၊ သီမာ သမ္ဘုတိကံ၏ တည်ရာ အကြောင်းဖြစ်သော ကမ္မဝါစာအား ထိုက်တန်၏။
ရဟန်းတို့ နောက်မှ သမုတ်အပ်သော သိမ်သည် တရားနှင့် မလျော်ညီ ပျက်စီး၏၊ သီမာသမ္ဘုတိကံ၏ တည်ရာအကြောင်းဖြစ် သော ကမ္မဝါစာအား မထိုက်တန်ချေ။

၇။ သမ္ပတ္တိသုံးပါးနှင့် ယှဉ်ခြင်းဟူသည် နိမိတ်ပြည့်စုံခြင်းနှင့်ယှဉ်ခြင်း၊ ပရိသတ်ပြည့်စုံခြင်းနှင့် ယှဉ်ခြင်း၊ ကမ္မဝါစာ ပြည့်စုံခြင်းနှင့် ယှဉ်ခြင်းတို့တည်း။

၈။ ထိုသမ္ပတ္တိသုံးမျိုးတို့တွင် နိမိတ်၏ပြည့်စုံခြင်းနှင့် ယှဉ်ခြင်းဟူသည် တောင်နိမိတ်၊ ကျောက်နိမိတ်၊ တောနိမိတ်၊ သစ်ပင်နိမိတ်၊ လမ်း နိမိတ်၊ တောင်ပို့နိမိတ်၊ မြစ်နိမိတ်၊ ရေနိမိတ်တို့တည်း။

၉။ နိမိတ်တခု၊ နှစ်ခုမျှဖြင့် သိမ်မသမုတ်သင့်ချေ၊ သုံးခုမှစပြီး ဆိုအပ် ခဲ့ပြီးသော နိမိတ်တို့ တရာပင်ရှိသော်လည်း သိမ်သမုတ်ရန်သင့်၏။
ဍ္ဌကထာ ၄၉၀-၁၅

၁၀။ “ဧကပလံ နာမ ဒသကဋ္ဌဥ္ဍ”န္တိ ဝဒန္တိ။ (ကင်္ခါဋီ-၁၃၉)။

၁၁။ သုစိဒဏ္ဍကပမာဏောတိ “သီဟဠဒီပေ လေခနဒဏ္ဍပ္ပမာဏော”တိ ဝဒန္တိ၊ သော စ ကနိဋ္ဌင်္ဂုလိပမာဏောတိ ဒဋ္ဌဗ္ဗော။ (ကင်္ခါဋီ-၁၄၀)။

၁၂။ ဥဒကံ ယံ အသန္ဒမာနံ အာဝါဋပေါက္ခရဏီတဠာကဇာတဿရလောဏိသမုဒ္ဒါဒီသု ဌိတံ၊ တံ အာဒိံ ကတွာ အန္တမသော တင်္ခဏေယေဝ ပထဝိယံ ခဏိတေ အာဝါဋကေ ဃဋေဟိ အာဟရိတွာ ပူရိတံပိ ယာဝကမ္မဝါစာပရိယောသာနာ သဏ္ဌမာနကံ နိမိတ္တုပဂံ၊ ဣတရံ သန္ဒမာနံ ဝါ ဝုတ္တပရိစ္ဆေဒကာလံ အတိဋ္ဌန္တံ ဝါ ဘာဇနဂတံ ဝါ န ဝဋ္ဋတိ။ (ကင်္ခါ ဋ-၈၉)။

၁၃။ ပုရတ္ထိမာယ ဒိသာယာတိ ဣဒံ နိဒဿနမတ္တံ၊ တဿံ ပန ဒိသာယံ နိမိတ္တေ အသတိ ယတ္ထ အတ္ထိ၊ တတော ပဋ္ဌာယ။ (ဝိလင်္ဋီ ပ-၂၉၈)။

၁၄။ တံတံ နိမိတ္တဋ္ဌာနံ အဂန္တွာပိ ဟိ ကိတ္တေတုံ ဝဋ္ဋတိ။ (ဝိလင်္ဋီ ပ-၂၉၈)။

၁၅။ ဣဒံ ပန ဥပသမ္ပန္နော ဝါ အာစိက္ခတု၊ အနုပသမ္ပန္နော ဝါ၊ ဝဋ္ဋတိယေဝ။ (ဝိသင်္ဋ-၁၈၀)။

၁၆။ နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ၊ အန္ဓကဋ္ဌကထာယံ ပန “တိက္ခတ္တုံ သီမမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗ”န္တိ ဝုတ္တံ။ (မဟာဝါဋ-၃၁၈၊ ဝိသင်္ဋ-၁၈၀)။

၁၇။ နိမိတ္တာနိ ပန အန္တော စ ဗဟိ စ ဌတွာ ကိတ္တေတုံ ဝဋ္ဋန္တိ။ (ကင်္ခါဋီ -၁၃၇)။

၁၈။ သာ တီဟိ သိင်္ဃာဋသဏ္ဌာနာ ဟောတိ စတူဟိ စတုရဿာ ဝါ သိင်္ဃာဋကအဍ္ဎစန္ဒမုဒိင်္ဂါဒိသဏ္ဌာနာ ဝါ၊ တတော အဓိကေဟိ နာနာသဏ္ဌာနာ။ (မဟာဝါဋ-၃၂၂၊ ဝိသင်္ဋ-၁၈၄)။

၁၀။ တပိုလ်လျှင် ဆယ်ကလဥ္စ ရှိ၏ဟု ဆိုကြ၏။ (တပိုလ်သည် လေးကျပ်သားရှိ၏၊ သုံးဆွဲနှစ်ပိုလ်သည် တရာနှစ်ဆဲ့ရှစ်ကျပ်သား ရှိ၏)။

၁၁။ သုစိဒဏ္ဍက ပမာဏဟူသည့် သီဟိုဠ်ကညစ်ရိုး တံ ပမာဏရှိ၏ဟု ဆိုကြ၏၊ ထိုကညစ်ရိုးဟူသည့် လက်သန်း ပမာဏရှိ၏ဟု မှတ်ထိုက်၏။

၁၂။ (ရေနိမိတ် ဟူသည်) စီးဆင်း မသွားဘဲ ရေတွင်း ရေကန် တဘက်ဆည်ကန် အလိုလို ဖြစ်သောအိုင်၊ ဆားငန်သမုဒ္ဒရာအိုင် အစရှိသည်တို့၌ တည်ရှိသော ရေကိုအစပြု၍ အောက်ထစ်ဆုံး အားဖြင့် ထို ခဏ၌ပင် တူးအပ်သော တွင်း၌ ရေအိုးတို့ဖြင့် လောင်းထည့်အပ်သည်ရှိသော် ကမ္မဝါစာ ပြီးဆုံးအောင် တည်ရှိသော ရေသည် နိမိတ်လောက်၏။ အခြားသော စီးဆင်းသွားသော ရေသည်၎င်း၊ ကမ္မဝါစာ ပြီးဆုံးသည်တိုင်အောင် မတည်သော ရေသည်၎င်း၊ အိုးခွက်အတွင်း၌ တည်သော ရေသည်၎င်း မအပ်။

၁၃။ အရှေ့အရပ်၌ ဟူသည် နီးရာညွှန်ပြ နိဒဿန နည်းမျှသာတည်း၊ အရှေ့ဘက် မျက်နှာ၌ နိမိတ်မရှိဘဲ အခြားမျက်နှာ၌ ရှိခဲ့သော် ထိုနိမိတ်ရှိရာ အရပ်မှစ၍ (နိမိတ်ကြားပါ)။

၁၄။ ထိုထိုနိမိတ်ရှိရာသို့ မသွားဘဲလည်း နိမိတ်ကြားနိုင်၏။

၁၅။ နိမိတ်ကြားခြင်းကို ရဟန်းဖြစ်စေ၊ လူသာမဏေ ဖြစ်စေ ကြားနိုင်၏။

၁၆။ နိမိတ်ပြောကြားခြင်းသည်တကြိမ်တည်းဖြင့်လည်းပြီးနိုင်၏၊အန္ဓက အဋ္ဌကထာ၌ကား "သုံးကြိမ်နိမိတ်ချင်းဆက်စပ်လျက် နိမိတ်ကြားရမည်ဟု" မိန့်ဆိုတော်မူ၏။

၁၇။ သိမ်၏အတွင်းမှ၎င်း၊ သိမ်၏အပြင်မှ၎င်း နိမိတ်ကြားနိုင်၏။

၁၈။ ထိုသိမ်သည် နိမိတ် သုံးခုတို့ဖြင့် သမုတ်အပ်သည်ရှိသော် လမ်းသုံးခွသဏ္ဌာန်ရှိ၏၊ နိမိတ်လေးခုတို့ဖြင့် သမုတ်အပ်သည် ရှိသော် လေးထောင့်သဏ္ဌာန်သော်၎င်း၊ လမ်းလေးခွသဏ္ဌာန် လထက်ဝက်သဏ္ဌာန်၊ မုရိုးစည်အစရှိသော သဏ္ဌာန်သော်၎င်း သဏ္ဌာန်ရှိ၏၊ လေးခုထက် ပိုလွန်သော နိမိတ်တို့ဖြင့် သမုတ် အပ်သည်ရှိသော် သဏ္ဌာန်အမျိုးမျိုးရှိ၏။

၁၉။ သိင်္ဃာဋကသဏ္ဌာနာတိ တိကောဏာ။ စတုရဿာတိ သမစတုရဿာ။ မုဒိင်္ဂသဏ္ဌာနာ ပန အာယတစတုရဿာ။
(ဝိမတိဋီ ဒု-၁၄၃)။

၂၀။ ပရိသာသမ္ပတ္တိယုတ္တာ နာမ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတွာ ယာဝတိကာ တသ္မိံ ဂါမခေတ္တေ ဗဒ္ဓသီမံ ဝါ နဒီ သမုဒ္ဒဇာတဿရေ ဝါ အနောက္ကမိတွာ ဌိတာ ဘိက္ခူ၊ တေ သဗ္ဗေ ဟတ္ထပါသေ ဝါ ကတွာ ဆန္ဒံ ဝါ အာဟရိတွာ သမ္မတာ။
(ကင်္ခါ ဋ္ဌ-၇၉)။

၂၁။ ကမ္မဝါစာသမ္ပတ္တိယာယုတ္တာ နာမ “သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ”တိ အာဒိနာ နယေန ဝုတ္တာယ ပရိသုဒ္ဓါယ ဉတ္တိဒုတိယကမ္မဝါစာယ သမ္မတာ။
(ကင်္ခါ ဋ္ဌ-၈၀)။

၂၂။ ခဏ္ဍသီမာ, သမာနသံဝါသသီမာ, အဝိပ္ပဝါသသီမာတိ တဿာ ယေဝ ပဘေဒေါ။ (ကင်္ခါဋ္ဌ-၈၀)။

၂၃။ ခဏ္ဍသီမာ နာမ ခုဒ္ဒကသီမာ။ သမာနသံဝါသကတ္ထံ သမ္မတာ သီမာ သမာနသံဝါသကသီမာ။ အဝိပ္ပဝါသတ္ထံ သမ္မတာ သီမာ အဝိပ္ပဝါသသီမာ။ (ကင်္ခါဋီ-၁၄၃။)

၂၄။ ဣမာသု ပန တီသု သီမံ သမ္မန္နန္တေဟိ ပဗ္ဗဇ္ဇူပသမ္ပဒါဒီနံ သံဃကမ္မာနံ သုခကရဏတ္ထံ ပဌမံ ခဏ္ဍသီမာ ဗန္ဓိတဗ္ဗာ။
(ကင်္ခါဋီ-၁၄၃)။

၂၅။ သစေ ကေသ္မိံ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ၊ တေသု ဘိက္ခူနံ “မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသကသီမာပရိစ္ဆေဒတော မာနိက္ခမိတ္ထာ” တိ ပေသေတဗ္ဗံ။ ယေ အဗဒ္ဓသီမဝိဟာရာ၊ တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေတဗ္ဗော။
(ကင်္ခါ ဋီ-၁၄၂)။

၁၉။ သိဏ်္ဍာင္ဂက သဏ္ဍာန်ဟူသည် သုံးထောင့်တည်း၊ စတုရဿာဟူသည် အလျား အနံ အညီအမျှ လေးထောင့်တည်း၊ မုရိုးစည်သဏ္ဍာန်ဟူသည် အလျားရှည်သော လေးထောင့်တည်း။

၂၀။ ဂါမခေတ်အတွင်းရှိ ဗဒ္ဓသိမ်သို့ဖြစ်စေ၊ မြစ်သမုဒ္ဒရာ၊ဇာတဿရအိုင်တို့သို့ ဖြစ်စေ၊ မသက်ဝင်ကြမူ၍၊ ဂါမခေတ်အတွင်း၌တည်ရှိကြသော ရဟန်းအားလုံးတို့ကို ဟတ္ထပါသ် အတွင်းသို့ သွင်း၍ သော်၎င်း၊ အယုတ်ဆုံးအားဖြင့် ရဟန်း(၄) ပါးစည်းဝေးကြပြီး သမုတ်အပ်သော သိမ်သည် ပရိသတ်၏ ပြည့်စုံခြင်းနှင့်ယှဉ်သော သိမ်မည်၏။

၂၁။ "သုဏာတု မေဘန္တေ သံဃော ယာဝတာသမန္တာ နိမိတ္တာ ကိတ္တိတာ" အစရှိသောနည်းဖြင့် မဟာဝါပါဠိတော်၌ ဟောတော်မူအပ်သောသိမ်သည်ကမ္မဝါစာ၏ပြည့်စုံခြင်းနှင့် ယှဉ်သော သိမ်မည်၏။

၂၂၊ ခဏ္ဍသိမ်၊ သမာနသံဝါသကသိမ်၊ အဝိပ္ပဝါသသိမ်တို့သည်ဗဒ္ဓသိမ်၏ အပြားတို့တည်း။

၂၃။ (မဟာသိမ် အတွင်း၌ သီးခြားသမုတ်ထားအပ်သည့်) သေးငယ်သော သိမ်သည် ခဏ္ဍသိမ်မည်၏၊ တူသော ကံကြီး ကံငယ်ရှိအောင် သမုတ်အပ်သောသိမ်သည် သမာနသံဝါသက သိမ်မည်၏၊ တိစီဝရိက် အဓိဋ္ဌာန်တင်ထားအပ်သောသင်္ကန်းနှင့်ကင်းကွာ၍ နေနိုင်အောင် သမုတ်အပ်သော သိမ်သည် အဝိပ္ပဝါသသိမ်မည်၏။

၂၄။ ခဏ္ဍစသော ဤသိမ်သုံးမျိုးတို့တွင် သိမ် သမုတ်သော ရဟန်းတို့သည် ပဗ္ဗဇ္ဇကံ,ဥပသမ္ပဒကံ စသော သံဃာ့ကံတို့ကို ချမ်းသာလွယ်ကူစွာ ပြုနိုင်ရန် အကျိုးငှာ ခဏ္ဍသိမ်ကို ဦးစွာ သမုတ်ရမည်။

၂၅။ ဂါမခေတ်တခု အတွင်းရှိ ဗဒ္ဓသိမ်၌ နေကြကုန်သော ရဟန်းတို့ထံသို့ "တပည့်တော်တို့ ယနေ့ သိမ်သမုတ် ကြပါမည်၊ အရှင်ဘုရားတို့သည် မိမိတို့၏ သိမ်အပိုင်းအခြား အတောအတွင်းမှ မထွက်ကြပါနှင့်" ဟု သတင်းပေးပို့ရမည်။

၂၆။ သီမံ ဘိက္ခဝေ သမ္မန္နေန္တေန ပဌမံ သမာနသံဝါသသီမာ သမ္မန္နိတဗ္ဗာ၊ ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော။
(မဟာဝါပါဠိ-၁၄၉)။

၂၇။ သစေ ဟိ ဗောဓိ စေတိယဘတ္တသာလာဒီနိ သဗ္ဗဝတ္ထူနိ ပတိဋ္ဌာပေတွာ ကတဝိဟာရေ ဗန္ဓန္တိ၊ ဝိဟာရမဇ္ဈေ ဗဟူနံ သမောသရဏဋ္ဌာနေ အဗန္ဓိတွာ ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဗန္ဓိတဗ္ဗာ။
(ကင်္ခါ ဋီ-၁၄၃)။

၂၈။ သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒွေ ပိ တိဿော ပိ တဒုတ္တရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ။ (ကင်္ခါ ဋီ-၁၄၃)။

၂၉။ အဝိပ္ပဝါသသီမာသမ္မန္နနေ ကတေ သတိ သာ စ အဝိပ္ပဝါသသီမာ နာမ ဟောတိ၊ တေနာဟ“တဿာ ယေဝ ပဘေဒေါ”တိ။
(ကင်္ခါဋီ-၁၄၄)။

၃၀။ အဗဒ္ဓသီမာ ပန ဂါမသီမာ, သတ္တဗ္ဘန္တရသီမာ, ဥဒကုက္ခေပသီမာတိ တိဝိဓာ။ (ကင်္ခါ ဌ-၉၀)။

၃၁။ ဂါမဂ္ဂဟဏေန စေတ္ထ နိဂမနဂရာနမ္ပိ သင်္ဂဟော ဝေဒိတဗ္ဗော။
(ကင်္ခါဋီ-၁၄၅)။

၃၂။ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဂါမဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု, မဟန္တော ဝါ၊ ဧကံ ဂါမ ခေတ္တံနာမ။ (ကင်္ခါ ဋီ-၁၄၅)။

၃၃။ ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ“အယံ ဝိသုံ ဂါမော ဟောတူ”တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သော ပိ ဝိသုံ ဂါမသီမာ ဟောတိယေဝ။ (ကင်္ခါ ဋီ-၁၄၅)။

၃၄။ အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ သတ္တဗ္ဘန္တရာ သီမာ နာမ။
အဂါမကံ အရညံ ဝိဥ္ဈာဋဝိအာဒီသု ဝါ သမုဒ္ဒမဇ္ဈေ ဝါ မစ္ဆဗန္ဓာနံ အဂမနပထေသု ဒီပကေသု လဗ္ဘတိ။ (ကင်္ခါ ဌ-၉၀)။

၂၆။ ရဟန်းတို့.... သိမ်သမုတ်သော ရဟန်းသည် ရှေးဦးစွာ သမာန သံဝါသက သိမ်ကို သမုတ်ရမည်၊ နောက်မှ တိစီဝရေန အဝိပ္ပ ဝါသ သိမ်ကို သမုတ်ရမည်။

၂၇။ ဗောဓိပင်၊စေတီတော်၊ ဆွမ်းစားကျောင်းအစရှိသော အဆောက် အဦးတို့ကို ဆောက်လုပ်ပြီးသည့် ကျောင်းတိုက်၌ အကယ်၍ သိမ်သမုတ်ငြားအံ့၊ လူ၊ ရှင်၊ ရဟန်းရောပြွမ်းသည့် ကျောင်းတိုက် ၏ အလယ်၌ မသမုတ်ဘဲ ဆိတ်ငြိမ်ရာကျောင်း၏ အစွန်အဖျား ၌ သမုတ်ရမည်။

၂၈။ အကယ်၍ ကျောင်းတို့ ကျယ်ဝန်းအံ့၊ ခဏ္ဍသိမ် နှစ်လုံး၊ သုံးလုံး စသည် သမုတ်နိုင်၏။

၂၉။ အဝိပ္ပဝါသ သိမ်သမုတ်အပ်သည်ရှိသော် ဗဒ္ဓသိမ်သည် အဝိပ္ပ ဝါသသိမ်ဖြစ်၏။ ထို့ကြောင့် တဿာ ယေဝ ပဘေဒေါဟု အဋ္ဌကထာ မိန့်သည်။

၃၀။ အဗဒ္ဓသိမ်သည် ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်ဟု သုံးမျိုးရှိ၏။

၃၁။ ဂါမသိမာ၌ ဂါမသဒ္ဒါဖြင့် နိဂုံး နှင့် မြို့ကိုလည်း ယူရမည်။

၃၂။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ သူကြီးတပိုင် နယ်ပယ်အရပ် သည် ဂါမခေတ်တခုဖြစ်၏။

၃၃။ ဂါမခေတ် တခုအတွင်း၌ အရပ်တခုကို "ဤအရပ်သည် သီးခြား ရွာဖြစ်စေ" ဟုပိုင်းခြား၍ အစိုးရတို့က တစုံ တယောက်အား အကယ်၍ ပေးငြားအံ့၊ ထိုအရပ်သည်လည်း ဝိသုံ ဂါမသိမ်ဖြစ် သည်သာ။

၃၄။ ရွာ မရှိသော တော၌ ထက်ဝန်းကျင် အဗ္ဘန္တရ ခုနစ်ခု သည် သတ္တဗ္ဘန္တရသိမ်မည်၏။ တောအုပ် ,တောင်တန်း အစရှိသည်တို့ သည်၎င်း၊ သမုဒ္ဒရာအလယ်ခေါ်သည်၎င်း၊ တံငါသည်တို့ နေ့ ချင်းပြန် မသွားရောက်နိုင်သော ကျွန်းတို့သည်၎င်း အဂါမက- အရညမည်၏။

၃၅။ သမန္တာ သတ္တဗ္ဘန္တရာတိ မဇ္ဈေ ဌိတာနံ သဗ္ဗဒိသာသု သတ္တဗ္ဘန္တရာ ဝိနိဗ္ဗေဓေန စုဒ္ဒသ ဟောန္တိ။ တတ္ထ ဧကံ အဗ္ဘန္တရံ အဋ္ဌဝီသတိ ဟတ္ထပ္ပမာဏံ ဟောတိ။

အယဉ္စ သီမာ ပရိသာဝသေန ဝဍ္ဎတိ၊ တသ္မာ သမန္တာ ပရိသာ ပရိယန္တတော ပဋ္ဌာယ အဗ္ဘန္တရပရိစ္ဆေဒေါ ကာတဗ္ဗော။ သစေ ပန ဒွေ သံဃာ ဝိသုံ ဥပေါသထံ ကရောန္တိ၊ ဒွိန္နံ သတ္တဗ္ဘန္တရာနံ အန္တရေ အညမေကံ သတ္တဗ္ဘန္တရံ ဥပစာရတ္ထာယ ဌပေတဗ္ဗံ။ (ကင်္ခါ ဋ္ဌ-၉၀)။

၃၆။ တေသံ ဂမနပရိယန္တဿ ဩရတော ပန ဂါမသီမာ သင်္ခံ ဂစ္ဆတိ။ တတ္ထ ဂါမသီမံ အသောဓေတွာ ကမ္မံ ကာတုံ န ဝဋ္ဋတိ။ (ကင်္ခါ ဋီ-၁၄၅)။

၃၇။ "နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ"တိ ဝုတ္တာ အယံ ဥဒကုက္ခေပသီမာ နာမ။ (ကင်္ခါ ဋ္ဌ-၉၀)။

၃၈။ ယော ပန ကေနစိ ခဏိတွာ အကတော သယံဇာတော သောဗ္ဘော သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ၊ ယတ္ထ နဒိယံ ဝုတ္တပ္ပကာရေ ဝဿကာလေ ဥဒကံ သန္တိဋ္ဌတိ၊ အယံ ဇာတဿရော နာမ။ (ကင်္ခါ ဋ္ဌ-၉၀)။

**သီမာသမူဟနကမ္မဝိဓိ**

၃၉။ (က) သမူဟနာကာရော ပန ဧဝံ ဝေဒိတဗ္ဗော- ဣဒါနိ ဗန္ဓိတဗ္ဗာယ သီမာယ နိမိတ္တာနံ အန္တော စ ဗဟိ စ ယထာဝုတ္တနယေန သမူဟနိတဗ္ဗသီမဋ္ဌာနံ အာဒါသတလံ ဝိယ သမံ သုဒ္ဓံ ဝိမလံ ကတွာ။

(ခ) ယထာဝုတ္တမဉ္စပ္ပမာဏံ မဉ္စပ္ပမာဏံ ဌာနံ အဋ္ဌပဒကလေခံ ဝိယ ရဇ္ဇုနာ ဝါ ဒဏ္ဍေန ဝါ လေခံ ကာရာပေတွာ။

၃၅။ သမန္တာသတ္တမ္ဘန္တရာဟူသည့် အလည်၌ တည်ကုန်သော ရဟန်းတို့၏ အရပ်လေးမျက်နှာတို့၌ အဗ္ဘန္တရ ခုနစ်ခုတို့သည် ထုတ်ချင်းပေါက်အားဖြင့် တဆဲ့လေး အဗ္ဘန္တရရှိ၏၊ အဗ္ဘန္တရ တခုသည် နှစ်ဆဲ့ရှစ်တောင်ရှိ၏၊ ဤအဗ္ဘန္တရသိမ်သည် ပရိသတ်များသလောက် ကျယ်ဝန်း၏၊ ထိုကြောင့်ထက်ဝန်းကျင်၌ ပရိသတ်အစွန်ဆုံးမှ စ၍ အဗ္ဘန္တရ ပိုင်းခြားတိုင်းတာရမည်၊ သံဃာနှစ်စုပြုပြီး အကယ်၍ ဥပုသ်ပြုငြားအံ့၊ သတ္တမ္ဘန္တရ သိမ်နှစ်ခု တို့၏ အကြား၌ အခြား သတ္တမ္ဘန္တရ တခုကို သိမ်၏ ဥပစာအတွက်ချန်ထားရမည်။

၃၆။ ထိုတံငါသည်တို့ နေ့ချင်းပြန်နိုင်သော အဆုံးစွန်အရပ်၏ ဤမှာဘက်သည် ဂါမသိမ်မည်၏၊ ထိုဂါမသိမ်၌ ဂါမသိမ်ကို မသုတ်သင်မူ၍ (ဂါမခေတ်အတွင်းရှိ သံဃာကို မသိမ်းသွင်းမူ၍)ကံမပြုထိုက်ချေ။

၃၇။ "ရဟန်းတို့....မြစ်၌သော်၎င်း၊ သမုဒ္ဒရာ၌သော်၎င်း၊ ဇာတဿရအိုင်၌သော်၎င်း၊ အား အလယ်အလတ်ရှိ ယောကျ်ားပစ်လိုက်သော ရေတကျဖြင့် ပိုင်းခြားအပ်သော ပတ်ဝန်းကျင်အရပ်သည် ထိုမြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ တူသော သံဝါသရှိ၏၊ တူသော ဥပုသ်ရှိ၏" ဟု မဟာဝါဥပေါသထက္ခန္ဓက၌ ဟောတော်မူအပ်သောသိမ်သည် ဥဒကုက္ခေပ သိမ်မည်၏။

၃၈။ တစုံတယောက်သောသူသည် မတူးအပ်ဲ အလိုလို ဖြစ်သော ထုံးအိုင်သည် ထက်ဝန်းကျင် အရပ်မျက်နှာမှ စီးဆင်းလာသော ရေဖြင့်ပြည့်၏၊ ယင်းထုံးအိုင်၌ မြစ်၌ ဆိုအပ်ခဲ့သည့်နည်းတူ မိုးအခါတွင် ရေတည်ရှိ၏၊ဤထုံးအိုင်သည် ဇာတဿရ အိုင်မည်၏။

**သိမ်နှုတ်ပုံအစီအစဉ်**

၃၉။ (က) သိမ်နှုတ်ပုံ အခြင်းအရာကို ဤသို့သိထိုက်၏၊ ယခု သမုတ်မည့် သိမ်နိမိတ်တို့၏ အတွင်းရောအပြင်ပါ ဆိုအပ်ခဲ့သော နည်းအတိုင်း နှုတ်မည့် သိမ်နေရာကို ကြေးမုံပြင်ကဲ့သို့ ညီညွတ်သန့်ရှင်းအောင် ပြုရမည်။

(ခ) ဆိုအပ်ခဲ့ပြီးသော ညောင်စောင်းလောက်၊ ညောင်စောင်းလောက်အရပ်ကို ရှစ်ကွက်ကျားကဲ့သို့ ကြိုးဖြင့် ဖြစ်စေ၊ ဒုတ်ဖြင့် ဖြစ်စေ မျဉ်းကြောင်းသားစေရမည်။

(ဂ) လေခါနုသာရေန တမ္ပမတ္တိကစုဏ္ဏေန ဝါ သေတမတ္တိကစုဏ္ဏေန ဝါ ဝဏ္ဏဝိသေသံ ကာရာပေတွာ။

(ဃ) ပန္တိပန္တိ ကောဋ္ဌာသံ ကောဋ္ဌာသံ ကာရာပေတွာ။

(င) ပုဗ္ဗေ ဝုတ္တနယေန အာရက္ခံ သောဓနဥ္စ ကာရာပေတွာ“ ဣဒါနိ သီမံ သမ္မုဟနိဿာမာ” တိ စတ္တာရော ဝါ တဒုတ္တရိ ဝါ သမာန သံဝါသကဘိက္ခူ ဂဟေတွာ။ (ဝိလင်္ကာ၊ပ-၃၅၉)။

(စ) ပဌမပန္တိယံ ပဌမကောဋ္ဌာသေ မဇ္ဈေ ဌတွာ ပဌမံ အဝိပ္ပဝါသသီမာသမူဟနနကမ္မဝါစံ, တတော သမာန သံဝါသကသီမာ သမူဟနနကမ္မဝါစံ သာဝေတွာ။

(ဆ) တသ္မိံ ကောဋ္ဌာသေ ယေဝ အညမညာ ဌိတဋ္ဌာနံ ပရိဝေဌေတွာ ပရိဝေဌေတွာ တိက္ခတ္တုံ ဝါ သတ္တက္ခတ္တုံ ဝါ သမူဟနိတွာ။

(ဇ) တတော နိက္ခမိတွာ ပဌမပန္တိယံ ယေဝ ဒုတိယကောဋ္ဌာသေ ဌတွာ တထေဝ ကတွာ တထေဝ ပဌမပန္တိယံ ယေဝ အနုလောမ နယေန ယာဝ အန္တိမကောဋ္ဌာသာ ဧကေကသ္မိံ ကောဋ္ဌာသေ တထေဝ ကတွာ။

(ဈ) ပဌမပန္တိယာ ပရိက္ခီဏာယ ဒုတိယပန္တိယာ အန္တိမကောဋ္ဌာသေ ဌတွာ တထေဝ ကတွာ တတော ပဋ္ဌာယ ဒုတိယပန္တိယံ ယေဝ ပဋိလောမနယေန ယာဝ အာဒိကောဋ္ဌာသာ တထေဝ ကတွာ။

(ည) ဧဝံ တတိယပန္တိအာဒီသုပိ ကေဒါ အနုလောမတော ကေဒါ ပဋိလောမတော ဂန္တွာ သဗ္ဗာသု ပန္တိသု သဗ္ဗသ္မိံ ကောဋ္ဌာသေ ပရိက္ခီဏေ ဣဒံ သီမာသမူဟနနကမ္မံ နိဋ္ဌိတံ နာမ ဟောတိ။ (ဝိလင်္ကာ-၃၆ဝ)။

၄ဝ။ “သီမာယ သီမံ သမ္ဘိန္ဒနေန သမ္ဘတာ၊ သီမာယ သီမံ အဇ္ဈောတ္ထရဏေန သမ္ဘတာ”တိ ဝုတ္တေဟိ ဒွီဟိ ဝိပတ္တိဒေါသေဟိ မုစ္စနတ္ထံ သီမာသမူဟနနကမ္မံ ကာတဗ္ဗံ။ (ဝိလင်္ကာ၊ပ-၃၅၃)။

(ဂ) (ထိုနောက်) သားထားသော မျဉ်းကြောင်းအတိုင်း မြေနီမှုန့်ဖြင့်ဖြစ်စေ၊ မြေဖြူမှုန့်ဖြင့်ဖြစ်စေ ထင်ရှားအောင် ပြုစေရမည်။
(ဃ) (ထိုနောက်) အတန်းအတန်း အကွက်အကွက် ပြုလုပ်စေရမည်။
(င) (ထိုနောက်) ရှေးက ဆိုခဲ့သည့် နည်းအတိုင်း အစောင့်အရှောက်နှင့် သံဃာသုတ်သင်မှုတို့ကို ပြုလုပ်စေပြီး၊ "ယခုအခါ သိမ်နှုတ်ကြကုန်အံ့" ဟု (၄) ပါး၊ သို့မဟုတ် (၄) ပါးထက်အလွန်ရှိသော ပေါင်းသင်း ဆက်ဆံမှု တူညီသည့် ရဟန်းတို့ကို ပင့်ဖိတ်ရမည်။
(စ) (ထိုနောက်) ပဌမတန်း၊ ပဌမအကွက်ညောင်စောင်းနေရာ၌ ရပ်တည်၍ ရှေးဦးစွာ အဝိပ္ပဝါသ သီမာသမူဟနန ကမ္မဝါစာကို ဘတ်ရမည်၊ ထိုနောက် သမာနသံဝါသက သီမာသမူဟနန ကမ္မဝါစာကို ဘတ်ရမည်။
(ဆ) (ထိုနောက်) ထိုပဌမ အကွက် ၌ပင် အချင်းချင်း နေရာချင်းလှယ်၍ သုံးကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ နှုတ်ရမည်။
(ဇ) (ထိုနောက်) ထိုပဌမအကွက်မှ ထွက်၍ ပဌမတန်း ဒုတိယအကွက်၌ ရပ်တည်၍ ပဌမအကွက်၌ နှုတ်နည်းအတိုင်း နှုတ်ပြီးနောက် ပဌမ အတန်း၌ပင် အနုလုံအားဖြင့်နောက်ဆုံးအကွက်တိုင်အောင် အကွက်တိုင်း အကွက်တိုင်း ရှေးနည်းအတူ နှုတ်ရမည်။
(ဈ) ပဌမအတန်း ကုန်လတ်သော် ဒုတိယအတန်း၏ အဆုံးကွက်၌ ရပ်တည်၍ ပဌမအတန်း၌ နှုတ်နည်းအတိုင်း နှုတ်ပြီး ထိုအဆုံးကွက်မှ စ၍ ဒုတိယ အတန်း၌ပင် ပဋိလုံနည်းအားဖြင့် အစဆုံးအကွက်တိုင်အောင် ရှေးနည်းအတူ နှုတ်ရမည်။
(ည) ဤသို့လျှင် တတိယအတန်း အစရှိသည်တို့၌လည်း အနုလုံတလှည့် ပဋိလုံတလှည့် သွားပြီး အတန်းတိုင်း အတန်းတိုင်း၌ အကွက်အားလုံး ကုန်သည်ရှိသော် နှုတ်ခြင်းကိစ္စပြီးဆုံးပါပြီ။

၄၀။ "သိမ်အချင်းချင်း ဆက်စပ်၍ သမုတ်ခြင်း၊ သိမ်တခုဖြင့် သိမ်တခုကို လွှမ်းမိုး၍သမုတ်ခြင်း"ဟု ဆိုအပ်သော သိမ်ပျက်အပြစ်နှစ်ပါးတို့မှ လွတ်မြောက်ရန်အကျိုးငှာ သိမ်နှုတ်ကံကို ပြုရမည်။

၄၁။ သင်္ကာနိဝတ္တနတ္ထံ အဘိနဝသီမံ ဗန္ဓိတုကာမေဟိ ယတိပုင်္ဂဝေဟိ အဝဿံ သီမာသမူဟနနကမ္မံ ကာတဗ္ဗံ ဟောတိ။

(ဝိလင်္ဃိ ပ-၃၅၅)။

၄၂။ ယဒိ သဋ္ဌိဟတ္ထာယာမံ စတ္တာလီသဟတ္ထဝိတ္ထာရံ ခဏ္ဍသီမမေဝ ကတ္တုကာမာ ဟောန္တိ၊ တတ္ထေဝ ပဒေသေ မဇ္ဈဋ္ဌာနံ ဂဏှေတွာ ပမာဏမဇ္ဈကော ယုတ္တောတိ သဗ္ဗပစ္ဆိမပ္ပမာဏယုတ္တော မဇ္ဈော၊ သော ဟိ ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိကော, အဋ္ဌဝိဒတ္ထိကော ဝါ ဟောတိ။

၄၃။ မဇ္ဈဿ ဝိတ္ထာရော ပန အာယာမဿ ဥပဍ္ဎော ဟောတိ၊ တသ္မာ ပဉ္စပ္ပမာဏဋ္ဌာနံ အာယာမတော ပဉ္စဟတ္ထံ, ဝိတ္ထာရတော ပဉ္စ ဝိဒတ္ထိကန္တိ ဂဟေတွာ တေန ပမာဏေန ဂဏှေတွာ သဋ္ဌိဟတ္ထာယာမံ သီမဋ္ဌာနံ စတုဝီသတိမဇ္ဈကံ ဟောတိ၊ စတ္တာလီသဟတ္ထဝိတ္ထာရံ အဋ္ဌမဇ္ဈကံ ဟောတိ၊ ဧဝံ ဂဏှေတွာ ဒက္ခိဏုတ္တရာယာမော မဇ္ဈော ဟောတိ။

သဋ္ဌိဟတ္ထာယာမံ သီမဋ္ဌာနံ ဒွါဒသမဇ္ဈကံ ဟောတိ၊ စတ္တာလီသဟတ္ထဝိတ္ထာရံ သောဠသမဇ္ဈကံ ဟောတိ၊ ဧဝံ ဂဏှေတွာ ပါစီနပစ္ဆိမာယာမော မဇ္ဈော ဟောတိ။

ဒုဝိဓေပိ အာယာမံ ဝိတ္ထာရေန ဂုဏိတံ ကရောန္တော သကလံ၊ အန္တောသီမဋ္ဌာနံ ဒွါနဝုတ္တရသတမဇ္ဈကံ ဟောတိ။

(ဝိလင်္ဃိ ပ-၃၅၉)။

၄၁။ (သိမ်သမုတ်မည့် နေရာ၌ ရှေးက သိမ်ဟောင်း ရှိမရှိ ဟူသော) ယုံမှား သံသယ ကင်းပျောက်ရန် သိမ်သစ်သမုတ်လိုကုန်သော သာသနာ့ ရှေ့သွား ထိပ်ခေါင်တင် ဆရာတော်များ တို့သည် မချွတ်ကေန် သိမ်နှုတ်ကံကို ပြုကြသည်။

၄၂။ အလျား အတောင် (၆၀) အနံ အတောင် (၄၀)ကျယ်သော ခဏ္ဍသိမ်ကို အကယ်၍ သမုတ်လိုကုန်အံ့၊ ယင်း အကျယ်အဝန်း၌ ညောင်စောင်းကွက် ချသော် ပမာဏနှင့် ယှဉ်သည့် အငယ်ဆုံး ညောင်စောင်းကို ချရမည်။ ခွဲဦးအံ့၊ ထိုအငယ်ဆုံး ညောင်စောင်း သည် ပကတိအထွာအားဖြင့် (၉)ထွာ သို့မဟုတ်(၇)ထွာ ရှိ၏။

၄၃။ ညောင်စောင်း၏ အနံသည်အလျား၏ ထက်ဝက်ရှိ၏၊ ထို့ကြောင့် ညောင်စောင်းကွက်သည် အလျား (၅)တောင် အနံ(၅)ထွာရှိ၏၊ ထို ပမာဏအတိုင်း ယူသော် အလျားအတောင် (၆၀) ရှိသော သိမ်နေရာသည် ညောင်စောင်းကွက် (၂၄) ကွက် ရှိ၏၊ အနံ အတောင် (၄၀) ရှိသော သိမ်နေရာသည် ညောင်စောင်းကွက် (၇) ကွက် ရှိ ၏၊ ဤသို့ ယူ သော် တောင် မြောက် အ ရှည် ညောင်စောင်းကွက် ဖြစ်၏၊ အလျားအတောင် (၆၀) ရှိသော သိမ်နေရာသည် ညောင်စောင်းကွက် (၁၂) ကွက်ရှိ၏၊ အနံ အတောင် (၄၀) ရှိသော သိမ်နေရာသည် ညောင်စောင်းကွက် (၁၆)ကွက် ရှိ၏၊ ဤသို့ ယူသော် အရှေ့ အနောက် အရှည် ညောင်စောင်းကွက်ဖြစ်၏။

တောင်မြောက်အလျား၊ အရှေ့အနောက်အလျား နှစ်ပါးစုံတို့၌ အလျားကို အနံဖြင့် မြှောက်သော် သိမ်တွင်း မြေအားလုံးသည် ညောင်စောင်းကွက်ပေါင်း (၁၉၂)ကွက်ရှိ၏။

မှတ်ချက်။ ။စတုဝိသတိမဏ္ဍကံ ဟောတိ၌ ညောင်စောင်းကွက် (၂၄)ကွက်ရအောင် သိမ်အလျားအတောင် (၆၀)ကို ညောင် စောင်း အနံ (၅)ထွာဖြင့် စားပါ။

အဋ္ဌမဏ္ဍကံဟောတိ၌ ညောင်စောင်းကွက် (၇)ကွက် ရအောင် သိမ်အနံအတောင် (၄၀)ကို ညောင်စောင်းအလျား (၅)တောင် ဖြင့် စားပါ။

ဒွါဒသမဏ္ဍကံ ဟောတိ-၌ သိမ်နှင့် ညောင်စောင်းအလျားချင်း စားပါ။

၄၄။ ဗဟိသီမင္ဂနမှိ သမန္တတော ကေမဍ္ဍကံ ဝါ ဒွိတိမဍ္ဍကံ ဝါ ဂဟေတဗ္ဗံ။ (ဝိလင်္ဂီ ပ-၃၅၉)

၄၅။ ကလျာဏိယံ နာမ သီမာယံ ပန အာယာမတော ဝိတ္ထာရတော စ ပဉ္စဟတ္ထပမာဏံ ဌာနံ ကေကောင္ဂာသံ ကတွာ သမူဟနတိ။ (ဝိလင်္ဂီ ပ-၃၅၉)။

၄၆။ "စတ္တာရော ဝါ တဒုတ္တရိဝါ" တိ ဣဒံ ပန ဣမဿ ကမ္မဿ စတုဝဂ္ဂကရဏီယတ္တာ ဝုတ္တံ။ ဝိမတိဝိနောဒနိယံ ပန ဘိက္ခူနံ ပကတတ္တဘာဝဿ ဒုဝိညေယျတ္တာ လဇ္ဇီပေသလဘိက္ခူနဉ္စ ဒုလ္လဘတ္တာ "ဆပဥ္စမတ္တေ" တိ ဝုတ္တံ။
ကလျာဏီသီမာယဉ္စ စုဒ္ဒသဟိ ဘိက္ခူဟိ ကတန္တိ ဒဋ္ဌဗ္ဗံ။
(ဝိလင်္ဂီ ပ-၃၆၀)။

၄၇။ ဧဝံ နိဋ္ဌိတေပိ ပန သီမာသမူဟနနကမ္မေ နာနာဝါဒါနံ နာနာစရိယာနံ နာနာနိကာယာနံ နာနာဒေသဝါသိကာနံ ဘိက္ခူနံ စိတ္တာရာဓနတ္ထံ ဂရုဟာဝိဝါဒမောစနတ္ထဉ္စ ပုနပ္ပုနံ တေဟိပိ ဘိက္ခူဟိ တထေဝ ကာရာပေတဗ္ဗံ။ (ဝိလင်္ဂီ ပ-၁၆၁)။

၄၈။ တေနေဝစ ကာရဏေန ဟံသာဝတီနဂရေ အနေကပဏ္ဍုရဟတ္ထိသာမိ မဟာဓမ္မရာဇာ သဟာပုညကမ္မဘူတတော မဟာစေတိယတော စတူသု ဒိသာသု သီမာသမူဟနနကာလေ ရာမညဒေသဝါသီဟိ မဟာထေရေဟိ စ မရမ္မဒေသဝါသီဟိ မဟာထေရေဟိ စ ဝိသုံဝိသုံ ကာရာပေသီတိ ဒဋ္ဌဗ္ဗံ။ (ဝိလင်္ဂီ ပ--၃၆၁)

၄၉။ ဣမသ္မာ ဒေါသတ္တယာ ဝိမောစနတ္ထံ နိမိတ္တာနံ ဗဟိပိ သီမာသမူဟနနံ ကတံ။ (ဝိလင်္ဂီ ပ-၃၆၂)။

၅၀။ ပေါရာဏာယ သီမာယ အန္တော ဌတွာ ကေသိုံ ဌာနေ သီမာသမူဟနနကမ္မဝါစာယ ကတာယ သကလာပိ သီမာ သမူဟတာဝ ဟောတိ။ တသ္မာ "ပဒဝသဉ္စသမ္ဗန္ဓံ ကတွာ သမူဟနိတဗ္ဗ" န္တိ ဝစနံ ပဏ္ဍိတာ န သမ္ပဋိစ္ဆန္တိ။ (ဝိလင်္ဂီ ပ-၃၆၃)။

သော၌သမဌက် ဟောတိ-၌ သိမ်နှင့် ညောင်စောင်းအနံချင်း စား ပါ။

၄၄။ သတ်မှတ်ထားသည့် သိမ်မြေအပြင်ဘက် ပတ်ပတ်လည်၌လည်း ညောင်စောင်းတကွက်စာ၊ နှစ်ကွက်စာ၊ သုံးကွက်စာ နှုတ်ရမည်။

၄၅။ ကလျာဏီသိမ်၌ကား အလျားအနံ(၅)တောင်မျှသော အရပ်ကို ညောင်စောင်းတကွက်စာယူ၍နှုတ်၏။

၄၆။ ဤ သိမ် နှုတ် ကံ သည် စတုဝဂ္ဂကရဏီယကံ ဖြစ် သော ကြောင့် "လေးပါး လေးပါးထက်အလွန်"ဟု ဆို၏၊ ဝိမတိဒိုနီကာ၌ကား ပကတတ် ရဟန်းဟု သိနိုင်ခဲသောကြောင့်၎င်း၊ လဇ္ဇီပေသလ ရဟန်းများကို ရဘို့ရန် မလွယ်ကူသောကြောင့်၎င်း၊ "ငါးပါး ခြောက်ပါး"ဟု မိန့်ဆို၏၊ ကလျာဏီသိမ်၌ကား ရဟန်းတဆဲ့ လေးပါးတို့ဖြင့် နှုတ်ကြ၏ဟု မှတ်ထိုက်၏။

၄၇။ ဤသို့လျှင် သိမ်နှုတ်ကံပြီးဆုံး ပါသော်လည်း ဝါဒအမျိုးမျိုး ဂိုဏ်း ဂဏ အမျိုးမျိုး၊ အရပ်ဒေသအမျိုးမျိုး ရှိကုန်သောရဟန်းတို့ သဘောကျ နှစ်သက်စေရန်၎င်း ကွဲရဲမှု ငြင်းခုံမှုတို့မှ လွတ်မြောက် စေရန်၎င်း၊ ထိုရဟန်းတို့ကိုလည်း အဖန်ဖန်အထပ်ထပ် ရှေးနည်း တူစွာ သိမ်နှုတ်စေထိုက်၏။

၄၈။ ထို့ကြောင့်ပင် ဟံသာဝတီပြည်- ဆင်ဖြူရှင် ဓမ္မစေတီမင်းသည် အတူတကွ ကုသိုလ်ကောင်းမှု ပြုလုပ်ရာဖြစ်သော မဟာစေတီမှ အရပ် လေးမျက်နှာ တို့၌ သိမ် နှုတ်သည့်အခါ ရာမညတိုင်း၌ သီတင်းသုံးတော်မူကြကုန်သော မဟာထေရ် တို့ကို၎င်း၊ မြန်မာ ပြည်၌ သီတင်းသုံးတော်မူကြကုန်သော မဟာထေရ်တို့ကို၎င်း၊ အသီးသီးခွဲခြားကာ သိမ်နှုတ်စေတော်မူ၏။

၄၉။ သမ္မေဒ၊ အဇ္ဈောတ္ထရဏ၊ သီမာသင်္ကရ၊ အပြစ် သုံးပါးတို့မှ လွတ်မြောက်စေရန် သိမ်နိမိတ်၏ အပြင်ဘက်၌လည်း သိမ်နှုတ် အပ်၏။

၅၀။ သိမ်ဟောင်း၏အတွင်း၌နေ၍ တနေရာ၌ သိမ်နှုတ်ကမ္မဝါစာကို ဘတ်သော် တသိမ်လုံးနှုတ်ပြီး ဖြစ်တော့သည်သာ၊ ထို့ကြောင့် "ခြေရာချင်းစပ်၍ နှုတ်ရမည်"ဟူသော ဝါဒကို ပညာရှိများ လက်မခံကြကုန်။

၅၁။ ကောဝိသတိယာ ဘိက္ခုနံ နိသီဒနပ္ပဟောနကတော ပဋ္ဌာယ တိယောဇနံ အနတိက္ကမိတွာ ယတ္တကံ ပမာဏံ သံဃော ဣစ္ဆတိ၊ တတ္တကံ ပမာဏံ ကတွာ သီမာ သမ္မန္နိတဗ္ဗာ။ (ဝိလင်္ဋီ ပ-၃၆၈)။

၅၂။ ဂါမသီမာယမေဝ ဗဒ္ဓသီမာ သမ္မန္နိတဗ္ဗာ၊ န နဒီအာဒီသု။ (ဝိလင်္ဋီ ပ-၃၇၀)။

၅၃။ တတော "အတိခုဒ္ဒိကာ အတိမဟန္တီ"တိ ဝုတ္တေဟိ ဝိပတ္တိဒေါသေဟိ မုစ္စနတ္ထံ သီမာယ ပမာဏံ ဇာနိတဗ္ဗံ။ (ဝိလင်္ဋီ ပ-၃၆၇)။

၅၄။ တတော "ခဏ္ဍနိမိတ္တာ ဆာယာနိမိတ္တာ အနိမိတ္တာ" တိ ဝုတ္တေဟိ တီဟိ ဝိပတ္တိဒေါသေဟိ ဝိမုစ္စနတ္ထံ နိမိတ္တကိတ္တနံ ကာတဗ္ဗံ။ (ဝိလင်္ဋီ ပ-၃၆၈)။

**သီမာသမ္မုတိကမ္မဝိဓိ**

၅၅။ ဇဝံ သီမံ ဗန္ဓိတုကာမေန ဘိက္ခုနာ သဗ္ဗလက္ခဏပရိပူရတ္ထံ မဟန္တော ဥဿာဟော ကရဏီယော ဟောတိ၊ တသ္မာ သီမာဗန္ဓနကာလေ တီသု သမ္ပတ္တီသု ပရိသသမ္ပတ္တိသုဒ္ဓိယာ ပဌမံ တာဝ ဂါမသီမာ ဥပပရိက္ခိတဗ္ဗာ။ (ဝိလင်္ဋီ ပ-၃၄၇)။

၅၆။ ဣတိ ပကတိဂါမသီမာ စ ရာဇူနံ ဣစ္ဆာဝသေန ပဝတ္တာ ဝိသုံဂါမသီမာ စ ဗဒ္ဓသီမာဝိယ သဗ္ဗကမ္မာရဟာ။ တသ္မာ အဘိနဝ ဗဒ္ဓသီမံ ဗန္ဓိတုကာမေဟိ ပကတိဂါမသီမံ ဝါ ဝိသုံဂါမသီမံ ဝါ သောဓေတွာ ကတ္တဗ္ဗံ ဟောတိ။ (ဝိလင်္ဋီ ပ-၃၄၉)။

၅၇။ နိမိတ္တာနံ အန္တောဂဓိတေန ကမ္မဝါစာပါဌကေန ဝိနယဓရေန "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တ"န္တိ ပုစ္ဆိတဗ္ဗံ။ အညေန "ပါသာဏော ဘန္တေ" တိ ဝတ္တဗ္ဗံ။ ပုန ဝိနယဓရေန "ဧသော ပါသာဏော နိမိတ္တ"န္တိ ဝတွာ ကိတ္တေတဗ္ဗံ။ ဣမိနာ နယေန သီမမဏ္ဍလံ ပဒက္ခိဏံ ကရောန္တေန "ပုရတ္ထိမာယ အနုဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ။ ပါသာဏော ဘန္တေ။

၅၁။ ရဟန်းနှစ်ကျိပ်တပါး ထိုင်လောက်သောအရပ်မှစ၍ သုံးယူဇနာ မကျော်လွန်စေဘဲ သံဃာက အလိုရှိရာအရပ်၌ အလိုရှိသော ပမာဏအတိုင်း သိမ်သမုတ်နိုင်၏။

၅၂။ ဂါမသိမ်၌သာလျှင် ဗဒ္ဓသိမ် သမုတ်ရမည်၊ မြစ်အစရှိသည်တို့၌ ဗဒ္ဓသိမ်မသမုတ်ရ။

၅၃။ ထို့ကြောင့် "အလွန်ငယ်သောသိမ် အလွန်ကြီးသော သိမ်" ဟု ဆိုအပ်သော သိမ်ပျက်အပြစ်တို့မှ လွတ်ရန် သိမ်၏ ပမာဏကို သိသင့်သည်သာ။

၅၄။ ထို့ကြောင့် "နိမိတ်ကျိုးသောသိမ်၊ အရိပ်ကို နိမိတ်လုပ်သော သိမ်၊ နိမိတ် လုံးဝမရှိသောသိမ်"ဟု ဆိုအပ်သော သိမ်ပျက်အပြစ် သုံးပါးတို့မှ လွတ်မြောက်ရန် နိမိတ်ကြားရမည်။

**သိမ်သမုတ်အစီအစဉ်**

၅၅။ ဤသို့လျှင် သိမ်သမုတ်လိုသော ရဟန်းသည် လက္ခဏာအားလုံး ပြည့်စုံစေရန် ကြီးမားသော လုံ့လဉဿာဟရှိရမည်၊ ထို့ကြောင့် သိမ်သမုတ်သည့်အခါ၌ သမ္ပတ္တိ သုံးပါးတို့တွင် ပရိသတ်သမ္ပတ္တိ ပြီးပြည့်စုံစေရန် ရှေးဦးစွာ ဂါမသိမ်ကို စုံစမ်းလေ့လာရမည်။

၅၆။ ဤသို့လျှင် ပကတိဂါမသိမ် သည်ဝင်း၊ မင်းတို့၏ အလိုအားဖြင့် ဖြစ်သော ဝိသုံဂါမသိမ် သည်ဝင်း၊ ဗဒ္ဓသိမ်ကဲ့သို့ ကံအားလုံး ပြုနိုင်၏၊ ထို့ကြောင့် သိမ်အသစ်ကိုသမုတ်လိုသော ရဟန်းတို့ သည် ပကတိဂါမသိမ်ကိုဝင်း၊ ဝိသုံဂါမသိမ်ကိုဝင်း သုတ်သင်၍ သမုတ်ရမည်။

မှတ်ချက်။ ။သုတ်သင် ဟူသည် ဟတ္ထပါသ် စပ်စေခြင်း ဆန္ဒ ဆောင်စေခြင်း စသည်တို့ကို ဆိုသည်။

၅၇။ နိမိတ်၏အတွင်း၌ နေ၍ ကမ္မဝါစာဘတ်သည့် ဝိနည်းဓိုရ်ရဟန်း သည်"အရှေ့ရပ်က ဘာနိမိတ်လဲ"ဟု မေးရမည်။

နိမိတ်စောင့်သူက "ကျောက်ပါဘုရား"ဟု လျှောက်ထားရမည်၊ တဖန် ဝိနည်းဓိုရ်က "နိမိတ်သည် ကျောက်နိမိတ်"ဟုဆို၍ ပြော ကြားရမည်။ ဤနည်းအားဖြင့် သိမ်အဝန်းတခုလုံးကို လကျာရစ် လှည့်လျက် "အရှေ့တောင်ထောင့် အရပ်၌၊ တောင် အရပ်၌၊ အနောက်တောင်ထောင့်အရပ်၌၊ အနောက်အရပ်၌၊ အနောက် မြောက်ထောင့်အရပ်၌၊ မြောက်အရပ်၌၊ အရှေ့မြောက်ထောင့်

ဧသော ပါသာဏော နိမိတ္တ” န္တိ ကိတ္တေတွာ ပုန ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ ပါသာဏော ဘန္တေ။ ဧသော ပါသာ ဏော နိမိတ္တ”န္တိ ကိတ္တေတွာ နိဋ္ဌပေတဗ္ဗံ။
(ဝိလင်္ဂ္ဂ္ဃီ ပ-၃၆၉)။

၅၈။ နိမိတ္တာနိ ကိတ္တေတွာ သံဃေန နိမိတ္တာနံ အန္တော ဌတွာ ကမ္မ ဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ (ဝိလင်္ဂ္ဂ္ဃီ ပ-၃၆၉)။

၅၉။ ဧဝံ ဘိက္ခူသု သန္နိပတိတေသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ့ တေသုတေသု မဂ္ဂေသု နဒီတိတ္ထဂါမဒွါရာဒီသု စ အာဂန္တုက ဘိက္ခူနံ သီဃံသီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိသီမကရဏတ္ထဉ္စ အာရာမိက သာမဏေရေ ဌပေတွာ ဘေရိသညံ ဝါ သင်္ခသညံ ဝါ ကာရာပေတွာ နိမိတ္တကိတ္တနာနန္တရံ ဝုတ္တာယ “သုဏာတု မေ ဘန္တေ သံဃော”တိ အာဒိကာယ ကမ္မဝါစာယ သီမာ ဗန္ဓိတဗ္ဗာ။
(ဝိလင် ဋ္ဌီ,ပ-၃၇၂)။

၆၀။ သမာနသံဝါသကကမ္မဝါစာ ပရိယောသာနေယေဝ နိမိတ္တာနိဗဟိ ကတွာ နိမိတ္တာနံ အန္တောပမာဏေနေဝ သမာနသံဝါသက သီမာ စတုန္နဟုတာဓိကဒွိလက္ခယောဇနပုထုလံ မဟာပထဝိံ ဝိနိဝိဇ္ဈိတွာ ပထဝိသန္ဓာရကဥဒကံ ပရိယန္တံ ကတွာ ဂတာ။
(ဝိလင် ဋ္ဌီ,ပ-၃၇၂)။

၆၁။ တဿာ ယေဝ သီမာယ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသ ကမ္မဝါစာ ကာတဗ္ဗာ။ ဧဝံ ခဏ္ဍသီမံ သမ္မန္နိတွာ ဗဟိ သီမန္တရိကပါသာဏာ ဌပေတဗ္ဗာ။

သီမန္တရိကာ ပစ္ဆိမကောဋိယာ ဧကရတနပ္ပမာဏာ ဝဋ္ဋတိ။ဝိဒတ္ထိပ္ပ မာဏာပိ စတုရင်္ဂုလပ္ပမာဏာပိ ဝဋ္ဋတိ။ (ဝိလင် ဋ္ဌီ,ပ-၃၇၅)။

သီမာကမ္မံ နိဋ္ဌိတံ။

အရပ်၌ ဘာနိမိတ် နည်း၊ ကျောက်ပါဘုရား၊ ဤဟာသည် ကျောက်နိမိတ်”ဟု ဆို၍ ပြောကြားပြီးနောက် အရှေ့ရပ်၌ ဘာ နိမိတ်နည်း ကျောက်ပါဘုရား၊ “ဤနိမိတ်သည် ကျောက်နိမိတ်” ဟု ပြောကြားပြီး ပြီးဆုံးစေရမည်။

၅၀။ နိမိတ် ကြားပြီးနောက် သံဃာသည် နိမိတ်အတွင်း၌ တည်၍ ကမ္မဝါစာဖြင့် သိမ်သမုတ်ရပါမည်။

၅၉။ ဤသို့လျှင် ရဟန်းတို့ စည်းဝေးပြီးသော်ငှင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ “ဆန္ဒ”ကို ဆောင်ယူပြီး သော်ငှင်း၊ ထိုထိုလမ်း မြစ်ဆိပ်ရွာ တံခါး အစရှိသည်တို့၌ တည်ရှိကုန်သော အာဂန္တု ရဟန်းတို့ကို လျင်မြန်စွာ ဟတ္ထပါသ်အတွင်းသို့ ဆောင်ခြင်းငှာ ငှင်း၊ ဂါမသိမ်အပြင်သို့ ထုတ်ခြင်းငှာငှင်း၊အရမ်စောင့်၊သာမဏေ စသည်တို့ကို ချထား၍ စည်၊ ခရသင်းတို့ကို တီးမှုတ်စေ၍ နိမိတ် ကြားပြီးသည်၏ အဆုံး၌ ဘုရားရှင် ဟောတော်မူအပ်သည့် “သုဏာတု မေ ဘန္တေ သံဃော” အစရှိသော ကမ္မဝါစာဖြင့် သိမ်သမုတ်ရမည်။

၆၀။ သမာနသံဝါသက ကမ္မဝါစာ၏ အဆုံး၌ဂင်လျှင် သိမ်နိမိတ်၏ အတွင်းပမာဏအားဖြင့် သမာနသံဝါသကသိမ်သည် ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မဟာ ပထဝီ မြေကြီး ဖေါက်ခွဲ၍ မြေကို ဆောင်သော ရေအဆုံးတိုင်အောင် ရောက် လေသတည်း။

၆၁။ ထိုသမာန သံဝါသက သိမ်ကိုပင် ခိုင်မြဲစေရန် အဝိပ္ပဝါသ ကမ္မဝါစာကို ဘတ်ရမည်၊ ဤသို့ ခဏ္ဍသိမ် သမုတ် ပြီးနောက် သီမန္တရိက်ကျောက်တိုင်များကို စိုက်ထားရမည်၊ ၎င်းသီမန္တရိက် သည် အယုတ်ဆုံး တတောင်ရှိက အပ်၏၊ တထွာ၊ သို့မဟုတ် လက်လေးသစ်ရှိကလည်း အပ်သည်သာ။

သိမ်ဝိုင်းပြီး၏။

## ၇-ပရိဝါသ မာနတ္တကမ္မဝိဓိ

၁။ ပဋိစ္ဆန္နပရိဝါသော သုဒ္ဓန္တ ပရိဝါသော သမောဓာနပရိဝါသောတိ တိဝိဓော ပရိဝါသော။ တတ္ထ ပဋိစ္ဆန္နပရိဝါသော တာဝ ယထာ ပဋိစ္ဆန္နာယ အာပတ္တိယာ ဒါတဗ္ဗော။ ကဿစိ ဟိ ဧကာဟပ္ပဋိစ္ဆန္နာ အာပတ္တိ ဟောတိ၊ ကဿစိ ဒွိဟာဒိပ္ပဋိစ္ဆန္နာ။ ကဿစိ ဧကာ အာပတ္တိ ဟောတိ၊ ကဿစိ ဒွေ ဝါ တိဿော ဝါ တဒုတ္တရိ ဝါ။ တသ္မာ ပဋိစ္ဆန္နပရိဝါသံ ဒေန္တေန ပဌမမေဝ ဝုတ္တနယေန ပဋိစ္ဆန္နဘာဝံ ဉတွာ တတော ပဋိစ္ဆန္နဒိဝသေ စ အာပတ္တိယော စ သလ္လက္ခေတွာ သစေ ဧကာဟပ္ပဋိစ္ဆန္နာ ဟောတိ၊ "အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ ဧကာဟပ္ပဋိစ္ဆန္န"န္တိ ဧဝံ ပရိဝါသံ ယာစာပေတွာ ခန္ဓကေ အာဂတနယေန ကမ္မဝါစံ ဝတွာ ပရိဝါသော ဒါတဗ္ဗော။ အထ ဒွိဟတီဟာဒိပ္ပဋိစ္ဆန္နာ ဟောတိ။ ဒွိဟပ္ပဋိစ္ဆန္နံ တီဟပ္ပဋိစ္ဆန္နံ စတူဟပ္ပဋိစ္ဆန္နံ ပဉ္စာဟပ္ပဋိစ္ဆန္နံ။ပ။ စုဒ္ဒသာဟပ္ပဋိစ္ဆန္နန္တိ ဧဝံ ယာဝစုဒ္ဒသဒိဝသာနိ ဒိဝသဝသေန ယောဇနာ ကာတဗ္ဗာ။ (ကင်္ခါ ၄-၁၄၅)။

၂။ ပဉ္စဒသဒိဝသပ္ပဋိစ္ဆန္နာယံ "ပက္ခပဋိစ္ဆန္န"န္တိ ယောဇနာ ကာတဗ္ဗာ။ တတော ယာဝ ဧကူနတိံသတိမော ဒိဝသော၊ တာဝ "အတိရေကပက္ခပဋိစ္ဆန္န"န္တိ၊ တတော မာသပ္ပဋိစ္ဆန္နံ အတိရေကမာသပ္ပဋိစ္ဆန္နံ ဒွေမာသပ္ပဋိစ္ဆန္နံ အတိရေက ဒွေမာသပ္ပဋိစ္ဆန္နံ တေမာသပ္ပဋိစ္ဆန္နံ။ပ။ အတိရေကဧကာဒသမာသပ္ပဋိစ္ဆန္နန္တိ ဧဝံ ယောဇနာ ကာတဗ္ဗာ။

(ကင်္ခါ ၄-၁၄၆)။

၃။ သံဝစ္ဆရေ ပုဏ္ဏေ "ဧကသံဝစ္ဆရပ္ပဋိစ္ဆန္န"န္တိ၊ တတော ပရံ အတိရေကသံဝစ္ဆရံ ဒွေသံဝစ္ဆရံ ဧဝံ ယာဝ သဋ္ဌိသံဝစ္ဆရအတိရေက သဋ္ဌိသံဝစ္ဆရပ္ပဋိစ္ဆန္နန္တိ၊ တတော ဝါ ဘိယျောပိ ဝတွာ ယောဇနာ ကာတဗ္ဗာ။ (ကင်္ခါ ၄-၁၄၆)။

## ၇-ပရိဝါသ်မာနတ်ကံအစီအစဉ်

၁။ ပရိဝါသ်သည် ပဋိစ္ဆန္နပရိဝါသ်၊ သုဒ္ဓန္တပရိဝါသ်၊ သမောဓာန ပရိဝါသ် ဟု သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် သံဃာဒိသိသ် အာပတ်ကို ညဥ့်ဖုံးလွှမ်းသလောက် ပေးအပ်သော ပရိဝါသ်သည် ပဋိစ္ဆန္နပရိဝါသ် မည်၏။
ချဲဦးအံ့၊ အချို့သော ရဟန်းသည် တရက်ဖုံးလွှမ်း၏၊ အချို့သော ရဟန်းသည် နှစ်ရက်၊ သုံးရက်စသည် ဖုံးလွှမ်း၏၊ အချို့သော ရဟန်းသည် အာပတ်တခုသာ သင့်၏၊ အချို့သော ရဟန်းသည် နှစ်ခု၊ သုံးခု စသည်သင့်၏၊ ထို့ကြောင့် ပဋိစ္ဆန္န ပရိဝါသ်ကို ပေးသော ဝိနည်းမိုရ်သည် ပရိဝါသ် မပေးမီ အာပတ္တိစဟောတိ စသည်ဖြင့် ဆိုအပ်သော နည်းအတိုင်း ဖုံးလွှမ်းထားသည့် ရက် နှင့် အာပတ်တို့ကို မှတ်သား၍အကယ်၍ အာပတ်တခုကိုတရက် ဖုံးအံ့၊ "အရှင်ဘုရားတို့ တပည့်တော်သည် တရက်ပတ်လုံး ဖုံး ထားအပ်သည့် သဉ္စေတနိကသုက္ကဝိဿဋ္ဌိ မည်သော အာပတ် တခုသို့ ရောက်ပါပြီ" ဟု ပရိဝါသ်ကို တောင်းစေပြီး ဈူဠဝါ ခန္ဓကဌလာသော နည်းအတိုင်း ကမ္မဝါစာဘတ်၍ ပရိဝါသ်ပေး ရမည်၊ အကယ်၍ နှစ်ရက်၊ သုံးရက်စသည် ဖုံးလွှမ်း ထားသော အာပတ်ဖြစ်အံ့ "နှစ်ရက်ဖုံးထားအပ်ပါပြီ၊ သုံးရက် ဖုံးထားအပ် ပါပြီ (ပ) တဆဲ့လေးရက် ဖုံးထားအပ်ပါပြီ" ဟု တဆဲ့လေးရက် နေ့တိုင်အောင် နေ့၏အစွမ်းအားဖြင့်ဆိုပါ။

၂။ တဆဲ့ငါးရက် ဖုံးထားရာ၌ "တပက္ခဖုံးလွှမ်းထားအပ်ပါပြီ" ဟု ဆိုပါ၊ တဆဲ့ခြောက်ရက်ခြောက်သော နေ့မှစ၍ နှစ်ဆဲ့ကိုးရက် မြောက်သော နေ့တိုင်အောင် "တပက္ခထက် အလွန် ဖုံးထား အပ်ပါပြီ" ဟုဆိုပါ၊ထိုနောက်တလဖုံးထားအပ်ပါပြီ၊ တလထက် အလွန်ဖုံးထားအပ်ပါပြီ၊ နှစ်လ ဖုံးထားအပ်ပါပြီ၊ နှစ်လထက် အလွန် ဖုံးထားအပ်ပါပြီ၊ သုံးလ ဖုံးထားအပ်ပါပြီ။ (ပ) တဆဲ့ တလထက် အလွန်ဖုံးထားအပ်ပါပြီဟု ဆိုပါ။

၃။ တနှစ်ပြည့်သည်ရှိသော် တနှစ် ဖုံးထားအပ်ပါပြီဟု ဆိုပါ၊ ထို့ နောက် "တနှစ်ထက်အလွန် ဖုံးထားအပ်ပါပြီ၊ နှစ်နှစ်ဖုံးထား အပ်ပြီ၊ ဤသို့စသည်ဖြင့် အနှစ်ခြောက်ဆယ်၊အနှစ်ခြောက်ဆယ်

၄။ သစေ ပန ဒွေ တိဿော တဒုတ္တရိ ဝါ အာပတ္တိယော ဟောန္တိ၊ ယထာ “ဧကံ အာပတ္တိ”န္တိ ဝုတ္တံ၊ ဧဝံ ဒွေ အာပတ္တိယော တိဿော အာပတ္တိယောတိ ဝတ္တဗ္ဗံ။ တတော ပရံ ပန သတံ ဝါ ဟောတု သဟဿံ ဝါ၊ “သမ္ဗဟုလာ”တိ ဝတ္တုံ ဝဋ္ဋတိ။ (ကင်္ခါဋ္ဌ-၁၄၆)။

၅။ နာနာဝတ္ထုကာသုပိ “အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကံ သုက္ကဝိဿဋ္ဌိံ ဧကံ ကာယသံသဂ္ဂံ ဧကံ ဒုဋ္ဌုလ္လဝါစံ ဧကံ အတ္တကာမံ ဧကံ သဉ္စရိတ္တံ ဧကာဟပ္ပဋိစ္ဆန္နာယော”တိ ဧဝံ ဂဏနဝသေန ဝါ “အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော”တိ ဧဝံ ဝတ္ထုကိတ္တနဝသေန ဝါ “အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော”တိ ဧဝံ နာမမတ္တဝသေန ဝါ ယောဇနာ ကာတဗ္ဗာ။ (ကင်္ခါဋ္ဌ-၁၄၆)။

၆။ တတ္ထ နာမံ ဒုဝိဓံ သဘာဂသာဓာရဏံ သဗ္ဗသာဓာရဏဉ္စ၊ တတ္ထ သံဃာဒိသေသောတိ သဘာဂသာဓာရဏံ၊ အာပတ္တီတိ သဗ္ဗသာဓာရဏံ၊ တသ္မာ “သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော” တိ ဧဝံ သဗ္ဗသာဓာရဏနာမဝသေနာပိ ဝတ္တုံ ဝဋ္ဋတိ။ ဣဒဉ္စ ပရိဝါသာဒိဝိနယကမ္မံ ဝတ္ထုဝသေန ဂေါတ္တဝသေန နာမဝသေန အာပတ္တိဝသေန စ ကာတုံ ဝဋ္ဋတိယေဝ။ (ကင်္ခါဋ္ဌ-၁၄၆)။

ထက် အလွန်ဖုံးလွှမ်း ထားသည့်တိုင်အောင် ပြောင်းလဲ၍ ဆိုပါ၊ ထိုထက် အလွန်လည်း ပြောင်းလဲ၍ ဆိုပါ။

၄။ အကယ်၍ အာပတ်နှစ်ခု၊ သုံးခုစသည်ဖြစ်ကုန်အံ့၊ အာပတ်တ ခု တခုသို့ ရောက်ပါပြီဟု ဆိုသကဲ့သို့ အာပတ်နှစ်ခု၊ အာပတ်သုံးခု သို့ သင့်ရောက်ပါပြီဟု ဆိုရမည်၊ ဤမှနောက်၌ အာပတ် တရာ၊ သို့မဟုတ် တထောင်ဖြစ်မူ "များစွာသော အာပတ်သို့ ရောက်ပါပြီ"ဟု ဆိုသင့်၏။

၅။ အမျိုးမျိုးသော ဝတ္ထုရှိသည့် အာပတ်တို့၌လည်း "အရှင်ဘုရားတို့ တပည့်တော်သည် တရက်ပတ်လုံး ဖုံးလွှမ်း ထားအပ်သည့် သုက္ကဝိဿဋ္ဌိ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမ၊ သဥ္စရိတ္တဟု ဆိုအပ်သော များစွာသော သံဃာဒိသေသ် အာပတ် တို့သို့ ရောက်ပါပြီ" ဟုအရေအတွက်၏ အစွမ်းအားဖြင့်ဖြစ်စေ၊ "အရှင်ဘုရားတို့ တပည့်တော်သည် တရက်ပတ်လုံး ဖုံးလွှမ်းထားအပ်သည့် အမျိုးမျိုးသောဝတ္ထုရှိသောများစွာသော သံဃာဒိသေသ် အာပတ်တို့သို့ ရောက်ပါပြီ" ဟု နာမည်နှင့်တကွ ဝတ္ထုကိုပြောပြခြင်း၏အစွမ်းအားဖြင့်ဖြစ်စေ၊ "အရှင်ဘုရားတို့ တပည့်တော်သည် တရက်ပတ်လုံး ဖုံးလွှမ်းထားအပ်သည့် များစွာသော သံဃာဒိသေသ် အာပတ်တို့သို့ ရောက်ပါပြီ"ဟု သံဃာဒိသေသ်ဟူသော အမည်မျှ၏ အစွမ်းအားဖြင့် ဖြစ်စေဆိုပါ။

၆။ နာမည်ဟူရာ၌ နာမည်သည် ဇာတ်တူအာပတ်နှင့် ဆက်ဆံသော နာမည်၊ အာပတ်အားလုံးနှင့်ဆက်ဆံသောနာမည်ဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် သံဃာဒိသေသောဟူသောအမည်သည် ဇာတ်တူအာပတ်နှင့် ဆက်ဆံသောနာမည်ဖြစ်၏၊အာပတ္တိဟူသော အမည်သည် အာပတ်အားလုံးနှင့်ဆက်ဆံသောနာမည်ဖြစ်၏၊ထို့ကြောင့် "တရက်ပတ်လုံး ဖုံးလွှမ်းထားအပ်သည့် များစွာသော အာပတ်တို့သို့ ရောက်ပါပြီ"ဟု အာပတ်အားလုံးနှင့်ဆက်ဆံသော နာမည်၏အစွမ်းအားဖြင့်လည်း ပြောကြားနိုင်ပါသည် (ဇာတ်တူအာပတ်၏ အစွမ်းအားဖြင့်သာမက အာပတ်အားလုံးနှင့် ဆက်ဆံသော နာမည်၏ အစွမ်းအားဖြင့်လည်း ပြောကြားနိုင်ပါသည် ဟူလို)။ မှန်၏၊ ဤပရိဝါသ် အစရှိသော ဝိနည်းကံကို လွန်ကျူးအပ်သော ဝတ္ထု၏ အစွမ်းအားဖြင့်၎င်း၊ မိမိမှတပါး အခြားသောအာပတ်တို့

၇။ တတ္ထ သုက္ကဝိဿဋ္ဌီတိ ဝတ္ထု စေဝ ဂေါတ္တဉ္စ၊ သံဃာဒိသေသောတိ နာမဉ္စေဝ အာပတ္တိ စ၊ တတ္ထ "သုက္ကဝိဿဋ္ဌိံ ကာယသံသဂ္ဂန္တိ' အာဒိဝစနေနာပိ "နာနာဝတ္ထုကာယော" တိ ဝစနေနာပိ ဝတ္ထု စေဝ ဂေါတ္တဉ္စ ဂဟိတံ ဟောတိ။ "သံဃာဒိသေသော" တိ ဝစနေနာပိ "အာပတ္တိယော"တိ ဝစနေနာပိ နာမဉ္စေဝ အာပတ္တိ စ ဂဟိတာ ဟောတိ၊ တသ္မာ ဧတေသု ယဿကဿစိ ဝသေန ကမ္မဝါစာ ကာတဗ္ဗာ။ (ကင်္ခါ-၁၄၆)။

၈။ ကမ္မဝါစာပရိယောသာနေစ သစေ အပ္ပဘိက္ခုကော အာဝါသော ဟောတိ၊ သက္ကာ ရတ္တိစ္ဆေဒံ အနာပဇ္ဇန္တေန ဝသိတုံ၊ တတ္ထေဝ "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမီ"တိ တိက္ခတ္တုံ ဝတ္တံ သမာဒါတဗ္ဗံ၊ သမာဒိယိတွာ တတ္ထေဝ သံဃဿ အာရောစေတွာ ပုန အာဂတာဂတာနံ ဘိက္ခူနံ အာရောစေန္တေန ဝတ္တဘေဒဉ္စ ရတ္တိစ္ဆေဒဉ္စ အကတွာ ပရိဝသိတဗ္ဗံ။
(ကင်္ခါ-၁၄၇)။

၉။ သစေ န သက္ကာ ဟောတိ ပရိဝါသံ သောဓေတုံ၊ နိက္ခိတ္တဝတ္တေန ဝသိတုကာမော ဟောတိ၊ တတ္ထေဝ သံဃမဇ္ဈေ ဧကပုဂ္ဂလဿ ဝါ သန္တိကေ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမီ"တိ ပရိဝါသော နိက္ခိပိတဗ္ဗော။ ဧကပဒေနာပိ စေတ္ထ နိက္ခိတ္တော ဟောတိ ပရိဝါသော၊ ဒွိဟိ ပန သုနိက္ခိတ္တောယေဝ၊ သမာဒါနေပိ ဧသေဝ နယော။ (ကင်္ခါ-၁၄၇)။

၁၀။ နိက္ခိတ္တ ကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ၊ အထာနေန ပစ္စူသသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အန္တော အရုဏေယေဝ ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။
(ကင်္ခါ-၁၄၇)။

နှင့် မဆက်ဆံခြင်း ဟူသော အနွယ်၏ အစွမ်းအားဖြင့်ရင်း၊ နာမည်၏ အစွမ်းအားဖြင့်ရင်း အာပတ်၏ အစွမ်းအားဖြင့်ရင်း၊ ပြုခြင်းငှာ အပ်သည်သာ။

၇။ ထို ဝတ္ထု၊ အနွယ်၊ အမည်၊ အာပတ်တို့တွင် သုက္ကဝိဿဋ္ဌိဟူသော အမည်သည် ဝတ္ထုလည်း ဟုတ်၏၊ အနွယ်လည်း ဟုတ်၏၊ သံဃာဒိသေသော ဟူသောအမည်သည် အမည်လည်း ဟုတ်၏၊ အာပတ်လည်း ဟုတ်၏။

ဝတ္ထု စသည်တို့တွင် "သုက္ကဝိဿဋ္ဌိ၊ ကာယသံသဂ္ဂ"ဟူသော သဒ္ဒါဖြင့်ရင်း" "နာနာဝတ္ထုကာယော" ဟူသော သဒ္ဒါဖြင့်ရင်း ဝတ္ထုနှင့် အနွယ်ကို ယူအပ်၏။ "သံဃာဒိသေသော" ဟူသောသဒ္ဒါဖြင့်ရင်း "အာပတ္တိယော" ဟူသော သဒ္ဒါဖြင့်ရင်း၊ အမည်နှင့် အာပတ်ကိုယူအပ်၏၊ထို့ကြောင့် ဝတ္ထု၊ အနွယ်အမည် အာပတ်တို့တွင် တခုခုဖြင့် ကမ္မဝါစာဘတ်နိုင်၏။

၈။ (ပရိဝါသ် ပေးသည့်) ကမ္မဝါစာ၏ အဆုံး၌ အကယ်၍ရဟန်း နည်းသော ကျောင်းတိုက်ဖြစ်အံ့၊ ညဉ့်မပြတ်ဘဲ ပရိဝါသ်နေခြင်း ငှာလည်း စွမ်းနိုင်အံ့၊ ထိုပရိဝါသ်ပေးရာသိမ်ထဲ၌ပင် "ပရိဝါသ် ဆောက်တည်ပါ၏၊ ဝတ်ဆောက်တည်ပါ၏"ဟု သုံးကြိမ် ဆို၍ ဝတ်ဆောက်တည်ရမည်။ ဝတ်ဆောက်တည်ပြီးနောက် ထိုသိမ် ထည်း၌ပင် သံဃာအားရင်း၊ နောက်ထပ် ရောက်လာကုန် ရောက် လာကုန်သော ရဟန်းတို့အားရင်း ပြောကြားလျက် ဝတ်ပျက်ခြင်း ညဉ့်ပြတ်ခြင်း မဖြစ်စေဘဲ ပရိဝါသ်နေရမည်။

၉။ အကယ်၍ ပရိဝါသ်သုမ်သင်ခြင်းငှာ မစွမ်းနိုင်အံ့၊ ဝတ်ကို ချထား ၍လည်း နေလိုသည်ဖြစ်အံ့၊ ဤသို့ဖြစ်သော် သံဃာ့အလည်မှာ ဖြစ်စေ၊ ရဟန်းတပါး၏ အထံမှာ ဖြစ်စေ၊ "ပရိဝါသ်ကိုချထား ပါ၏၊ဝတ်ကိုချထားပါ၏"ဟုဆို၍ ပရိဝါသ်ချထားရမည်။ ဆက်ဦး အံ့၊ဤနှစ်ပုဒ်တို့တွင် တပုဒ်ထည်းသာဆိုလည်း ဖြစ်နိုင်၏၊နှစ်ပုဒ်လုံး ဆိုမူ သာ၍ခိုင်မြဲ၏။ဆောက်တည်ရာ၌လည်း ဤနည်းတူပင်တည်း။

၁၀။ ပရိဝါသ် ချပြီးရာ အခါမှစ၍ ပကတတ်အရာ၌ တည်တော့သည် သာ၊ ဝတ်ကို ချထားပြီးနောက် ထိုရဟန်းသည် အရုဏ်မတက်မီ ရဟန်းတပါးနှင့် အတူ အကာအရံ ရှိသော ကျောင်းတိုက်၏ အကာအရံမှ၊ အကာအရံမရှိသော ကျောင်းတိုက်ဖြစ်မူ ကာရံ

၁၁။ ယမ္ပိ အညံ ဘိက္ခုံ ပဿတိ၊ တဿာပိ အာရောစေတဗ္ဗမေဝ၊
အရုဏေ ဥဋ္ဌိတေ တဿ သန္တိကေ ဝတ္တံ နိက္ခိပိတွာ ဝိဟာရံ
ဂန္တဗ္ဗံ။ သစေ သော ပုရေ အရုဏေယေဝ ကေနစိ ကရဏီယေန
ဂတော၊ ဝိဟာရံ ဂန္တွာ ယံ သဗ္ဗပဌမံ ဘိက္ခုံ ပဿတိ၊ တဿ
အာရောစေတွာ နိက္ခိပိတဗ္ဗံ။ ဧဝံ သလ္လက္ခေတွာ ယာဝ ရတ္တိ
ယော ပူရေန္တိ၊ တာဝ ပရိဝတ္ထဗ္ဗံ။ (ကင်္ခါဋ္ဌ-၁၄၇)။

၁၂။ ဣတရေသု ပန ဒွီသု “အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ
န ဇာနာတီ”တိ ဣမသ္မိံ ဝတ္ထုသ္မိံ ခန္ဓကေ အနုညာတော သုဒ္ဓန္တ
ပရိဝါသော နာမ။ သော ဒုဝိဓော စူဠသုဒ္ဓန္တော မဟာသုဒ္ဓ
န္တောတိ၊ ဒုဝိဓောပိ စေသ ရတ္တိပရိစ္ဆေဒံ သကလံ ဝါ ဧကစ္စံ
ဝါ အဇာနန္တဿ စ အဿရန္တဿ စ တတ္ထ ဝေမတိကဿ စ
ဒါတဗ္ဗော။ အာပတ္တိပရိယန္တံ ပန “ဧတ္တကာ အဟံ အာပတ္တိယော
အာပန္နော” တိ ဇာနာတု ဝါ မာ ဝါ၊ အကာရဏမေတံ။

(ကင်္ခါဋ္ဌ-၁၄၇)။

၁၃။ ဣတရော ပန သမောဓာနပရိဝါသော နာမ၊ သော တိဝိဓော
ဟောတိ ဩဓာနသမောဓာနော အဂ္ဃသမောဓာနော မိဿက
သမောဓာနောတိ။ တတ္ထ ဩဓာနသမောဓာနော နာမ အန္တရာ
ပတ္တိံ အာပဇ္ဇိတွာ ပဋိစ္ဆာဒေန္တဿ ပရိဝုတ္ထဒိဝသေ ဩဓုနိတွာ
မက္ခေတွာ ပုရိမာယ အာပတ္တိယာ မူလဒိဝသပရိစ္ဆေဒေ ပစ္ဆာ
အာပန္နံ အာပတ္တိံ မောဒဟိတွာ ဒါတဗ္ဗပရိဝါသော ဝုစ္စတိ။

(ကင်္ခါဋ္ဌ-၁၄၇)။

ထိုက်သောနေရာမှ ခဲနှစ်ကျ ဟိုဘက် လူအများသွားလာသော လမ်းမှ ဖဲ၍ ချုံ သို့မဟုတ် စည်းရိုးဖြင့် ဖုံးကွယ်အပ်သောအရပ်၌ နေကာ အရုဏ်မတက်မီ အတွင်းမှာပင် ဝတ်ဆောက်တည်ပြီး ဝတ်ကြားရမည်။

၁၁။ အခြား တွေ့မြင်ရသော ရဟန်းကိုလည်း ဝတ်ကြားရမည်သာ၊ အရုဏ်တက်သော် ထိုအဖေါ်ရဟန်း၏အထံ၌ ဝတ်ကိုချထားပြီးမှ ကျောင်းသို့သွားနိုင်သည်၊ အဖေါ်ရဟန်းသည် အရုဏ်မတက်မီ တစုံတခုသော ကိစ္စကြောင့် အကယ်၍ ပြန်သွားငြားအံ့။ (ဝတ်ဆောက်တည်သော ရဟန်း) ကျောင်းသို့ပြန်ကာ ပဌမဦးဆုံး တွေ့သော ရဟန်းအား ဝတ်ကြား၍ ချရမည်၊ ဤသို့ ညဥ့်တို့ကို မှတ်သားကာ ညဥ့်ပြည့်သည်တိုင်အောင် ပရိဝါသ်နေရမည်။

၁၂။ ပဋိစ္ဆန္န ပရိဝါသ်မှတပါး သုဒ္ဓန္တပရိဝါသ် သမောဓာနပရိဝါသ် နှစ်ပါးတို့တွင်.... "အာပတ် အပိုင်းအခြားကို မသိ၊ ညဥ့်အပိုင်းအခြားကို မသိ"ဟူသောဝတ္ထုကြောင့် စူဠဝါခန္ဓက၌ ခွင့်ပြုတော်မူအပ်သော ပရိဝါသ်သည် သုဒ္ဓန္တပရိဝါသ် (စင်ကြယ်သည့်တိုင်အောင် ကျင့်ရသော ပရိဝါသ်)မည်၏။ ထိုသုဒ္ဓန္တ ပရိဝါသ်သည် စူဠသုဒ္ဓန္တပရိဝါသ်၊ မဟာသုဒ္ဓန္တပရိဝါသ်ဟု နှစ်မျိုးရှိ၏၊ ထိုစူဠသုဒ္ဓန္တ၊ မဟာသုဒ္ဓန္တ ပရိဝါသ် နှစ်ပါးလုံးကို ညဥ့်အပိုင်းအခြား အားလုံးကို သော်၎င်း၊ အချို့အဝက်ကိုသော်၎င်း မသိသော ရဟန်း၊ မမှတ်မိသော ရဟန်း၊ ညဥ့် အပိုင်းအခြား၌ ယုံမှားသော ရဟန်းများအားပေးရမည်။ "ငါသည် ဤမျှ အတိုင်းအရှည် ရှိကုန်သော အာပတ်တို့သို့ ရောက်ခဲ့ပြီ"ဟူ၍ အာပတ် အပိုင်းအခြားကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အကြောင်း မဟုတ်။

၁၃။ သုဒ္ဓန္တ ပရိဝါသ်မှ တပါးသော ပရိဝါသ်သည် သမောဓာန ပရိဝါသ် (ပေါင်းအပ်ရာ ပရိဝါသ်) မည်၏၊ ထိုသမောဓာန ပရိဝါသ်သည် ဩဓာနသမောဓာနပရိဝါသ်၊ အဂ္ဃသမောဓာန ပရိဝါသ်၊ မိဿက သမောဓာန ပရိဝါသ် ဟု သုံးမျိုးတို့တွင် အနိက္ခိတ္တ ပရိဝါသ် ဆောက်တည်နေစဉ် အာပတ်သင့်ပြန်၍ ဖုံးလွှမ်းထားသော ရဟန်းအား ပရိဝါသ်နေသော နေ့တို့ကို ခါတွက်ချေဖျက်၍ နောက်သင့်သောအာပတ်ကို ရှေးအာပတ်၏

၁၄။ အဂ္ဃသမောဓာနော နာမ သမ္ဗဟုလာသု အာပတ္တီသု ယာ ဧကာ ဝါ ဒွေ ဝါ တိဿော ဝါ သမ္ဗဟုလာ ဝါ အာပတ္တိယော သဗ္ဗစိရပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာယ တာသံ ရတ္တိပရိစ္ဆေဒဝသေန အဝသေသာနံ ဦနတရပဋိစ္ဆန္နာနံ အာပတ္တီနံ ဒါတဗ္ဗပရိဝါသော ဝုစ္စတိ။ (ကင်္ခါ-၁၄၈)။

၁၅။ မိဿကသမောဓာနော နာမ နာနာဝတ္ထုကာယော အာပတ္တိယော ဧကတော ကတွာ ဒါတဗ္ဗပရိဝါသော ဝုစ္စတိ။ (ကင်္ခါ-၁၄၈)။

၁၆။ ဘိက္ခုမာနတ္တဉ္စ ပနေတံ ပဋိစ္ဆန္နာပဋိစ္ဆန္နဝသေန ဒုဝိဓံ။ တတ္ထ ယဿ အပ္ပဋိစ္ဆန္နာပတ္တိ ဟောတိ၊ တဿ ပရိဝါသံ အဒတွာ မာနတ္တမေဝ ဒါတဗ္ဗံ၊ ဣဒံ အပ္ပဋိစ္ဆန္နမာနတ္တံ။

ယဿ ပဋိစ္ဆန္နာ ဟောတိ၊ တဿ ပရိဝါသပရိယောသာနေ ဒါတဗ္ဗံ မာနတ္တံ ပဋိစ္ဆန္နမာနတ္တန္တိ ဝုစ္စတိ၊ ဣဒံ ဣဓ အဓိပ္ပေတံ။ (ကင်္ခါ-၁၄၈)

၁၇။ သစေ အယံ ဝတ္တံ နိက္ခိပိတွာ ပစ္စူသသမယေ သမာဒါတုံ ဂစ္ဆတိ၊ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သဒ္ဓိံ ပရိဝါသေ ဝုတ္တပ္ပကာရံ ပဒေသံ ဂန္တွာ "မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ" တိ သမာဒိယိတွာ နေသံ အာရောစေတွာ တတော တေသု ဂတေသု ဝါ အဂတေသု ဝါ ပုရိမနယေန ပဋိပဇ္ဇိတဗ္ဗံ။ (ကင်္ခါ-၁၄၈)။

၁၈။ တေ စ ဘိက္ခူ ဂါရယှာတိ ယေ ဦနဘာဝံ ဉတွာ အဗ္ဘေန္တိ၊ တေ ဘိက္ခူ စ ဂရဟိတဗ္ဗာ၊ သာတိသာရာ သဒေါသာ ဒုက္ကဋံ အာပဇ္ဇန္တီတိ အတ္ထော။ (ကင်္ခါ-၁၄၈)။

ပရိဝါသမာနတ္တကမ္မံ နိဋ္ဌိတံ။

မူလနေ့ အပိုင်းအခြား၌ သွင်း၍ပေးအပ်သော ပရိဝါသ်သည် သြဓာန သမောဓာနပရိဝါသ် မည်၏။

၁၄။ အလုံးစုံသောအာပတ်တို့ထက် ကြာမြင့်စွာဖုံးထားအပ်သည့် အာပတ်များစွာတို့တွင် တချက်၊သို့မဟုတ် နှစ်ချက်၊သို့မဟုတ်သုံးချက်၊ သို့မဟုတ် လေးချက်၊သို့မဟုတ် များစွာသောအာပတ်တို့၏ အပိုင်းအခြားဖြင့် ပေါင်း၍၊ ထိုအလုံးစုံသော အာပတ်တို့ထက် ကြာမြင့်စွာဖုံးထားအပ်သည့် ကြွင်းကျန်သောအာပတ်တို့ကြောင့် ပေးအပ်သောပရိဝါသ်သည် အဂ္ဃသမောဓာနပရိဝါသ်မည်၏။

၁၅။ အမျိုးမျိုးသော ဝတ္ထုရှိသည့် အာပတ်တို့ကို တပေါင်းတည်း ပြု၍ ပေးအပ်သောပရိဝါသ်သည်မိဿကသမောဓာနပရိဝါသ်မည်၏။

၁၆။ ဘိက္ခုမာနတ် (ရဟန်းတို့ မြတ်နိုးခြင်း) ဟူသည်ပဋိစ္ဆန္နမာနတ်၊ အပဋိစ္ဆန္နမာနတ်ဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အာပတ်ကို ဖုံးလွှမ်း၍ မထားသော ရဟန်းအား ပရိဝါသ်မပေးမူ၍ မာနတ်ကိုသာ ပေးအပ်သော မာနတ်သည် အပဋိစ္ဆန္နမာနတ်မည်၏။ အာပတ်ကို ဖုံးလွှမ်း၍ ထားသော ရဟန်းအား ပရိဝါသ် ကျင့်ပြီးသည်၏ အဆုံး၌ပေးအပ်သော မာနတ်သည် ပဋိစ္ဆန္န မာနတ်မည်၏။ဘိက္ခုမာနတ္တာယ ပဋိပဇ္ဇိတဗ္ဗံဟူသော ပါဠ်၌ ဤပဋိစ္ဆန္နမာနတ်ကိုအလိုရှိအပ်၏။

၁၇။ ဤမာနတ်ကျင့်သော ရဟန်းသည် ဝတ်ကိုချပြီး၍ မိုးသောက်ခါနီး အရုဏ် မတက်မီ ဆောက်တည်ရန် အကယ်၍ သွားငြားအံ့၊ အယုတ်ဆုံး ရဟန်းလေးပါးနှင့်အတူ ပရိဝါသ်၌ပြညွှန်ခဲ့ပြီးသော အရပ်သို့သွား၍ "မာနတ်ကို ဆောက်တည်ပါ၏၊ဝတ်ကိုဆောက်တည်ပါ၏" ဟု ဆောက်တည်၍ ထိုအခါ ရဟန်း တို့အား မာနတ်ကြားရမည်၊ ထိုအရပ်မှ အခါရဟန်းတို့ ပြန်သွားသော်ငြင်း၊ ပြန်မသွားသော်ငြင်း ရှေးပရိဝါသ်၌ ညွှန်ပြခဲ့သော နည်းအတိုင်း ကျင့်သုံးရမည်။

၁၈။ ကွဲရှဲထိုက်သော ရဟန်းတို့ ဟူရာ၌....သံဃာနှစ်ကျိပ် မပြည့်မှန်း သိလျက် အဗ္ဘာန်သွင်းသော ရဟန်းတို့ကို ကွဲရှဲ ထိုက်ဟုန်၏။ အောက်မေ့ထိုက်သော အပြစ်နှင့်တကွဖြစ်ကုန်၏၊အပြစ်ရှိကုန်၏၊ ဒုက္ကဋ်အာပတ် သင့်၏ဟူလို။

ပရိဝါသ်မာနတ်ကံ အစီအစဉ်ပြီး၏။

# ကမ္မာကမ္မ-နောက်ဆက်တွဲ

### မြောင်းမြပဇ္ဇောတာရုံမှ ရခဲ့သော ရဟန်းလောင်းဆုံးမခန်း

မာနံကရံ ရတနံ ဒရံ ဝန္ဒိယ။
အာစေရကံ ဝိဝိခံ နယံ လဒ္ဓါန။
သဗ္ဗိဝိတံ နုသာသံ မယံဝက္ခာမ။
ပါဠိျာမိဿံ ကေဝလံ မြန်မာဘာသာယ။

**ဥပဇ္ဈာယ်ယူစေခြင်း**

၁။ ပဌမံဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ လက်မွန်မဆွ ပဌမ ရှေးဦးစွာ ရဟန်းလောင်းကို ဥပဇ္ဈာယ်ယူစေရမည် ဟူသော မြတ်စွာဘုရားအမိန့် တော်မြတ် သတ်မှတ်တော် မူသောကြောင့် ငါ့ရှင် ပဥ္စင်းလောင်း ဥပဇ္ဈာယ်ယူလေ။

**သပိတ်သင်္ကန်းပြောကြားခြင်း**

၂။ ဥပဇ္ဈံဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ၊ ဥပဇ္ဈာယ်ယူပြီး နောက် သပိတ်သင်္ကန်း ပြောကြား ရမည်-ဟု မြတ်စွာဘုရား အမိန့် တော်မြတ် မှတ်တော်မူသောကြောင့် ယခု သင် ပိုင်ထိုက်သောသပိတ် သင်္ကန်းများကို ငါပြောပြမည်။

၃။ အယံတေပတ္တော၊ (သပိတ်ကို လက်ဖြင့်ကိုင်ပြ၍) ဤသပိတ် ကား ငါ့ရှင် ပိုင်ထိုက်သော သပိတ်တည်း။

၄။ အယံသံဃာဋိ၊ ငါ့ရှင်၏ ကိုယ်ပေါ်တွင် တင်လျက် ရှိသော သင်္ကန်းကြီးသည် ငါ့ရှင်၏ကိုယ်ပိုင် သင်္ကန်းကြီးတည်း။

၅။ အယံဥတ္တရာသင်္ဂေါ၊ ငါ့ရှင်၏ ကိုယ်ပေါ်တွင် ယခု တင်လျက် ရှိသော ကေသီသည် ငါ့ရှင်၏ကိုယ်ပိုင် ကေသီတည်း။

၆။ အယံအန္တရဝါသကော၊ ငါ့ရှင်၏ ကိုယ်၌ ဝတ်လျက် ရှိသော သင်းပိုင်သည် ငါ့ရှင်၏ ကိုယ်ပိုင် သင်းပိုင်တည်း။

၇။ ဟတ္ထပါသ်မှ အပသို့ထုတ်၍ အနုသာသန ဥတ်ထားခြင်း။

ဂ႒ အမှုမှိ ဩကာသေ တိဋ္ဌာဟိ၊ ငါ့ရှင် ပဉ္စင်းလောင်း-ယခုအခါ သင့်ကို ဆုံးမဘို့ရန် အခွင့်ရောက်လာပြီ၊ သံဃာအလယ်၌ မဆုံးမထိုက်၊ ထို့ကြောင့် သံဃာတော်၏ လွတ်လောက်ရာ ထိုအရပ်မှာ ရပ်၍နေချေ၊ ငါလာ၍ ဆုံးမပါအံ့ (လက်အုပ်ချီလျက် နောက်ဆုတ်သွားစေ၍ ဟတ္ထပါသ်လွတ်ရာမှာ နေစေရမည်)။

အမည်မှည့်လိုက မှည့်ရပါမည်၊ မမှည့်လိုက ဥပဇ္ဈာယ် ဆရာနှင့် ရဟန်းလောင်းတို့၏ အမည်ဟောင်းအတိုင်း ကမ္မဝါဘတ်ရပါမည်၊ ဂရုဂါရဝဖြစ်စေရန် ဆရာဥပဇ္ဈာယ်၏ အမည်ကိုကား "တိဿ" ဟု အမည်ဖြင့် ပြောင်းဘတ်လျှင် သာ၍ သင့်လျော်သည်ဟု ထင်၏။

အနုသာသနဉတ်ထားခြင်း

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။

ဆုံးမခြင်း

ငါ့ရှင် ပဉ္စင်းလောင်း -နားစွေစွေထောင်.... ယခုအခါကား မကျန် မယုတ်စေဘဲ အမှန်အဟုတ်ကိုသာ ပြောဘို့ လျှောက်ထားရမည့် အခါ ဖြစ်သည်၊ ဥပဇ္ဈာယ်ဆရာနှင့် ကာရက သံဃာတော်တွေမှာ အပြစ်သင့်ကြောင်း၊ ငါ့ရှင်မှာလည်း ရဟန်းမဖြစ်နိုင်ကြောင်း၊ မကောင်းသော အန္တရာယ်များရှိခဲ့လျှင် ရှိပါသည် ဟု လျှောက်ပါ၊မရှိလျှင် မရှိပါဘုရား ဟု လျှောက်ထားပါ၊ ရှံ့စိုးလိုက်ဖို မျက်နှာညှိ၍ မနေနှင့်၊သင့်ကို ဤသို့ မေးကြလိမ့်မည်။

ဂ။ ငါ့ရှင်ပဉ္စင်းလောင်း- နားစွေစွေထောင်.... မြတ်စွာဘုရား ရှေးလက်ထက်တော်အခါက ဝဲကြီးစွဲကာ၊ အိုင်းအမာနှင့်၊ နူနာတမျိုး၊ ချောင်းဆိုးသွေးပါ၊ ဝက်ရူးနာ-ဟု ဆိုအပ်သော ငါးမျိုးသော အနာကြီးဖိစီးနှိပ်စက် အခံခက်နေကြသော ရာဇဂြိုဟ်ပြည်သား လူ အများတို့သည် ဇီဝက ဆရာကြီးထံ အကုသခံရန် သွားကြသော အခါ၊ဆရာကြီး ဇီဝက က အမောင်တို့ ငါ့မှာ ဘုရားအမှူး ရှိသော သံဃာတော်များကို လည်း ကြည့်ရှုကုမရ၊ ဗိမ္ဗိသာရ မင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့ကိုလည်း ကြည့်ရှုကုမရနှင့် အခွင့်မရ မအားမလပ် ရှိကြောင်းကို ပြန်ပြောင်းပြောသည့်အခါ ဇီဝကဆရာကြီး၏ အကုအသကို ခံယူလိုကြ

တာနှင့် အချို့အချို့သော လူတွေဟာ သာသနာဝင်ပြီး ရဟန်း ပြုကြပါတယ်၊ သာသနာတော်တွင်း၌ ဝင်မိလျှင် ဆရာဇီဝက၏ကုသချက်ကြောင့် ရောဂါပျောက်ကင်းကြပြီး လူထွက်သွားကြသည်ကို သမားတော် ဇီဝက မြင်လေတော့ အနာကြီး ငါးမျိုးတို့တွင် တမျိုးမျိုး စွဲကပ်နေတဲ့ သူများကို ရဟန်းခံပေးတော် မမူဘို့ရန်အကြောင်း မြတ်စွာ ဘုရားအား တောင်းပန်လျှောက်ထားသည်ကို အစွဲပြု၍ အနာကြီး ငါမျိုး ရှိသော သူကို ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ် သင့်စေဟု ရှင်တော်မြတ်ဘုရား အမိန့်တော် ထားတော် မူသောကြောင့် ငါ့ရှင်မှာ အနာကြီးငါးမျိုးများ စွဲကပ်နေသလားဟု မေးကြပါလိမ့်မည်၊ ရှိလျှင် ရှိတဲ့အကြောင်း မရှိလျှင် မရှိတဲ့အကြောင်းလျှောက်ထားပါလေ။

၉။ ငါ့ရှင်ပဋ္ဌင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက နဂါးကြီး တကောင်ဟာ မိမိ၏နဂါးမျိုးကို ရွံရှာ စက်ဆုပ်၍ ထိုနဂါးမျိုးမှ လွတ်လျက် လူအဖြစ်သို့ ရောက်ဘို့ရန် မြော်ကိုးပြီး လူယောင်ဆောင်ကာ သာသနာဝင်ပြီးရဟန်းလုပ်နေတယ်၊ မိမိ၏အဖြစ် ဇစ်မြစ်ကို အများသိမှာစိုးတာနှင့် ရဟန်းတပါး အဖော် လုပ်ပြီး အစွန်အဖျား အနားကျသော ကျောင်းတကျောင်းမှာနေသတဲ့၊ တနေ့တော့ အဖော်ရဟန်း မရှိခိုက်မှာ စိတ်ချလက်ချ ၊ လွတ်လွတ် ကျွတ်ကျွတ် အိပ်လိုက်မိတာနှင့် မြွေနဂါးရဲ့ ပုံသဏ္ဍာန်ကြီးဟာ ပကတိ အတိုင်း ပေါ်နေသတဲ့၊ အဖော်ရဟန်း အပြင်အပကပြန်လာလို့ကျောင်း ထဲကြည့်လိုက်တဲ့အခါ တကျောင်းလုံး မြွေနဂါးကြီး၏ ကိုယ်ဖြင့် ပြည့် နေတာမြင်တော့ ကြောက်အား လန့်အားနှင့် အော်မိပါလေရော၊အနီး အနားမှ ရဟန်းတွေ ပြေးလာကာ အကျိုးအကြောင်း မေးလို့ သိရ သောအခါ ဘုရားရှင်အားလျှောက်ထားကြ၏၊ နဂါး၊ ဂဠုန်၊ သိကြား ပြဟ္မာ မျိုးတွေဟာ သာသနာနှင့်မတန်၊ တိရစ္ဆာန် မျိုးတွေသာ ဖြစ် ကြတယ်၊ ဒါ့ကြောင့် ပြဟ္မာ၊ သိကြား၊ နဂါး၊ ဂဠုန် စတဲ့ သတ္တဝါမျိုး တွေကို ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ဖျက်ဆီး ပစ်စေလို့ ဘုရား သခင် အမိန့်တော်မြတ် မှတ်တော်မူသောကြောင့်၊ ငါ့ရှင်သည် လူသား စင်စစ်မှ ဟုတ်ကဲ့လား ဟု မေးကြလိမ့်မည်၊ ဟုတ်လျှင်ဟုတ်ကြောင်း မဟုတ်လျှင် မဟုတ်ကြောင်း လျှောက်ထားပါလေ။

၁၀။ ငါ့ရှင် ပဋ္ဌင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေ့လက်ထက်တော် အခါက ပဏ္ဍုက်များဟာ သာသနာတော်ဝင်၍

ရှင်ရဟန်းပြုလုပ်ပြီး ရှင်ငယ်၊ ရဟန်းငယ်တွေကို ကိုယ်နှင့် ရင်းနှီးကာ ဖျားယောင်း သွေးဆောင် ဖျက်ဆီးကြသဖြင့် အချို့အချို့သော ရဟန်းတွေ ပါရာဇိက ကျကုန်ကြတယ်။

ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူတဲ့အခါ ကိလေသာ သောင်းကျန်းတဲ့ ပဏ္ဍုက်များကို ရှင်ရဟန်းခံမပေးရ၊ ရှင်ရဟန်းခံပေး မိလျှင် ဖျက်ဆီးပစ်စေ-ဟု အမိန့်တော်မြတ် သတ်မှတ်တော်မူလေသော ကြောင့် ငါ့ရှင်သည် ပဏ္ဍုက် မဟုတ်၊ ယောကျ်ားစင်စစ် အမှန်ဖြစ် သလားဟု မေးကြလိမ့်မည်။ ဟုတ်လျှင် ဟုတ်ကြောင်း မဟုတ်လျှင် မဟုတ်ကြောင်း လျှောက်ထားပါလေ။

၁၁။ ငါ့ရှင် ပဉ္စင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက အစေခံ ကျေးကျွန်အဖြစ်မှ မလွတ်ကင်း ကြတဲ့သူတွေကို ရဟန်းခံပေးကြလို့ နောင်အခါ အရှင်သခင်တွေ သိလို့ လိုက်လာပြီး သင်္ကန်းအတင်းဆွဲချွတ်ခါ အိမ်သို့ ပြန်ခေါ်မည် ပြုလုပ်ကြ သည်ကို မြတ်စွာဘုရား ကြားသိတော်မူ၍ ကျွန်အဖြစ်မှ မလွတ်သေးသူ (မတော်လှန်ရသေးသူ) များကို ရှင်ရဟန်းခံမပေးရ၊ ရှင်ရဟန်းခံပေးမိ လျှင် ဒုက္ကဋ်အာပတ် သင့်စေလို့ မြတ်စွာဘုရားသခင် အမိန့်တော်မြတ် သတ်မှတ်တော်မူလေသောကြောင့် ငါ့ရှင်သည် သူ့ကျွန်များ ဖြစ်နေ သလား-ဟု မေးကြလိမ့်မည်၊ဖြစ်လျှင်ဖြစ်ကြောင်းမဖြစ်လျှင်မဖြစ်ကြောင်း လျှောက်ထားပါလေ။

၁၂။ ငါ့ရှင် ပဉ္စင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက ကြွေးမကင်းတဲ့ သူများကို ရဟန်းခံပေးမိ ကြလို့ နောင်အခါ ကြွေးရှင် မြီရှင်တွေရှိလို့ လိုက်လာပြီး အတင်း ဆွဲချွတ်ကာ ကြွေးတောင်းကြတဲ့အကြောင်း၊မြတ်စွာဘုရား ကြားသိတော် မူလို့ ကြွေးမကင်းတဲ့သူများကို ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ဒုက္ကဋ် အာပတ်သင့်စေလို့ မြတ်စွာဘုရား အမိန့်တော်မြတ် မှတ်တော်မူလေ သောကြောင့် ငါ့ရှင်မှာ သူတပါး၏ ကြွေးမြီများ တင်နေသလားလို့ မေးကြလိမ့်မည်၊ တင်လျှင် တင်ကြောင်း မတင်လျှင် မတင်ကြောင်း လျှောက်ထားပါလေ။

၁၃။ ငါ့ရှင် ပဉ္စင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီး

၏ စစ်ဗိုလ် စစ်ကဲ စစ်ရဲမှူး စသော အမှုထမ်းသား အများအပြားပင် မိမိတို့ရဲ့ ဖြစ်ပျက် ကြုံတွေ့နေရတဲ့ အခြေအနေနှင့် သာသနာတော်၏ အခြေအနေမှာ ကွာချင်တိုင်း ကွာလှမ်း ရဟန်းအဖြစ်၏ မွန်မြတ်ပုံကို သိရှိရသည့် အားလျော်စွာ အချို့အချို့တို့သည် သာသနာ့ ဝန်ထမ်း ရဟန်းဝင်၍ လုပ်ကြလေရာ တနေ့သောအခါ ပစ္စန္တရာဇ် ဇနပုဒ်မှာ ပုန်ကန်ခြားနားမှုပေါ်ပေါက်လာသဖြင့် စစ်ဗိုလ် စစ်ကဲ စစ်ရဲအရာရှိ ကြီးတွေ ဆင့်ဆို ချထားသည့်အခါ ရာဝင်ရေးရောက် စစ်ဖက်မှာ ပေါက်ရောက်ကြသော အချို့အချို့ဗိုလ်တွေစစ်သားတွေ မမြင်လို့ စီစစ်တဲ့ အခါကျတော့မှ ရဟန်းပြုကြောင်း သိကြရ၍ ဝိနိစ္ဆယအမတ်ကြီးတွေက မစုံမစမ်း ရဟန်းခံပေးကြတဲ့ ဥပဇ္ဈာယ်ဆရာ ကမ္မဝါဆရာတို့ကို လျှာဖြတ် နံရိုးချိုး အမျိုးမျိုးအပြစ်ဒဏ် ပေးသင့်ကြောင်း လျှောက်ထားသံတော်ဦး တင်သောအခါ ဘုရင်ဗိမ္ဗိသာရမင်း ဆိုတာလဲ သာသနာတော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်သူဖြစ်၍ ဤလိုသံတော်ဦးတင်သည်ကိုပင် မခံချင်သည့် ဇော ဒေါမနဿ များစွာဖြစ်ရကား ဘုန်းတော် နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား တကာတော်ကဲ့သို့ သာသနာတော်ကို သက်ဝင် ယုံကြည်သော မင်းမျိုး၏ လက်ထက်မှာ ဆိုဘွယ်မရှိ၊ ပကတိပင် အပြစ်ဒဏ်ကို သည်းခံ ခွင့်လွှတ်နိုင်သော်လည်း နောင်အခါ သာသနာတော်ကို မကြည်ညိုသော မင်းဆိုး မင်းယုတ်တို့ စိုးအုပ်ချိန်မှာ မင်းမှုထမ်းတွေကို ရဟန်းခံပေးကြလျှင် ဥပဇ္ဈာယ်ဆရာ စသည်တို့မှာ မုချပင် မင်းပြစ်မင်းဒဏ် သင့်ရန် အကြောင်း ရှိပေသည်၊ ထို့ကြောင့် မင်းမှုထမ်း ယောကျ်ားတို့အား ရဟန်းခံ မပေးစေလိုပါ ကြောင်းနှင့် လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြု၍ မြတ်စွာ ဘုရားက စစ်သား ပုလိပ်သား ရာထမ်း မှုထမ်းများကို ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ် သင့်စေလို့ အမိန့်တော်မြတ်မှတ်တော် မူလေသောကြောင့် ငါ့ရှင်သည် မင်းမှုထမ်းများ ဖြစ်သလားလို့ မေးကြ လိမ့်မည်၊ ဟုတ်လျှင် ဟုတ်ကြောင်း မဟုတ်လျှင် မဟုတ်ကြောင်း လျှောက်ထားပါလေ။

၁၄။ ငါ့ရှင်ပဥ္စင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာ ဘုရား ရှေ့လက်ထက်တော် အခါက သုဒ္ဓေါဒန မင်းကြီးသည် သားတော်နန္ဒမင်းသားကို မြတ်စွာဘုရား ခေါ်တော်မူ၍ ရဟန်းပြုပေး သောအခါက စပြီး မြေးတော်ကလေး ရာဟုလာအား ထီးရိပ်နန်းလျှာ

အဖြစ် ရည်ရွယ်မှတ်ဝိုက်လို့ အရိပ်တကြည့်ကြည့်နှင့်နေပါတယ်၊ တနေ့ သ၌ မြတ်စွာဘုရားကြွတော်မူလာခိုက် ကြွင်ဘက်တော် ယသော်ဓရာ မိဖုရားက သင့်ခမည်းတော်ထံ အမွေများ တောင်းခံချေဟု စေလွှတ်ချက် အရ ဘုရားနောက်တော်သို့ တကောက်ကောက် လိုက်ပါ၍ အမွေ တောင်းသော သားတော်ရာဟုလာအား လောကုတ္တရာအမွေပေးသော အားဖြင့် ရှင်ပြုပေးတော်မူလိုက်တယ်၊ ထိုအကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူလေလျှင် သာကီဝင်မင်းမျိုး ထီးရိုး နန်းစဉ် ကြေပျောက် ပျက်သုဉ်းရမည့် ဘေးကို မြင်တော်မူလို့ မချိတဲ့ နှလုံး မပြီးနိုင်တဲ့မျက်နှာ မသာယာတဲ့ အတွေးနှင့် ကျောင်းတော်သို့ အပြေးကလေးသွားရောက်ပြီး ဘုရားအား လျှောက်ထား သည်မှာ သားတော်ဘုရား သား မြေး တို့၏အပေါ်၌ မိဘတို့၏ ချစ်ခြင်းသည် သားသမီးများအပေါ်မှာ အရေထူအရေပါးကိုဖောက် အရိုးထောက်ရုံ မက ရိုးတွင်းချဉ်ဆီရောက်အောင် တည်ပါတယ်ဘုရား၊ သို့ဖြစ်ပါသော ကြောင့် မိဘများ သဘောမတူ ခွင့်မပြုသော သား သမီးများကို သာသနာတော်တွင်း သွတ်သွင်း၍ ရှင်ရဟန်း ပြုပေးတော်မမူပါနှင့် ဘုရား-ဟု လျှောက်ထားသည်ကို အကြောင်းပြု၍ မိဘများ အနူးအညွတ် ခွင့်မလွှတ်သော သားသမီးများကို ရဟန်းပြုမပေးရ၊ ရဟန်းပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု အမိန့်တော်မြတ် မှတ်တော်မူလေသောကြောင့် ငါ့ရှင်သည် အမိအဘများက မျက်နှာကြည်လင် ကိုယ်မူရွှင်ပျ သဘော ကျတဲ့ အနေဖြင့် နူးနူးညွတ်ညွတ် ခွင့်လွှတ်ကဲ့လားလို့ မေးကြလိမ့်မည်၊ လွှတ်လျှင် လွှတ်ကြောင်း မလွှတ်လျှင် မလွှတ်ကြောင်း လျှောက်ထား ပါလေ။

၁၅။ ငါ့ရှင် ပဉ္စင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေ့လက်ထက်တော် အခါက သတ္တရသဝဂ္ဂီ သူငယ်ကလေးတွေဟာ သာသနာတော်ဝင်ပြီး ရဟန်းလုပ်နေကြတယ်၊ ၎င်းသူငယ်ကလေးတွေ ဟာ အသက်အရွယ်အားဖြင့် ၁၀-၁၂-၁၄နှစ်သာ ရှိကြသေးတဲ့အတွက် နံနက်အရုဏ်ကျင်း၍ အလင်းရောက်လာတယ် ဆိုရင်ဘဲ ထမင်းပေးပါ ဟင်းပေးပါ ယာဂုပေးပါ မုံ့ခဲဘွယ်ပေးပါ စသည်ဖြင့် ငိုသူကငို အစာတောင်းသူကတောင်းနှင့် တကျောင်းလုံး ဆူဆူညံညံ ဖြစ်နေတာ ကို မြတ်စွာဘုရား ကြားသိလို့ အမေးတော်ရှိပြီး အကြောင်းစုံကိုသိတော် မူလေလျှင် အသက်အရွယ် ငယ်သူများဟာ အပူအအေး ကိုလည်း

မခံနိုင်၊ ဆာလောင် မွတ်သိပ်ခြင်းကိုလည်း သည်းမခံနိုင်၊ ထို့ကြောင့် ရဟန်းဘဝနှင့်မထိုက်တန်သေး၊အသက်နှစ်ဆယ်ပြည့်မှသာလျှင် ဒုက္ခတွေကို သည်းခံနိုင်ရည် ရှိသောကြောင့် အသက်နှစ်ဆယ် မပြည့်သေးသူကို ရဟန်းခံမပေးရ၊ ရဟန်းခံပေးမိလျှင် ဝိနည်းဓမ္မကံအားလျော်စွာ ပြုလုပ်စေဟု မိန့်တော်မူလေသောကြောင့် ငါ့ရှင်သည် အသက်နှစ်ဆယ်ပြည့်ပြီလားဟု မေးကြလိမ့်မည်၊ ပြည့်လျှင် ပြည့်ကြောင်း မပြည့်လျှင်မပြည့်ကြောင်း လျှောက်ထားပါလေ။

၁၆။ ငါ့ရှင် ပဥ္စင်းလောင်း- နားစေ့စေ့ထောင်.... မြတ်စွာဘုရား ရှေးလက်ထက်တော်အခါက သပိတ်သင်္ကန်းမရှိ၊ နှမ်းပါးကြတဲ့ သူတွေဟာ အခိုက်အတန့် ငှားရမ်းတဲ့သပိတ်သင်္ကန်းဖြင့် ရဟန်းခံကြတယ်၊ ရဟန်းခံပြီးနောက် ပိုင်ရှင်တွေက ပြန်တောင်းလို့ပေးလိုက်ရလေတော့ ဆွမ်းခံ သွားကြတဲ့ အခါ မိမ္မွေးတိုင်း ဖမွေးတိုင်း ကိုယ်ကြီးထီးထီး သင်္ကန်းမဆီးဘဲ ဆွမ်းခံဝင်ကြတယ်၊ သပိတ်မပါဘဲ လက်ဖြင့် ဆွမ်းခံဝင်ကြတယ်၊ လူတွေမြင်တဲ့အခါ ရဟန်းတော်တွေဟာ တိတ္ထိတွေ ပရဗိုဇ်တွေ တက္ကဒွန်းတွေနှင့် တူပါကလားလို့ ကဲ့ရဲ့သံကိုကြားသဖြင့် ကိုယ်ပိုင်သပိတ်သင်္ကန်းမရှိတဲ့သူတွေကိုရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေလို့ အမိန့်တော်မြတ်မှတ်တော်မူလေသောကြောင့် ငါ့ရှင်သည် ကိုယ်ပိုင် သပိတ် သင်္ကန်း ရှိရဲ့လားလို့ မေးကြ လိမ့်မည်၊ ရှိလျှင် ရှိကြောင်း မရှိလျှင် မရှိကြောင်း လျှောက်ထားပါလေ။

၁၇။ ငါ့ရှင်ပဥ္စင်းလောင်း- နားစေ့စေ့ထောင်.... ကမ္မဝါဘတ်ရွတ်ရာ၌ သမ္မုတိဉတ် ပြည့်စုံစေရန် ဝတ္ထုခေါ် ရဟန်းလောင်းနှင့် ဥပဇ္ဈာယ်ဆရာသည် မုချပါရှိရမြဲ ဖြစ်သည်၊ ထို့ကြောင့် ငါ့ရှင်၏အမည်သည် ဘယ်သူဖြစ်ပါသလဲ၊ ငါ့ရှင်၏ ဥပဇ္ဈာယ်ဆရာသည် ဘယ်သူအမည်ရှိပါသလဲလို့ မေးကြလိမ့်မည်၊ မေးတဲ့အခါ တပည့်တော်သည် (ရှင်ဇဂဏာလင်္ကာရ) မည်ပါသည်၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် (အရှင်တိဿ) အမည်ရှိပါသည်ဟု လျှောက်ထားပါးလေ။

## ဩဝါဒ ဥတ်ထား၍ ခေါ်ခြင်း

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော
တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊

ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ၊ (အာဂစ္ဆာ ဟီတိ ဝတ္တဗ္ဗော)။

## တောင်းပန်ခြင်း

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ၊ တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

အရှင်မြတ်တို့ဘုရား–တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် သံဃာတော်အရှင်မြတ်တို့ကို ရဟန်းအဖြစ်ကို တောင်းပန်ပါ၏၊ အရှင်မြတ်တို့ဘုရား–သံဃာတော်အရှင်မြတ်တို့သည် တပည့်တော်ကို သနားသည်ကို အကြောင်းပြု၍ ယုတ်နိမ့်သောရှင်သာမဏေအဖြစ်မှ(ဝါ)မည်းညစ်သော အကုသိုလ်အတို့မှ ဖြူစင်သော ကုသိုလ်အတို့၌ တည်အောင်ထုတ်ဆောင်တော်မူကြပါကုန်ဘုရား။

## ပုစ္ဆနဥ တ်ရွတ်ဘတ်ခြင်း

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံအန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

## မေးစိစစ်ခြင်း

(က) အနာကြီးငါးမျိုး ရှိပါသလား၊
(ခ) လူသား ဟုတ်ပါသလား၊
(ဂ) ယောကျ်ား ဟုတ်ပါသလား၊
(ဃ) သူ့ကျွန်များ ဖြစ်နေပါသလား၊
(င) ကြွေးများ တင်နေပါသလား၊
(စ) မင်းမှုထမ်းများ ဖြစ်နေပါသလား၊
(ဆ) အမိအဘတို့က ခွင့်ပြုပါသလား။
(ဇ) အသက် (၂၀)ပြည့်ပါသလား၊
(ဈ) သပိတ်သင်္ကန်း ပြည့်စုံပါသလား၊

(ည) သင့်နာမည် ဘယ်သူပါလဲ၊
(ဋ) သင်၏ဥပဇ္ဈာယ်ဆရာ ဘယ်သူပါလဲ၊
(ရဟန်းလောင်းကလည်း မြန်မာလို ဖြေဆိုပါစေ)။

**ကမ္မဝါစာ**

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ။ပ။ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိတိ။

**ရဟန်းဖြစ်ပြီးနောက် ပြောကြားခြင်း**

ပဋ္ဌင်းသစ် ရဟန်းဖြစ်ပြီးနောက် ဘွားတိုင်းရပါမည်၊ (ယခုခေတ် နာရီဖြင့် လုံလောက်ပါသည်)။ရောက်ဆဲဥတုပြောကြားရမည်၊ တနင်္ဂနွေ စသော နေ့ကို ပြောကြားရပါမည်၊ ဆိုခဲ့ပြီးသော သုံးခုကို ပေါင်း၍ ပြောကြားရပါမည်၊ မှီရာလေးပါး ပြောကြားရပါမည်၊ ရှောင်ရန် လေးပါးကို ပြောကြားရပါမည်၊ (ရဟန်းခံရက်ချုပ်ကို ပြောကြားပေး ကလည်း သင့်၏)။

## မှိုရာလေးမျိုး

(က) သလုံးမြင်းခေါင်း ခြေနှစ်ချောင်းကို အကြောင်းပြု၍ ဆွမ်းခံပြီး စားခြင်းကို အမှီပြု၍ ရဟန်း ဖြစ်လာပါ၏၊ ရဟန်းအဖြစ်၌ သိက္ခာပုဒ်တော်ဇီဝ တည်သမျှကာလပတ်လုံး ဆွမ်းခံ၍ စားနိုင်အောင် အားထုတ်ရပါမည်၊ အကယ်၍လာဘ်များပါမူ သံဃာအား လှူဒါန်းအပ်သော ဆွမ်း၊ သံဃာ၏ ညွှန်ကြားခြင်းဖြင့် ရအပ်သောဆွမ်း၊ ပင့်ဖိတ်၍ လှူဒါန်းအပ်သောဆွမ်း၊ စာရေးတံမဲချ၍ လှူဒါန်းအပ်သောဆွမ်း၊လဆန်းပက္ခလဆုတ်ပက္ခ၌ လှူဒါန်းအပ်သောဆွမ်း၊ ဥပုသ်နေ့၌ လှူဒါန်းအပ်သောဆွမ်းများကိုလည်း စားနိုင်၏။
(မှန်ပါဘုရား)။

(ခ) ပံ့သကူသင်္ကန်းကို အမှီပြု၍ရဟန်းဖြစ်လာပါ၏၊ ရဟန်းအဖြစ်၌ သိက္ခာပုဒ်တော်ဇီဝ တည်သမျှကာလပတ်လုံး ပံ့သကူသင်္ကန်း ဝတ်ရုံနိုင်အောင် အားထုတ်ရပါမည်၊ အကယ်၍ လာဘ်များပါမူ ခုံချည်ဖြစ်သော အဝတ်၊ ဝါချည်အဝတ်၊ ပိုးချည်အဝတ်၊ ကမ္ဗလာအဝတ်၊ ပိုက်ဆံလျှော်ဖြင့် ရက်အပ်သော အဝတ်၊ ပြခဲ့သော ချည်ငါးမျိုးကို ပေါင်းဖက်၍ ရက်အပ်သော အဝတ်မျိုးတို့ကိုလည်း ဝတ်ရုံနိုင်ပါ၏။
(မှန်ပါဘုရား)။

(ဂ) သစ်ပင်ရင်းတည်းဟူသော ကျောင်းကိုအမှီပြု၍ ရဟန်းဖြစ်လာရပါ၏၊ ရဟန်းအဖြစ်၌ သိက္ခာပုဒ်တော်ဇီဝ တည်သမျှ ကာလပတ်လုံး သစ်ပင်ရင်းတည်း ဟူသော ကျောင်း၌ နေနိုင်အောင် အားထုတ်ရပါမည်၊ အကယ်၍ လာဘ်များပါမူ နှစ်ဘက်မိုးအပ်သောကျောင်း၊ တဖက်သာ မိုးအပ်သောကျောင်း၊ ပြာသာဒ်ရှည်ကျောင်း၊ ပြာသာဒ်ဦးပြီးကျောင်း၊လှိုင်ဂူကျောင်းများ၌လည်း နေကောင်းပါ၏။
(မှန်ပါဘုရား)။

(ဃ) နွားကျင်ငယ်ဖြင့် စိမ်အပ်သော ဖန်ခါးသီးကို အမှီပြု၍ ရဟန်းဖြစ်လာပါ၏၊ ရဟန်းအဖြစ်၌ သိက္ခာပုဒ်တော်ဇီဝ တည်သမျှကာလပတ်လုံး ညွှန်ပြခဲ့သော ဆေးများကို စားနိုင်

အောင် အားထုတ်ရပါမည်၊ လာဘ်များပါမှ ထောပတ်၊ဆီဦး၊ ဆီ၊ ပျားတင်လဲ ၎င်းဆေးများကိုလည်း မှီဝဲနိုင်ပါ၏။
(မှန်ပါဘုရား)။

**မပြုကောင်းသော အရာလေးမျိုး**

(င) ရဟန်းအဖြစ်သို့ ရောက်ပြီးသောသူသည် မေထုန် မမှီဝဲကောင်းချေ၊ အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မနှင့်တောင် မမှီဝဲကောင်းချေ၊ ရဟန်း ဖြစ်သောသူသည် မေထုန်မှီဝဲငြားအံ့၊ ဘုရားသားတော် မဟုတ်တော့ပေ၊ဥပမာအားဖြင့်ခေါင်းပြတ်ပြီးသောယောကျ်ားသည် ခန္ဓာကိုယ်နှင့် ပြန်ဆက်စပ်သော်လည်းအသက်မရှင်နိုင်သကဲ့သို့ ဤနည်းတူစွာ ရဟန်းဖြစ်သောသူသည်မေထုန်မမှီဝဲကောင်း၊ မှီဝဲလျှင် ရဟန်းမဖြစ်၊ ဘုရားသားတော် မဟုတ်တော့ချေ၊ သင်ရဟန်းသည် သိက္ခာပုဒ် တည်သမျှ မေထုန်မမှီဝဲပါနှင့်။
(မှန်ပါဘုရား)။

(စ) ရဟန်းအဖြစ်သို့ ရောက်ပြီးသောသူသည် အရှင် မပေးသောသူတပါး၏ ဥစ္စာကို မခိုးကောင်းချေ၊ အယုတ်ဆုံး အားဖြင့် မြက်၊ ဝါးခြမ်းစိတ်တောင် မခိုးယူကောင်းပေ၊ ရဟန်းသည် တမတ်၊ တမတ်ထိုက်တန်သော ဥစ္စာ၊ တမတ်ထက် ပိုလွန်သော ဥစ္စာကို ခိုးယူငြားအံ့၊ ရဟန်းမဟုတ်တော့ပေ၊ ဥပမာ အားဖြင့် အညှာမှကြွေကျပြီးသော သစ်ရွက်ဖော်ကို ပင်မနှင့်ပြန်ဆက်စပ်သော်လည်း စိမ်းလန်းစိုပြေ၍ နဂိုနေအတိုင်း မဖြစ် နိုင်သလို ဤအတူ ရဟန်းဖြစ်လျက် ပြခဲ့သော ဥစ္စာများကို ခိုးယူလျှင် သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်တော့ချေ၊ သင်ရဟန်းသည် သိက္ခာပုဒ်တည်သမျှ သူတပါး၏ ဥစ္စာကို မခိုးယူပါနှင့်။
(မှန်ပါဘုရား)။

(ဆ) ရဟန်း အဖြစ်သို့ ရောက်ပြီးသောသူသည် စေတနာနှင့် တကွစေ့ဆော်၍ လူ၏အသက်ကို မသတ်ကောင်းပေ၊ အယုတ်ဆုံးအားဖြင့် ပိုးရွခြပုန်းတောင် မသတ်ကောင်းပေ၊ ရဟန်းဖြစ်ပါ

လျက် စေတနာနှင့် စေ့ဆော်၍ လူ၏အသက်ကို သတ်ငြားအံ့၊ အယုတ်ဆုံးအားဖြင့် ကိုယ်ဝန်ကျဆေးကို ပေးငြားအံ့။ ထိုသို့ပြု လုပ်လျှင် သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်တော့ ပေ၊ ဥပမာအားဖြင့် ထက်ခြမ်းကွဲပြီးသော ကျောက်ပြာကို နဂိုနေအတိုင်းဖြစ်အောင် ဆက်စပ်သော်လည်း ပကတိ အတိုင်း မဖြစ်နိုင်သလို ဤအတူ ရဟန်းဖြစ်ပါလျက် လူ၏ အသက်ကို သတ်အံ့၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ် တော့ချေ၊ သင်ရဟန်းသည် သိက္ခာပုဒ်တည်သမျှ လူ၏အသက် ကို မသတ်ပါနှင့်။

(မှန်ပါဘုရား)။

(၈) ရဟန်းအဖြစ်သို့ ရောက်ပြီးသော သူသည် လူတို့၏ ကုသလ ကမ္မပထ တရား ဆယ်ပါးထက် လွန်သော တရားကို မပြော ကောင်းပေ၊ အယုတ်ဆုံးအားဖြင့် "ဒို့ကတော့ တောကျောင်း မှာသဲ ပျော်တယ်"စသည်တောင် မပြောကောင်းချေ၊ ယုတ်မာ သော အလိုဆိုး လွှမ်းမိုး၍ ကိုယ်မှာ ထင်ရှား မရှိသော လူတို့၏ ကုသလကမ္မပထ တရားဆယ်ပါးထက်လွန်သော တရား ကိုပြောဆိုအံ့၊ ဈာန်တရားပင် ဖြစ်စေ ဝိမောက္ခတရားပင် ဖြစ်စေ၊ သမာဓိတရားပင်ဖြစ်စေ၊ သမာပတ်တရားပင်ဖြစ်စေ၊ မဂ်တရား ပင်ဖြစ်စေ၊ ဖိုလ်တရားပင်ဖြစ်စေ၊ မပြောကောင်းပေ၊ ပြောလျှင် သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်တော့ပေ၊ ဥပမာ အားဖြင့် ခေါင်းပြတ်ပြီးသော ထန်းပင်ကို တဖန် စိမ်းရှင်အောင် မတတ်နိုင်သလို ဤနည်းတူစွာ ညွှန်ပြခဲ့သော တရားများကို ပြောဆိုလျှင် ရဟန်းမဟုတ်တော့ချေ၊ သင်ရဟန်းသည်သိက္ခာပုဒ် တည်သမျှ ဈာန်တရား၊ မဂ်တရားစသည်ကို မရဘဲမပြောပါနှင့်။

(မှန်ပါဘုရား)။

## ခွင့်တောင်းခွင့်ပန်ခြင်း

ဥပဇ္ဈာယ်ဆရာ၊ အနုသာသကဆရာ၊ ကာရက သံဃာတော် အရှင် မြတ်တို့ဘုရား- အရှင်မြတ်တို့၏ ခြေတော် အစုံကို ခိုလှုံ၍ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ရှိခိုးလျှောက်ထားပါ၏၊ အရှင်မြတ် တို့၏ အပေါ်၌ တပည့်တော်က ပြုသင့် ပြုထိုက်သော ဝတ္တရား

ရှိပါ၏ ဘုရား၊ ထို ဝတ္တုရား များကို တပည့်တော်အား သနားသော အားဖြင့် ခွင့်ပြုတော်မူကြပါကုန်ဘုရား၊ အရှင်မြတ်တို့က တပည့်တော် အပေါ်၌ ပြုသင့် ပြုထိုက်သော ဝတ္တုရားများကိုလည်း ခွင့်လွှတ် ပါ၏ အရှင်ဘုရား။

(ရဟန်းလောင်း ဆုံးမခန်း ပြီး၏။)

မှတ်ချက်။ ။ဤရဟန်းလောင်းဆုံးမခန်းသည် စာမူ သဘောအရသာ ဖြစ်ပါသည်၊ အမှန်မှာ မိမိ၏ စကားဖြင့် နားလည်အောင်ပြောရ မည်ဖြစ်၏၊ ကြည့်ဖတ်ရန် မဟုတ်ပါ။

---

## သံဃဥပုသ်ပြုပုံအစီအစဉ်

**အဇ္ဈေသကသမုတိဉတ်**

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိသံဃဿ ပတ္တကလ္လံ၊အဟံ အာယသ္မန္တံ (တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသေယျံ။

**တိက္ခတ္တုံအဇ္ဈေသကသမ္မုတိဉတ်**

သံဃော ဘန္တေ အာယသ္မန္တံ (တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ။ ဥဒ္ဒိသတု အာယသ္မာ တိဿော ပါတိမောက္ခံ။ (ဒုတိယမ္ပိ၊ တတိယမ္ပိ-သုံးခေါက်ဆိုပါ)။

**ဥပေါသထဉတ်ထား**

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ ဥဒ္ဒိသတု သံဃော ပါတိမောက္ခံ။

**ဥပေါသထပုစ္ဆကသမ္မုတိဉတ်**

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ဒတ္တံ) ဝိနယံ ပုစ္ဆေယျံ။

**ဥပေါသထဝိသဇ္ဇနာပဋိညာတဉတ်**

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ (တိဿေန) ဝိနယံ ပုဋ္ဌော ဝိသဇ္ဇေယျံ။

## ဥပေါသထပုစ္ဆာဝိသဇ္ဇနာ

မေး။ ။ကိံ သံဃာ ပုဗ္ဗကိစ္စံဟူသော ပါဠိတော်နှင့်အညီ သမ္မဇ္ဇနီပဒီပေါ စ ဥဒကံ အာသနေနစ ဥပေါသထဿ တောနိ ပုဗ္ဗကရဏန္တိ ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့မိန့်မှာတော်မူအပ်သောကြောင့် ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း၊ ဆီမီး ညှိထွန်းခြင်း၊ နေရာခင်းခြင်းနှင့်တကွ သောက်ရေ၊ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြည့်စုံပါပြီလော။

ဖြေ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

မေး။ ။ဤလေးပါးသော ကိစ္စတို့ကို သံဃာမစည်းဝေးမီ ဥပုသ်ကံ၏ရှေ့အဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏတို့ ဟူ၍ ဆိုအပ်ကုန်၏။ ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ ဘိက္ခုဂဏနာစ ဩဝါဒေါ ဥပေါသထဿ တောနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော် မူအပ်သောကြောင့် ဆန္ဒဆောင်ခြင်း၊ပါရိသုဒ္ဓိဆောင်ခြင်း၊ ဆောင်အပ်ကုန်ပြီးသော ဆန္ဒပါရိသုဒ္ဓိ တို့ကို သံဃာတော်အား လျှောက်ထားခြင်း ကိစ္စ ပြည့်စုံပါပြီလော။

ဖြေ။ ။သီမဋ္ဌက သံဃာတော်သည် နှစ်တောင့်ထွာဟတ္ထပါသ်အတွင်းသို့ ရောက်သည်ဖြစ်၍ ဆောင်ဘွယ် လျှောက်ထားဘွယ်မရှိ ပြည့်စုံပါပြီဘုရား။

မေး။ ။ဥတုသည် ဟေမန္တ ဂိမှ ဝဿန္တ အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ယခုအခါ အဘယ်ဥတုပါနည်း။

ဖြေ။ ။ဝဿန္တဥတု ဖြစ်ပါသည်ဘုရား၊ (ကျရာဥတုဖြေပါ)။

မေး။ ။တဥတု၌ ရှစ်ပက္ခရှိရာတွင် လွန်လေပြီးသော ပက္ခ အဘယ်မျှ ယခုရောက်ဆဲအဘယ်ပက္ခဖြစ်၍ အဘယ်မျှ ကြွင်းကျန်ပါသေးသနည်း။

ဖြေ။ ။လွန်လေပြီးသောပက္ခ (၆)ပက္ခဖြစ်၏၊ ယခုရောက်ဆဲ (၇)ပက္ခဖြစ်၍ တပက္ခကြွင်းကျန်ပါသေးသည်ဘုရား။

မေး။ ။သိမ်အတွင်းသို့ ဥပုသ်ပြုရန် ရောက်လာကြကုန်သော ရဟန်းအပေါင်းကား အဘယ်မျှအရေအတွက် ရှိပါသနည်း။

ဖြေ။ ။(၆)ကျိပ်အရေအတွက်ရှိပါသည်ဘုရား။

မေး။ ။ဘိက္ခုနီမတို့သည် အဘယ် မထေရ်ထံ၌ အဆုံးအမ ခံရပါမည်နည်းဟု တောင်းပန်လျှောက်ထားသောစကားကို သံဃာတော်အား လျှောက်ထားခြင်းကိစ္စပြည့်စုံပါပြီလော။

ဖြေ။ ။ယခုအခါ ဘိက္ခုနီမများ မရှိသောကြောင့် လျှောက်ထားဘွယ်မရှိ ပြည့်စုံပါပြီဘုရား။

မေး။ ။ဤငါးပါးသောကိစ္စများကို သံဃာစည်းဝေးပြီးနောက် ဥပုသ်မပြုမီ ရှေ့အတွက်၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ ဆိုအပ်ကုန်၏။

ဥပေါသထော ယာဝတိကာ စ ဘိက္ခူကမ္မပတ္တာ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သောကြောင့် ဥပုသ်သည် စာတုဒ္ဒသီဥပုသ် ပန္နရသီဥပုသ် သာမဂ္ဂီဥပုသ်-ဟူ၍ နေ့၏အစွမ်းအားဖြင့် သုံးပါး၊ သံဃဥပုသ် ပုဂ္ဂလ ဥပုသ် သာမဂ္ဂီဥပုသ်ဟူ၍ ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးပါး၊ သုတ္တုဒ္ဒေသ ပါရိသုဒ္ဓိ အဓိဋ္ဌာန်ဥပုသ်ဟူ၍ အခြင်းအရာ ကာတဗ္ဗာကာရ၏အစွမ်းအားဖြင့် သုံးပါး၊ ဤသို့အားဖြင့် (၉)ပါး အပြားရှိ၏။ ထို(၉)ပါးတို့တွင် ယခုပြုလတ္တံ့သော ဥပုသ်သည် နေ့၏အစွမ်းအားဖြင့် အဘယ်ဥပုသ်ပါနည်း။

ဖြေ။ ။ပန္နရသီဥပုသ် ဖြစ်ပါသည်ဘုရား။

မေး။ ။ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အဘယ်ဥပုသ် ဖြစ်ပါသနည်း။

ဖြေ။ ။သံဃာ့ဥပုသ် ဖြစ်ပါသည်ဘုရား။

မေး။ ။ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် အဘယ်ဥပုသ် ဖြစ်ပါသနည်း။

ဖြေ။ ။သုတ္တုဒ္ဒေသဥပုသ် ဖြစ်ပါသည်ဘုရား။

မေး။ ။သုတ္တုဒ္ဒေသဥပုသ်ဟူသည် သုတ္တုဒ္ဒေသဥပုသ်ကံအား လျှောက်ပတ်သော လေးပါးထက် လွန်သော သံဃာတော်တို့သည် နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်ဘဲ တသိမ်ထည်း၌ တည်ကြပါကုန်ပြီလော။

ဖြေ။ ။တသိမ်တည်း၌ တည်ကြပါကုန်ပြီဘုရား။
မေး။ ။ထိုရဟန်းတို့၏ သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်မရှိ ကင်းစင်ကြပါကုန်ပြီလော။
ဖြေ။ ။သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မရှိ ကင်းစင်ကြပါကုန်ပြီဘုရား။
မေး။ ။လူအစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ကို သံဃာတော်၏ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီလော။
ဖြေ။ ။ကြဉ်အပ်ပါကုန်ပြီဘုရား။
ဤလေးပါးသော အင်္ဂါတို့ဖြင့် သိမ်းကျုံးရေတွက်အပ်သောကံကို လျောက်ပတ်သောအခါ ရှိသောကံဟူ၍ ဆိုအပ်ကုန်၏။

**ဥပေါသထပဋိညာတ**

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသေယျာမ။
သံဃာဥပုသ်ပြုပုံအစီအစဉ်ပြီး၏။

---

## ဂဏဥပုသ်ပြုပုံ

သုဏာတု မေ ဘန္တေ (သံဃော) အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ အာယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ။ (သုံးခေါက်ဆို)
၎င်းနောက် သီတင်းကြီးဖြစ်လျှင် "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု သုံးခေါက်ဆိုရမည်။
၎င်းနောက် သီတင်းငယ်က အာဝုသော နေရာ၌ "ဘန္တေ" ဟု ပြောင်း၍ဆိုပါလေ။

## အဓိဋ္ဌာန်ဥပုသ်ပြုပုံ

အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိ ဝါ ပန္နရသောတိဝါ အဓိဋ္ဌာမိတိ ဟူ၍ ဆိုရပါမည်။
**မှတ်ချက်။** ။(၁၄) ရက်ဖြစ်က "စာတုဒ္ဒသော" ဟူ၍ဆိုပါ၊ (၁၅) ရက်ဖြစ်က "ပန္နရသော" ဟူ၍ ဆိုပါလေ။
(ဥပုသ်ပြုပုံပြီး၏)

## ပဝါရဏာပြုပုံအစီအစဉ်

### အဇ္ဈေသကသမ္မုတိဉတ်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိသံဃဿ ပတ္တကလ္လံ၊အဟံ အာယသ္မန္တံ (တိဿံ) ပဝါရဏာဉတ္တိဌပနံ အဇ္ဈေသေယျံ။

### တိက္ခတ္တုံအဇ္ဈေသကဉတ်

သံဃော ဘန္တေ အာယသ္မန္တံ (တိဿံ) ပဝါရဏာဉတ္တိဌပနံ အဇ္ဈေသတိ၊ ဌပေတု အာယသ္မာ ပဝါရဏာဉတ္တိံ။ (ဒုတိယမ္ပိ၊ တတိယမ္ပိ ၃-ခေါက်ဆိုပါ)။

မေး။ ။သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ဒတ္တံ) ဝိနယံ ပုစ္ဆေယျံ။

ဖြေ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ (တိဿေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

### ပဝါရဏာ ပုစ္ဆာဝိဿဇ္ဇနာ

မေး။ ။ကိံ သံဃဿ ပုဗ္ဗကိစ္စံ ဟူသော ပါဠိတော်နှင့်အညီ သမ္မဇ္ဇနီ ပဒီပေါစ ဥဒကံ အာသနေန စ ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့၏ မိန့်မှာတော် မူအပ်သောကြောင့် ပဝါရဏာပြုရာ သိမ်အပြင်၌ တံမြက်လှည်းခြင်း၊ဆီမီးညှိကွန်းခြင်း၊နေရာခင်းခြင်းနှင့်တကွ သောက်ရေ၊ သုံးဆောင်ရေ တည်ထားခြင်း ကိစ္စ ပြည့်စုံပါပြီလော။

ဖြေ။ ။ပြည့်စုံပါပြီဘုရား။

မေး။ ။ဤလေးပါးသော အမှုတို့ကို သံဃာမစည်းဝေးမီ ပဝါရဏာကံ၏ ရှေ့အဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏတို့ ဟူ၍ ဆိုအပ်ကုန်၏။

ဆန္ဒပဝါရဏာ ဥတုက္ခာနံ ဘိက္ခုဂဏနာ စ ဩဝါဒေါ ပဝါရဏာယ ဧတာနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့၏ မိန့်မှာတော် မူအပ်သောကြောင့် ဆန္ဒ ဆောင်ခြင်း ပဝါရဏာဆောင်ခြင်း, ဆောင်အပ်ပြီးသောဆန္ဒ ပဝါရဏာတို့ကို သံဃာတော်အား လျှောက်ထားခြင်းကိစ္စ ပြည့်စုံ ပါပြီလော။

ဖြေ။ ။သီမဥ္စက သံဃာတော်သည် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ရောက်သည်ဖြစ်၍ ဆောင်ရွက်လျှောက်ထားဘွယ်မရှိ၊ပြည့်စုံပါပြီ အရှင်ဘုရား။

မေး။ ။ဥတုသည် ဟေမန္တ၊ ဂိမှ၊ ဝဿာန္တအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါး တို့တွင် ယခုအခါ အဘယ်ဥတုနည်း။

ဖြေ။ ။ဝဿာန္တ ဥတုဖြစ်ပါသည် အရှင်ဘုရား။ (ကျရာဖြေ)

မေး။ ။ထိုဥတု၌ ရှစ်ပက္ခရှိသည်တွင် လွန်လေပြီးသော ပက္ခ ဘယ်မျှ ယခုရောက်ဆဲပက္ခ ဘယ်ပက္ခဖြစ်၍ ဘယ်မျှ ကြွင်းကျန် ပါသေးသနည်း။

ဖြေ။ ။လွန်လေပြီးသော ပက္ခ (၆) ပက္ခဖြစ်ပြီး ယခုရောက်ဆဲ (၇) ပက္ခဖြစ်၍ တပက္ခ ကြွင်းကျန်ပါသေးသည် အရှင်ဘုရား။

မေး။ ။သိမ်အတွင်းသို့ ပဝါရဏာ ပြုအံ့သောငှာ စည်းဝေး ရောက်လာကြကုန်သော ရဟန်းအပေါင်းကား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။သုံးကျိပ် အရေအတွက် ရှိပါသည် အရှင်ဘုရား။

မေး။ ။ဘိက္ခုနီမ တို့သည် ဘယ်မထေရ်ထံ၌ ဆုံးမ ခံရပါမည်နည်း ဟု တောင်းပန်သောစကားကို လျှောက်ထားခြင်းကိစ္စ ပြည့်စုံပါပြီလော။

ဖြေ။ ။ယခုအခါ ဘိက္ခုနီမများမရှိသောကြောင့်လျှောက်ထားဘွယ်မရှိ ပြည့်စုံပါပြီအရှင်ဘုရား။

မေး။ ။ဤငါးပါးသောအမှုတို့ကို သံဃာစည်းဝေးပြီးနောက် ပဝါရဏာ မပြုမီ ရှေ့အဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ ဆိုအပ်ကုန်၏။

ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ။
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ ဝဇ္ဇနီယာ စ ပုဂ္ဂလာ၊
တသ္မိံ န ဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သောကြောင့် ပဝါရဏာသည် စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီဟူ၍ နေ့၏ အစွမ်းအားဖြင့် သုံးပါး၊ သံဃ, ဂဏ, ပုဂ္ဂလ ဟူ၍ ပြုတတ်သောပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သုံးပါး၊ တေဝါစိကပဝါရဏာ, ဒွေဝါစိကပဝါရဏာ,ဧကဝါစိကပဝါရဏာ-ဟူ၍ ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုံးပါး၊ ဤသို့အားဖြင့် ကိုးပါးရှိ၏။

ထိုကိုးပါးတို့တွင် ယခု ပြလတ္တံ့သော ပဝါရဏာသည် နေ့၏ အစွမ်းအားဖြင့် အဘယ် ပဝါရဏာပါနည်း။

ဖြေ။ ။ပန္နရသီ ပဝါရဏာဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အဘယ် ပဝါရဏာ ပါနည်း။

ဖြေ။ ။သံဃပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် အဘယ် ပဝါရဏာဖြစ်ပါသနည်း။

ဖြေ။ ။တေဝါစိက ပဝါရဏာဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ပဝါရဏာကံအားလျော်ပတ်ကုန်သော ငါးပါး,ငါးပါးထက် အလွန်ရှိသော ရဟန်းတော်တို့သည် နှစ်တောင့်ထွာဟတ္ထပါသ်ကို မစွန့်မူ၍ တသိမ်ထည်း၌ တည်ကြပါကုန်ပြီလော။

ဖြေ။ ။တည်ကြပါကုန်ပြီ အရှင်ဘုရား။

မေး။ ။ထိုရဟန်းတော်တို့၏ သဘောတူဝတ္ထုကြောင့် သင့်သောအာပတ် မရှိ ကင်းစင်ကြပါကုန်ပြီလော။

ဖြေ။ ။သဘောတူဝတ္ထုကြောင့်သင့်သော အာပတ်မရှိ ကင်းစင်ကြပါ ကုန်ပြီ အရှင်ဘုရား။

မေး။ ။လူအစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို သံဃာတော်၏ နှစ်တောင့်ထွာ ဟတ္ထပါသ်မှအပပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီလော။

ဖြေ။ ။ကြဉ်အပ်ပါကုန်ပြီ အရှင်ဘုရား။

ဤလေးပါးသော အင်္ဂါတို့ဖြင့် ရေတွက်အပ်သောကံကို လျော် ပတ်သောအခါရှိသောကံဟူ၍ ဆိုအပ်ကုန်၏။

ပဝါရဏာပဋိညာတ

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ယမာပေတွာ ဒေသိတာ ပတ္တကာလ သမဂ္ဂသာ ဘိက္ခုသံဃဿ အနုမတိယာ တေဝါစိကံ ပဝါရေယျာမ။

ပဝါရဏာ အမေးအဖြေပြီး၏။

### သံဃာများရွတ်ဆိုရန်

သံဃံ အာဝုသော ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ၊ ပဋိကရိဿာမိ ဟု သုံးခေါက်ဆိုပါ။

### ဂဏဉတ်ထားရန်

သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇပဝါရဏာ၊ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။
၎င်းနောက် အချင်းချင်းဖိတ်ကြားရပါမည်၊သီတင်းငယ် ဖြစ်ပါက အာဝုသော နေရာ ဘန္တေ- လဲ၍ ထည့်ရပါမည်၊ အမိဋ္ဌာန် ပဝါရဏာအား ဉတ်ထားရန်မလိုဘဲ ရှေးက ညွှန်ခဲ့သည့်အတိုင်း ပြုလုပ်ရပါမည်။

ပဝါရဏာပြီး၏။

---

### သိမ်နိမိတ်စသည်

| နိမိတ်အမည် | အမျိုးအစား | နိမိတ်ပမာဏ |
|---|---|---|
| ၁။ ပဗ္ဗတ | ၁။ မြေတောင် | ဆင်တရပ်မှ- |
| | ၂။ ကျောက်တောင် | |
| | ၃။ မြေကျောက်ရောသော တောင် | မြင့်မိုရ်တောင် အထိ။ |
| ၂။ ပါသာဏ | ၁။ သံခဲ | (၃၂)ဗိုလ်မှ- |
| | ၂။ ကျောက်ခဲ | ကျွဲတရပ်အထိ |
| ၃။ ဝန | ၁။ အတွင်းအနှစ်ရှိသော တော | လေးပင်ငါးပင်မှ |
| | ၂။ အနှစ် ရှိမရှိရောသော တော | ယူဇနာတရာ အထိ။ |

| နိမိတ်အမည် | အမျိုးအစား | နိမိတ်ပမာဏ |
|---|---|---|
| ၄။ ရုက္ခ | ၁။ အသက်ရှင်ဆဲသစ်ပင် | လက်လေးသစ် အမြင့်မှ- |
| | ၂။ အတွင်းအနှစ်ရှိသော သစ်ပင် | |
| | ၃။ မြေ၌ပေါက်သော သစ်ပင် | လက်သန်းလုံးခန့် အထိ။ |
| ၅။ မဂ္ဂ | ၁။ ခြေလမ်း<br>၂။ လှည်းလမ်း | ရွာနှစ်ရွာ သုံးရွာ ထုတ်ချင်းခတ် သွားနိုင် ရမည်။ |
| ၆။ ဝမ္မိက | ၁။ တောင်ပို့အားလုံး | လက်ရှစ်သစ် အမြင့်မှ- |
| | ၂။ | နွားချိုခန့် ပမာဏ ရှိရမည်။ |
| ၇။ နဒီ | ၁။ မြစ်အားလုံး | မိုးလေးလလုံး ရေ စီး၍ ဘိက္ခုနီမ သင်းပိုင် ရေစိုနိုင် ရမည်။ |
| ၈။ ဥဒက | ၁။ တွင်းရေ<br>၂။ ကန်ရေ<br>၃။ အိုင်ရေ<br>၄။ ဆားငန်သမုဒ္ဒရာရေ | စီးဆင်း မသွားဘဲ ကမ္မဝါစာ ပြီးဆုံး အောင် ရေနေရပါ မည်။ |

---

## သံဃာနှင့်ကံမှတ်သားရန်

| သံဃာ | မပြုနိုင်သောကံ | ပြုနိုင်သောကံ |
|---|---|---|
| စတုဝဂ္ဂ | ၁။ ဥပသမ္ပဒကံ<br>၂။ ပဝါရဏာကံ<br>၃။ အဗ္ဘာနကံ | ကျန်သော သံဃာ့ကံများ ပြုနိုင်ပါသည်။ |

| သံဃာ | မပြုနိုင်သောကံ | ပြုနိုင်သောကံ |
|---|---|---|
| ပဉ္စဝဂ္ဂ | ၁။ မဇ္ဈိမတိုက်ဥပသမ္ပဒကံ<br>၂။ အဗ္ဘာနကံ | ကျန်သော သံဃာ့ကံ အားလုံးပြုနိုင်ပါသည်။ |
| ဒသဝဂ္ဂ | ၁။ အဗ္ဘာနကံ | ကျန်သံဃာ့ကံအားလုံးပြုနိုင်ပါသည်။ |
| ဝီသတိဝဂ္ဂ | (မရှိပါ) | သံဃာ့ကံ အားလုံး ပြုနိုင်ပါသည်။ |
| အတိရေက ဝီသတိဝဂ္ဂ | (မရှိပါ) | သံဃာ့ကံ အားလုံး ပြုနိုင်ပါသည်။ |

---

## ဝိသုံဂါမသိမ် အမိန့်တောင်းလွှာ

မြို့အုပ်မင်းရုံးတော်-

............မြို့

နေ့စွဲ။....................

လူကြီးမင်းခင်ဗျား-

မြို့............ရွာနေ ကျွန်တော်( )ကလျှောက်ထားပါသည်၊ ...............မြို့................ရွာကျောင်းတွင် အောက်ပါ ပုံစံမြေပေါ်၌ ရဟန်းသံဃာတော်များ ဥပုသ် ပဝါရဏာ စသော သံဃာ့ကံများကို ချမ်းသာစွာ ပြုလုပ်တော်မူနိုင်ကြရန် သိမ်သမုတ်လှူဒါန်းပါသည်၊ ထိုသို့ လှူဒါန်းသည်ကိုလည်း ကျောင်းထိုင် ဆရာတော်( )က သဘောတူ ခွင့်ပြုပြီး ဖြစ်ပါသည်၊ ပုံစံပါမြေကို သာသနာရေးအတွက် ကျွန်တော်အား ဝိသုံဂါမသိမ် အဖြစ် ပေးပါမည့်အကြောင်း လေးစားစွာ လျှောက်ထား အပ်ပါသည်။

မြေပုံ ပုံစံ

မြောက်

အနောက် | အလျားအတောင် (၆၀) အနံအတောင်(၅၀) | အရှေ့

တောင်

မောင်သောင်း၊ သော်ကုန်းရွာ အရာတော်မြို့နယ်၊ မုံရွာခရိုင်။

**ကျားကွက်ပုံ**

| | | | | | |
|---|---|---|---|---|---|
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |

မြေဖြူမှုန့်ဖြင့် ဖြစ်စေ၊ မြေနီမှုန့်ဖြင့် ဖြစ်စေ အရေးအကြောင်းပြုလုပ်၍ ကျားကွက်သဏ္ဌာန်ထားပြီး၊ တကွက်လျှင်တပါးကျ နှုတ်ခြင်းအားဖြင့် သိမ်နှုတ်ခြင်း ကိစ္စကို ပြုလုပ်ဆောင်ရွက်ပါက အောင်မြင်ခြင်းသို့အပြီးတိုင် ရောက်နိုင်လေသည်၊ တကွက်လျှင် တပါးနေခြင်းဖြင့် သန့်ရှင်း၍ အပြစ်လည်းကင်း၏၊ အကွာအဝေးအနေအထားကိုလည်းစကားပြောဆိုဘွယ် မလိုတော့ချေ၊ ဤပြခဲ့သော ပုံစံကွက်ဖြင့် နှုတ်ခြင်းကိုကား လွယ်ကူသဖြင့် ဆရာမြတ်တို့ နှစ်သက်တော်မူကြကုန်၏။

## ညောင်းစောင်းကွက်ပုံစံ



ဤညောင်းစောင်းကွက်ကိုကား ဝိမတိဋီကာနှင့်ဝိနယာလင်္ကာရဋီကာ တို့၌လာသော နည်းပင်ဖြစ်၏၊ အလျား(၄)တောင်၊ အနံ(၂)တောင် ရှိရ၏၊ အလယ်ကွက်မှစပြီး ဂဏန်းစဉ်အတိုင်း နူတ်ပါက ဂဏန်းစဉ် (၅၀) သို့ ရောက်လျှင် သိမ်နူတ်ခြင်းကိစ္စ အထမြောက်၍ပြီးဆုံးခြင်းသို့ ရောက်လေသည်၊ ဤသို့ ညောင်းစောင်းကွက်ဖြင့် ရှေးက ဆရာ မြတ်တို့ သိမ်နူတ်ခြင်းအမှုကို ပြုတော်မူခဲ့ကြကုန်သည်သာတည်း။

## လှူးလာပြန်၍ နှုတ်ခြင်း ပုံစံ

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၂ | ၁၁ | ၁၀ | ၉ | ၈ | ၇ |
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ |
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |

ဤဖော်ပြပါ ပုံစံဖြင့် လှူးလာပြန်၍ နှုတ်နိုင်၏၊ (၁) မှ (၆) သို့ ရောက်အောင် နှုတ်ရမည်၊ ၎င်းနောက် (၇) မှ (၁၂) သို့ ရောက်အောင် နှုတ်ကြရမည်၊ ဤသို့ အပြန်အလှန် နှုတ်ခြင်းဖြင့် သိမ်နှုတ်ခြင်းကိစ္စပြီးဆုံးအောင်မြင်နိုင်ကြကုန်၏။

အရှေ့

မြောက် / တောင်

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |
| ၂၄ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၃ | ၈ | ၁ | ၂ | ၃ | ၁၄ |
| ၂၂ | ၇ | ၆ | ၅ | ၄ | ၁၅ |
| ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ | ၁၆ |

အနောက်

ဤဖော်ပြပါပုံစံ၌ ဂဏန်းစဉ်အတိုင်း လက်ျာရစ် နှုတ်သော် ဂဏန်း (၃၀) သို့ ရောက်လျှင်သိမ်နှုတ်ခြင်း ပြီးမြောက်ပါ၏။

## ပျားကြီးစွဲ

| | | |
|---|---|---|
| ၉ | ၂ | ၃ |
| ၈ | ၁ | ၄ |
| ၇ | ၆ | ၅ |

ဤပျားကြီးစွဲကား ဂဏန်းရှိရာ သို့ အဆင့်ဆင့် နှုတ်ခြင်းဖြင့် ပြီးနိုင်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ၁၈ | ၁ | ၂ | ၃ | ၄ |
| ၁၆ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၅ |
| ၁၅ | ၂၈ | ၂၉ | ၃၀ | ၂၃ | ၆ |
| ၁၄ | ၂၇ | ၂၆ | ၂၅ | ၂၄ | ၇ |
| ၁၃ | ၁၂ | ၁၁ | ၁၀ | ၉ | ၈ |

ဤပုံစံ၌လည်း ဂဏန်းစဉ်အတိုင်း (၁) မှစပြီး (၃၀) သို့ ရောက်က သိမ်နှုတ်ခြင်း ကိစ္စ မှချပင် ပြီးဆုံးနိုင်၏။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၃ | ၆ | ၁၀ | ၁၅ | ၂၀ |
| ၂ | ၅ | ၉ | ၁၄ | ၁၉ | ၂၄ |
| ၄ | ၈ | ၁၃ | ၁၈ | ၂၃ | ၂၇ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၂၆ | ၂၉ |
| ၁၁ | ၁၆ | ၂၁ | ၂၅ | ၂၈ | ၃၀ |

ဤပုံစံ၌လည်း ဒေါင့်တန်းဂဏန်းစဉ်အတိုင်း လှည့်လည်၍ နှုတ်ခြင်း ဖြင့်လည်း သိမ်နှုတ်ခြင်း ကိစ္စ ပြီးမြောက်နိုင်ကြကုန်၏။

| | | | | |
|---|---|---|---|---|
| ၁ | ၁ | ၁ | ၁ | ၁ |
| ၂ | ၂ | ၂ | ၂ | ၂ |
| ၃ | ၃ | ၃ | ၃ | ၃ |
| ၄ | ၄ | ၄ | ၄ | ၄ |
| ၅ | ၅ | ၅ | ၅ | ၅ |
| ၆ | ၆ | ၆ | ၆ | ၆ |

ဤပုံစံကား ရက်ကန်းခတ် နှုတ်ခြင်းဖြစ်၏၊ ပဌမ (၁) ကုန်အောင် နှုတ်ပါ၊ နောက် (၂) သို့ အဆင့်ဆင့်နှုတ်ပါက ပြီးဆုံးအောင်မြင် နိုင်၏။

# သိမ်နှုတ်, သမုတ် ကမ္မဝါစာ

## သိမ်နှုတ်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနတိ၊ ယဿာယသ္မတော ခမတိ၊ တေဿ တိစီဝရေန အဝိပ္ပဝါသဿ သမုဂ္ဃါတော၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ သမူဟတော သံဃေန တိစီဝရေန အဝိပ္ပဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။

အဝိပ္ပဝါသကမ္မဝါစာပြီး၏။

---

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ သမူဟနေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ၊ သမာနသံဝါသာ ဧကူပေါသထာ၊ သံဃော တံ သီမံ သမူဟနတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာယသ္မတော ခမတိ၊ ဧတိဿာ သီမာယ သမာန သံဝါသာယ ဧကူပေါသထာယ သမုဂ္ဃါတော သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ သမူဟတာ သာ သီမာ သံဃေန သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။

သမာနသံဝါသကမ္မဝါစာပြီး၏။

---

ဥနှာသယ ၄၉၀-၂၂

## သီမာသမ္မုတိကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာ ယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာသမ္မုတိ သမာနသံဝါသာယ ဧကူပေါသထာယ၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။

သမာနသံဝါသသီမာသမ္မုတိကမ္မဝါစာပြီး၏။

---

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ယဿာ ယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ သမ္မတာ သာ သီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။

အဝိပ္ပဝါသသီမာသမ္မုတိကမ္မဝါစာပြီး၏။

သိမ်နောက်ဆက်တွဲပြီး၏။

ရှေးဆရာမြတ်တို့၏

## **ကမ္မဝါစာဘတ်ထုံးများ**

| | | | |
|---|---|---|---|
| သမ္မတော | ၊ သံမတော | ၊ သမတော | ။ |
| သမ္မနိတော | ၊ သံမနိတော | ၊ သမနိတော | ။ |
| သမ္မန္နိတော | ၊ သံမန္နိတော | ၊ သမန္နိတော | ။ |
| သမ္မုဟနေယျ | ၊ သမ္မုဟန္နေယျ | ၊ သမ္မုဟနေတ်ယျ | ။ |
| သမ္မုဟနေစ်ယျ | ၊ သမ္မုဟနင်ယျ | ၊ သမ္မုဟနည်ယျ | ။ |
| သမ္မုဟနယ်ယျ | ၊ သမ္မုဟနိန်ယျ | ၊ သမ္မုဟနည်ယျ | ။ |
| သမ္မုဟနေယျ | ၊ သမ္မုဟန္နေယျ | ၊ စသည်(ဂ)ကြိမ် | ။ |
| သောဘာသေယျ | ၊ သောဘာသေ့ယျ | ၊ စသည်(ဂ)ကြိမ် | ။ |
| သမုဟနတိ | ၊ သမ္မုဟနတိ | ၊ ခမတိ၊ ခမ္မတိ | ။ |
| နက္ခမတိ | ၊ နက္ခမ္မတိ | ၊ နခမတိ၊ နခမ္မတိ | ။ |
| တုဏှိ | ၊ တုဏှိ | ၊ သမ္မတာ၊သံမတာ။(စသည်) | |
| ကျေပေါသထာ | ၊ ကေ့ပေါသထာ | ၊ ကျေပေါသထံ၊ကေ့ပေါသထံ | |
| သမ္မနေယျ | ၊ သံမနေယျ | ၊ စသည်(၉)ကြိမ် | ။ |
| သမ္မန္နေယျ | ၊ သံမန္နေယျ | ၊ သံမနေယျ | ။ |
| သံမန္နေယျ | ၊ သမန္နေယျ | ၊ သံမန္နေယျ | ။ |
| သမ္မန္နတိ | ၊ သံမန္နတိ | ၊ သိမာ၊သိမာ | ။ |
| သမ္မုတိ | ၊ သမုတိ | ၊ သိမာ၊သိမာ | ။ |
| ဂါမဋ္ဌ | ၊ ဂါမံ စ | ၊ ဂါမဋ္ဌ၊ဂါမည်စ | ။ |
| ဂါမူပစာရဋ္ဌ | ၊ ဂါမူပစာရံစ | ၊ ထပေတွာ၊ထပေ့တွာ။ | |

(ရှေးဆရာမြတ်တို့၏ ကမ္မဝါစာဘတ်ထုံးများပြီး၏)။

# ဝိသုဒ္ဓါရုံကထိန်အမေးအဖြေ

## ဝိသုဒ္ဓါရုံ ကထိန်အမေး

၁။ ကောသလ္လတ္တာယ ဝိနယေ၊ အသမ္ဘောဟာယ ဒါနိ တံ၊
ပါဠိယတ္ထာနုသာရေန၊ ပုစ္ဆိဿံ တာဝ တေ အဟံ။

အာဝုသော၊ သဗ္ဗောဂန္ဓိ၊ ညဏ်အဆီဖြင့်၊ ထို၌ ဒုက္ကရ၊ မေးသမျှကို၊ တွေးဆမြော်မြင်၊ ဖြေဆိုပေလတ္တံ့သော အိုငါ့ရှင်၊ ဝိနယေ၊ ဘုရားသုံးလူ့ ခွင့်ပြုနိုင်းချိန်၊ ကထိန်ခင်းဟန်၊ ဝိနည်းကံ၌၊ ကောသလ္လတ္တာယစ၊ မှောင်အဝိဇ္ဇာ၊ မပိတ်ကာပဲ၊ လိမ္မာခြင်းငှာရင်း၊ အသမ္မောဟာယစ၊ ပျင်းရိမှိုင်နေ၊ တွေဝေမရှိ၊ သတိရခြင်းငှာရင်း၊ ပါဠိယတ္ထာနုသာရေန၊ ပါဠိအဋ္ဌကထာ၊ ဋီကာရှေ့နောက်၊ အစဉ်လျှောက်သဖြင့်၊ ဒါနိဣဒါနိ၊ ကထိန်မခင်းမီ၊ လက်မွန်မဆွ၊ အစဦးစွာ၊ ယခုခါက၊ တံ၊ ထိုသို့ထူးမြတ်၊ ကထိန်ဥတ်၏၊ ပြုအပ်သောအစီရင်ကို၊ အဟံ၊ စောဒကဟု ဆိုအပ်သောငါသည်၊ တေ၊ ဇောတိရသ်သွင်၊ ကျောက်မျက်ရှင်ကို၊ လက်တွင်ခဏ၊ တင်ကာပြသို့၊ သာမကေဒင်္ဂိ၊ အလီလီဖြင့်၊ ကျမ်းညီလျှောက်ဆိုလတ္တံ့သော သင်ပရိဟာရ်ပုဂ္ဂိုလ်အား၊တာဝပုစ္ဆိဿံ၊ ကောင်းစွာ စစ်ဆေး ထုတ်နှုတ်၍မေးဦးအံ့။

၂။ ကေနဋ္ဌေန ကထိနံ၊ ကျမ်းဂန်အလို မိန့်ဆို ကျူးရင့်အပ်သည်နှင့်အညီ ဤကထိန်ဟူသော သညာသည်၊ ခေါ်ကာမတ္တ၊ အမည်ရ၍ ပဝတ္တဟိတ်၊ အကြောင်းဆိတ်သောကြောင့်၊ နိမိတ်မြုပ်တိမ်၊ ဂုဏ်သိမ်မညီ၊ အကြောင်းကိုမမှီသည့်၊ ရုဠှီသညာတည်း ဖြစ်လေသလော၊ထိုသို့မဟုတ်၊ သမုတ်ဝေါဟာ၊ သညာခေါ်မှု၊ အစွဲပြု၍၊ တခုခုသော အကြောင်းနှင့်အလျော်၊ မှည့်ခေါ်ပညတ်၍၊ ဗျုပ္ပတ္တိဟိတ်၊ အကြောင်း မဆိတ်ပဲ၊ နိမိတ္တာနုရူပ၊ အမည် ရသည့် အန္ဝတ္ထသညာတည်းဖြစ်လေသလော၊အဘယ်သို့ သဘောရှိသော၊ ပဝတ္တိဗျုပ္ပတ်၊ ဝစနတ်ဝိဂြိုဟ် လှစ်ဆိုအပ်ကောင်း၊ အကြောင်း မတိမ် မည်သို့သောဂုဏ်သိမ်ကြောင့်၊ ကထိန်ဟုခေါ်ပါသနည်း။

၃။ ထိုကထိန်ကို၊ အစ်န္တေယျ၊ ဂုဏ်ပေါင်းခသည့်၊ သုံးလောကရာဇာ၊ သမ္မာသမ္ဗုဒ္ဓ၊ အတုလဘုရားသည်၊ သောဠသ ခရိုင်၊

ရန်ပြိုင် လှည့်ဖိုက်၊ မဖျော်တိုက် အဝင်အပါ။ ။ဝေသာလိယာ ရာဇဂဟော၊ သာဝတ္ထိယာစ အာဠဝီ၊ ကောသမ္ဗိယာစ သင်္ကေသု၊ ဘဂ္ဂေသုစေဝပညတ္တာ။ ။ပရိဝါလာ၊ သိက္ခာပုဒ် ပညတ်တော်မူရာ ခုနစ်ဌာနတို့တွင် အဘယ်ပြည်ဌာန၊ အဘယ်ဒေသ၌ ပညတ်တော်မူပါသနည်း။

၄။ ကောသလတိုင်း၊ ခွန်လှိုင်းယူဘိ၊သာဝတ္ထိဟု၊ ပြည်ကြီးတောင်စွန်၊ ဇေတဝန်ကျောင်းမြတ်၌၊ ပညတ်တော်မူသည့်အခင်းမှာ၊ လူမင်းတကာတို့၏ သခင်၊ သာကီဝင် မင်းတို့၏ဆရာ၊ နတ်ဗြဟ္မာ အပေါင်းတို့၏ အဓိပတိ၊ မုနိပုင်္ဂဝ၊ သုံးလောကမျက်ရှု၊ သဗ္ဗညုသည်၊ အမှုသည် မရှိပဲလျက်၊ ခွင့်ပြုမြိတ်ထွာ၊ ဓမ္မတာအာစိဏ္ဏ မဟုတ်ချေ၊ တစုံတခုသော အကြောင်းအရာ ထွေလာထူးလည်ပြုသောအမှုသည်ရှိမှသာအနုညာတ ပဋိက္ခေပသိက္ခာပုဒ်နှစ်ပါးကို ထိုက်သည် အားလျော်စွာ အရာကို ထောက်ရှု၍ ခွင့်ပြု ပညတ်မြိတ်ထွာ၊ ဓမ္မတာ အာစိဏ္ဏဖြစ်၍၊ ဤကထိန်အရာဝယ်၊ အဘယ်မထေရ်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူပါသနည်း။

၅။ ပါဝေယျက၊ ရဋ္ဌဝါသီ၊ နောင်ညီမပျက်၊ ဘဒ္ဒဝဂ်သခင်၊ အရှင်မထေရ်ကျော်တို့ကို အကြောင်းပြုတော်မူသည့်အရာဝယ်၊ အမာမပေါ်ခင်' ဆေးတင်သော သမားကဲ့သို့ ဘုရား သဗ္ဗညုသည်၊ ပညတ်ခွင့်ပြုမြိတ်ထွာ၊ ဓမ္မတာအာစိဏ္ဏမဟုတ်ချေ၊ တစုံတခုသော အမှုအပြစ်ကို စိစစ်မေးမြန်း၍သာ ပညတ်ခွင့်ပြုမြဲထုံးစံရှိပေသည်၊ ထိုမထေရ်တို့ကို အကြောင်းပြု၍ ခွင့်ပြုလျှင် အဘယ် သို့သော အမှုအပြစ်ကို စိစစ်၍ ခွင့်ပြုတော် မူပါသနည်း။

၆။ ကထိနသာအတ္ထာရကာလော ဇာနိတဗ္ဗော- ဟူသောပါဠိ လာရှိသည်နှင့်အညီ ကထိန်ခင်းရသော ခေတ် ကာလကို သိအပ်သည်ဖြစ်၍ အဘယ်ခေတ်ကာလ၌ ကထိန် ခင်းအပ်ပါသနည်း။

၇။ ကတိဟိအင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိန် အတ္ထရိတုံ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီအဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန် ခင်းထိုက်ပါသနည်း။

၈။ ကတမေပဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတောပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ အင်္ဂါရှစ်လီနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ခင်းထိုက်သောဟူ၏၊ ယံဝါ တံဝါ၊ အင်္ဂါရှစ်ဖြာနှင့် စုံကာမတ္တ၊ညီကာမျှဖြင့်၊ခင်းရမည်မဟုတ် ဖြစ်၍ အဘယ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ခင်းအပ်ပါသနည်း။

၉။ ကထိနဿ ကာတိမူလာနိ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ အဘယ်သည် ကထိန်၏ မူလမည်သနည်း။

၁၀။ ကထိနဿ ကတိဝတ္ထူနိ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ တိစီဝရိက် စသော ကိုးထည်သော သင်္ကန်း တို့တွင် အဘယ်သင်္ကန်းသည် ကထိန်ဝတ္ထု မည်ပါသနည်း။

၁၁။ ကထိနဿ ကာတိဘူမိယော-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်၏ အကြောင်းအရာ ဖြစ်သော အဝတ်ကား အဘယ်နှစ်မျိုး ပြားပါသနည်း။

၁၂။ ကထိနဿ ကော အာဒိ ကိံ မဇ္ဈေ ကိံ ပရိယောသာနံ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်၏ အရာဌာန၊ အာဒိ မဇ္ဈ၊ အန္တသိမ်းကြိုး၊ စဉ်ကာရုံး၍၊ စ ဆုံး အလယ်၊ မှတ်သားဘွယ်ကား အဘယ်သည်တို့ပါနည်း။

၁၃။ ကတမေသံ ပုဂ္ဂလာနံ ကထိနတ္ထာရ ဟန္တိ-ဟူ၍ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန် ခင်းခြင်းကြောင့် ဖြစ်သော အကျိုးဂုဏ်အင် အာနိသင်တို့ကို အဘယ်႗အရှင်တို့ ခံစားအပ်ပါသနည်း။

၁၄။ ကထိနတ္ထာရံ ကော လဘန္တိ-ဟူ၍ ဗုဒ္ဓမတည့ ကျမ်းပြုအရာ လိမ္မာတော်မူသော အဋ္ဌကထာ သခင် အရှင်မြတ်တို့ မိန့်အပ်သည်နှင့်အညီ ဤကထိန်ခင်းခြင်းကို အဘယ်မျှ အရေအတွက် ရှိကုန်သော ရဟန်းတို့သည် ရထိုက်ပါကုန်သနည်း။

၁၅။ အယုတ်အားဖြင့် ငါးပါး အရေအတွက်၊ ထိုထက် သချာအရာ အထောင်ဖြစ်သော ရဟန်းတို့ရထိုက်သော ဟူ၏ အယုတ်အား ဖြင့် ငါးပါးအရေအတွက်၊ ထို့ထက် သချာလွန်ကာမျှဖြင့် ခင်း ရမည် မဟုတ်ဖြစ်၍ အဘယ်သို့ သဘောရှိသော ရဟန်းတို့ ခင်း ထိုက်ပါကုန်သနည်း။

၁၆။ ပုရိမဝါမှထ၍ ပထမပဝါရဏာနေ့၌ ချမ်းမြေ့သာယာ ပဝါရဏာ
ပြုကြသော ရဟန်းတို့သာ ကထိန်ခင်းခြင်းငှာ ထိုက်သည်ရှိသော်
ကထိနံ ပနကေနဒိန္နံ ဝဋ္ဋတိ-ဟူသော ပုစ္ဆာကို အဋ္ဌကထာသခင်
အရှင်မြတ်တို့မိန့်အပ်တော်မူသောကြောင့်အဘယ်သူလှူအပ်သော
သင်္ကန်းဖြင့် ခင်းအပ်ပါသနည်း။

၁၇။ နတ် လူ ဗြဟ္မာ၊ သိက္ခာသာဇီဝ ကျင့်ကြသူချင်းသီတင်းသုံးတော်
ငါးယောက်တို့တွင် အမှတ်မရှိသောသူသည်ကြည်ဖြူဝမ်းမြောက်
သဒ္ဓါပေါက်၍ တယောက်ယောက် လှူအပ်သော သင်္ကန်းဖြင့်
ခင်းအပ်သော ဟူ၏၊ အဘယ်သို့ဆို၍ လှူအပ်သော သင်္ကန်းဖြင့်
ခင်းအပ်ပါသနည်း။

၁၈။ ဣမံ ကထိနစီဝရံ သံဃဿဒေမ-ဟုဆို၍ လှူအပ်သော သင်္ကန်း
ဖြင့်ခင်းအပ်သည်ရှိသော် ကထိနံ ပနကေန အတ္ထရိတဗ္ဗံ- ဟူသော
ပုစ္ဆာကို အဋ္ဌကထာ သခင်အရှင်မြတ်တို့ မိန့်အပ်တော်မူသော
ကြောင့် အဘယ်သူသည် ကထိန်ခင်းအပ်ပါသနည်း။

၁၉။ သံဃေန ပန ကဿဒါတဗ္ဗံ-ဟူသော ပုစ္ဆာကို အဋ္ဌကထာ
ဆရာမြတ်တို့ မိန့်အပ်သည်နှင့် အညီ သံဃာသည် အဘယ်
ရဟန်းအား ပေးအပ်ပါသနည်း။

၂၀။ ပါးရှား နွမ်းနယ်သော သင်္ကန်းရှိသော ရဟန်းအား ပေးအပ်
လျှင် ဤသိမဋ္ဌက သိမ်အပြင် သံဃာအစည်းအဝေး၌ အဘယ်
ရဟန်းသည် သင်္ကန်း ပါးရှား နွမ်းပါးပါသနည်း။

၂၁။ ထိုထိုဘဝန္တရ ကာလအထူးတို့က ဆည်းပူးခဲ့ကြသောပါရမီ စုံညီ
ပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ တစုံတယောက်သော ရဟန်းမျှ
သင်္ကန်းပါးရှား နွမ်းနယ်သူ မရှိခဲ့သော် အဘယ် ရဟန်းအားပေး
အပ်ပါသနည်း။

၂၂။ ဤသိမဋ္ဌက သိမ်အပြင် သံဃာအစည်းအဝေး၌ အဘယ်မထေရ်
သည် သီတင်းကြီးဖြစ်ပါသနည်း။

၂၃။ ထိုအရှင်သည် ယခင်ဆိုအပ်ခဲ့ပြီးသော အဋ္ဌဟိအင်္ဂေဟိ သမန္နာ
ဂတော-စသောပါဠိ လာရှိသည်နှင့်အညီ ကောင်းစွာလျှော်ဖွတ်၊
ညီညွတ်စီရင်၊ ဖြတ်လျှင်ချုပ်ဆိုး၊ ဗိန္ဒုထိုးခြင်းဟု ဆိုအပ်သော
ခုနစ်ပါးသော ပုဗ္ဗကရဏ၊ ပစ္စုဒ္ဓါရအဓိဋ္ဌာန်၊ အဓိဋ္ဌာန်ဟင်ခြင်း၊
ခင်းရမည့်အစဉ်အလာ၊ မာတိကာအပြား၊ နှစ်ပါးသော ကြောင့်

ကြ၊ ဥဒ္ဒါရရှစ်အင်၊ အာနိသင် ငါးခုတို့ကို စေ့ငုမကျန်၊ အမှန်ခွဲခြမ်း၍ သိစွမ်းခြင်းတည်းဟူသော အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံပါ၏လော။

၂၄။ ဝုဓေ့သုပိယော မဟာပရိသော တဒဟောဝစိဝရံ ကတ္ဖာ အတ္ထရိတုံ သတ္တောတိ တဿ ဒါတဗ္ဗံ-ဟူ၍ အဋ္ဌကထာ ဆရာမိန့်မှာအပ်သည်နှင့်အညီ အကြွင်မထေရ်ထံ ခွေရုံတပည့် ဝန်းလှည့်ရံပတ်ပရိသတ်များစွာ ရှိကြ၍ ကထိန်လျှာ သင်္ကန်းကို ရသည့်နေ့၌ပင် စင်ကြယ်စွာ လျှော်ဖွတ်၊ ညီညွတ်စီရင်၊ ဖြတ်လျှင် ချုပ်ဆိုး၊ ဗိန္ဒုထိုးခြင်း ဟု ဆိုအပ်သော ပုဗ္ဗကရဏ ခုနစ်ပါးတို့ကို ပြု၍ စီရင်ခြင်းငှာ စွမ်းနိုင်၏၊ ထိုမထေရ်အားသာ ပေးအပ် သောကြောင့် ထိုအရှင်သည် ကထိန်လျှာ သင်္ကန်းကို ရသည့်နေ့၌ပင် ဖြတ်ခြင်း စပ်ခြင်း စသော ခုနစ်ပါးသော ပုဗ္ဗကရဏတို့ကို ပြုလုပ်၍ ခင်းခြင်းငှာ စွမ်းနိုင်ပါ၏လော။

၂၅။ ချုပ်ပြီး ဆိုးပြီး မဟုတ်ခဲ့သော် သင်္ဃာတော် အပေါင်းသည် ထောက်ပံ့အပ်သော ဟူ၏၊ ထေရနဝ မဇ္ဈိမ အားဖြင့် သုံးပါးတို့တွင် အဘယ်သူတို့သည် ထောက်ပံ့အပ်ပါသနည်း။

၂၆။ ကထိန်နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရံပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတိ-ဟူ၍ အဋ္ဌကထာ ဆရာ မြတ်တို့ မိန့်မှာ အပ် သည့် နှင့် အညီ ဤ ကထိန်လျှာသင်္ကန်းမည်သည် အတိဥက္ကဋ္ဌ အလွန်မြတ်သည်သာ ဖြစ်၍ ပဝါရိတဉာတိ မဆို အမိကိုသော်လည်း မတောင်းအပ်၊ ဝိညတ်ပရိယာယ်ကထာ၊ ဩဘာနိမိတ်၊ အရိပ်အရောင်မရှိ၊ မိမိဘာသာ အာကာသဌ၊ ကောင်းကင်ဝက၊ လျှောကျသည့်နှယ်၊ စင်ကြယ်သော သင်္ကန်းများဖြင့်သာ ခင်းအပ်သောကြောင့် ယခုခင်းလတ္တံ့သော ကထိန်လျှာ သင်္ကန်းသည် ထိုကဲ့သို့ စင်ကြယ်သော သင်္ကန်း ဟုတ်ပါ၏လော။

၂၇။ တန္တဝါယ ဂေဟတောဟိ အာဘတသန္တာနေ နေဝခလိတ မက္ခိတသာဋ္ဌကောပိ နဝဋ္ဋတိ-ဟူ၍ အဋ္ဌကထာ ဆရာ မိန့်မှာအပ်သည်နှင့်အညီ ယက္ကန်းသည်အိမ်မှ ဆောင်ခဲ့သောသန္တာန်ကော်လိမ်းကျံ၍ သုံးရန်မကောင်း၊ မပျောင်းခက်မာ၊ အစာမကျေသေး

သော ပုဆိုးကြမ်း ညစ်နွမ်းသောပုဆိုးတို့ဖြင့် ကထိန်လျှာ သင်္ကန်းသည် ထိုအပြစ်တို့မှ စင်ကြယ်ပါ၏လော။

၂၀။ နအနုဝါတမတ္တေန၊ နပရိဘဏ္ဍမတ္တေန-အစရှိသောပါဠိ လာရှိသည်နှင့်အညီ ပဋ္ဋခဏ်း၊ သတ္တခဏ်း၊ နဝခဏ်း စသည်ဖြတ်၍ အနားပတ်လေးဘက်မတင်ကကထိန်လျှာမဝင်သည်ဖြစ်၍ယခုခင်းလတ္တံ့သော ကထိန်လျှာသင်္ကန်းသည် ပဋ္ဋခဏ်း၊ သတ္တခဏ်း နဝခဏ်း စသည်ဖြတ်လျက် အနားပတ် လေးဘက်တင်၍ကထိန်လျှာဝင်သော သင်္ကန်းဖြစ်ပါ၏လော။

၂၉။ ကောဝါရိယော ရဇနေ ပက္ခိတ္တေန ဒန္တဝဏ္ဏေန ဝါ ပဏ္ဍုပလာသဝဏ္ဏေန ဝါ-ဟူ၍ အဋ္ဌကထာ ဆရာ မိန့်မှာ အပ်သည်နှင့်အညီ တကြိမ်သာ ဆိုးရည်တင်လျက် အထပ်ထပ်သော ဆိုးခြင်းကိုလျှော့ ဖြော့တော့သော အဆင်းရှိရုံမျှနှင့် သာရုပ္ပမဖြစ်သဖြင့် မသင့်တင့်မသပ္ပါယ်၊ ဆင်စွယ်ရောင် အဆင်းဆိုးရုံမျှနှင့် ကထိန်မခင်းအပ်ရကား ယခုခင်းလတ္တံ့သော ကထိန်လျှာသင်္ကန်းသည် ထိုကဲ့သို့ မဟုတ်၊ သာရုပ္ပဖြစ်သော သင်္ကန်း ဟုတ်ပါ၏လော။

၃၀။ န အညတြ သံဃာဋိယာအတ္တတံ ဟောတိ ကထိနံ- အစရှိသောပါဠိ လာရှိသည်နှင့် အညီ ကိုးထည်သော သင်္ကန်းတို့တွင် သင်းပိုင် ကိုယ်ဝတ် ဒုကုဋ်အားဖြင့်သုံးထည်သော သင်္ကန်းတို့သာ ကထိန်အဝင်အပါ ကထိန်အရာ မြောက်ထိုက်သောကြောင့် ယခုခင်းလတ္တံ့သော ကထိန်လျှာ သင်္ကန်းသည် ဆိုအပ်ခဲ့ပြီးသော သုံးထည်သော သင်္ကန်းအဝင်အပါဖြစ်၍ ကထိန်လျှာ မြောက်ထိုက်သော သင်္ကန်းဟုတ်ပါ၏လော။

၃၁။ န တာဝကာလိကေန အတ္တတံ ဟောတိ-အစရှိသောပါဠိ လာရှိသည်နှင့် အညီ ဆိုအပ်ပြီးသော နတ် လူပြဟ္မာ၊ သိက္ခာသာ ဇိဝ၊ ကျင့်ကြံသူချင်း၊ သီတင်းသုံးဘော် ငါးယောက် တို့တွင် တယောက်ယောက်သော သူ၊ ကြည်ဖြူစေတနာ၊ သဒ္ဓါ ဗလဝ၊ ကပ်လှူကြ၍ တာဝကာလိက မဟုတ်သောသင်္ကန်းဖြင့်သာ ခင်းအပ်သောကြောင့် ယခုခင်းလတ္တံ့သော ကထိန်လျှာ သင်္ကန်းသည် ထိုကဲ့သို့ ကပ်လှူ၍ တာဝကာလိက မဟုတ်ပဲ ရှိပါ၏လော။

၃၂။ သာခုသာခု၊ မကုဋ္ဌကူဋ္ဌ၊ တူမရသည့် လူ့ဘပရမေ၊ သာကီနေခွန့် သွေ့မစွန့်သည့်၊ ညွှန့်မဟေဟု၊ သကျေသွရ၊လောကမကိုဋ္ဌ၊အမြိုက် ရောင်ပွင့်၊ ဘုန်းရောင့်တင့်သည့်၊ နေမင့်မန္တု၊သဗ္ဗညု၏၊ နယုပဒေ၊ မိန့်ဗျာရွေနှင့်၊ သဝေမယွင်း၊ ပြစ်မျိုးကင်း၍ သန့်ရှင်းတင့်ဆန်း၊ ဤ ကထိန် သင်္ကန်းသည်၊ ဝိနည်းလမ်း ထုံးစရိုက်ဖြင့်၊ ခင်းထိုက် သော သင်္ကန်းမှန်ပေပြီ။ ဤသို့မမွှတန္တိ ကျမ်းဂန္တိနှင့်၊ လျော်ညီ စွာ ဖြစ်လာသော၊ ယခုနှစ်ကထိန်လျာကို အဘယ်ရွာနယ်ရပ်က သဒ္ဒါခေတ် ဉာဏ်အမြင်နှင့်၊ သမ္ဘဇဉ်ဖွေးဖြူလျက်၊ ပေးလှူသော သင်္ကန်း ဖြစ်ပါသနည်း။

၃၃။ သာခု သာခု၊ ဝန်းကျင်ဘီလာ၊ ဒိပါထွေထွေ၊ သချေသချာ၊ ကမ္ဘာ့ဘာနှင့်၊ စက္ကဝါအနန္တံ၊ သုံးဆဲ့တနိုင်ငံဝယ်၊ ပြိုင်စံဘွယ်မရ၊ နယ်ခေတ္တဖိမ့်တုန်၊လောကခေတ်စက်ဝသုန်နှင့်၊ ဘဝဂ်ဘုံဝလာငြိမ့် အောင်၊ တခြိမ့်ခြိမ့်ကြေငြာ၊ တသိမ့်သိမ့်တေဇာနှင့်၊ နတ်ဗြဟ္မာ တူမရ၊ သဏ္ဍာန်တော် ရူပကမှာ၊ မူလက သိင်္ဂနိက်၊ ဥဏ္ဏာဂူ တက်နေထွန်း သကဲ့သို့၊ တင့်ရွှန်းရောင်ဖိတ်လျက်၊ အောင်နိမိတ် စကြာ၊ ဗာတ္တိ'သလက္ခဏာနှင့်၊ သီတာနုဗျဥ္စနာ၊ တန်ဆောင်မီး တောက်လောင်ဖြာသလို၊ခြောက်ရောင်ဝါလျှံပသည့်၊ အနန္တဂုဏ် သခင်၊ အံ့မဆုံးသည့်၊ သုံးလောက မျက်ရှင်သည်၊ ကြည်သာရွှင် စိမ့်၊ ကရဝိက်ဗြဟ္မာပုံလို၊ သဒ္ဒါရုံခွန်းလှိမ့်၍၊ မိန့်တော်ချက် ဒေသနာ၊ အဋ္ဌကထာတလမ်းကွန့်နှင့်၊ ကျမ်းအညွှန့် ထွေရာကို၊ သေအချာမယွင်း၊ ပဥ္စသိန် တေးတျာ ဘွဲ့ပြီးလျှင်၊ စောင်းတွဲ့၍ ညှင်းသကဲ့သို့၊ ရှင်းလင်းစွာ အဖြေကိုကြားရ၍၊ များစွာသော သင်္ကန်းနှင့်၊ဒါယကာ ဒါယိကာမပေါင်းတို့သည်၊ ကောင်းမွန်စွာ သိကြသဖြင့်၊ ဟဒယမနောခေတ်ဝယ်၊ သောမနဿဖြာစိမ့်၍၊ ရွှင် နှစ်သိမ့်သာကြည်' ဖိတ်သုခပွားစည်လျက်၊ ငါးမည်သောပီတိဟုန် ဖြင့်၊ တသုန်သုန်ဇွေဖြိုးလျက်၊ ဝေမညှိုးလန်းလန်း၊ ရေတွေ့သော ပဒုံပန်းကဲ့သို့၊ ချမ်းမြေ့စွာ ရှိကြပြီ၊ ခုကာလဤနှစ်ဝယ်၊ အကြီးသစ် ဆော်နိုး၊ သံသရာမြေတာဝယ်၊ ပဒေသာပြိုးမည်ဟု၊ သဒ္ဒါမိုးဆီး တက်လျှမ်း၊ ကုသိုလ်မျိုး လက်ဆန်းနှင့်၊ မဂ်နန်းကို ရွယ်ချူ၍၊ နယ်ငူနိမိတ်၊ ဇမ္ဗုဒိပ်၌၊ ယူဘိသိက်ခံ၊ မင်းစံနေပြည်၊ ဘွေမဟီ၊ ရွှေညီဘော်ပေါင်း၊ ပျော်ဘို့ကောင်း၊ သောင်းဒီပါတွင်၊ သညာ

မချို၊ မန်းရွှေမြို့၌၊ မိုမိုဝေဆာ၊ စေတနာ၊ ချွေကာခြိမ့်ဝှဲ ကထိန်ပွဲတွင်၊ စိန်ပုလဲရတနာ သူတော်ကောင်းဥစ္စာကို၊ ထုပ်စရာကြဲပက်သမုဒ်အဏ္ဏဝါ ဝဲဂရက်မှ၊ ဘဲထွက်လိုစိတ်ကောင်းနှင့်၊ လေးရပ်နေကျောင်း၊ ဒါယကာ ဒါယိကာမ အပေါင်းနှင့် တကွ၊ ကြွင်းအလှူရှင် ကလျာဏတို့က နိဗ္ဗာန်မြို့သိဝသို့၊ ချီကြွလိုစိတ်ကောင်းနှင့်၊ လက်ဆယ်ချောင်း ကြိမ်ကြိမ်စီ၊ ဝတ်ငါးတန် အဥ္စလီဖြင့်၊ တင်ချီကာ တောင်းပန်မှုကို၊ ကရုဏာမြော်ထောက်၍၊ စည်းဝေးရောက် သံဃာအများနှင့် ထေရ်မဟာ ဆရာတော်ဘုရားကြီးသည်၊ တရားနှင့် သင့်လျော်အောင်၊ ချင့်မြော်ကာ ကျင်းပအပ်သော၊ ကထိနဉ်အောင်ပွဲကို၊ ချီးဖွဲ့ကာ တငြိမ့်ငြိမ့်၊ မိုးဘဝဂ်တုန်ဖိမ့်အောင်၊ တသိမ့်သိမ့် ပတ္တနာပြုလျက်၊ သာဓုသံ အောင်နိမိတ်နှင့် အောင်ဘိသိက်သွန်းကြပါစေသောဝ်။

---

## ဝိသုဒ္ဓါရုံကထိန်အဖြေ

(ရှေးဦးစွာ စ၍ ဘတ်လျှောက်ရန်)

ကထိနတ္ထာယ သံဃဿ၊ ဣဒံ ကထိနစီဝရံ၊
နိယျာတိတံ ဝိစာရေထ၊ ယထာဓမ္မံ ဝိသုဒ္ဓိယာ။

ဘန္တေ၊ဝိနည်းအရာဒေသနာကို၊သေချာချင့်ထောက်၊အကဲမတိမ်၊ပုလဲစိန်ကို၊ နေရှိန်ကျောက်သို့၊ထွင်းဘောက်သိမြင်၊ အိုအရှင်မြတ်ဘုရား၊ ဣဒံကထိနစီဝရံ၊ ဟုဒ္ဓါဒီဟိ၊ ကထိတတ္တ၊ နိမိတ္တကြောင့်၊ ကထိန်မည်မှန်း၊ ဤသက်န်းကို၊ ကထိနတ္ထာယ၊ ဥတ်ကမ္မဝါ၊ ဘတ်ရွတ်ကာဖြင့်၊ သဃာအပ်နှင်း၊ ကထိန်ခင်းခြင်းအကျိုးငှာ၊ သံဃဿ၊ ကျောင်းတိုက် ဥပစာ၊ သီမာတလ၊ ရှိသမျှသော၊ သကျပုတ္တအများ၊ သဃာတော်မြတ်အား။ နိယျာတိတံ၊စေတနာသုံးမည်၊ သုန်မလည်ပဲ၊ ယုံကြည်လေးမြတ်၊ ဆောင်နှင်းအပ်ပြီ။ တံ ကထိနစီဝရံ၊ ထိုဆောင်နှင်း လှူဒါန်းသောကထိန်သက်န်းကို။ ဝိသုဒ္ဓိယာ၊ ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးငါးဝ၊ ကင်းသည့်လသို၊ ဒေါသမချယ်၊ စင်ကြယ်ခြင်းငှာ။ ယထာဓမ္မံ၊ ရွှေနှုတ်တော်ထွက်၊ မြွေစက်နှင့်၊ အချက်မမှား၊ တရားအလျောက်၊ တုမှေ၊ ဝိနယကောသလ်၊ အသိဉာဏ်ဖြင့်၊ ကျမ်းဂန် ကူးခတ်၊

အရှင်မြတ်တို့သည်၊ ဝိစာရေထ၊ အကြောင်း၌ပွတ်၊ အဝ်မအဝ်ကို၊ ပရိသတ်အများ၊ သိမှတ်သားရအောင်၊ တရား ဆော်လှစ်၊ စကားသစ်၍၊ စိစစ်မေးမြန်း၊ စုံးစမ်းတော်မူပါကုန်ဘုရား။

၁။ အာမပုစ္ဆထ ဘန္တေ။ ။ဘန္တေအရှင်ဘုရားတို့၊ အာမပုစ္ဆထ၊ ဘုရားသုံးလူ့၊ သဗ္ဗညုသည်၊ ဝတ္ထုနှင့်လျောက်ပတ်၊ ပညတ်တော်အလာ၊ ဒေသနာကို၊ ဖွေရှာစစ်ဆေး၍ မေးတော် မူပါကုန်ဘုရား။

၂။ ကထိနတ္ထိ ပဥ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဟဏတ္ထေန ကထိနံ၊ ထိရန္တိ အတ္ထော ဟူ၍ ကင်္ခါဝိတရဏီဋီကာ လာသော ကြောင့်ရင်း၊ ကထိနတ္ထိ ပဥ္စာနိသံသေ အန္တော ကရဏ သမတ္ထ တာယ ထိရန္တိ အတ္ထော ဟူ၍ သာရတ္ထဒီပနီဋီကာ လာသော ကြောင့်ရင်း၊ အနာမန္တ၊ စသည်ငါးချက်၊ ကျိုးဆက် ဂုဏ်အင်၊ အာနိသင်တို့ကို၊ ပြင်လွင်တပါး၊ မသွားမထွက်စေရ၊ သီမဠ္ဌက သံဃာတွင်း၌ ပြုခြင်းငှာ စွမ်းနိုင်၍၊ ကျောက်စာတိုင်ဟန်၊ မြဲမြံ နိုင်ခံ့၊ တည်တန့်သော အနက်သဘောရှိသော၊ ထိရတ္ထဝါစီ၊ ရှင့်ဓိ အနိုပ္ပန္န၊ ပါဠိပဒိက ပုဒ်ဖြစ်သောကြောင့်ရင်း၊ ကထတိ အကိစ္စေန ဇီဝတိတိ ကထိနော၊ ကထိနောဝိယာတိ ကထိနံ၊ မိန့် ဟန်သိပ်သည်း၊ ဝိနည်းဋီကာ၊ ဥပမာတဒ္ဓိတ်၊ ဝိဂ္ဂဟ အထွက်၊ ဟောမိန့်ချက်နှင့်၊ လိုက်ဘက်သဖြင့်၊ ရှုဘွယ်တင့်၍၊ နိမ့်မြင့်ဆိုင်း ဆိုင်း၊ ခက်ကျိုင်းဝေဆာ၊ ဟေမဝါဝယ်၊ သေလာဂနိုင်၊ ရိပ်မြိုင် ထူးလည်း မြရည်စိုစို၊ မြိုင်ညိုစိမ့်စမ်း၊ ရဂုံလမ်း၌၊ မှိုင်ငြမ်းမရှိ၊ မိမိ ချည်းသာ၊ လိုရာအလျောက်၊ ပေါက်မြောက်စည်ကား၊ ကြီးပွား လေပြီး၊ သစ်ပင်ကြီးတမျှ၊ နိုင်ခံ့လှသော အနက်သဘောရှိသည် ၏ အဖြစ်ကြောင့်ရင်း၊ ကထိယတေ သီလာဃိယတေ ဗုဒ္ဓါဒိ ဟိတိ ဝါ ကထိနံ-ဟူသော ဝစနတ္ထဝိဂြိုဟ်၊ မိန့်ဆိုအပ်သည်နှင့် အညီ သင့်တင့်သောအား၊ ဘုရားကစ၊ သဗ္ဗပဏ္ဍိတာ၊ အရိယာ အပေါင်း၊ အရှင်ကောင်းတို့သည်၊ ကောင်း၏ဟုချီးမွမ်းအပ်သော ကြောင့်ရင်း၊ အကြောင်း မတိမ်၊ ဤကဲ့သို့ ဂုဏ်သိမ်ကြောင့်၊ ကထိန်မည်ပါသည်ဘုရား။

၃။ တေနခေါပန သမယေနဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေ တဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ၊ အစရှိသည်ဖြင့် ဝိနည်း

မဟာဝေါပါဋ္ဌိ လာရှိသည်နှင့်အညီ၊ ဂုဏ်ဆိုလျှံဘိ၊ သာဝတ္ထိပြု၊ ပြည်ကြီး လက်ျာ၊ သင်္ချာမှန်လှ၊ တကောသဉ္စ၊ ဇေတ မင်းသား၏ ဥယျာဉ်သာဝယ်၊ အနာထပိဏ်၊ သဒ္ဓါရှိန်ဖြင့်၊ ဂုဏ်သိမ်မျှံမွှေး၊ ရှင်သူဌေးသည်၊ ငါးဆဲ့လေးကုဋေ၊ သပြာငွေကို၊ မနှေးမဘက်၊ ရက်ရက်ရောရော၊ မက်မောမတွန့်၊ ပေးစွန့် လွှတ်၍၊ ဆွတ်ဆွတ်ကြည်ဖြူ၊ ဆောက်လှူအပ်သော၊ ဇေတဝန် ဝိဟာရ၌၊ ယာပထလေးဘော်ဖြင့် မျှနေတော်မူဆဲအခါ၊ ပညတ် တော်မူပါသည်ဘုရား။

၄။ တေနခေါပန သမယေန တိံသမတ္တာ ပါဝေယျကာ ဘိက္ခူ သဗ္ဗေဟေဝ အာရညိကာ အစရှိသဖြင့် ဝိနည်း မဟာဝေါပါဋ္ဌိ၊ လာရှိသည်နှင့်အညီ၊ စုံညီပြည့်ဝ၊ ကောသလတိုင်း၊ ခွန်လှိုင်းယူဘိ၊ သာဝတ္ထိပြု၊ ပြည်ကြီးသခင်၊ အရှင်မင်းမြတ်၊ စောနေနတ်ပြု၊ ဥက္ကာဋ္ဌရာဇိန်၊ အသမ္ဘိန္န၊ ခတ္တိယနွယ်ဆင်း၊ ကောသလမင်းနှင့်၊ တဘသားချင်း၊ မယွင်းညီနောင်၊ ဂုဏ်ရောင်မညှိုး၊ တန်ခိုးပေါ်ထင်၊ မုတင်တေရှည်၊ ပဋိပတ်ဆောင်ချည်း၊ မနည်းဂုဏ်အင်၊ ပုထုဇဉ်တယောက်မျှမပါ၊ ရဟန္တာလည်းမနှော၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ချည်းသာ ဖြစ်ကြသော၊ ပါဝေယျကာ၊ ရဌဝါသီ၊ နောင်ညီသုံးကျိပ်တို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည် ဘုရား။

၅။ အထခေါ တေ ဘိက္ခူ ဝဿံဝုတ္ထာ တေမာသစ္စယေန ကတာယ ပဝါရဏာယ ဒေဝေ ဝဿန္တေ ဥဒကသင်္ဂဟေ ဥဒကစိက္ခလ္လေ ဩကပုဏ္ဏေဟိ စီဝရေဟိ အစရှိသည်ဖြင့်၊ ဝိနည်း မဟာဝေါပါဋ္ဌိ၊ လာရှိသည်နှင့်အညီ၊ ထိုသုံးကျိပ်သောပါဝေယျက ရဌဝါသီ၊ နောင်ညီမပျက်၊ ဘဒ္ဒဝဂ်သခင်၊ အရှင်တစုတို့သည်၊ သဗ္ဗညုဘုရားကို ဖူးမြင်ခြင်းငှာ၊ ပါဝါမြို့မှ သာဝတ္ထိပြည်သို့၊ အလာတွင်၊ ဝါလနီးသောကြောင့် သာဝတ္ထိပြည်ကြီးသို့ မရောက်နိုင်ကြသဖြင့်၊ ထိုမှသင်္ချာ၊ယူဇနာသံတွာ၊ ရပ်ဌာနဝယ်၊ သာကေတမြို့တွင်ပင်၊ ဘုရားရှင်ကို၊ ဖူးမြင်လိုသောဆန္ဒဖြင့်၊ တသလျက်သာ၊ ပုရိမဝါသိုကပ်ကြသဖြင့်၊ ဝါလကျွတ်၍၊သာဝတ္ထိပြည်မွန်၊ဇေတဝန် အသွား၊ လမ်းခရီးအကြား၌၊ ထက်ဖျားအာကာ၊ အဇ္ဇွောဝယ်၊ တိမ်လွှာရက်ရုံ၊ ပဇ္ဇုန်နဆူလှိုက်၊ ချုန်းရိုက်ထစ်ကြိုး၊ သွန်းကာဖြိုး

လျက်၊ မိုဃ်းကြီး သည်းထန်စွာ ရွာခဲ့ပါ၍၊ သွားရာမကောင်း၊ ညွှန်ပျောင်းထူထပ်၊ အရပ်ရပ်မြေပြင်၊ ဘယ်တွင်မလစ်၊ ဒူးပဆစ်မျှ၊ ကျွံနစ်စရာ၊ မဟာကန္တာရကြီး၊ လမ်းခရီးသို့၊ လာကြရသည်ဖြစ်၍၊ နွံနစ်ညွှန်စေး၊ ညစ်ကြေးကပ်ငြိသော တိစီဝရိက်သက်နှံးဖြင့်၊ ပင်ပန်းညှိုးငယ်၊ နွမ်းနယ် ရှိရှားလျက်၊ ဘုရားသခင် အထံတော်သို့ ရောက်ကြသဖြင့်၊ လောကစက္ခု၊ သဗ္ဗညုသည်၊ အာဂန္တု က ရဟန်းတို့၌ မေးမြန်းမြဲ စဉ်လာ၊ ဓမ္မတာ အာစိဏ္ဏဖြစ်၍၊ ကစ္စိတ္ထဘိက္ခဝေါ ကုသလာ၊ ကစ္စိတ္ထ အနာမယာ၊ စသည်ဖြင့်၊ ပဋိသန္တာရကထာကို၊ ဦးစွာမဆွ၊မေးပြီးမှလျှင်၊ ကန္တာရခရီးလမ်းဝယ်၊မပင်မပန်း မငြိုငြင်ကြပဲလာခဲ့ရသည့်အဖြစ်ကို၊စိစစ်မေးမြန်းတော်မူလျှင်၊ ကန္တာရကြမ်း၊ လမ်းပန်းမကောင်း၊ ညွှန်ပျောင်းထူပြော၊ နွံရေပေါ၍၊ ပန်းမော ရိရှား၊ တောင်ပါးမြောက်တိမ်း၊ ဘယ်ယိမ်း ညာနွဲ့၊ ရှေ့ငဲ့ နောက်ယိုင်၊ မိန်းမှိုင်ညှိုးကြုံ၊ စက်တော်စုံသို့၊ ခိုလှုံပါရသော အခြင်းအရာတို့ကို၊ သေချာစွာ လျှောက်ထားကြလေလျှင်၊ဓမ္မိဿရ၊ ဓမ္မရာဇာ၊ မဟာ သင်းကျစ်၊ မွေ့ရာဇ်သည်၊ နွံနစ်ညွှန်စေး၊ ညစ်ကြေး မလွတ်၊ စွဲကပ်သော သက်နှံးဖြင့်၊ ပင်ပန်းသောသဘောရှိသော၊ ထိုရဟန်းတို့ကိုမြင်၍၊ အလွန်ပင် သနားတော်မူလှသဖြင့်၊ သိဿာနုသိဿ တို့အား၊ အကျိုးစီးပွား များစေခြင်းငှာ၊ အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဥ္စာနိသံသာ ကပ္ပိဿန္တိ၊ အစရှိသည်ဖြင့်၊ ခွင့်ပြုတော်မူပါသည်ဘုရား။

၆။ ဝဿာနုဿ ပစ္ဆိမေ မာသေ ဇာနိတဗ္ဗော။ ။ဟူသောပါဠိနှင့်အညီ၊ အဇ္ဈာသေ၊ အာကာသေဝယ်၊ မြင္ဆွေရဟတ်၊ ရောင်နဝင်းစုံ၊ပြောင်လင်းထုံ၊ စန်းယုန်နတ်နှင့်၊ နက္ခတ်တံခွန်၊ပုလဲစုနှယ်၊ ရှုစဘွယ်သည့်၊ ကြယ်အမွန်တို့၊ အဝှန်မှိုင်မှိုင်၊ ဗဟိုမြင့်ဖြိုး၊ စွင့်စွင့်မိုးလျက်၊ တန်ခိုးရောင်ဖြိုင်ကြ၍၊ ဂနိုင်အပြင်၊ မှိုင်တခွင်၊ အိုင်စဉ်တလျှောက်၊ ငါးမည်ကြာမျိုး၊ ဖြာဖြာမိုး၊ ဖြိုးဖြိုးမောက်လျက်၊ အံ့လောက် တမူ၊ ရေပြင် အားလုံး၊ ပျား ဝိတုန်းတို့၊ အုန်းအုန်းသံဆူကြ၍၊ ပြည်သူအပေါင်း၊ ကြာလက်စုံ ထိန်ဝေနှင့်စိန္တေမှာ ညောင်ရေလောင်း၍၊ ဆုတောင်းမြွက်သံ၊ ဘုဝင်ပျံ့မျှ၊

ထက်နဘံချဉ်း၊ တက်လျှံဝင်းသည့်၊ သီတင်းကျွတ်ပုဏ္ဏမီ၊ ယုန်ရတီ၊ စုံညီပေါ်ထွက်၊ ကျော်တရက်မှ၊ မျှော်ဆက်ခါမို့၊ ဒွါဒသီတွင်၊ ရာသီဖြိုးဆွာ၊ မှောင်အလုံး၊ အရောင်ဖုံးသည့်၊ တန်ဆောင်မုန်း ပုဏ္ဏမာ၊ ယုန်စန္ဒာညီမျှသည့်၊ ဤတလလုံးလုံးမှာ၊ အုန်းအုန်းဆူ သိမ့်သိမ့်သဲ၊ သာဝတ္ထိပြည်သူတို့၊ ကြည်ဖြူစွာ ယှဉ်တွဲ၊ သက်နီးလှူ သဘင်ပွဲ၌၊ ဝင်နှဲသည့်သမယသည်၊ဘုရားရှင်ရွှေလက်ထက်တော် မှစ၍၊ ယနေ့ထက်တိုင်ပင်လျှင်၊ ချစ်ရှင်မြတ်စွာ၊ သာသနာဝယ်၊ အခါတွင်ဆန်း၊ အစဉ်မြန်းကြသည့်၊ သက်နီးပွဲ သမယ ဖြစ်ပါ သည် ဘုရား။

၇။ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ ဟူသော ပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ အင်ရှစ်လီနှင့် ပြည့်စုံ သော ရဟန်းတို့မှ ကထိန်ခင်းခြင်းငှာ ထိုက်ပါသည်ဘုရား။

၈။ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊အာနိသံသံ ဇာနာတိ၊ ဣမေဟိ အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။ဟူ၍ ပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ ရှေးဦးပြုလုပ်၊ ပစ္စုဒ် မိဋ္ဌာန်၊ ခင်းရန်တဖြာ၊မာတိကာကြောင့်ကြ၊ဥဒ္ဓါရအာနိသင်၊သည့်ရှစ်အင် ကို၊ စုံလင်စွာသိသောရဟန်းမှ၊ ကထိန်ခင်းခြင်းငှာ ထိုက်ပါသည် ဘုရား။

၉။ ကထိနဿ ဧကံ မူလံ သံဃော။ ။ဟု ပရိဝါပါဠိ လာရှိသည် နှင့်အညီ၊ သံဃာသည် ကထိန်၏မူလမည်ပါသည် ဘုရား။

၁၀။ တီဏိ ဝတ္ထူနိ သံဃာဋိ ဥတ္တရာသင်္ဂေါ အန္တရဝါသကော၊ဟူသော ပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ ကိုးထည်သော သင်္ကန်းတို့တွင် ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင်အားဖြင့် သုံးထည်သောသင်္ကန်းတို့သာ ကထိန်၏ ဝတ္ထုမည်ပါသည်ဘုရား။

၁၁။ ဆ ဘူမိယော ခေါမံ ကောသေယျံ ကမ္ဗလံ ကပ္ပါသိကံ ကမ္ဗလံ သာဏံ ဘင်္ဂံ ဟူသော ပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ ခေါမမည် သော လျှော်တမည်၊ ဝါချည်တမျိုး၊ ပိုးချည်တရပ်၊ သဲတ္တလတ်

တတန်၊ ဝိုက်ဆံသျှော်တချက်၊ ငါးပါးစုံရောယှက်၍၊ ယက်အပ်သော အဝတ်ဟူ၍ ကထိနဘူမိသည် ဇာတိဘေဒ အမည်အားဖြင့်၊ ခြောက်မျိုးပြားပါသည်ဘုရား။

၁၂။ ကထိနဿ ပုဗ္ဗကရဏံ အာဒိ၊ ကိရိယာ မဇ္ဈေ၊ အတ္ထာရော ပရိယောသာနံ ဟူသောပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ကောင်းစွာ လျှော်ဖွတ်၊ ညီညွတ်စီရင်၊ ဖြတ်လျှင်ချုပ်ဆိုး၊ ဗိန္ဒုထိုးခြင်းဟု ဆိုအပ်သော ပုဗ္ဗကရဏ ခုနစ်ပါးသည် ကထိန်၏အစ၊ ပစ္စုဒ္ဓိုရ်ပြုခြင်း၊ အဓိဋ္ဌာန်တင်ခြင်းသည် အလယ်၊ ဝစီဘေဒ၊ မုခလှစ်ဖွင့်၊ ကျူးရင့်မပျက်၊ နှုတ်မြွက်၍ ခင်းခြင်းသည် ကထိန်၏ အဆုံးမည်ပါသည်ဘုရား။

၁၃။ တိဏ္ဏံပုဂ္ဂလာနံရဟန္တိ၊ ကတမေသံ တိဏ္ဏံ၊ ဿိမဌ္ဌော အနုမောဒတိ၊ အနုမောဒန္တော ဝါစံ ဘိန္ဒတိ၊ ဝါစံ ဘိန္ဒန္တော ပရံ ဝိညာပေတိ၊ ဣမေသံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနံ ကထိနတ္ထာရာ ရဟန္တိ ဟုပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ ဤသိမ် ဉပစာရ၊ အတွင်းကျ၍၊ အပဋ္ဌမတည်သော ရဟန်း၊ ဝစီဘေဒ၊ မြွက်ဟလှစ်ဖွင့်၊ ကျူးရင့်သမှု၊ အသံပြု၍၊ အနုမောဒနာပြုသောရဟန်း၊ နှုတ်မြွက်သောအား၊ သူတပါးကို ကြားသိစေသောရဟန်း၊ ဤရဟန်းသုံးပါးတို့သည် ကထိန်ခင်းခြင်းကြောင့်ဖြစ်သော အကျိုးဂုဏ်အင်၊ အာနိသင်တို့ကို ရထိုက်ပါသည်ဘုရား။

၁၄။ ဂဏာဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဗ္ဘန္တိ၊ ဥဒ္ဓံ သတသဟဿံပိ ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ အယုတ်အားဖြင့် ငါးပါး အရေအတွက်၊ ထိုထက်သချာ အရာအထောင်ဖြစ်သော ရဟန်းတို့သည် ကထိန် ခင်းခြင်းကို ရထိုက်ပါကုန်သည်ဘုရား။

၁၅။ ဝုတ္ထဝဿာဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမ ပဝါရဏာယ ပဝါရိတာဝလဗ္ဘန္တိဟူ၍ ပရိဝါအဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်သည်နှင့်အညီ၊ နွယ်တာခေါ်မှီ၊ အာသဠ္ဌိဝယ် ပုဏ္ဏမီပေါ်တက်၊ ကျော်တရက်ဟု၊ အထွက်နေ့ ရောက်ခါ၊ ခမ်းဝါတပါး၊ မသွားမပြောင်း၊ ရောက်ရာကျောင်း၌ ကိန်းအောင်း၍သာ ပုရိမ

ဝါသို့ မပြတ်ကပ်သော ဝါရှိသဖြင့် ပဌမ ပဝါရဏာနေ့၌ ချမ်းမြေ့သာယာ၊ ပဝါရဏာ ပြုကြသော ရဟန်းတို့သာ ကထိန် ခင်းခြင်းငှာ ထိုက်ပါကုန်သည်ဘုရား။

၁၆။ ယေနကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့် အပ်သည်နှင့်အညီ၊ ဒေဝါမာရ၊ သက္ကဗြဟ္မာ၊ သဒ္ဓါ ကြည်ဖြူ၊ ခြောက်ထပ်သူတို့၊ ကပ်လှူအပ်သော သင်္ကန်းဖြစ်စေ၊ ဗြဟ္မာ အများ၊ ညွှတ်တွားကော်ရော်၊ ပူဇော်အပ်သော သင်္ကန်းဖြစ်စေ၊ ဘိက္ခု ဘိက္ခုနီအစ၊ သဟဓမ္မိက၊ သဗြဟ္မစာရီ၊ တရားကိုမှီ၍၊ သာဇီဝသိက္ခာ၊မက္ခာတူမျှ၊ ကျင့်ကြသူချင်း၊ သီတင်း သုံးဘော် ငါးယောက်တို့တွင်၊ တယောက်ယောက်သောသူ၊ ကပ်လှူအပ် သော သင်္ကန်းဖြစ်စေ၊အမှတ်မရှိသောသူ လှူအပ်သောသင်္ကန်းဖြင့် ခင်းအပ် ပါသည်ဘုရား။

၁၇။ ဣမံ ကထိနစီဝရံ သံဃဿ ဒေမာတိ ဝတ္တဗ္ဗံ ဟူသော ဝိနယာ လင်္ကာရဋီကာ မိန့်မှာ အပ်သည်နှင့် အညီ၊ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ ဟုဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါ သည်ဘုရား။

၁၈။ ယဿ သံဃော ဒေတိ ဟူ၍ အဋ္ဌကထာ မိန့်မှာ အပ်သည်နှင့် အညီ သံဃာအများသည် အကြင်ရဟန်းအားပေး၏၊ ထိုရဟန်း သည် ခင်းအပ်ပါသည် ဘုရား။

၁၉။ ယော ဇိဏ္ဏစီဝရော ဟောတိ ဟူ၍ အဋ္ဌကထာ မိန့်အပ်သည် နှင့်အညီ၊ အကြင်ရဟန်းအား နွမ်းပါးဆွေး မြည့်သော သင်္ကန်း ရှိ၏၊ ထိုရဟန်းအား ပေးအပ်ပါသည်ဘုရား။

၂၀။ ဤသီမဋ္ဌက သိမ်အပြင် သံဃာအစည်းအဝေး၌ ရှေးရှေးသော ဘဝန္တရ ကာလအထူးတို့ကဆည်းပူးခဲ့ကြသော သမ္ဘာရပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ တစုံ တယောက် သော ရဟန်းမျှ သင်္ကန်းပါးရှားနွမ်းနယ်သူ မရှိပါဘုရား။

၂၁။ ဝုဍ္ဎဿ ဒါတဗ္ဗံ ဟူ၍ အဋ္ဌကထာ မိန့်အပ်သည်နှင့်အညီ၊ ဤ သီမဋ္ဌက သိမ်အပြင် သံဃာအစည်းအဝေးဝယ်၊ အရွယ်သိက္ခာ ထေရ်ဝါ ကြီးရင့်သောပုဂ္ဂိုလ်အား ပေးအပ်ပါသည်ဘုရား။

၂၂။ ခမာဇာဂရိ ယုဋ္ဌာနံ သံဝိဘာဂေဝါ ဒယိက္ခဏာ၊ သဟိ ဂုဏေပယံ သမ္မန္နော၊ ဝိဿုတော၊ သံဿနာယကော။ ။သတောအရ၊ တလောကဌ၊ ထောမနဂုဏ် ပြောပြ၍ မကုန်နိုင်အောင်၊ နှံ့ထုံ ကိတ္တိ၊ ဘဝဂ်ထိမျှ၊ သိဒ္ဓိပညာ၊ ပြည့်စုံစွာလျက်၊ ခမာ၊ ဇာဂရိယ၊ အဥုး စသည့်၊ နာယက ခြောက်လုံး၊ အမြောက် ဘုံး တို့ကို။ ထောက်နှုန်း စွဲဝိုင်၊ အမြဲကိုင်လျက်၊ နိုင်ငံတကာ၊ သာသနာ၊ ဝါဝါ လင်းတောက်၊ သတင်း မောက်အောင်၊ ကင်း ပျောက် ညစ်ကြေး၊ သန့်စင်ဆေးလျက်၊ နောင်ရေးမြော်ရှု၊ စစ်မှိုလ်ပြု၍၊ နယပဒေ၊ မှုမပွေအောင်၊ ရှုမြွေ ပေးပေသော (မန္တလေး ရတနာပုဏ်၊ ရွှေဘုံပဌမ၊ မြို့မနန်းစိုက်၊ သမိုက်တည်တွင်၊ ပဌမ သင်္ဂါယနာတင်၊ ဘုရင်မင်းတရားကြီးနှင့်တကွ၊ အဂ္ဂမဟေသီ၊ ဒေဝီအခေါင်၊ တောင်နန်းမတော် မိဘုရားကြီး သမီးတော် သုံးပါး၊ သားတော် သီဘောဘုရင်တို့၊ အစဉ်မပျက် ဆက်လက် မြတ်နိုး၊ ကိုးကွယ်ပူဇော်၊ ကော်ရော်ညွတ်နူးခြင်းကို အထူးသဖြင့် ခံရလျက်၊ ဉာဏ်ဇဝနပဋိဘာန်တို့ဖြင့် ဓမ္မခန် ကျမ်းရွှေစာတို့ကို၊ ဆန်းပွေစွာ နည်းယူပြ၍၊ မှီးယူကြသော သောတုဇနအများတို့၏ အာထား မှီခိုရာ ဖြစ်တော်မူသော) ဆရာတော်ဘုရားကြီးသည် သတင်းကြီး ဖြစ်ပါသည်ဘုရား။

၂၃။ ရှစ်ဒေါင်း လေးထောင်၊ နက်ဆောင် သမုဒ္ဒရာ၊ အဏ္ဏဝါနှင့်၊ ပမာထပ်တူ၊ သုံးဆူပိဋကတ်၊ ပရိယတ်ဓမ္မက္ခန်ကို၊ အဘန်ဘန် မွှေနှောက်၊ ထွင်းကာဘောက်လျက်၊ စိန်ကျောက်အရှိန်၊ ဝဇီရ စိန်အဟုန်၊ လျင်သောဉာဏ်ဖြင့်၊ ကြွင်းကျန်မရှိ၊ ပါဠိအဋ္ဌကထာ၊ ဋီကာအနု၊ မဓုဂဏ္ဌိ၊ နေတ္တိ တခန်း၊ ဆန်း အလင်္ကာ၊ သဒ္ဒါ မောဂ္ဂလာန်၊ အဘိဓာန်ဗျာကရုဏ်း၊ ကျမ်းအားလုံးကို၊ ထုံးမှုန့် အလား၊ ထွားထွား ညက်ညက်၊ ပြက်ပြက်ကွင်းကွင်း၊ ဉာဏ် အဟုန်လင်း၍၊ ကြွင်းရစ်သည်မရှိ၊ မွှေနှောက်မိသောကြောင့်၊ ထုတိဃောသ၊ သဒ္ဒကိတ္တိ၊ ကျော်စောခြင်းရှိသော၊ သဗ္ဗပဏ္ဍိတာ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏၊ လမ်းကောင်းနည်းမှန် ကို၊ နာခံရရှိသော အရှင်မြတ်ဖြစ်၍၊ ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံ ပါသည်ဘုရား။

၂၄။ ချုပ်ပြီး ဆိုးပြီးဖြစ်၍ ပြုရန်ကိစ္စမရှိပါ။ ချုပ်ပြီးဆိုးပြီးပင် မဟုတ်သော်လည်း ကြယ်ပေါင်းခသော လကဲ့သို့၊ ဂဏာစရိယ၊ သုတဓရ အရှင်ဖြစ်၍၊ ဝန်းကျင်လှည့်ပတ်၊ တပည့်ပရိသတ်တို့နှင့်၊ ပြည့်စုံသည်ဖြစ်၍ရင်း၊ ထိုကဲ့သို့မပြည့်စုံသော်လည်း သံဃာအများသည် ထောက်ပံ့အပ်သည်ဖြစ်၍ရင်း ခွမ်းနိုင်ပါ၏ဘုရား။

၂၅။ အဟံ ထေရောတိ ဝါ ဗဟုဿုတောတိ ဝါ ဧကေနပိ အကာတုံ န လဗ္ဘတိ။ ။ဟု အဋ္ဌကထာဆရာ မိန့်မှာအပ်သည်နှင့်အညီ၊ ထေရ နဝ မဇ္ဈိမတို့တွင်၊ မည်သူအားမျှ၊ ရှောင်ရှား ကွေကွင်း၍ နေခြင်းငှာ မသင့်ပါ၊ ဤကမ္မာမှ၊ သင်္ချာတွက်ကိန်း၊ ကပ်တသိန်း အလွန်တွင်၊ ဂုဏ်အင် တည်ထွန်း၊ ပြည့်ဝန်းရောင်စုံ၊ ပဒုမုတ္တရ၊ အမည်တော်ရသော၊ သဗ္ဗညုမြတ်စွာ၏၊လကျ်ာတော်ရံ၊ဌာနန္တရ၊ မည်ထူးရသော၊ သုဇာတ ရဟန္တာသည်၊ ကထိန်လျှာသင်္ကန်းကို ခံလျှင်၊ သယမ္ဘူမုနိန္ဒ၊ လောကဥသျှောင်၊ ငါးမာရ်အောင်သည်၊ ဘုန်းရောင်ပဝင်း၊ အမင်းမင်းမကိုင်ရ၊ဦးတိုက်ညွတ်တွား' လူသုံးပါးတွင်၊ ဘုရားစင်စစ်၊ ငါလျှင်ဖြစ်တကားဟု၊ ကိုးစားတော်မမူ၊ လျစ်လျူမရှု၊ အရေးပြုပြီးလျှင်၊ ပေါင်းစုထိခါ၊ သင်္ချာဂဏန်း၊ ခြောက်သန်း ရှစ်သိန်း၊ တွက်ကိန်းများစွာ၊ သင်္ဃာတော်တို့နှင့် တကွ၊လောကဦးခိုင်၊မြတ်ဘုန်းလှိုင်မှသော်လည်း၊ကိုယ်တော်တိုင် ပြုတော်မူသည့်အရာ ဖြစ်၍၊ ငါကား သီတင်းကြီး၊ ငါကား ဂဏဝါစက၊ သုတဓရ ပုဂ္ဂိုလ်ဖြစ်တကားဟု မည်သူအားမှ ရှောင်ရှား ကွေကွင်း၍နေခြင်းငှာ မသင့်ပါဘုရား။

၂၆။ တစုံတယောက်သော ရဟန်းမျှ ပရိယာယ်ကထာ သြဘာနိမိတ် အရိပ်အရောင်မပြုကြသဖြင့်၊ အာကာသဋ္ဌ၊ ကောင်းကင်ဝက၊ လျှောကျသည့်နှယ်၊ စင်ကြယ်သော သင်္ကန်း ဟုတ်ပါ၏ဘုရား။

၂၇။ အကြိမ်ကြိမ် ဖွပ်လျှော်၍ ညှိုးလျော်ညစ်နွမ်းသော သင်္ကန်းမဟုတ်၊ ကောင်းမြတ်တင့်တယ် စင်ကြယ်သောသင်္ကန်း ဟုတ်ပါ၏ဘုရား။

၂၈။ ပဥ္စခဏ်း၊ သတ္တခဏ်း၊ နဝခဏ်း စသည်ဖြတ်၍ အနားပတ် လေးဘက်တင်သောကြောင့်၊ ကောင်းမွန်လှစွာ ကထိန်လျှာ ဝင်သော သင်္ကန်းဖြစ်ပါသည်ဘုရား။

၂၉။ တကြိမ်သာ ဆိုးသည်မဟုတ်၊ အကြိမ်ကြိမ်အထပ်ထပ်၊ ဆိုးရည်တပ်လျက်၊ ကောင်းမြတ်လှစွာ သာရုပ္ပဖြစ်သော သက်န်းမှန်ပါ၏ဘုရား။

၃၀။ ကိုးထည်သော သက်န်းတို့တွင်၊ ကထိန်အရာမဝင်၊ ရှောင်ကြဉ်ပယ်ပစ်အပ်သောသက်န်းမဟုတ်၊ သုံးထည်သော သက်န်းတို့တွင် အဝင်အပါ၊ ကထိန်လျှာ မြောက်ထိုက်သော သက်န်း မှန်ပါ၏ဘုရား။

၃၁။ ဖြဟ္မာ နတ် လူ၊ သုံးဘုံသူနှင့်၊ အတူမကွာ၊ သိက္ခာသီလ၊ ကျင့်ကြသူချင်း၊ သီတင်းသုံးဘော် ငါးယောက်တို့တွင်၊ အဝင် အပါ၊ ဒါယကာ ဒါယိကာမတို့၊ ဒက္ခအဏ္ဏဝါ၊ သံသရာစက်၊ ဝဲဂရက်မှ၊ ဘဲထွက်ရှောင်ခွါ၊ နန်းအောင်ချာသို့၊ မြန်စွာရောက်မှု၊ နှလုံးပြု၍၊ သုံးလူ့မြတ်စွာ၊ စိန္တေယျာ၏၊ သည်းချာရင်နှစ်၊ သားတော်စစ်တို့အား၊ နှစ်သက်လှစွာ၊ သဒ္ဓါဗလ၊ ကပ်လှူကြ၍၊ တာဝကာလိက မဟုတ်ပါဘုရား။

၃၂။ မဟီပထဗျာ၊ ညီအညာတွင်၊ စည်ပမာဏ၊ သီတာခလျက်၊ ဌာနခပင်း၊ သတင်းဖြိုးမော်၊ ဟိုးဟိုးကျော်အောင်၊ ရှိန်စော်လင်းသည့်၊ ခေတ်တွင်းသမယ၊ ဘုန်းအဖြာဖြာ၊ သုံးသာသနာ၊ နှုန်းပမာပြုရလျှင်၊ အာကာသဘောင်၊ တုစံမယှဉ်နိုင်၊ ယုဂန်စွန်းက၊ တောက်ထွန်းပြောင် အရောင် ရွှန်းရွှန်း၊ တန်ဆောင်ထွန်းသို့၊ တောင်ကျွန်းဇေယျု၊ သပြေဘုံတွင်၊ နေဥဏှာဂူ၊ ငွေယုန်ဖြူသို့၊ ဂုဏ်တူကင်းပျောက်၊ သတင်းမောက်၍၊ ဝင်းတောက်သိမ်နေ၊ ရှိန်မပြေ၊ ထိန်ဝေထွန်းတင့်၊ ကျွန်းအမြင့်၊ ဝန်းသင့်ရိပ်သာ၊ အနိဋ္ဌာတို့၊ ညိတ်ခါမတွေ့၊ ဣဋ္ဌာဇော့လျက်၊ မြေငွေနှံ့ဖြာ၊ ဆီသြဇာကြောင့်၊ ရက္ခာပင်စု၊ နတ်ဘန်ပြုသို့၊ ရတုရောသိ၊ ဒွါဒသီဝယ်၊ ညှာစီကြွတ်တဲ့၊ အကင်းအငုံ၊ မယှဉ်းစုံ၊ ညင်းလုံပျှံ့လျက်၊ ပန်းရနံ့သင်း၊ မပြတ်သွင်း၍၊ နတ်မင်းဇုန္တာ၊ ဝတီသာသို့၊ ရှိန်သမ္ဘာနှုန်း၊ ချိန်ညာအုန်းလျက်၊ နှလုံးကြည်ရွှင်၊ လွန်စည်ပင်၊ မည်တွင်မချို၊ နယောဂိ၊ ခုလောကီဆို့လောက်အောင်၊ မိုမိုခန့်သွယ်၊ အံ့စဘွယ်၊

ပြန့်ကျယ်သာယာ၊ ပထဗျာ၊ ရာဇာစိုးစံ၊ တန်ခိုးလျှံ၊ မိုးနဘံမျှ၊ ကြွင်းဘမရာ၊ စခန်းသာသည့် (မန်းဌာန)၌၊ စန်းပမာဏ၊ သဒ္ဒါ အစလဖြင့်၊ ထာဝရမကင်း၊ ပမာပြသွင်းရလျှင်၊ အလင်းကြီးစည်၊ ဓမ္မကွန်မှီ၍၊ တန္တိနှိုင်းတု၊ သမိုင်းရှု၊တိုင်းလူ့ဌာန၊ ရွာမစလတွင်၊ ဒါနပါမှု၊ အားပြုငွဲ့ညောင်း၊ ဝတ်ံနန်းမြေ၊ ဘုံခန်းဝေမှာ၊ စံနေ ပုံကောင်းလှသည့်၊ သိကြားလောင်းမာဃနှင့်၊ သဟာယမှု၊ ကုသိုလ်သဘော ပြုလို၍ ပြောက၊ စိတ်သဘောတူမျှသည့်၊ မနုဿ အာဇာနီ၊ ဇမ္ဗူဒီ၊ တူမှီမကင်း၊ ဝင့်ထိန်းကမ္ဘာ၊ ကျွတ်ငြိမ်းရှာကြ သည့်၊ တေတ္တိံသာ အသင်းတို့လို၊ ရင်းနှီးတိုင်ပင်၊ ဖိုလ်မင်္ဂင်၊ ႞ လို အင်တောင့်တ၊ အားရရှင်မြူး၊ ကုသိုလ်ထူးကို၊ ဆည်းပူးဘွေရှာ၊ ငွေသပြာဖြင့်၊ သေချာထုတ်ပြီး၊သုစရိုက်၊ တုလိုက်၍မှီးကြ၊ လူကြီး လူငယ်၊ စေတနာ၊ ရောတယ်၍၊ ပင်လယ်မြစ်ကြီး၊ တဏှာရေ၊ တွေတွေစီးလျက်၊ ရီးတဟိုဟို၊ ရွှေမင်္ဂင်ဘောင်နန်း၌၊ မောင်မယ်စုံ စံမြန်း၍၊ နိဗ္ဗာန်သောင် တဘက်ကမ်းသို့၊ ထက်လှမ်းလို့ ခိုမည် ဟု၊ ကြည်လျှံသဘော၊ ပြည်နိဗ္ဗာန်၊ ရည်စိတ်သန် စောပြီးလျှင်၊ ရှင်စောပရမေ၊ မြတ်ဗုဒ္ဓေ၏၊ နှုတ်ခြွေကြိမ်ကြိမ်၊ ဥတ်ကထိန်၊ မြတ်ရှိန်အကျိုး၊ ရည်မျှော်ကိုး၍၊ ဆော်နှိုးအကြောင်း၊ သတိ ကောင်းကြသည့်၊ ၎င်းမြို့နေ၊ ဒါယကေနှင့်၊ ကလျာဏော သမိုက်၊ ဓမ္မာ အခြေစိုက်ကြသော (တိုက်အမကြီး) အမှူးထား၍၊ အထူး အများ၊ အဖြောင့်သဒ္ဒါဗလဝနှင့်၊ ကျောင့်တကာ တကာမ အရင်းတည်လျက်၊ (သီတင်းသည် အသင်းတို့က) ဇာတိကွင်း တောအုပ်မှ၊ လောကုတ်ခေါ်မြို့က်ရပ်သို့၊ ဆိုက်ကပ်လို မကွာကြီ ပြီးလျှင်၊ သမ္မာညဏ်ဖြစ်ခင်းရသည့်၊သာသနံခေတ်တွင်းသမယ၌၊ ညစ်ကင်းသပသိမ်မွေ့၊ တနှစ်တွင်းမှ တကြိမ်တွေ့ရသော သူတော် လေ့ ကထိန်လျာကို၊ ဝတိံသာခေတ်ဘောင်မှာ၊ နှစ်တထောင် ကွာခါဆန်းအောင်၊ အာသာပန်းနွယ်နီကို၊လယ်ချီကာထပ်မနား စွင့်ပြီးလျှင်၊ နတ်အများ လင့်ဆိုင်းသို့၊ ချင့်နှိုင်းရှု ထောက်စာ၍၊

ကျမ်းဂန်လာနိသျည်းတို့ကို၊ လမ်းမှန်စွာ မလိပ်လည်းရအောင်၊ သိပ်သည်းစွာချုပ်ထိုး ရွှေဖန်ရည်အုပ်ဆိုးလျက်၊ တုပ်လျှိုးကာ လှူဒါန်းသည့် ကထိန်လျာ သက်န်းဖြစ်ပါသည်ဘုရား။

(ကထိန်ဒါယကာ၊ မြို့ရွာ၊ သက္ကာ၊ ကထိနတ္ထာရက ရဟန်းတို့၏ ကျေးဇူးဂုဏ် တို့ကို၊ ဝိတိသောမနဿ သဒ္ဓါကြွရုံ မပိုမယုတ် ဟုတ်မှန်တိုင်းသာ နည်းယူအမည်ပြောင်းလွဲ ရေးသားဘတ်ရွတ်ရမည်)၊

ကထိန်အဖြေပြီး၏။

# နိဂုံး

ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ် ပိုင်းပိုင်း၊ ပဟာပြန်နိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ ဟု ရှေးဆရာမြတ်တို့ ရေး စပ်တော် မူခဲ့ကြသော ကျောင်းထိုင်အင်္ဂါရပ်တွင် ပါဝင်သော ကမ္မာ ကမ္မကျမ်းသည် ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခဲ့ပေပြီ၊ ဤကျမ်းကိုများ စွာသော ရဟန်းစုက တောင်းတမှု တိုက်တွန်းမှုပြုခဲ့ကြကုန်သော်လည်း ကျမ်းစာစီစဉ်သူ၌ကား ရဟန်းတော်များ သင်တန်းကိစ္စနှင့် သီလရှင် ဆရာလေးများတို့၏ သင်တန်းကိစ္စများကြောင့်၎င်း၊ သာသနာပြု တရား ပွဲကိစ္စများကြောင့်၎င်း မအားမလပ် ကြားမပြတ်အောင် ရှိခဲ့ရကား တောင်းတမျှော်လင့်သူတို့၏ လိုအင်ဆန္ဒကို ဖြည့်တင်းမပေးနိုင်ခဲ့ပါ။

ယခုအချိန်ကား ရဟန်းတော်များ ဆရာဖြစ် သင်တန်းကြီး လည်း တဆဲ့လေးကြိမ်လွန်မြောက်ပြီးတဆဲ့ငါးကြိမ်သို့ရောက်ခဲ့သဖြင့် မရေးလျှင် မဖြစ်တော့ပါ၍ မအားမလပ်သော ကြားထဲမှ အားခဲ၍ နားတဲ့ အချိန် တိုကလေးများကို အသုံးချခြင်းဖြင့် ရေးသားကာ မျက်မှောက် တက် ရောက်ဆဲသင်တန်းသားများနှင့်အဝေးရောက်သင်တန်းသားများအတွက် ဤကျမ်းစာအုပ် ပေါ်ထွက်ခဲ့ရပါတော့သည်။

ထိုသို့ မျှော်လင့်ဆဲ တောင်းတဆဲမှာပင် ပြုံးကနဲ ထွက်ခဲ့ရသဖြင့် ယခုပဌမ အကြိမ်တွင် တိမ်းပါး ချွတ်ချော်မှုကလေးများနှင့်တကွ အဆင် မပြေမှုများ ရှိတန်သလောက် ရှိမည်ဖြစ်ပါသည်၊ နောက်တကြိမ် ရိုက် နှိပ်ရာ၌ကား ထပ်မံ ဖြည့်စွက်ချက်နှင့်အတူ သန့်ရှင်းသည်ထက်သန့်ရှင်း အောင် ရိုက်နှိပ်ပါမည်၊ ဤသို့ ရေးသားပြီးဆုံးပါ၍ ကျမ်းစာရှင်၏ တာ ဝန်ကား ကြေပွန်လောက်ပါပြီ၊စာရှုသူတို့အတွက်အထူးမှာထား လျှောက် ကြားလိုသည်မှာ ပိုရာကိုပယ်ဖျက် လိုရာကို ဖြည့်စွက်လျက် ကြေညက် အောင်ကြည့်ဘို့ပင် ဖြစ်ပါသည်၊ မည်သည့်ကျမ်းစာမဆို ကျမ်းစာသည် စာတွေ့သဘောမျှသာ ဖြစ်ပါသည်၊ ၎င်းစာတွေ့သဘောကို လက်တွေ့ နှင့်နှောမှ ကောင်းမြတ်သော အဖြေမှန်ကို ကေန်ရလိမ့်မည်ဟု ယုံကြည် ပါသည်၊ သို့ပါ၍ စာတွေ့မှလက်တွေ့သို့ ရောက်အောင်ပို့ဆောင်ပေါင်း စပ်၍ ကောင်းမြတ်သော အဖြေမှန်ကို ကေန်ရောက်အောင် ကြိုးစားကြ ပါရန် အထူးတိုက်တွန်းပါသည်။

ဤကမ္ဘာကမ္ဘ ကျမ်းကို ပြုစုသူသည် မုံရွာခရိုင် အရာတော်မြို့နယ် မှော်တောအုပ်စု ဘော်ကုန်းကျေးရွာ အဘဦးစံပွား၊ အမိ ဒေါ်ချစ်ရင် တို့မှ ၁၂၉၃-ခုနှစ်တွင် မွေးဖွားသော သားရတနာဖြစ်ပါသည်။

ဆယ်နှစ်သား အရွယ်တွင် ဘော်ကုန်းကျေးရွာ ငွေတောင်တောရ ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်ဖြစ်သော ဦးပညာသာ မိထံတွင် ပညာသင်ကြား၍ ၎င်းဆရာတော်ပင် ဥပဇ္ဈာယ်ပြုလျက် ဦးဘရီ ဒေါ်အေးရတို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူခါ ရှင်အဖြစ်၊ ရဟန်း အဖြစ်သို့ ရောက်ခဲ့လေသည်။

ရဟန်းမဖြစ်မီ ရှင်သာမဏေဘဝဖြင့်ပင်ဆရာမြတ်၏ ဝိုထားချက်အရ "ဘုရားထက်လွန် ခင်မွန်" ဟု ဥဒါန်းတွင်လောက်အောင် ဝိနည်း အရာ တွင် ကျော်ကြားလှသည့် သုံးဂိုဏ်းချုပ် ဆရာတော်ဘုရား၏ အနွယ် အဆက်ကို မကွယ်ပျက်အောင် ဆက်လက် စောင့်ထိန်းတော်မူသော ခင် မွန်သိင်္ဂါရုံကျောင်းတိုက် အရှင်စန္ဒောဘာသ မဟာထေရ်ထံတွင် ဝိနည်း ဒေသနာတော်နှင့်တကွ အရပ်ရပ်ကျမ်းစာများကို နှစ်နှစ်တာမျှ နေထိုင် သင်ကြားခဲ့ပါသည်။

ထိုမှတဖန် ယခုမျက်မှောက်အချိန်တွင် ထင်ရှား ကျော်ကြားလှသည့် မြောင်းမြမြို့ ပဇ္ဇောတာရုံ တိုက်တော်ကြီး၌ ဆရာတော် အရှင်မြတ်တို့ ထံတွင် ပညာသင်ကြားပြီး ငယ်-လတ်-ကြီး စာချတန်း တချိုတက် အောင်မြင်သည်အထိ (၇) နှစ်တာမျှ နေထိုင်ခဲ့ပါသည်၊ ဓမ္မာစရိယ ဘွဲ့တံဆိပ်ကိုကား ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းမှ ရရှိခဲ့ပါသည်။

ယခုအချိန်၌နိုင်ငံကျော် ဓမ္မကထိကဆရာကြီး ဦးလှသိန်းနှင့် တကွ အမှုဆောင် လူကြီးမင်းများတည်ထောင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ လုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ်ကြီး၏ သာသနာပြု လုပ်ငန်းဖြစ် သော ရဟန်းတော်များဆရာဖြစ်သင်တန်းတွင် ကထိက အဖြစ် ဆောင် ရွက်ခဲ့သည်မှာ ၇-နှစ်တာ ခရီးသို့ ရောက်ခဲ့ပါပြီ၊ ၎င်း သင်တန်း ကြီး၌ လည်း ရှေ့တန်းမှနေလျက် ဆရာမြတ်တို့နှင့်တိုင်ပင်ပြီးကောင်းသည်ထက် ကောင်းအောင် ကြိုးစားလုပ်ဆောင်လျက် အဖွဲ့ချုပ်တည်ရာ၌ အမြဲ မပြတ် သီတင်းသုံးနေထိုင်လျက်ရှိပါသတည်း။

4365

ရွှေမျက်နှာဖုံးကို
ဇမ္ဗူသာယာ ပိဋကတ် စာပုံနှိပ်တိုက်တွင်
ရိုက်သည်။